ဘွဲ့ပြ

ဒဝေသရုံကိုတာ

THA KHIN

ဘွဲ့ငင်မ

ဒဿရဲ့ဂီတ

ပတ္တမြားသိုက် စာပေ

မှ

စီစဉ်သည်။

ပတ္တမြားသိုက်

စာပေ

၀၉၅၀၃၀၁၅၊ ၀၉၄၂၂ဖေဖေ၀၁၇

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေဖြန့်ချိရေး	ဒေါ်ဝါဝါထွေး(မြ-၀၂၁၇၄) ပတ္တမြားသိုက်စာပေ အမှတ်(၈၆)၊ ဥက္ကာ(၃)လမ်း (ဂ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးနှင့်အတွင်း ပုံနှိပ်	ဦးကျင်ရင်(မြ-၀၀၃၂၇) ရွှေခြေသေ့ပုံနှိပ်တိုက် အမှတ်(၁၇၉)၊ ၃၁ လမ်း၊ (၁၁)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ်ခြင်း	၂၀၂၀ခုနှစ်၊ ဧပြီလ။
အုပ်ရေ	၅၀၀အုပ်
တန်ဖိုး	၄၀၀၀ကျပ်

ထုတ်ဝေသည့်စာ ကတ်တလောက်အညွှန်း(CTP)

ဒဿရဲ့ဂီတ / သျှင်မ- ရန်ကုန်
ပတ္တမြားသိုက်စာပေ။
စာမျက်နှာ(၃၅၈)၊ ၁၃.၂စင်တီ× ၂၀.၅
(၁) ဒဿရဲ့ဂီတ

သျှင်မ

ဒဿရဲ့ဂီတ

အခန်း(၁)

"မင်းဆက်ပြီးခေါင်းမာနေဦးမယ်ဆိုရင် ငါ့ကိုစိန်ခေါ်တာလို့သတ်မှတ်မယ်..ငါးမိနစ်အဟွင်း ဆုံးဖြတ်.."

"ကျွန်တော့်ဆီမှာ တကယ်မရှိဘူး..ဖိုးကဲနဲ့စောကြီးတို့ယူသွားတာ.."

"ဟွန်း.."

စီးကရက်မီးခိုးတို့ မှုတ်ထုတ်ရင်း ဟွန်းခနဲမဲ့ပုံက အေးစက်ခြင်းတွေကျွမ်းခြုံနေသည်။ ပြီးတော့ မီးခိုးလွန့်နေသည့် စီးကရက်က သူ့မျက်နှာနားကပ်လာသည်။ အောင်မင်း ကတုန်ကယင်တွေဖြစ်ကာ မျက်နှာလည်းတွန့်သွားသည်။ ထိကပ်မတတ် စီးကရက်မီး၏ အပူဇွေ့က လည်ပင်းဆီရောက်သွားသည်။ သူအသက်ရှူတွေပြင်းလာကာ.. ।

"သ..သူဌေး ကျွန်တော့်ကိုချမ်းသာပေးပါ၊ ကျွန်တော်တကယ်မသိ.."

"နှစ်မိနစ်ရှိသွားပြီ.."

အောင်မင်း အာခေါင်တွေခြောက်နေတာ အက်ကွဲမတတ်ဖြစ်လာသည်။ ပတ်ဝန်းကျင်ကိုကြည့်လိုက်တော့ သူဌေးရဲ့လက်ရုံးတွေက လက်ပိုက်ကြည့်နေကြ၏။ ပိုက်ထားသည့်လက်တွေက လှုပ်ရှားပြီဆိုမြန်သည်။ ရက်

စက်ဖို့ဆို လက်ကမတွန့်ကြ။ ဒါကိုသိနေသဖြင့် ပူလောင်လာသည့် ရင်ထဲက သောကသည် လည်ချောင်းတွေကို တဲ့တွေးမျိုချမရအောင် နာကျင်လာစေ ကာ.. ।

"သူ့ဌေးရယ်...ကျွန်တော့်ကို အား.."

ရင်ဘက်ကိုဆောင်းလိပ်မီးနဲ့ ထိုးပြီမှန်းသိလိုက်သည်နှင့် အလန့်တ ကြား ထအော်၏။ ထိုအခါ လက်ဝါးတစ်ဖက်က သူ့ဆံပင်တွေပေါ် ဖက်ခနဲ ရောက်လာသည်။

"ငြိမ်ငြိမ်နေ.."

ခေါင်းကိုဖိကိုင်ထားပြီး ဘာလုပ်နေသလဲဆိုတာ သူသိလိုက်သည်။ လည်ပင်းမှာဆွဲထားသည့် ရွှေဖြူကြိုးမှာ ပယင်းဆွဲပြားလေးရှိသည်။ စီး ကရက်မီးကို ဆွဲပြားမှာဖိချေပစ်နေခဲ့လျက်.. ।

"ဒီလိုသတ္တိမျိုးနဲ့ မင်းကင့်ကိုကျော်ချင်ခွချင်နေတာလား.."

အောင်မင်း ခေါင်းတွင်တွင်ခါရင်း ဘာမှထပ်မပြောဝံ့ဘဲဖြစ်သွား သည်။ သူ့ရှေ့မှာရပ်နေတာ မင်းမြတ်စည်ဖြစ်နေသောကြောင့် နောက်ထပ်စ ကားမှားလို့မဖြစ်တာကို သတိချပ်နေရသည်။ အသက်ငယ်ငယ်နှင့် ကျောက် မျက်လောကတစ်ခုလုံးကို ကိုင်မြှောက်ကစားပစ်နေသည့်သူ့ဌေး..။ ကျောက် တွင်းတွေပိုင်သလို ခေတ်မီစက်ကိရိယာတွေနှင့် အလုပ်သမားတွေ အသက် အာမခံအထိ သူ့ဘက်ကတာဝန်ကျေသည်။ သို့သော် လက်တစ်လုံးခြား ပြောတာကိုမကြိုက်။ မမှန်မကန်ဖြောင့်ချက်တွေကို မုန်းသည်။ သူပေး ထားသည့် အခွင့်အရေးထက်သာလွန်အောင် နှုတ်ဖွဲ့ယူတာမျိုးကို ခွင့်မလွှတ် တတ်သူ.. ।

ခြောက်ပေကျော်သည့်အရပ်နှင့် ပါးလျသည့်ကိုယ်ခန္ဓာကနဲ့သည်။ ပခုံးကျော်သည့်ဆံပင်တွေကို ဒီတိုင်းချထားသဖြင့် သူ့ပုံစံက မဟာဆန်ပြီး ယောက်ျားပီသသည်။ သို့သော် ရက်စက်ပြီဆိုလည်း သူ့ပုံစံသူ့စကားသံ နှင့်လိုက်မမီအောင် ထိုသူသည်.. ।

"နှစ်မိနစ်နဲ့သုံးဆယ့်ငါး.."

"ပြောပါ့မယ်.."

ကမန်းကတန်းခေါင်းညိတ်လိုက်ရင်း နှုတ်ခမ်းပေါ်လျှာနဲ့သပ်လိုက်

ပြီးမှ.. ।

"ပစ္စည်းကို စောကြီးကပဲ.."

အောင်မင်းထံမှ အဖြေတွေထွက်လာချိန်တွင် သူ့မြင်ကွင်းတည့်တည့် က ခနိုခက်တွေကာထားသည့် တဲနောက်ခြမ်းမှာ လှုပ်ရှားမှုလေးတစ်ချက် ဖြစ်သွားသည်။ မင်းမြတ်စည် မျက်လုံးတွေကျဉ်းမြောင်းသွားသည်။ ပြီး တော့ ခါးပတ်ကြားထဲမှာ ထည့်ထားသည့်ဓားဆီ လက်ရောက်သွားသည်။ ကူးဆိုတာသိသည်။ ထွက်လာမည့်သူ မဟုတ်မှန်းလည်းသိလိုက်သည်။ ဘို့ကြောင့် အသက်တအောင့်အတွင်းမှာ သူ့လက်ထဲကဓားသည် ပစ်ပေါက် ရန်အဆင်သင့်ဖြစ်သွားလျက်.. ।

"ဟင်.."

သူဘယ်လိုမှမယုံနိုင်။ မြို့နဲ့အလှမ်းကွာသော ဒီလိုတောခေါင်ခေါင် နေရာမှာ..

သူစိုက်ကြည့်နေတုန်း ဖွေးနုသွယ်လျသည့်လက်ချောင်းလေးတွေက ကန့်လန့်ကာစဖယ်သလို ခနိုခက်တွေပေါ် ဖျတ်ခနဲကိုင်သည်။ ပြီးတော့ ချက်ချင်းပြန်ရုတ်သွား၏။ သိပ်မကြာလိုက်ခင် သူ့ကိုတအံ့တသြငေးမောစေ သောအရာသည် အညိုရောင်ရင့်ရှည်လျားသော ဆံနွယ်တွေ အိအိနွဲ့နွဲ့ဝဲ ကြွားကျလာ၏။ ထို့နောက် ပြေပြစ်သည့် နဖူးထောင့်လေးတစ်ခြမ်းရယ် ဖွေး နုသင်းခွတ်နေသည့် ပါးရိုးလေးတစ်စွန်းတစ်စ.. ထို့နောက်တွင် ခနိုကာ၏ ဆောက်ကွယ်ကနေ ခိုးချောင်ခိုးဝှက်လေးပေါ်လာသည့် စိမ်းညို့နက်မှောင် သော သွယ်တန်းသည့်မျက်ခုံးတန်းလေးနှင့် မျက်တောင်ကော့တို့ဝန်းရံနေ သော မျက်ဝန်းညိုလေးတစ်ဖက်.. ।

သူ့မျက်လုံးနဲ့တန်းတန်းမတ်မတ်ဆုံသွားတော့ မျက်တောင်ဖျားတို့ ပြုံးခနဲ့ဝင့်ကပ်သွားသည်။ နှစ်စက္ကန့်လောက် အထိတ်တလန့်ဆုံသွားခဲ့ပြီး မျက်ဝန်းလေးဖျတ်ခနဲ့ပျောက်ကွယ်သွား၏။ ပြီးမှ ဆံနွယ်ရှည်တို့မျောလွင့် ဆောပါလေသည်။ တဲနောက်ဖေးအကွယ်ကနေ ဆံနွယ်တွေကအရင် သူ့ကို ကောကြည့်ကြသည်။ ဆံနွယ်တွေကပဲ နောက်ချန်နှုတ်ဆက်သွားခဲ့ပြီး.. ।

"ဘယ်သူလဲ.."

အမှတ်တမဲ့တွေးနေပြီးမှ သူလွှားခနဲခုန်လိုက်ပြီး တဲနောက်ဖေးကို

ရောက်သွားခဲ့၏။ သူရောက်သွားချိန်မှာ တဲနောက်ဖေးစိုက်ခင်းလေးထဲက အပင်တချို့ လူပ်ယိမ်းကျန်ရစ်တာကိုသာ မြင်ရကာ.. ।

"ဘယ်ရောက်သွားတာလဲ.."

တစ်ယောက်တည်း ရေရွတ်ပြီး အရူးလိုပြောလိုက်မိသည်။ ပတ်ဝန်းကျင်ကို မျက်လုံးကစားရင်း တောစပ်ရောက်မှ ခြေစုံရပ်မိ၏။

"ဟေ့..မင်းကိုမြင်တယ်နော်၊ ထွက်လာမလား..ငါဆွဲထုပ်ရမလား.."

ပတ်ဝန်းကျင်က တိတ်ဆိတ်နေဆဲ..။ မင်းမြတ်စည် မချင့်မရဲတွေဖြစ်ကာ လက်ချောင်းတွေကိုဖိဆုပ်ပစ်ရင်း ကျွတ်ခနဲဖြစ်သွားသည်။ ဘယ်တုန်းကမှ အမှတ်တမဲ့ငေးငိုင်တာတွေ မဖြစ်ခဲ့ဘူးပဲ သူဘာဖြစ်တာလဲ..။ မျက်လုံးထဲမှာ မျက်ဝန်းလေးတစ်ဖက်က စွဲထင်နေခဲ့သည်။ မိန်းကလေးတစ်ယောက်၏အရပ်နှင့်ဆို အနည်းဆုံးတင်ပါးအောက်ထိရှည်နိုင်သော ဆံနွယ်တွေကို ဖျောက်ဖျက်လို့မရ။ သူထိုနေရာမှာပဲ မကျေမနပ်ရပ်နေမိရင်း ထပ်ပြီး ခေါ်ထုတ်နေလည်းအပိုပဲဆိုတာ သိလိုက်သည့်အချိန်မှာ 'ငါညံ့တာ' လို့ စိတ်ကဖြစ်၏။

ဒါသည်လည်း ကိုယ့်ကိုယ်ကိုဘယ်တုန်းကမှ အပြစ်မတင်တတ်ခဲ့သော ဒုတိယကျိုးပေါက်ခြင်းတစ်ခု.. ।

♥♥♥♥♥

အခန်း(၂)

"ခင်ဗျားသမီး ရှုပ်လေးလှတာပဲရှိတာ..စကားလည်းမပြောနိုင်၊ ဘာပညာမှလည်းမတတ်.. ဒါကို ကျုပ်က ဘယ်လောက်တောင်လျှော်ပေးရဦးမှာ၊ ရေဘူး...ကြွေးစာရင်းကိုပဲလျှော်ပေးနိုင်မယ်၊ လယ်ကိုတော့ ပြန်မပေးနိုင်ဘူး.."

"မလုပ်ပါနဲ့ကိုချစ်တီးရယ်.."

"ကျုပ်ကိုချစ်တီးလို့မခေါ်နဲ့.."

မြန်မာပေမယ့် လူကနဖူးပြောင်ပြောင် အသားကမည်းပြာပြာ၊ တိုင်းရင်းသားအကျီပွပွကို ပုဆိုးတိုတိုနှင့်ဝတ်ထားသေးသည်။ တစ်ခုဖြေသာသေးတာက ချစ်တီးဆိုသည့်အရင်းရှင်လူသားသည် အသက်လေးဆယ်ကျော် ငါးဆယ်ဝန်းကျင်ပေမယ့် ခုချိန်ထိလူပျိုကြီး..။ လူပျိုကြီးပေမယ့် မိန်းမတစ်ယောက်ကို ကြွေးနဲ့သိမ်းယူခြင်းအတွက် ဘယ်သူ့ကိုမှဂရုမစိုက်။ ပဋ္ဌာန်းတစ်ခုခုနဲ့လဲယူသလို အတိုးအရင်းပေါင်းသည်။ လူကိုငွေနဲ့ချိန်စက်၍ အကျိုးအမြတ်တွက်နေသည်။ ထို့ပြင်.. ।

"ခင်ဗျားတို့က မိန်းမချောမိန်းမလှလေးတစ်ယောက် ကောက်မွေး

ထားလို့ အကြွေးကျေတာ..ဒါနဲ့တောင် အတိုးလျှော့ပါ အရင်းဖြတ်ပါနဲ့ လောဘကြီးလှချေလား"ဆိုတာက ပါသေးသည်။ မွေးစားမိဘဆိုပေမယ့် ငယ်စဉ်ကလေးဘဝတည်းက ကိုယ်ပြုစုစောင့်ရှောက်ခဲ့ရတဲ့မိန်းကလေး။ ဟိုတုန်းကတော့ စီးပွားရေးပြေလည်သည်။ တောမှာနေပေမယ့် ကိုယ့်ပတ်ဝန်းကျင်မှာဆိုရင် ကိုယ်အချမ်းသာဆုံး။ သမီးလေးကိုလည်း ကိုယ့်ဝမ်းနဲ့လွယ်မွေးရသလိုပါပဲ.. ।

"ကဲ..ဘယ်မှာလဲသုမနော၊ မြန်မြန်လက်မှတ်ထိုးရအောင်.. သွားလိုက်ဖမ်းချေ၊ လူခွဲရှာကြဗျာ..ကျုပ်ကအလုပ်အားတာမဟုတ်ဘူး.."

"ငါတို့သမီးက ထွက်ပြေးနေတာမဟုတ်ပါဘူး...ဒီမှာလည်း အရပ်ထဲကလူတွေအများကြီးပဲကိုချစ်တီးရယ်၊ စာချုပ်အရင်ချုပ်လိုက်ပါ..ညနေမစောင်းခင် သမီးကိုလာပို့.."

"အလိုဗျာ..ကျုပ်ကစာချုပ်ပြီး သူမပါဘဲလှည့်ပြန်သွားရအောင် ရူးနေတယ်မှတ်လို့လား..."

ခါးနှစ်ဖက်ထောက်ပြီး အနားမှာပတ်လည်ဝိုင်းနေကြသည့် ပတ်ဝန်းကျင်လူတွေကို လှည့်ပတ်ကြည့်သည်။ လူတွေက ဒီနေရာမှာသက်သေလုပ်ပေးဖို့ လာကြတာမဟုတ်ပေ။ သုမနောကို ချစ်တီးကြွေးနဲ့သိမ်းတော့မယ်ဆိုပြီး လာကြည့်နေကြတာဖြစ်သည်။ နယ်စွန်နယ်ဖျား တိုင်းရင်းသားအများစုဝေးနေထိုင်ကြသည့်ရွာလေးဟာ မြို့ပြနဲ့ဝေးသည်။ ဖွံ့ဖြိုးမှုနည်း၏။ ရွာဆိုတာလည်း အိမ်ခြေလေးနှစ်ဆယ်ကျော်လောက်နှင့် အိမ်ထောင်စုလူဦးရေက ပိုများသောကြောင့် စည်ကားနေတာဖြစ်သည်။ ဒီလိုရွာလေးမှာ ကြွေးရှင်မြီးရှင်တွေက ကိုယ့်ရွာသားချင်းလည်းမညှာ။ တခြားရွာကကြွေးရှင်တွေလည်း ဒီအတိုင်း။ ကြွေးမြီနဲ့ပတ်သက်လာသမျှ ဖြေရှင်းနည်းတွေက နှစ်ဟောင်းထုံးတမ်းအစဉ်အလာတွေအတိုင်း.. ।

"ဟေ..ငါ့ကောင်တွေဘယ်မှာလဲဟေ့၊ ကတုံးတို့ရောရှိလား.."

"ကျုပ်တို့ရှိတယ်ကိုချစ်..လူစုံရှိတယ်.."

"အေ...နှစ်ယောက်စီခွဲပြီး အနောက်လမ်းကြားကနေပတ်ရှာ၊ အရှေ့ဘက်ရေတံခွန်ဟောင်းကနေ ကျွဲကြီးတို့ကို ပိတ်ထားခိုင်း.."

"ကိုချစ်တီးရေ..အဲ့လိုတော့ ငါ့သမီးကိုမလုပ်ပါနဲ့၊ သူ့ခမျာဒုက္ခိတ

ဖြစ်..ပိုလန့်သွားပါမယ်.."

"ဟုတ်ပါတယ်ဟယ်..ငါ့သမီးလေးကို ငါဖျောင့်ဖျထားပါတယ်၊ ဒီ..."

"မစောင့်နိုင်ဘူး...မစောင့်နိုင်ဘူး၊ လုပ်စရာရှိတာလုပ်ရမှာပဲ..နေ့ရှေ့ညရှေ့နဲ့ နှစ်ပတ်ကျော်ပြီ၊ ပြီးရင် ကျုပ်ကလူကြီးတွေဖိတ်ပြီး ကျွေးရမွေးထားမယ့် အစီအစဉ်တွေက ရှိသေးတယ်၊ ဒါပဲနော်..လူလူသူသူလုပ်ပေးမလို့ စီစဉ်ထားတာတွေက ကျုပ်ဒေါသဖြစ်လာရင် ကျုပ်မယားမဟုတ်ဘဲ ကျွန်ဖြစ်သွားလိမ့်မယ်.."

"ဟိတ်ကောင်..မင်း.."

ဦးတဆစ်ဒေါသတွေနဲ့ လက်သီးထပြင်သည်။ ချစ်တီးကဂရုမစိုက်။ ထက်တစ်ဖက်မှာ စာချုပ်ကြီးတဗျန်းဗျန်းခါနေကာ တစ်ဖက်ကခါးထောက်ရင်း ।

"ဟိတ်ကောင်တွေ..တွေ့ရင်ဆွဲခေါ်လာခဲ့၊ ဆွဲတာမရရင်ကြိုးနဲ့ပါတုပ်"

ပြောနေရင်း ဘယ်လိုလောဘတွေ တက်လာသည်မသိဘဲ စာချုပ်ကို သူလွှယ်ထားသည့်အိတ်ထဲ ထိုးကြိတ်ထည့်လိုက်ပြီး ပုဆိုးကိုတိုသထက်တိုအောင် ပြင်ဝတ်သည်။ ပြီးတော့.. ।

"မဖြစ်ဘူး...ငါကိုယ်တိုင်လိုက်ဖမ်းမယ်၊ ငါ့နောက်ကနှစ်ယောက်ထိုက်ခဲ့.."

"ဒုက္ခပါပဲတဆစ်ရယ်..ငါ့သမီးလေးကြောက်လန့်နေတော့မှာပဲ၊ လုပ်ပါဦး..."

"နှင်ပေးစားမှာပဲမို့လား..ကြည့်နေလိုက်တော့၊ မဟုတ်ရင် ငါလူသတ်ပြီးမိမ့်မယ်.."

"အို..မဖြစ်ဘူး၊ ကျွန်မတော့လိုက်မှာပဲ.."

ဇနီးဖြစ်သူပြေးလိုက်သွားတော့ ဦးတဆစ်လည်း ပုဆိုးတိုတိုပြင်ဝတ်ပြီး လိုက်ရတော့သည်။ ထို့နောက် စပ်စုလိုသည့်ရွာသားတချို့ပါ အပြေးအလွှား လိုက်သွားကြကာ.. ।

ဒီရွာမှာ လူဖမ်းပွဲတွေလည်း ရှိတတ်လေသည်။

♥♥♥♥♥

အခန်း(၃)

"မင်းတို့ သူပြောတဲ့အတိုင်း ထုံးကျောက်ရွာကိုဆက်လိုက်သွား.."

"ဟုတ်ကဲ့သူဌေး.."

"စပြတို့က သူနားမှာနေ..ကျားကြီးတို့ဘက်က မီးနီပြလိုက်တာနဲ့ သူ့ကိုရှင်းပစ်လိုက်တော့.."

"အဲ့လိုတော့အမိန့်မပေးပါနဲ့သူဌေးရယ်..သူဌေးတို့ ဒီထိလိုက်လာနေပြီဆိုတာ သတင်းကြားပြီး လွတ်ရာထွက်ပြေးနေကြရင်ပြေးမှာ၊ သူတို့အဲ့ဒီမှာမရှိရင် ဘယ်ဘက်ပြေးနိုင်သလဲဆိုတာ ကျွန်တော်ပြောပြနိုင်ပါတယ်.."

"ခွပ်.."

တစ်ယောက်က လက်သီးတစ်လုံးပစ်သွင်းပစ်လိုက်ကာ.. ၊

"မင်းက ငါတို့ကိုသောက်ချဉ်မှတ်နေသလားအောင်မင်း.. ဘယ်နှစ်နေရာ ထပ်ရှိသလဲခုပြောစမ်း၊ မဟုတ်ရင် တစ်ဆင့်ချင်းမေးပြီး မင်းကိုအသက်ရှူခွင့်ပေးနေမှာမဟုတ်ဘူးဆိုတာ သဘောပေါက်.."

အောင်မင်းက မင်းမြတ်စည်ဘာမှမပြောတာကို အားကိုးတကြီးလှမ်း

ကြည့်သည်။ သို့သော် သူ့ကိုကျောခိုင်းပြီး လှည့်ထွက်သွားတာမြင်မှ.. ၊

"ပြောပါ့မယ်..ငါ့ကိုတော့ သက်ညှာပေးပါ.."

အောင်မင်း၏ စိတ်ပျက်လက်လျှော့သံကိုသူကြားသည်။ ကြားကြားချင်းကြားကြား သူ့အမိန့်ကဒါပဲမို့ နောက်ထပ်လှည့်ကြည့်ဖို့လည်းစိတ်မကူး။ အလုပ်သမားတွေ အလုပ်ကြမ်းလုပ်ရမှာကိုလည်း မကြောက်။ ကျောက်ဆောင်ပြိုဆိုလည်း ခိုးချင်ဝှက်ချင်တွေ လုပ်လာကြသည်။ ကိုယ်ရတာလည်း ကိုယ်ချင်သည်။ သူများရတာကိုလည်း လိုချင်သေးသည်။ ဒီလိုနေရာမှာ ရိုးသားကြိုးစားတဲ့အလုပ်သမားဆိုတာ မရှိ။ ထို့ကြောင့် သူပြင်ဆင်ထားခဲ့တာ သူကောင်းရင်ကိုယ်မဆိုးဖို့.. ၊

"လိုက် လိုက်.."

"ဟိုမှာ..ဟိုဘက်ကိုပြေးနေတာ.."

မင်းမြတ်စည် ခြေလှမ်းတုံ့သွားသည်။ ကားကိုရွာနားမှာပဲထားခဲ့ပြီး အောင်မင်းပုန်းခိုနေသည့်တောထဲထိ လမ်းလျှောက်လာခဲ့ရတာမို့ ကားဆီပြန်ထွက်လည်း တော်တော်နဲ့မရောက်နိုင်။ သို့သော် လူသံတွေက တောခြောက်ပြီး တိရစ္ဆာန်တစ်ကောင်ကောင် လိုက်ဖမ်းနေကြတာလားမသိ။ ခြေလှမ်းကို မပါနေးနှေးဆက်လှမ်းရင်း လှုပ်ရှားပြေးလွှားနေသည့် အသံဗလံတွေထွက်နေတာကို နားစွဲကြည့်နေမိ၏။

"ဟာ..ဟိုမှာ သုမနော၊ သုမနောဆရာ.."

"ဟုတ်တယ်..ဟုတ်တယ်ကုန်းထိပ်ကွယ်နေတာ၊ ဟိုမှာပြေးပြီကောင်ရေး.."

"လိုက်စမ်းပါဟာ.."

ဘာလဲ.. လူလား.. ဒီလူတွေ မိန်းကလေးတစ်ယောက်နောက်လိုက်နေကြတာလား..

သူတွေးနေရင်း ခြေလှမ်းတုံ့သွားပြန်သည်။ ထိုစဉ် သူ့မျက်လုံးထောင့်မှာ မည်းခနဲပြိုကျလာသည့် တစ်စုံတစ်ရာသည်.. ၊

"အ.."

"ဟာ.."

ထစ်ခနဲဆို လက်ကမြန်တာအကျင့်။ မည်းခနဲမြင်လိုက်တာနှင့်လူက

နောက်ဆုတ်ရှောင်လိုက်ပြီးဖြစ်ကာ မျက်နှာရှေ့ရောက်လာတော့ လက်တစ်ဖက်နဲ့ ဆွဲဖက်ထားလိုက်၏။ သူ့ရင်ခွင်ထဲမှာ မိန်းကလေးတစ်ယောက်။ သူ့မလည်း အလန့်တကြားမော့ကြည့်နေသည်။ သူလည်းတအံ့တသြင့် ကြည့်နေမိ၏။ အခြေအနေသည် ကြောက်လန့်ဖက်တွယ်ထားသူနှင့် ပိုင်ပိုင်နိုင်နိုင်ဖက်ထားသည့်သူ.. ၊

"ဟင့်အင်း.."

သူ့မခေါင်းခါသည်။ 'ဟင့်အင်း'သံမဟုတ်ပေမယ့် သူ့မနှုတ်ဖျားက ထွက်လာသည့် ဗလုံးဗထွေးသံနှင့် ခေါင်းခါခြင်းကြောင့် ဟင့်အင်းပြောသလိုပဲ ယူဆလိုက်မိကာ.. ၊

"မရှန်းနဲ့.."

သူ့မယီးလေးခိုသလို ရှန်းဖယ်နေသဖြင့် သူလွှတ်လိုက်ရင် ပုံကျသွားမှုဖြစ်သည်။ ထို့ကြောင့် ခေါင်းခါပြောမိရင်း လွှတ်ပေးလိုက်သည်။ သူ့မကို သူသိသည်။ စွဲငြိကျန်ရစ်သည့်မျက်ဝန်းလေးတွေကို မြင်လိုက်တာနဲ့သူ့မပဲ ဆိုတာသိလိုက်သည်။ ထိုအချိန်လေးအတွင်းမှာ သူ့မကလှည့်ပြေးသဖြင့် သူ့ဖက်ခနဲလှမ်းဆွဲထားလိုက်ကာ.. ၊

"နေဦး.."

သူ့မကရှန်းနေသည်။ ခေါင်းခါပြီး ဘာတွေပြောနေမှန်းမသိ။ ဒီဘက်မှာ တိုင်းရင်းသားတွေများတာကြောင့် သူ့မဘာပြောနေသည် သူဘာကြောင့် နားမလည်သည်ကို ရုတ်တရက်မတွေးမိခဲ့.. ၊

"ဟိုမှာ သူ့မနော.."

"ဖမ်းထား..အဲ့ကောင်မလေးကို.."

"တွေ့ပြီ..ဒီမှာဟေ့၊ ဒီဘက်ကိုလာကြ.."

တွေ့ပြီဖြစ်ကြောင်း ပါးစပ်ကိုလက်ခုပ်တွေနဲ့ကာပြီး ဘယ်သူတွေကြားအောင် အော်နေကြသည်မသိ။ လူနောက်လိုက်တာလား တောခြောက်တာလားဆိုတာတောင် မသဲကွဲတဲ့အဖြစ်.. ၊

"ဟိုကောင်..အဲ့ဒီကောင်မလေးကိုလွှတ်လိုက်ဒီကို.."

သူ့ကိုလည်းပြောသည်။ နောက်ကလူတွေကိုလည်း လှည့်ကြည့်ပြီး အမိန့်တွေပေးနေကာ.. ၊

"သွားဆွဲခေါ်စမ်း.."

"ခဏနေဦး.."

သုမနောဆိုသည့်မိန်းကလေးကိုတစ်ဖက်ကသိမ်းဖက်ထားပြီး တစ်ဖက်နဲ့အနားကပ်လာသူရင်ဘက်ကို တွန်းပစ်လိုက်သည်။ ပြီးတော့ အမိန့်တွေပေးနေသည့် ပေသီးဘက်ကိုလှည့်၍.. ၊

"ခင်ဗျားနဲ့သူနဲ့ ဘာတော်တာလဲ.."

"ငါ့မိန်းမ.."

"ဟင့်အင်း.."

ခေါင်းတွင်တွင်ခါ၍ ဟင့်အင်းမည်သောငြင်းဆိုသံနှင့်အတူ သူ့မကအတင်းအကျပ်ရှန်းနေ၏။ မင်းမြတ်စည်မျက်မှောင်ကုတ်သွားကာ ပေသီးကိုပြန်ကြည့်လျှင်.. ၊

"အခုတော့ မဟုတ်သေးဘူး..ဒါပေမဲ့ ငါသူ့မိဘတွေဆီမှာ တောင်းထားပြီးပြီ၊ သူသဘာတူတူမတူတူ ငါ့မယားဖြစ်မှာပဲ..ဟိတ်ကောင်တွေ ဆွဲခေါ်ဆို ဘာလုပ်နေတုံး.."

"ခေါ်ချင်တိုင်းခေါ်လို့မရဘူး.."

သူ့တားဆီးသံကြောင့် ရှေ့တိုးလိုက်သည့်လူသုံးယောက် ခြေလှမ်းကျဲသွားသည်။ ရှန်းနေသည့် သူ့မရဲ့ လှုပ်ရှားမှုတွေလည်း ရပ်တန့်သွားခဲ့၏။ ဒီစဉ် နောက်ကနေတဖားဖားပြေးလာကြသည့် လူတွေပါ သူတို့နားကို စုဆီးလာခဲ့ကြပြီး.. ၊

"သမီးလေးရယ်..ငါတို့ကိုဒုက္ခရောက်အောင် မလုပ်ပါနဲ့၊ ပြန်လိုက်ခဲ့နော်..သမီးနော်.."

"နင်မမိုက်စမ်းပါနဲ့သုမနောရယ်..နင့်အမေ နင့်ကိုဘယ်လောက်ချစ်ကလည်းသိသားနဲ့၊ အခုက မဖြစ်သာတဲ့အခြေအနေမို့လို့ ငါတို့နင့်ကိုတိုက်တွန်းနေတာပါ.."

"ချော့မော့မနေနဲ့လေ..ဒါတွေလုပ်ဖို့အချိန်တွေလည်း တော်တော်ကြာသွားပြီ၊ ခင်ဗျားတို့က ကြွေးချေးချင်တုန်းကတစ်မျိုး၊ ကျုပ်ကချေမယ်ပြောတာမှ သမီးလည်းမနိုင် ငက်ကလည်းငက်နေပြီ..ဘာလုပ်ကြမှာတုံး..ကဲ.."

"ကိုပေသီး နင်ကလည်းနင်လိုချင်တာပဲသိတယ်နော်..မိန်းကလေး

တစ်ယောက်ကို ဟင်းရွက်ကန်စွန်းလို ကောက်ယူသွားလို့မရဘူးဆိုတာ နင်သိပါတယ်..”

“သိတယ်လေ..သိလို့ ကျုပ်ပိုက်ဆံတွေအများကြီးနဲ့ လဲယူလိုက်တာပေါ့..”

“ဘယ်လောက်နဲ့လဲတာနဲ့..”

ဩရှသည့်စကားသံက တိကျပြတ်သားနေသည်။ သုမနောရဲ့မိဘတွေရော ပေသီးရဲ့နောက်လိုက်တွေပါ မင်းမြတ်စည်ထံမျက်လုံးတွေ ရောက်ကုန်ကြ၏။ ထိုယောကျ်ားသည် ဘယ်သူဆိုတာမသိပေမယ့် သုမနောရဲ့မိခင်ဒေါ်သဲဖော့က သူမဒီနားရောက်လာတည်းက သတိထားမိနေသည်။ ထွားကျိုင်းပျိုမျစ်သည့် ကြန်အင်လက္ခဏာနှင့် တင့်တယ်သည့် ရုပ်သွင်သည် ပါးသိုင်းမွေးတို့ဖြင့် ကြမ်းတမ်းသယောင်ရှိသော်ငြား ထိုယောကျ်ား၏ မီးတောက်လိုစူးရှသည့် မျက်လုံးတွေကို အထင်တကြီးဖြစ်သွားခဲ့၏။ ထို့ပြင်သမီးကို အရှုပ်လေးတစ်ရုပ်လို ထိန်းဖက်ထားသော ထိုမြင်ကွင်းသည်ဒေါ်သဲဖော့မျက်လုံးထဲမှာ နှစ်ခြိုက်စွာစွဲထင်သွားခဲ့ပြီး.. ।

“ဘာလဲ..နင်ကဘယ်ကလဲ၊ ငါ့ပိုက်ဆံကို သေးသေးနုပ်နုပ်များထင်နေလို့လား.. အတိုးအရင်းပေါင်းရင် နင့်မှာပိုင်သမျှ ရောင်းချထိုးပေးရင်တောင်..”

“အပိုတွေလျှောက်ပြောမနေနဲ့..မေးတာကိုပဲဖြေ..”

“ဆယ့်ကိုးသိန်း..”

သူ့မျက်နှာတင်းသွားသည်။ လူတစ်ယောက်ရဲ့တန်ဖိုးကို ငွေကြေးနဲ့ဖြတ်ပြီး တိရစ္ဆာန်တစ်ကောင်လို လိုက်လံဖမ်းဆီးနေကြသည့်မြင်ကွင်းသည် သူမျက်စိမှားခဲ့တာမဟုတ်။ ဒါမှမဟုတ် ကိုယ်သားသမီးကို ရောင်းကုန်တစ်ခုလို ဆယ့်ကိုးသိန်းနဲ့တန်ဖိုးဖြတ်ပြီး ငွေရှင်လက်ထဲထိုးထည့်နေသည့် မိဘတွေကို အပြစ်ဖို့ရမလား..။ ကြည့်လိုက်တော့ တောရွာအခြေအနေသည် ဝါးခရုံကာနိုင်သည့်အိမ်တောင် ခပ်ရှားရှား.. ।

“အဒေါ်တို့က ဆယ့်ကိုးသိန်းတောင်ချေးပြီး ဘာအတွက်သုံးတာလဲ..”

မေးသင့်သင့်မသင့်သင့် ဒီမေးခွန်းကိုမေးမှုဖြစ်မည်။ အမျိုးသမီးကြီး ဝမ်းနည်းယူကျုံးမရသောမျက်နှာကြီး ချက်ချင်းဖြစ်သွားလျက် မျက်ရည်တွေ

ကျလည်း ပြည့်ဝိုင်းနေကာ.. ।

“ကြွေးကဆယ်နှစ်နီးပါးရှိပါပြီ..ယူတုန်းက သူ့အဖေပိုးထိလို့ မြို့ကောက်ဆေးကုဖို့ ပိုက်ဆံလိုလို့ပါ၊ အဲ့ဒါလည်း ပိုက်ဆံနှစ်သိန်းပဲ ယူတာပါ ကူလေးရယ်..ပြောရရင် နှစ်သိန်းတောင်မပြည့်ပါဘူး..”

“အဘွားကြီး..ခင်ဗျားဘာတွေပလီပလာပြောနေတာလဲ၊ အဲ့ဒီအရင်ကယူတဲ့ကြွေးကပဲ..”

“နေပါဦး..ခင်ဗျားက အတိုးပေါ်အတိုးဆင့်ပြီး လူသိမ်းတယ်ပေါ့..”

“ကြွေးဆိုတာဒီလိုပဲ..”

“အဲ့ဒီအတွက် စာချုပ်စာတမ်းရှိလား..”

“ရှိတာပေါ့..”

“စာချုပ်မှာလူသိမ်းမယ်လို့ပါသလား..”

“ဒါကတော့..”

“ပါလို့မရဘူး...ထည့်ချုပ်လို့လည်းမရဘူး၊ လူမပြောနဲ့ သူများပိုင်တဲ့မြေတင်းထဲက အပ်တိုတစ်ချောင်းကအစ သူမပေးဘဲ ကြွေးနဲ့သိမ်းယူလို့မရဘူး..စာချုပ်ကို ခင်ဗျားဘယ်လောက်နားလည်သလဲ..ဘာအားကိုးနဲ့ လူကို ဓါးရွှာန်တစ်ကောင်လို လိုက်ဖမ်းနေတာလဲ..”

“ဟိတ်..မင်းဘယ်သူလဲ၊ ဒီကောင်မက ‘အ’နေတာနော်..အဲ့ဒါရောသိလား..”

“ကျုပ်ဘယ်သူဖြစ်ဖြစ် အခုခင်ဗျားကို တစ်ပြားမှမပေးဘဲ ဒီကိစ္စပြီးအောင်လုပ်လို့ရတယ်..ဒါပေမဲ့..”

“ဘာ..ဘာပြောလိုက်တယ်..”

သူအတင်းအကျပ် ဖိချုပ်ထားသည့်သူမကို သူင့်ကြည့်မိသည်။ ချွေးပေါက်တွေနှင့် နှုတ်ခမ်းဖျားလေးတွေ မျက်ရည်တို့စိုလူးနေသော မျက်တောင်များကို့သည် သူ့ရဲ့ဆုံးဖြတ်ချက်ကို ခိုင်မာစေကာ.. ।

“ခင်ဗျားသတ်မှတ်တဲ့အတိုင်း အဲ့ဒီပိုက်ဆံကျုပ်ပေးမယ်..”

“ဘာ..”

ပေသီး တဘာဘာဖြစ်နေကာ မျက်လုံးတွေက သုမနောထံဒိုင်းခနဲ ရောက်၏။ ကျုပ်ပေးမယ်ဆိုတာ ဘာပြောတာလဲ..အကြွေးချေးပြီး လူကို

ယူသွားမှာလား..။ ပြန်ကြည့်တော့ပြောနေတဲ့သူက အသက်သာငယ်သည်၊ သူမော့ကြည့်ရအောင် အရပ်ကြီးကမိုးနေသည်။ ပြီးတော့ လွယ်အိတ်မပါ။ အဖော်မပါပေမယ့် ပုံစံအရ လူချမ်းသာနဲ့လည်းတူနေ၏။ ခဏအတွင်းမှာ မျက်လုံးတွေ သုမနောဆီပြန်ရောက်ကာ ပေသီးအကြီးအကျယ်ဒေါသထွက်တော့သည်။

"ဘာလဲ..နင်က ငါ့ကြွေးဆပ်ပေးပြီး သူ့ကိုခေါ်သွားမလို့လား..'

"အဲ့ဒါခင်ဗျားနဲ့မဆိုင်ဘူး.."

"ဆိုင်တာပေါ့ကွ..ငါပိုင်ပြီးသား ပစ္စည်းတစ်ခုကို.."

"ခွပ်.."

"အား.."

ဖြောင့်လက်သီးတစ်လုံးက ပေသီးနှာရိုးဆီ တန်းခနဲပြေးဝင်သွားသည်။ ပေသီးနှာခေါင်းကိုအုပ်ကာ တအားအော်လေသည်။ သွေးတွေဖြာကျလာတော့ သူ့လူတွေပျာပျာသလဲဖြစ်ကုန်ကြ၏။ ထို့ပြင် မင်းမြတ်စည်ကို လှည့်တောင်မကြည့်ဝံ့ကြတော့ဘဲ ပေသီးကိုဝိုင်းမပြီး ပိုဝေးတဲ့ဆီခေါ်သွားကြ၏။ မင်းမြတ်စည်က ပေသီးမျက်နှာကို စေ့စေ့ကြည့်နေရင်း..

"လူမှန်ရင် လူစကားပြောရတယ်..ဘယ်အရပ်မှာဘာအထာပဲရှိနေနေ ကျုပ်မျက်စိရှေ့မှာ အမြင်မတော်ဘူးထင်ရင် အဲ့ဒါကိုခွင့်မပြုဘူး.."

ပြောပြီး ဒေါ်သဲဖော့တို့မျက်လုံးအကြောင်သားနှင့် ကြည့်နေတဲ့ဘက်ကို လှည့်၍.. ।

"အဲ့ပိုက်ဆံကိုကျုပ်ပေးရင် သူ့ကိုခေါ်သွားလို့ရမလား.."

"ဟင်.."

ခေါ်သွားပါလည်းမပြော ခေါင်းလည်းမခါ။ ပေသီးကိုသိနေပေမယ့် ဒီလူသားကိုသူတို့မသိ။ ပေသီးထက်ပိုဆိုးမလား.. ကောင်းတဲ့လူလားဆိုတာလည်းမပြောနိုင်။ သို့သော် ပေသီးလက်ထဲလည်း သမီးကိုမထည့်ချင်တာ အမှန်။ လင်မယားနှစ်ယောက်စလုံး ဘာပြန်ပြောရမှန်းမသိဘဲ ဖြစ်ချင်တာတွေနဲ့ ဖြစ်မှာစိုးမှာတွေကြားမှာ ပါးစပ်တွေသာပြင်နေပြီး အသံမထွက်..

"ရမလား..ဟွန်း ဒါမျိုးတော့မစမ်းနဲ့လေ၊ ဘယ်သူမှကိုယ့်ပါးစပ်နှားရောက်ပြီးသားအစားကို ပုတ်ချခံမှာမဟုတ်ဘူး..ဒီမှာနှားထောင်ဟော့ကောင်

ဒီလူတွေကရော သုမနောရဲ့မိဘအရင်းတွေ ထင်နေလို့လား၊ အဲ့ဒီအ'အ'ကို ကောက်မွေးစားထားတာ..."

"ပေသီး..မင်းစကားပြောတာ မိုက်ရိုင်းလှချေလားကွ.."

"ဟား ဟား ဟား..ဟုတ်တာတွေ ပြောနေတာလေ၊ ခင်ဗျားတို့ကအကူးခနဲပေါ်လာတဲ့ကောင်ကိုမြင်ပြီး တွေတွေဝေဝေတွေဖြစ်လို့..ဘာလဲ၊ ပြောင်ဆိုပိုတောင်းချင်လို့လား.."

"ပိုမတောင်းဘူးကွ..ခုမှ ဘွားခနဲပေါ်လာတာက ငါတို့သမီးအတွက် ကံတောင်ရှင်ပဲ၊ မင်းလိုကောင်နဲ့ လုံးလုံးမပေးစားဘူး..မင်းနဲ့သာကင်းရင်ဆိုရင် ဘာတွေဖြစ်ဖြစ်ပြီးရောပဲ.."

သူမကို ဖြေလွှတ်ပေးလိုက်ပြီး လက်လေးတစ်ဖက်ကို ဆုပ်ကိုင်ထားမိသည်။ ပြီးတော့ စကားမပြောနိုင်သည့် ဒုက္ခသည်လေးအဖြစ် သူမရဲ့ မျက်နှာလေးတွေကိုပဲ စူးစိုက်ကြည့်မိသည်။ သူမဘာဖြစ်ချင်နေသလဲ.. ကိုယ့်ဆောက်ကိုလိုက်ချင်ရဲ့လား သူမဆန္ဒကိုသိချင်ခဲ့သည်။ သို့သော်.. ।

"ခုကစပြီး မင်းဆန္ဒနဲ့မင်း နေလို့မရတော့ဘူး"လို့ ခပ်တိုးတိုးပြောလိုက်ပြီး... ।

♥♥♥♥♥

အခန်း(၄)

"နားထောင်..ငါ့မှာလည်းမိဘမရှိဘူး၊ ဒါပေမဲ့ ဂရုစိုက်ရမယ့်လူတစ်
ရှိတယ်..နောက်တော့ ဒီကိုဝင်ထွက်သွားလာကြလိမ့်မယ်၊ ဒါပေမဲ့ သူတို့
မင်းကြောက်လန့်နေဖို့မလိုဘူး.."

ပြောနေရင်း သူမမျက်ဝန်းလေးတွေကို စိုက်ကြည့်သည်။ သူမ
ခေါင်းလေးညိတ်ပြီး မျက်လွှာချပစ်၏။ မဟူရာကတ္တီပါလို ကော့နက်ထူပ်
သည့်မျက်တောင်တို့ လှုပ်ခတ်သွားတိုင်း သူခဏတော့ငေးကြည့်နေမိ
ဘယ်လိုကြည့်ကြည့်လှနေသော သူမလေးကိုပိုင်ဆိုင်ခွင့်ရသည့်အတွ
တစိမ့်စိမ့်ကြည်နူးခြင်းတွေလည်း ဖြစ်နေခဲ့သည်။ တွေးကြည့်ရင်မယုံနိုင်
ဒါပေမဲ့ ဒီတိုင်းဖြစ်ခဲ့သည်။ မြင်မြင်ချင်းမျက်တောင်ကော့တို့ဝန်းရံထ
သည် မျက်ဝန်းတို့ကို သူရူးသွပ်ခဲ့သည်။ ဖျတ်ခနဲပျောက်ကွယ်သွားခဲ့တ
တောင် ရင်ထဲမှာမပျောက်။ ခြေလှမ်းတိုင်းမှာ သူမမျက်ဝန်းတွေပဲဖြစ်နေ
သည်။ မကြာခင် သူမကိုပြန်တွေ့ခဲ့သည်။ တွေ့ပြီးတော့ ပိုင်ဆိုင်နိုင်ခဲ့
သူများတွေသိရင် အလွယ်လေးရလာခဲ့သည်ထင်ကြမှာပေမယ့် သူမလေး
တန်ဖိုးက သူ့ရင်ထဲမှာ.. ၊

"အခု မင်းရင်ထဲကို ငါမသိချင်ဘူး..ဒါပေမဲ့ မင်းအကြောင်းတော့
သိချင်တယ်၊ မင်းစာတတ်တယ်မို့လား.."

သူမက ခေါင်းညိတ်သည်။ သူကအသင့်ယူထားပြီးဖြစ်သည့် ဒိုင်ယာ
ရီကအုပ်လေးနဲ့ ဘောလ်ပင်နိုကို သူမ ရှေ့မှာချပေးလိုက်ကာ.. ၊

"ဒီထဲမှာ မင်းဘဝအကြောင်း မင်းခံစားချက်တွေ အကုန်ချရေး..ဒါ
ပေမဲ့ ငါ့အကြောင်းလုံးဝမပါစေနဲ့၊ မင်းငါ့အပေါ်ချစ်ဟာမုန်းတာတွေ မလို
ဘူး..သိလည်းမသိချင်ဘူး၊ ငါနဲ့ပတ်သက်ပြီး သိထားရမှာက ငါပြောသမျှ
ပေါ်လိုက်နာရမယ်..ငါ့အမိန့် ငါ့စကားကလွဲပြီး ဘယ်သူ့စကားမှမင်းနာ
ထောင်ဖို့မလိုဘူး၊ ဘယ်သူဘာပြောပြော ငါပြောတာမဟုတ်ရင် မင်းယုံဖို့
မလိုဘူး.."

သူမမျက်ဝန်းလေးတွေထဲမှာ တစ်မျိုးတစ်မည်ဖြစ်သွားတော့ သူ
ခေါင်းညိတ်လိုက်ပြီး.. ၊

"ငါကယုံချင်စရာလူ ဟုတ်ချင်မှဟုတ်မယ်..မယုံသင့်တဲ့လူလို့ မင်း
ခေါင်းထဲမှာရှိနေရင်တောင် ငါယုံခိုင်းရင်ယုံရမယ်.."

သူမမျက်လွှာချလေသည်။ အဖြေကိုသူနားလည်သွားသည်။ စီး
ကရက်တစ်လိပ်ထုတ်လိုက်ရင်း သူ့မျက်နှာမှာအေးစက်သည့် အပြုံးတစ်ခု
ပေါ်ပေါ်လာခဲ့၏။ ပြီးတော့ စီးကရက်မီးညှိလိုက်ရင်း သူမနဲ့မလှမ်းမကမ်းမှာ
ရပ်လိုက်ကာ.. ၊

"မင်းအတွက်ပြောနေတာ..ဒါကမင်းတို့ရွာမဟုတ်ဘူး၊ ဒီပတ်ဝန်း
ကျင်မှာ မင်းအတွက်ငါပဲရှိတာ..ငါအဲ့ဒီလိုခံယူထားတဲ့အတွက် မင်းလည်းဒီ
လိုပဲယူရှိရမယ်၊ နောက်တစ်ခု မင်းကငါလက်ထပ်မယ့်မိန်းကလေးဖြစ်တဲ့
အတွက် ဒီနေရာက မင်းပိုင်တဲ့နေရာပဲ..ကြောက်ရွံ့နောက်တွန့်နေတာတွေ
ပယ်ဖျောက်ကြိုက်ဘူး၊ ဒီမှာရှိသမျှအလုပ်သမားတွေကို မင်းစီမံရမယ်..ခိုင်း
ရမယ်၊ ကိုယ့်ကိုယ်ကို အားငယ်ဝမ်းနည်းနေတဲ့ပုံနဲ့ မနေရဘူး..ပြောတာ
ကြားလား.."

သူစကားပြောနေတိုင်း မျက်တောင်မခတ်ငေးနေတတ်ကာ မေးခွန်း
ထုတ်ပြီးဆို မျက်လွှာချ၏။ မျက်နှာနည်းနည်းငုံ့လိုက်တာနှင့် နှာတံချွန်
ချွန်လေးနဲ့ အပေါ်နှုတ်ခမ်းထောင့်ချိုးလေးတွေက ကဗျာဆန်သည်။ နှမ္မတ်

နေသည့် ပါးမို့လေးတွေက ထိကိုင်ကြည့်ချင်အောင် ဆွဲဆောင်၏။ မင်းမြတ်
စည်အမိန့်တွေပေးနေရင်း မကြာခဏအသက်ရှူမှားနေခဲ့သည်။ မိန်းကလေး
တစ်ယောက်ကို မထိဘူး မငြိဘူးတာလည်းမဟုတ်။ ငေးရလောက်အောင်
လှတဲ့မိန်းမတွေလည်း မြင်ဖူးခဲ့သည်။ သူမသည်သာ သူ့ရင်ထဲကိုထိုးဖောက်
စွဲငြိလာခဲ့သော ရွှေရေးပန်းချီတစ်ချပ်.. ।

အတွေးကိုဖြတ်တောက်ပြီး မျက်နှာလွှဲမိသည်။ ထိုစဉ် သူမျက်နှာ
လှည့်လိုက်သည့်ဘက်သည် အိမ်ရှေ့ကိုဖြစ်နေကာ ပေါ်တီကိုအောက်မှာ
ဆင်စွယ်ရောင် Alphardတစ်စီးထိုးရပ်သွားတာနဲ့ တန်းတန်းမတ်မတ်။ စီး
ကရက်ကို မီးညှိလိုက်ရင်း မျက်နှာငဲ့မိသည့်အတိုင်း မျက်တောင်ဖျားတို့မှေ
စင်းကြည့်နေခဲ့လျက်.. ।

"သူတို့က ငါ့အိမ်ကိုဝင်ထွက်ခွင့်ရှိနေကြတဲ့လူတွေ..ဒါပေမဲ့ သွေး
သားမဟုတ်ဘူး၊ ဆွေမျိုးမတော်ဘူး.."

ပြောပြီးလှည့်လိုက်တော့ သူ့နှုတ်ခမ်းဖျားက စီးကရက်မီးခိုးတို့သည်
သုမနောထံ တဝေ့ဝေ့မျောလွင့်သွားကြ၏။ သူမက တချို့မိန်းကလေးတွေ
လို မျက်နှာမဲ့သွားတာ နောက်တွန့်သွားတာမျိုးမဖြစ်ပေ။ ထိုပြင် ကြိုးမှ
လေးတွေလို တလွန့်လွန့်ဝေ့ပျံလာသည့် မီးခိုးတွေကို မျက်တောင်ဖျားလေ
တွေ ကော့ပျံနေအောင် မျက်လုံးအဝိုင်းသားနှင့် ငေး၏။ ဖြူလွလွသည့် မီ
ခိုးဖြူတို့နှင့် နောက်ကွယ်ကလက်တောက်နေသော မျက်ဝန်းလေးတွေကို
မင်းမြတ်စည်ကလည်း ငေးနေခဲ့သည်။ ထိုစဉ်.. ।

"ဟဲ့..နင်တို့သူဌေးမြင်တယ်လေ၊ ငါတို့လာတာမကြိုက်ရင် သူပြောပါ
စေပေါ့..ရှေ့ကဖယ်ပေး.."

စကားသံက စူးရှနေသည်။ သူတို့သည် MMSရေမွှေးကုမ္ပဏီပိုင်ရှင်
ဦးမျိုးဝေနှင့်ဇနီးသည်ဒေါ်ထားအိတို့ဖြစ်ကာ မင်းမြတ်စည်ရဲ့တပည့်တွေက
တားဆီးထားသဖြင့် ဒေါသတွေနဲ့ ခြေလှမ်းတို့လွန်းထိုးနေရင်း..।

"သူဌေး...ကျွန်တော်တို့ကို ဝင်ခွင့်မပေးတော့ဘူးလား.."

"ဝင်ခွင့်ပေးသလား မပေးဘူးလားကို ဒီထိရောက်လာမှ မေးရမှာ
လား.."

"ကျွန်တော်တို့ဖုန်းဆက်မလို့ပါ..ဒါပေမဲ့.."

"အလယ်ခန်းမှာ သွားစောင့်နေပါ.."

ဦးမျိုးဝေမျက်နှာပျက်သွားသည်။ ဒေါ်ထားအိက တစ်ခုခုပြောသင့်
ကြောင်း ခင်ပွန်းဖြစ်သူကိုကြည့်ပေမယ့် ဦးမျိုးဝေကခေါင်းခါပြသည်။
မင်းမြတ်စည်နှုတ်ကထွက်လိုက်ပြီဆို အဓိပ္ပာယ်မဲ့တော့ မဟုတ်ဘူးဆိုတာ
သိသည်နေပြီဖြစ်ကာ အလယ်ခန်းဆိုသော အပြင်လူလက်ခံသည့်ဧည့်ခန်း
ထဲမှာ ထိုင်မိကာမှ.. ।

"မင်းက မင်းမြတ်စည်ကို အတိုက်အခံပြောဖို့ ကြံစည်နေတာလား
ဟေ.."

ကွယ်ရာကျမှ နာမည်ခေါ်ရဲတာမို့ ဇနီးသည်နားကပ်၍.. ।

"ရွှေတစ်ပဲသား လည်ပင်းပေါ်ရောက်သွားတဲ့ ပုတ်သင်ညိုလိုမလုပ်
ရဲ့..ပုတ်သင်ညိုမာန်တက်လို့ ရွှေတစ်ပဲသားမရတော့လည်း ကိစ္စမရှိဘူး...လူ
ကျေ မာန်တက်ရင် အကျနာတတ်တယ်၊ ငါတို့မာန်တက်ရင်တော့ အရင်လို
ကျမ်းယောသည်ဘဝကို ဘုန်းခန့်ပြန်ကျသွားမှာ.."

"ကျစရာမလိုပါဘူး.."

ဒေါ်ထားအိက လက်ကိုင်အိတ်ချိတ်ထားသည့်လက်ကိုထုတ်၍ လျှော
ကျနေသည့်စိန်လက်ကောက်ကို လက်ထောင်ပြီး ပြန်သိပ်သည်။ ပြီးတော့
လက်ကိုင်အိတ်ကို ပေါင်ပေါ်တင်လိုက်ပြီးမှ.. ।

"'ခရုမှာလည်းအဆံ့နဲ့ လူမှာလည်းဥာဏ်နဲ့'တဲ့..ရှင်အကြံတုံးဥာဏ်
ကောင်းပြောစမ်းပါနဲ့၊ လူဆိုတာ မြင့်သထက်မြင့်အောင် နေ့ရှိသရွေ့ကြိုးစားနေ
ရမယ်..နေ့ကကွမ်းယာသည် ဒီနေ့MMSရေမွှေးကုမ္ပဏီပိုင်ရှင်.."

"MMSဆိုတာကရော ဘယ်သူမို့လဲ.."

"ကိုမျိုး.."

ဒေါ်ထားအိဒေါသဖြစ်လွန်းသည့်အသံနှင့် အံကြိတ်ခေါ်သည်။ လက်
ကောက်ကြီး မိရာကိုဆွဲလိမ်ဖို့ ဟိုရွယ်ဒီရွယ်ဖြစ်လာကာ.. ।

"ရှင်အဲ့ဒီလိုကြောက်တတ်နေရင် ဘယ်တော့မှချမ်းသာမှာမဟုတ်ဘူး..
ဘယ်တော့မှလည်း ကွမ်းယာသည်ဘဝကို မေ့မှာမဟုတ်ဘူး.."

ဦးမျိုးဝေက လက်မောင်းကိုအလိမ်ခံလိုက်ရသဖြင့် မျက်နှာကြီးမဲ့
ကျသွားပြီး ဒေါ်ထားအိလက်ကိုပါ ပုတ်ချပစ်ကာ.. ।

"စကားကြီးစကားကျယ်တွေ ပြောမနေနဲ့ထား..စိတ်ကူးထဲမှာ လူတိုင်းတိုက်ဆောက်လို့ရတယ်၊ မင်းမြတ်စည်ကို ဘာထင်နေလို့ သူတင်ထားတဲ့စင်ပေါ်ကနေ ပြန်ဟောင်ဖို့စိတ်ကူးနေတာလဲ..သူများကို ဖျံကျဖို့စိတ်ကူးရင် ငါတို့ကိုသွေးမတော်သားမစပ်ဘဲနဲ့ ကုမ္ဗဏီတစ်ခုလုံး ဦးစီးခိုင်းထားတာ ဘယ်လိုသတ္တိနဲ့လဲပြန်တွေးကြည့်လိုက်.."

"ပြန်တွေးစေချင်ပေမယ့် အချိန်မရတော့ဘူး.."

"ဟင်.."

ဦးမျိုးဝေ ဟင်ခနဲဖြစ်ကာ ကိုယ်ကြီးပါကြွသွားခဲ့သည်။ ဒေါ်ထားအိမျက်လုံးတွေ အရပ်ဆယ်မျက်နှာစုံအောင် ပြေးလွှားထောင့်ကပ်ရင်း မျက်နှာတစ်ခုကို ဝှက်စရာမရှိ။ မင်းမြတ်စည်က စီးကရက်လက်ကြားညှပ်ရင်း ဆိုဖာဆီလျှောက်လာသည်။ ပြီးတော့ ဒေါ်ထားအိရှေ့တည့်တည့်မှာ ထိုင်လိုက်ပြီး.. ।

"ခင်ဗျားဘယ်လောက်ထိ ချမ်းသာချင်သလဲ.."

"ဟင်..အို မဟုတ်ပါဘူး၊ ဒီလူကိုက အနေအေးလွန်းတာ..သူ့ကိုပဲပြောနေရတာ၊ အဟွန်း.. မင်းရဲ့ကုမ္ဗဏီဆိုပေမယ့် ဦးမျိုးဝေအမည်ခံမို့လားတိုးတက်တာ ဆုတ်ယုတ်တာက ဦးမျိုးဝေပုံရိပ်နဲ့ပဲထင်မှာလေ.. အဲ့ဒါကြောင့် သူ့ကိုဒို့ထက်ပိုကြိုးစားစေချင်တာ၊ ဟွန်း ဟွန်း ဟွန်း.."

မင်းမြတ်စည်က အပြုံးမပါဘဲ မဲ့သည်။ ထိုနှုတ်ခမ်းတွေကြောင့် ဦးမျိုးဝေရင်မောနေမိလေသည်။ မင်းမြတ်စည်က မြေပေါ်မြေအောက်ချမ်းသာသည့်သူဌေးဖြစ်ကာ အလင်းထဲကဌေးဖြစ်ဖြစ် အမှောင်ထဲကရတနာဖြစ်ဖြစ် သူမပေးဘဲ တစ်ပြားတစ်ချပ်မှယူလို့မရ။ သူလိုချင်လျှင်လည်း ရအောင်ယူနိုင်သည်။ ကျောက်တွင်းလုပ်ငန်းဆိုတာလည်း သူနိုင်နင်းတော့ အားလုံးသူ့လက်ထိုးအပ်ကြသည်။ သူဌေးအများစု၏ ခေါင်းကြီးပိုင်းမှာ မင်းမြတ်စည်ကနံပါတ်တစ် သူပဲနံပါတ်နှစ်။ သူ့လက်နှစ်ဖက်တည်းသည် တခြားလက်များစွာထဲက အရာရာကို ဇယ်တောက်ကစားပစ်နိုင်၏။ ထိုသူသည် မတရားမှုကိုမပြု။ သို့သော် စာနာခြင်းအလျင်းကင်း၏။ မေတ္တာဌေးကပ်သော မျက်ဝန်းတို့သည် ဒေါသခိုးတို့ဖြင့် အမြဲတမ်းတလွန်လွန်လောင်မြိုက်လျက်.. ।

"အဟမ်း...ဒီ ဒီလိုပါသူဌေး.."

ဦးမျိုးဝေက ခုချိန်ထိသူဌေးပဲခေါ်ကာ.. ।

"ကျွန်တော်တို့က သူဌေးပြစ်တင်ခံရမှာစိုးတာပါ..ဟိုလေ ဆိုးတာကောင်းတာ အကုန်လုံးကို သူဌေးဘာသာသိတာထက် ကျွန်တော်တို့ကအမြဲတမ်းရှိပို့တ်တင်နေမှ ရေရှည်ဆက်သွားဖို့.."

ဖုန်းမြည်သံကြောင့် ဦးမျိုးဝေဆက်မပြောနိုင်ဘဲဖြစ်သွားသည်။ မင်းမြတ်စည်က ဖုန်းထုတ်ကိုင်လိုက်ပြီး.၊

"ပြော.."

"....."

"ခုသေသွားပြီလား...မင်းကြောင့်လား.."

"....."

"လွတ်သွားတာဘယ်သူလဲ.."

"....."

"သေလောက်တဲ့ဒဏ်ရာနဲ့လား.."

လင်မယားနှစ်ယောက်စလုံး မျက်လုံးချင်းဆုံ၏။ မင်းမြတ်စည်မျက်ဝန်းကို တည့်တည့်မကြည့်ရဲအောင် လန့်ဖျန့်ကုန်ကြကာ ဆိုဖာကနေထထွက်ကျားတော့မှ ဦးမျိုးဝေတံတွေးမျိုချရင်း စားပွဲပေါ်ကရေဖန်ချိုင့်ကို ကမန်းကတန်းလှမ်းကိုင်သည်။ ပြီးတော့ ရေတစ်ခွက်ငဲ့အပြီး သောက်မလို့ ယူလိုက်ကာ.. ।

"သတ်ပစ်လိုက်.."

"ခွမ်း.."

လက်တစ်ချက်တုန်သွားကာ ဖန်ခွက်ကခွမ်းခနဲကျကွဲ၏။ မင်းမြတ်စည်ကြည့်ကြည့်တော့ လက်ပဲကာပြမိကာ တောင်းပန်ဖို့တောင် အသံမထွက်ပဲ ဒီလိုလူကိုများ ဒီမိန်းမ.. ।

"ဒီကုမ္ဗဏီကို ကျွန်မတို့လက်ထဲကနေ သူဆွဲမယူရဲဘူးကိုမျိုး..လိပ်ရဲ့ဘေးဆွေ ဘယ်လောက်ထက်ထက် ပက်လက်လန်သွားရင်သွားပြီ၊ မင်းမြတ်ကျော်ဘယ်လောက်ချမ်းသာပါစေ ကျွန်မတို့မရှိလို့မဖြစ်ပါဘူး..သူ့အတွက်ဦးမျိုးဆရယ် အမ်အမ်အက်စ်ရယ်မရှိဘူးဆိုရင် ဘာဖြစ်သွားမလဲ၊ လိပ်ကို

ပက်လက်လှန်ထားသလိုပဲလေ.."တဲ့..

ထင်တစ်လုံးနဲ့တစ်ယောက်တည်း လေတွေကိုပန်းလိုသီနေသည်။ သူမှာမိုးလင်းတိုင်း ကိုယ့်လည်ပင်းကို ပြန်စမ်းကြည့်နေရတာ လူမသိ။ မျက်နှာသစ်စရာ ခေါင်းရှိသေးရဲ့လား.. ।

"ပြောစရာမရှိဘူးလား.."

"ဟင်.."

မင်းမြတ်စည် သူတို့ရှေ့ပြန်ရောက်လာတော့ အတွေးလက်စတွေနှင့် လန့်လန့်ဖျန့်ဖျန့်.. ।

"ဒါဆို ကျုပ်ပြောတာနားထောင်..အနောက်ဖက်ဂိတ်က ဂိုဒေါင်အဖောက်ခံရတာနဲ့ပတ်သက်ပြီး.."

"အဲ့ဒါကိုပဲ ပြောချင်တာပါ..တို့ဘက်မှာကိုင်တွယ်ရတာတွေက.."

"ကိုင်တွယ်နိုင်ဖို့အတွက် ခင်ဗျားတို့နဲ့ကျုပ် ဆွေးနွေးပြီးသား..ဒါတို့ တဖွဲ့တနွဲ့တွေ လာပြောမနေနဲ့.."

ကြားဖြတ်ပြောပြီး စူးစူးရဲရဲကြည့်သည်။ စကားပြောတိုင်း လူကိုမလေးမျက်လွှာပင့်ကြည့်တတ်သော ဒေါထားအိမျက်လုံးတွေကို သူမကြိုက်သို့သော် ရန်သူကိုအနိုးမှာထားရသည်ဆိုသည့်သစ်နန်းစာအရ ဒါကိုပလုပ်ထားလိုက်လို့ရသည်။ မပြောဘဲနေလို့မရတော့တာက ဒီလင်မယားခြေလှမ်းကျဲလာသည့်ကိစ္စ။ သူ့ရှေ့ကို ထိပ်တိုက်ဆွေးနွေးဖို့ ကြိုးစားနေကြတာ သူသိသည်။ ကုမ္ပဏီမှာ'လုပ်ပိုင်ခွင့်'နဲ့ပတ်သက်ပြီး နေရာချထားရေးတွေ ပြန်လည်စီမံပေးဖို့ တိုက်တွန်းချင်နေသည်။ သူတို့အပေါ် နောက်ကွယ်ကနေ ချုပ်ကိုင်နေသည့်ဖြစ်ရပ်အတွက် ဒေါထားအိက အမြဲတမ်းထွက်ပေါ်ကျန်ရှာနေခဲ့၏။ ထို့ကြောင့် ချောင်ပိတ်ရိုက်ခံရသည့်သတ္တဝါလို ပြဿနာတစ်ရပ်ကိုဖန်တီးပြီး သူ့အပေါ်ဘယ်လိုနိုင်ကွက်ရှာမလဲဆိုတာ အပိုင်တွက်ထားခဲ့သည်။ ဒါကြောင့် ကုမ္ပဏီပိုင်ရှင်စတိုင်လ်နှင့် စကားလုံးတွေသက်သေတွေ စုဆောင်းပြီး အကျအနရောက်လာခဲ့တာဖြစ်သည်။ သို့သော်.. ।

"ခင်ဗျားတို့ကို မသက်ာလို့ ခိုင်းနေတာမဟုတ်ဘူး...နောက်ထပ် ကျိုးပေါက်မှုမဖြစ်အောင် ဒါကိုသစ်နန်းစာပေးရမယ်၊ အားလုံးသတိရှိသွားရမယ်..လိုချင်တာအဲ့ဒါ.."

"ဒါပေမဲ့.."

"ကျုပ်ပြောတဲ့စကားကို ကော်မာမခံနဲ့ဒေါ်ထားအိ..ပြဿနာဖြစ်လာရင် တာဝန်အရှိဆုံးက တာဝန်ခံပဲ.."

"တို့တာဝန်ယူရတာလည်း အမည်ခံပဲဆိုတာ အားလုံးသိနေတယ်ကိုးဗျ..တစ်ခုခုကြေညာလိုက်ရင် သူ့ဌေးပြောတာလားဆိုတာ အမြဲကြားရတယ်.."

"ဝန်ထမ်းက အထက်လူကြီးရှာနေတာဆိုရင် ရှိတဲ့လူကအထက်လူကြီးနဲ့မတူလို့ပဲ.."

ဒေါ်ထားအိမျက်နှာပျက်၏။ တစ်ခုခုအထွန့်တက်ဖို့ ပြင်လိုက်တိုင်း ကိုယ်ပါးစပ်ဟလိုက်တာနဲ့ သူ့စကားက အရင်.. ।

"ခင်ဗျားတို့ကို ကျုပ်အလုပ်ကိုပဲလွှဲထားတာမဟုတ်ဘူး...ဦးလေးသားရင်းလို နေရာပေးထားတာ၊ ကျုပ်လုပ်နေတဲ့အလုပ်ကိုလည်း ရှင်းနေရသေးတယ်..ခင်ဗျားတို့ဘက်က ခြင်ကိုက်တာဖြုတ်ကိုက်တာတွေပါ လိုက်ရှင်းမနေနိုင်ဘူး၊ အဲ့ဒီတော့ရှင်းရမယ့်ကိစ္စကို အကြွေးမထားပါနဲ့.."

အပြောကတော့ ကောင်းပါဘိ..။ သူ့အလုပ်တွေကို လွှဲပေးထားတာ အလကားပေးလိုက်တာလား..။ ဒါတွေကို အစက်အပေါက်အပြောက် အကြားမရှိအောင် ထိန်းသိမ်းနေရတာ ဘာတွေပြန်ရလို့လဲ..။ အချိန်တန်ရင် ဆရင်းလေးပြေးပြ။ စာရင်းစစ်ဝင်ခါနီးရင် ချွေးပြန်။ ပြောစရာရှိပြီဆို ခေါ်ပြောခေါ်ဆူ။ ကွမ်းယာရောင်းနေရတဲ့ဘဝကနေ ကုမ္ပဏီပိုင်ရှင်ဖြစ်လာတော့ ဒီကုလားထိုင်ပေါ်ဆွဲတင်ပေးလိုက်တာနဲ့ ကျေးဇူးရှင်ဖြစ်သွားတာပေါ့..။ ဒေါ်ထားအိမျက်နှာက တင်းနေသည်။ ပြောဖို့ပြင်လာတိုင်း မပြောရဲအောင်ပြန်သွားရတဲ့အဖြစ်တွေအတွက် ဒီတစ်ခါလည်း ထိုနည်းနှင်နှင်ပဲမို့ တန့်ရပ်ဖြစ်နေ၏။

ကိုယ်တွေဘဝကရော ဆင်းရဲနှမ်ချာခဲ့လို့လား..။ ဖားကန့်မှာ လင်မယားနှစ်ယောက် ကွမ်းယာရောင်းစားခဲ့တာအေးဆေး။ ဒါ့အပြင် ကျောက်ကူးသမားတွေရဲ့ ကိုးကွယ်ရာတောင်ဖြစ်လိုက်သေးသည်။ နေရာတကာစပ်စုတတ်သည့်သူမက ကျောက်ဖြတ်ကျွမ်းကျင်အဆင့်နဲ့ ဆိုင်ထိုင်ခဲ့သည်။ ကွမ်းယာလည်းရောင်း ကျောက်တူးသမား တချို့ပြေးလာရောင်းကြသည့်အကြွေ

စလေးတွေပြန်ကောက်။ ထိုပတ်ဝန်းကျင်မှာဆရာကြီးပါ။ သို့သော် ဂ်ဆိုး
ချင်တော့ ရုမလားလို့ခွေကျော်ဖို့ကြိုးစားမိကာမှ ပြဿနာတွေထတက်ကာ
ထင်ယောင်နှစ်ယောက် ကယောင်ကတန်းနှင့် လူနှစ်ယောက်သတ်မိခဲ့၏။
ထိုလူနှစ်ယောက်ရဲ့အတွင်းပိုင်းက မင်းမြတ်စည်ဖြစ်နေခြင်းနှင့်ဆက်နွယ်ပြီး
ပတ်သက်မိခဲ့ကြသည်။

ဒေါထားအိ ဘာတွေတွေးနေတာကိုသိနေသဖြင့် ဦးမျိုးဝေလည်းမ
သက်သောဖြစ်နေမိလေသည်။ ဒီမိန်းမ ဟိုအရင်လူသတ်မှုကိစ္စကို မင်းမြတ်
စည်ကာကွယ်ပေးခဲ့တုန်းကတော့ မင်းမြတ်စည်မှမင်းမြတ်စည်။ မင်းမြတ်
စည်ရောက်နေသည်ကြားတာနှင့် တွေ့ဖို့ကြိုးစားသည်။ စားစရာတွေ
ယူသွားပေး ဆေးဝါးတွေပေးဖို့အကြောင်းပြပြီး သူများလိုအပ်အပ်မအပ်အပ်
အတင်းဝင်ရောသည်။ မင်းမြတ်စည်ဘယ်လိုမျက်နှာထားနဲ့နေနေ ခေါ်ခေါ်
မခေါ်ခေါ် သွားလေရာလိုက်ပြီး အခွင့်အရေးထပ်ရဖို့ ကြိုးစား၏။

"ကိုယ့်သားလောက်ပဲရှိတာလေးက ကျိကျိတက်ချမ်းသာတယ်ကိုမျှော
ရေ..ဒါလေးကိုရှက်မနေနိုင်ပါဘူး၊ မိဘမရှိ မွေးချင်းမရှိတဲ့သူဌေးလေးကို
ကိုယ့်ကိုယုံကြည်လာအောင်လုပ်နိုင်ရင် အားလုံးပြီးပြီ..'

လို့ပြောပြီး မမောနိုင်မပမ်းနိုင်။ သူမကြိုးစားတာ အရာတော့ထင်ခဲ့
ပါသည်။ ကွမ်းယာဆိုင်လေးကနေ အလုပ်သမားတွေအများကြီးနှင့် ထမင်း
ဆိုင်ကြီးဖြစ်လာခဲ့သည်။ မင်းမြတ်စည်နောက်ခံရလိုက်တာနှင့် လူကနေ့ချင်
ညချင်း ကြီးပွားခဲ့သည်။ ဒီနေ့ ဒီလိုအခြေအနေဖြစ်နေတဲ့အထိ။ ဒါနဲ့တောင်
မကျေနပ်နိုင်ပါလား.. ।

"ကျွန်မတို့ သစ္စာရှိရှိလုပ်ကိုင်ပေးလာတာ ကိုးနှစ်ဆယ်နှစ်ရှိနေပြီ..
အလုပ်သမားတွေ မလေးမစားမယုံမကြည် မျက်လွှာပင့်ကြည့်ခံရတဲ့အခြေ
နေမျိုး မရှိသင့်တော့ဘူး..အနည်းဆုံး သူပိုင်တဲ့လုပ်ငန်းတစ်ခုခုတော့ မရသင့်
ဘူးလား၊ လူရင်းလူခံတန်ဖိုးကြီးတာ ဘာလို့လဲ..နောက်ကျောဓားနဲ့ထိုး
နိုင်တာ အဲ့ဒီလူတွေလေ.. ဒါကိုသင်းကမေ့နေတဲ့ပုံပဲ.."တဲ့.. ।

ဒီမိန်းမ မင်းမြတ်စည်ကိုသွေးတိုးစမ်းချင်နေတာပါ။ အစတည်းက
ခုချိန်ထိတောင် ခိုင်းသာခိုင်းနေခဲ့သည်။ တစ်ချက်မှမျက်နှာသာမပေးခဲ့တဲ့
လူစား.. ।

"နောက်တစ်ခုပြောစရာရှိတယ်.."

စိတ်ကူးတွေအဆုံးမသတ်မီ မင်းမြတ်စည်ကပြန်စ၍.. ।

"ခင်ဗျားတို့ ဒီမှာလာနေပေးနိုင်မလား.."

ဟင်.. ဖြစ်ရပြန်ပြီအထိတ်တလန့်..

ဒေါထားအိကတော့ မျက်နှာကြီးဝင်းထိန်သွား၏။ တိုက်ကြီးကိုမော့
ကြည့်လိုက်တော့ မျက်လုံးတွေပါ ဝင်းဝင်းလက်လက်ဖြစ်၏။ တစ်တိုက်လုံး
မြင်ခြင်သမျှ နံရံတိုင်းလိုလိုကမှန်တွေ လှလိုက်သည့်ဖြစ်ခြင်း..။ ထိုစဉ် မင်း
မြတ်စည်က နေရာမှထသွားပြန်ကာ.. ।

"အေး...ပြော.."

"....."

"ဟုတ်တယ်..ဒီနေ့ဆေးကားလာမယ်၊ ဒေါက်တာဦးဒီပါနဲ့ သူ့တပည့်
ကို သေချာစစ်ယူခိုင်း...ဆေးရုံမှာလိုအပ်တာကို ပြန်မှာလိုက်၊ သူတို့စောင့်ယူ
ထိန်းမယ်.."

မင်းမြတ်စည်သည် ကိုယ့်အလုပ်သမားတွေအတွက် ကျန်းမာရေးက
အစ တာဝန်ယူနိုင်တဲ့သူဖြစ်ကာ တစ်ခါတလေရက်စက်တတ်ခြင်းတွေက
သူ့ရဲ့တာဝန်ယူတတ်မှုတွေကို မေးခွန်းထုတ်စရာဖြစ်ခဲ့ရသည်။ ဒေါထားအိ
ရင်ထဲက ကျေနပ်ခြင်းတို့သည် မင်းမြတ်စည်သည် အလွန်မတန်လေးစား
ရမ်းခင်ဖွယ်ဖြစ်နေပြန်ကာ.. ।

"ပြောပြီးပြီလားဟင်..ခုနမေးတာလေးလေ ဖြေချင်လို့စောင့်နေတာ၊
အဟွန်း.."

နေရာမှ ထလိုက်သွားတဲ့အထိ အိန္ဒြေမဆောင်နိုင်ခဲ့ဘဲ.. ।

"ဒီအိမ်မှာ တို့လင်မယားလာနေရမှာဆိုတော့..မင်းကရော.."

"ကျုပ်ဇနီးလောင်းကို စောင့်ရှောက်ပေးဖို့ပါ.."

ဖုန်းကို အိတ်ထဲပြန်ထည့်၍ မျက်နှာချင်းဆိုင်လှည့်ရပ်လိုက်ကာ..।

"ကုမ္ဗဏီက နားနေဆောင်ကို ဒီတိုင်းပြန်ထားခဲ့ပါ..ပြီးတော့ နောက်
ထပ်မိန်းကလေးနှစ်ယောက် ထပ်လိုချင်တယ်၊ အသက်သိပ်မငယ်စေနဲ့..
ပျိုးလာပို့ရင် ဒေါထားအိသေချာကြည့်ပေးဖို့ပြောတာ.."

"ဒီမှာ တစ်ပတ်နှစ်ကြိမ်သန့်ရှင်းရေးလာလုပ်ကြတဲ့.."

"သူတို့ကသပ်သပ်..အခု ကျုပ်ဇနီးလောင်းကို ဂရုစိုက်ပေးဖို့ သီးသန့်လိုချင်တာ၊ ဒေါ်ထားအိက မိန်းကလေးတွေနဲ့ အိမ်မှုကိစ္စကို စီမံခန့်ခွဲရုံပဲ.."

ဒါကျတော့ မာနကခေါင်းထောင်လာသည်။ ကုမ္ဗဏီတစ်ခုလုံးကို ဦးဆောင်ချင်လို့ ဘယ်လိုရယူရမလဲ ကြံစည်နေတဲ့သူကို အိမ်တော်ထိန်း လုပ်ခိုင်းနေတာလား.. ।

"ဒါဆို ငါတို့တွေက.."

"ဦးမျိုးဝေနဲ့ဆိုဖြစ်ပါတယ်..အလုပ်ကိစ္စမှာ မိန်းမတွေဝင်စွက်ဖက်တာလည်း ကျွန်တော်မကြိုက်ဘူး.."

ဦးမျိုးဝေစိတ်ကို သူသိသည်။ တစ်ချက်ခုတ် နှစ်ချက်ပြတ်။ ဦးမျိုးဝေသေားမှာ ဒေါ်ထားအိရှိနေခြင်းက ရေရှည်မှာအပြောင်းအလဲတွေရှိလာနိုင်တာမို့ ဤကဲ့သို့.. ।

"တစ်ခုထပ်ပြောမယ်ဒေါ်ထားအို..ကျုပ်နဲ့ပတ်သက်နေရင် မမေးဘဲမဖြေနဲ့၊ မပေးတာကို မတောင်းပါနဲ့.. ကျုပ်ကအားမနာတတ်ဘူး.."

ပွဲကပြီးသွားသည်။ ဒီကိုသူမဖိတ်ဘဲ အရဲစွန့်လာခဲ့ကြတာ ဘာလဲဆိုတာကိုမမေး။ သူဖိတ်ခေါ်တာကို လက်ခံမခံအဖြေကိုမစောင့်။ ပြောချင်တာပြောပြီး ထထွက်သွားသည်။ ဒေါ်ထားအို့ရှုံ့မဲ့မဲ့မျက်မှောင်ကုတ်နေလျက်..।

"ဇနီးလောင်းတဲ့..ဘယ်မိမရှိဖမရှိက မယူရသေးဘဲ အိမ်ပေါ်လာနေတာလဲ၊ မကြားဖူးဘူး.."

"မိန်းဖနဲ့လည်း သူလိုချင်မှယူမှာပေါ့ကွ..ဒီမှာထား မင်းရဲ့ဘေးပတ်ဝန်းကျင်ကိုကြည့်လိုက်.."

ကြည့်ဆိုတော့လည်း ထပ်ကြည့်မိသည်။ သို့သော် မကျေနပ်စိတ်နှင့် မျက်စောင်းရွယ်ရင်း.. ।

"ဘာလဲ..မှန်တွေလေ၊ ကိုယ့်ပုံကိုပြန်မြင်နေရတာ ဘာဖြစ်လို့လဲ.."

ဦးမျိုးဝေက ဆတ်ခနဲခေါင်းညိတ်လိုက်ပြီး အသံကိုနှိမ့်၍.. ।

"ဒီအိမ်ထဲမှာ သူတစ်ယောက်ပဲဖိနပ်စီးထားတာတွေ့လား.."

ဒါဘာဆန်းလို့လဲ.. မင်းမြတ်စည်နေရာတကာ စီးကြောတတ်တာအားလုံးအသိ။ ဒေါ်ထားအိမျက်လုံးတွေက မင်းမြတ်စည်ရဲ့ခြေထောက်ကမှောင်လက်နေသည့် ရှူးဖိနပ်ဆီလိုက်ကြည့်ရင်း.. ।

"အဲ့ဒီတော့ဘာဖြစ်လဲ.."

"မသိဘူး..ဖြစ်တော့ဖြစ်တယ်၊ အဲ့ဒါသေချာတယ်..မင်းမြတ်စည်ဘစ်ခုခုထူးခြားတာလုပ်ပြီဆိုရင် အဲ့ဒါအကြောင်းမဲ့တော့မဟုတ်ဘူး.."

'ရှင်ကိုက နေရာတကာအထင်တကြီးလိုက်ကြည့်နေတာ'လို့ ပြောမရနိုင်မိသည်။ သို့သော် ဧည့်သည် အိမ်သားဖိနပ်မစီးရအမိန့်နှင့် အတွင်း Decorationအားလုံးကို မှန်ကာထားရခြင်းအကြောင်းကို ဒေါ်ထားအိ ရှင်းပြနေမိဆဲ.. ।

♥♥♥♥♥

အခန်း(၅)

"အလုပ်ထဲမှာထိခိုက်မှုဖြစ်လို့သူဌေး.."

သူကားပေါ်တက်ဖို့ပြင်နေကာမှ သတင်းဆိုးက နားထဲရောက်လာ
သည်။

"ဘယ်နှစ်ယောက်လဲ.."

"ဒီကနှစ်ယောက်တည်းသူဌေး..ဒါပေမဲ့ အခြေအနေဆိုးတယ်၊ ပြီး
ခဲ့တဲ့တစ်နာရီလောက်ကလည်း မြေစာချတဲ့ကားကမ်းပါးပြိုလို့ လူနှစ်
ယောက်ထိထားသေးတယ်.."

"အမြန်ဆုံးဆေးရုံပို့ဖို့လုပ်..ဝဏ္ဏကို ငါ့ဆီလွှတ်လိုက်.."

လေဆိပ်သွားဖို့ ကားနားရောက်နေကာမှ နောက်ပြန်လှည့်ခဲ့ရကာ
စိတ်က သုမနောဆီတစ်ချက်ရောက်၏။ သုမကို နေရာစိမ်းမှာလူစိမ်းတွေနဲ့
ထားခဲ့ရတာ အဆင်ပြေပါ့မလား..။ တစ်ခါမှ မခံစားဘူးခဲ့သော နောက်ဆုံ
တင်းခြင်းက လူကိုဒုက္ခပေးလေသည်။

"သူဌေး..ဒေါက်တာဦးဒီပါမရှိဘူး.."

"ဘာ.."

"ကျွန်တော်ရှိပါတယ်.."

ဦးဒီပါ့တပည့် အကူဒေါက်တာဟိန်းကိုက လူနာနဲ့အလုပ်သမားတွေ
ကြားထဲက ပျာယီပျာယာထွက်လာပြီး လူလုံးပြသည်။

"ဒီမှာ..ဒါ ကျွန်တော်တို့လူတွေမဟုတ်ဘူး၊ ဟိုခုတင်ပေါ်ကလူက
ဦးကျော်ကြီးတို့ဘက်က..ဟိုဘက်က နှစ်ယောက်ရောပဲ.."

"အပေါ်ထပ်မှာလည်း တို့လူမဟုတ်တာတွေရှိသေးတယ်.."

ဆေးခန်းရောက်တာနဲ့ တိုင်သံတွေပလူပျံနေတော့သည်။ ဝဏ္ဏကို
ကြည့်ပြီးထားခဲ့ဖို့ သူစီစဉ်တာပါ။ ဒီမှာ ဒီလိုတွေရှိနေကြောင်း ဝဏ္ဏကအရင်
အကြောင်းကြားခဲ့တာဖြစ်သည်။ ဒါကြောင့် ကိုယ်တိုင်လာကြည့်ခဲ့တာ ကြားခဲ့ရတဲ့
အတိုင်း..။

"ငါတို့လူနာတင်ဖို့ ခုတင်မရှိတော့ဘူးလား.."

"မရှိတော့ဘူးသူဌေး.."

"ဒီလိုပါကိုစည်ရယ်.."

ဒေါက်တာဟိန်းကိုက ထွက်လာကာ.. ।

"တချို့လူနာတွေက ၄က်ဖျားမိတာတွေပါ.."

"၄က်ဖျားမိမိ ၄က်ရင်းမိမိ သူတို့သူဌေးတွေ တာဝန်ယူပေ့စေ..ဒီဆေး
ရုံကိုထောင်ထားတာ ငါ့လူနာတွေအတွက် ငါရင်းနှီးခဲ့တာ.."

"ဟုတ်ပါတယ်..ဒါပေမဲ့ အသက်တစ်ချောင်းဆိုတာ.."

"အသက်တစ်ချောင်းချင်းယှဉ်လာရင် ကိုယ်လိုချင်တဲ့အသက် ကိုယ်
ရှာမယ့်ငါကွ..ဒီနေရာမှာ မင့်မိသားစုဆိုရင်ရော မင်းလူကိုကျောခိုင်းပြီး
ကြားလူကိုဆေးကုပေးမှာလား.."

ဟိန်းကိုမျက်နှာပျက်သွားသည်။

"ဟိတ်..ငါတို့ခုတင်ဘယ်နှစ်လုံးလိုသလဲ.."

"အရေးပေါ်ထဲကကောင်တွေအတွက်ရော လေးလုံးလိုတယ်သူဌေး.."

"လေးလုံးလွတ်သွားအောင် ဆွဲချပစ်.."

"ခဏ..ခဏလေးပါ.."

ဟိန်းကိုက ကြမ်းပေါ်မှာချမည့်လူနာတွေ အဆင်ပြေအောင် ပြေးလွှား
ရှင်းပေးသည်။ အလုပ်သမားချင်းပဲ လူနာရှင်လုပ်ကြတာမို့ လူနာနဲ့

အလုပ်သမားတွေ ရှုပ်ယှက်ခတ်သွားကြသည်။ မင်းမြတ်စည်ဒေါသထွက်နေ၏။

"တောက်.."

ဒေါက်တာဦးဒီပါဆီဖုန်းခေါ်တော့ မကိုင်။ ဒေါက်တာဟိန်းကိုကရော်ရှားသားသလောက် ဦးဒီပါက ခြေလှမ်းကျဲနေသည်။ ဘာတွေခြေလှမ်းကျဲနေလဲဆိုတာလည်း သူသိသည်။ ဒါပေမဲ့ ကိုယ့်အတွက်မထိခိုက်သေးဘူးဆိုရင် မသိချင်ယောင်ဆောင်နေပေးလို့ရသည်။ ကိုယ်နဲ့ငြိမှာကိုသိလျက်နဲ့ လုပ်တာဆိုရင်တော့ ဒါကစော်ကားခြင်းသာဖြစ်သည်။

လမ်းကြမ်းသည့်နေရာမှာ ကားကိုရပ်ပြီး ဆင်းလိုက်သည်။ လူထက်ဒေါသကရှေ့ကပြေးနေသဖြင့် လှည့်လည်းမကြည့်တော့ဘဲ.. ।

"သူဌေး...ကျွန်တော်လိုက်ခဲ့မယ်.."

"မလိုဘူး...ကားကိုလမ်းပြန်ယူထား.."

ကားသော့ပစ်ပေးခဲ့ပြီး တောလမ်းလေးအတိုင်း ဝင်လာခဲ့သည်။ 'ရေချမ်းစင်နောက်ကတောစပ်မှာ'လို့ သိလိုက်တည်းက ဦးဒီပါဘယ်ရောက်နေပြီကို သူသိသောကြောင့်.. ।

"ကိုကိုနော်..ကရင်ကြီးတို့တွင်းကြောနဲ့ အဆင်ပြေအောင် ဒီကစပ်ကတင်းလုပ်ပေးထားတာ၊ လူကိုတော့မေ့ဖို့ စိတ်မကူးနဲ့.."

စကားသံတွေအတိုင်းသား ထွက်ပေါ်လာသည်။ သူတစ်လှမ်းချင်းတိုးလာလေ ပီပြင်လာလေ။ တံစက်မြိတ်ရှေ့မှာ ရပ်မိတော့အတိုင်းသား..

"မှန်မှန်ပြောစမ်းပါ..ကျင်ကြီးဆီက ဘယ်လောက်ရထားလဲ၊ သူ့လူနာတွေအကုန် ကိုကိုကုပေးနေတာ၊ မရသေးဘဲနဲ့တော့ မဖြစ်နိုင်ဘူး.."

"မရသေးပါဘူးဆို ကြည်ကလည်းကွာ..မိုင်းထိတာတွေ တွင်းပိတာတွေ ဆက်တိုက်ဖြစ်နေလို့၊ သူဌေးဆင်းလာမှာ တွေးပူနေရတဲ့အထဲ.."

"မင်းမြတ်စည်ကိုပဲ ကြောက်မနေနဲ့လေ..ကိုကိုရှာတဲ့ပိုက်ဆံကို ဒီမှာတော့ ကြည်ပဲရမှဖြစ်မှာနော်၊ မဟုတ်လို့ကတော့ မင်းမြတ်စည်ထက်ဆိုးမှာသတိထား.."

"ဒုန်း.."

"ဟာ.."

"အပြင်က ဘယ်သူလဲ.."

အကျီဝတ်ပြီး ကြယ်သီးတပ်လက်စနှင့် ဦးဒီပါခေါင်းပြူကြည့်သည်။ ကိုပြေးထွက်ကြည့်သည့် ကြည်လွင်လည်း ဟင်ခနဲဖြစ်သွားခဲ့ပြီး..।

"ဦးဒီပါကိုခေါ်လိုက်.."

"ကို..အဲ ဒေါက်တာက ဒီမှာဘယ်လိုလုပ်.."

"ဝုန်း.."

"အမလေး.."

အိမ်ရှေ့မှာ ကာထားသည့်အရံအတားတွေအကုန်လုံး မင်းမြတ်စည်ကန်ချက်ဖြင့် ဝုန်းခနဲပြိုလဲကုန်၏။ မကြည်လွင်သည်လည်း သူ့မောင်ယောကျ်ားတွေအားလုံး မင်းမြတ်စည်ရဲ့ကျောက်တွင်းကအလုပ်သမားဖြစ်သောကြောင့် နောက်ဆုတ်ပြေးသွားလျက်.. ।

"ကိုကိုရေ..လာပါဦး.."

ဒေါက်တာဦးဒီပါပြေးထွက်လာကာ ခုမှတွေ့သည့်ပုံစံနှင့်.. ।

"ဘာလဲ..ဘာဖြစ်တာလဲ.."

"သ..သူဌေး ဒီမှာ.."

အိမ်အပြင်ဘက်မှာ မားမားကြီးရပ်နေသည့် မင်းမြတ်စည်ကိုသူတွေ့ပြီ။ သို့သော် အပြင်ထွက်လိုက်မှ မြင်သည့်ပုံစံနှင့်.. ।

"ကိုစည်.."

"ခင်ဗျားကို ခြွေရံသင်းပင်းနဲ့ နေစရာနေရာ..စီးစရာကားနဲ့ပေးထားတာ ဒီအချိန် ဒီတဲထဲရောက်နေဖို့လား.."

"ဒါ.."

ရုတ်တရက် သူစကားထစ်သွားသည်။ ပြီးမှ.. ।

"ဒီလိုနေရာတွေမှာ လူနာကအမြဲတမ်း ရှိနေတာပဲကွာ..ငါလည်းငါ့အ..."

"ခင်ဗျားအချိန်တွေအတွက် ကျုပ်အဆမတန်ပေးဝယ်ထားတာ..ဘာကြောင့်မို့လို့လဲ.."

"မင်းငါ့ကို အဲ့လိုပုံစံလာမလုပ်နဲ့..ငါကဆရာဝန်.."

"အဲ့ဒီတော့ ဘယ်လိုပုံစံလုပ်စေချင်တာလဲ.."

မင်းမြတ်စည်ရှေ့တိုးလာလျှင် ဦးဒီပါနောက်တွန့်သွားသည်။ သို့သော် မင်းမြတ်စည်က သူ့အကျီရင်ဘက်ကို ဆတ်ခနဲဆွဲယူလိုက်ကာ မျက်နှာချင်းနီအောင်ယူလိုက်ပြီး.. ।

"တခြားကိစ္စ ခင်ဗျားနဲ့နောက်မှရှင်းမယ်..အခု အရေးပေါ်လူနာတွေ စောင့်နေတယ်၊ ရှေ့ကသွား.."

ဆောင့်တွန်းလိုက်တော့ ဦးဒီပါစိုက်ခနဲငိုက်ကျသွားသည်။ ထိုစဉ် တောထဲက လူရိပ်တွေအလျှိုအလျှို ထွက်လာကြသည်။ ထိုသူတို့သည် ဦးကျင်ကြီးရဲ့လူမိုက်တွေပဲဖြစ်ကာ.. ।

"ဒေါက်တာကိုလာပင့်တာ.."

"ဒေါက်တာကို သူ့ဌေးခေါ်ခိုင်းလိုက်တယ်.."

"ကျုပ်.."

နှစ်ဖက်လာဆုံနေသဖြင့် ဦးဒီပါမျက်စိမျက်နှာပျက်နေတော့သည်။ သူဘာလုပ်ထားတယ်ဆိုတာ မင်းမြတ်စည်သိသွားပြီမို့ ထိတ်လန့်နေသည် စိတ်က ချွေးတွေချက်ချင်းစိုလာသည်။ ဟိုဘက်ကြည့်ဒီဘက်ကြည့်နှင့် လက်သီးဆုပ်တို့ကတုန်ကယင်ဖြစ်သွားပြီးမှ.. ।

"ကျုပ်မှာလည်းလူနာတွေအရေးကြီးနေလို့ ဆေးခန်းပြေးရဦးမယ်ပြီးမှပဲ.."

"ဟာ..ဘယ်ရမလဲ၊ ဟိုမှာအရေးပေါ်ဖြစ်နေလို့.."

"ဟုတ်တယ်..လူနာက ရှေ့လို့တောင်မရတော့ဘူး၊ ဟိတ်ကောင်တော ခေါ်လာခဲ့.."

ဆရာဝန်ကို ဆွဲချုပ်ခေါ်တော့မလိုဖြစ်လာလျှင် မင်းမြတ်စည်ကရှေ့လာသူနှစ်ယောက်ရှေ့မှာ ပိတ်ထားလိုက်ကာ.. ।

"ဒါမင်းတို့သုံးစွဲခွင့်ရှိတဲ့ပစ္စည်းမဟုတ်ဘူး.."

"မင်းမြတ်စည်..ငါတို့မှာ ဆေးခန်းအထိုင်မရှိပေမယ့် ဒီဆရာဝန်က ငါတို့ဆီမှာ အမြဲတမ်းရှိနေတာနော်.."

"ဟာ..အဲ့လိုမပြောနဲ့လေ.."

ဦးဒီပါ ထစ်ထစ်ငေါ့ငေါ့ဝင်တားသည်။ သို့သော် နှစ်ဖက်စလုံးသည် သူ့ကိုအရေးမစိုက်ကြဘဲ.. ।

"ဟွန်း...မင်းရဲ့လခက ငါတို့ပေးတဲ့တစ်ခါခြေကြွခတောင်မရှိဘူး...မင်းရဲ့ မေးကြည့်လိုက်.."

မင်းမြတ်စည်က ဦးဒီပါလက်မောင်းအကျီစကို ဆောင့်ဆွဲပြီး နောက်ကိုလှန်ပို့လိုက်ကာ.. ।

"ဒါရှင်းလိုက်ဦးမယ်..ခင်ဗျားသွားနှင့်.."

"ဟိတ်ကောင်.."

ဦးဒီပါကို ပြန်ဆွဲဖို့ပြေးလာသည့်တစ်ယောက်ကို မင်းမြတ်စည်ကခြေထောက်နဲ့လှမ်းကန်ပစ်လိုက်သည်။ နောက်ထပ် ဘေးကဝင်ရိုက်တဲ့သူကိုထားသည့်တုတ်ကြီးက နည်းတဲ့အရှည်မဟုတ်။ သူရှောင်လိုက်တာနှင့် ဦးဒီပါကိုထိသွားမှာသေချာသည်။ ဘေးမှာဓားမြောင်ကိုင်ထားတာတစ်ယောက်။ သူလက်ဖျံအနာခံပြီး တုတ်ကိုဆွဲလုကာ ဓားမြောက်သမား၏ လက်ကို တစ်ဆက်တည်းရိုက်ချပစ်လိုက်၏။ အရေအတွက်ချင်းမမျှပေမယ့် အရည်အချင်းကကွာသည်။ သူ့လက်ထဲကို တုတ်ရောက်သွားတာနှင့် တစ်ကောင်လူမိုက်တွေ ဖရိုဖရဲဖြစ်ကုန်ကာ နှစ်ယောက်သည်လဲတဲ့သူလဲ ခေါင်းကွဲတဲ့သူကွဲ။ မင်းမြတ်စည်က ဒယိမ်းဒယိုင်ရပ်နေသည့်နှစ်ယောက်ထံ တုတ်ကိုပစ်ချပေးလိုက်ကာ.. ।

"မင်းတို့သူ့ဌေး ငါ့ဆီလွှတ်လိုက်.."

♥♥♥♥♥

အခန်း(၆)

ကျွန်မက သုမနောပါ..

အဖေနဲ့အမေရယ် မောင်လေးရယ် မောင်လေးရှင်ပြုဖို့အတွက် မြို့မှာ ဈေးဝယ်ထွက်လာကြတုန်း ဓားပြတိုက်ခံရပါတယ်.. သုံးယောက်စလုံး ဓားပြသတ်လို့ သေသွားပါပြီ..ကျွန်မဘာဖြစ်လို့ စကားမပြောနိုင်တော့မှန်း မသိပါဘူး..အဲ့ဒီတုန်းက ကျွန်မသုံးတန်းပဲရှိပါသေးတယ်.. အမေတို့ သဲဖော့တို့က ကျွန်မအမေတို့နဲ့သူငယ်ချင်းတွေပါ..တစ်ရွာခြားပေမယ့် အိမ်မှာဝင်ထွက်စားသောက်နေကြတဲ့သူတွေပါ..အမေတို့တစ်ပြိုင်တည်း ဆုံးသွားတော့ အမေသဲတို့က ခေါ်မွေးခဲ့ပါတယ်..ကျွန်မစကားမပြောနိုင်ပေမယ့် အလယ်တန်းကျောင်းထိ အဖေကပခုံးနဲ့ထမ်းပြီး လိုက်ပို့တာပါ..အဲ့ဒါကြောင့် ကျွန်မခုနှစ်တန်းအောင်ခဲ့ပါတယ်.. နောက်ထပ် ကျောင်းတက်ဖို့ အဆင်မပြေ တော့လို့ မတက်ရပါဘူး..ဦးပေသီးကို အမေသဲတို့ပေးစရာကြွေးတွေ အများ ကြီးရှိတယ်..အဲ့ဒါကို ကျွန်မကလွဲပြီး ဆပ်ပေးနိုင်မှာမဟုတ်ပါဘူး.. ဒါပေမဲ့ အဲ့ဒီလူကြီးကို ကြောက်တယ်..ဒါကြောင့် ကျွန်မထွက်ပြေးမိတာပါ..ကိုကြီးထံ ကျားစူးတင်ပါတယ်..ဒါပေမဲ့ ကိုကြီးရဲ့မိန်းမတော့ မလုပ်ချင်ပါဘူး.. ကျွန်မ

ကို ခုတို့တပါ..ဒီအိမ်မှာကြိုက်တာ ခိုင်းပါ..မတော်ရင်ဆုံးမပါ..ကျွန်မအ ကျင့်နေရာကို.....

"တင်းတောင်..တင်းတောင် တင်းတောင်.."

မြည်သံတစ်ချက်ကြားလိုက်သည်။ ဘာသံလဲနားစွဲ့နေတာနှင့် နေရာ ကမေ့ဖြစ်ပေ။ ထိုစဉ် ဒေါ်ထားအိအခန်းရှေ့ရောက်လာကာ.. ।

"ဟဲ့..နင်နားလေးနေသလား। ဘာလဲ 'အ'ရုံတင်မကဘဲ နားပါကန်း ကျသွားတာလား..အပြင်မှာဒီလောက် ဘဲလ်တီးနေတာမကြားဘူးလား। သွား.. ဖြန်ဖြန်သွားဖွင့်.."

သူမခေါင်းလေးတည်တည်တည်နှင့် 'သွား မြန်မြန်'လို့ပြောသည့်စကား ထဲမှာ ကိုင်ထားသည့်ဘောလ်ပင်နှ်လေးကို ချပစ်ခဲ့ပြီး အိမ်ရှေ့ပြေးထွက်ခဲ့ သည်။ မှန်တစ်ထပ်နှင့် ဘာဂျာတံခါးရှေ့မှာ ဆံပင်ခါးလယ်လောက် အတွန့် ကောက်ကွေ့နှင့်မိန်းကလေးတစ်ယောက်။ သုတံခါးဖွင့်နေတုန်း သူမက စူးစိုက် ကြည့်နေကာ တံခါးပွင့်သွားသည်နှင့်.. ।

"နင်က 'အ'နေတဲ့တစ်ယောက်လား.."

သူငေးကြည့်နေပြီးမှ ခေါင်းညိတ်ပြသည်။ သူမက နှုတ်ခမ်းမဲ့ပခုံး ကျုံ့ကိုတ်ပြီး.. ।

"'အ'နေလို့တော်သေးတယ်.."

"ဟုတ်ပ..ဟုတ်ပနရီရေ। သူ့ကိုယ်သူတကယ်ပဲ သူဌေးကတော်ဖြစ် ပေါ်ထင်နေလားမသိဘူး.. တစ်ပင်တိုင်မြနန်းထဲမှာ အချိန်ပြည့်စံမြန်းနေ ခေါ်ထုတ်မှထွက်တယ်..ခိုင်းမှလုပ်တယ်.."

"နရီလာပြီပဲဒေါ်ဒေါ်ရယ်..ထားလိုက်စမ်းပါ। အားဟား လှလိုက်တဲ့ ကောင်..."

"အောင်မယ်လေး..လှလိုက်တာဆိုလို့ သတိရတယ်। ချွတ် ချွတ်.. ကြည့်ရှုနေချွတ်လိုက်စမ်းပါ। မြင်သွားရင်တော့ မိုးမီးလောင်တော့မှာပဲ.."

ရှေ့ကနေ တလှားလှားသွားနေသည့် နရီက အလန့်တကြားပြန်လှည့် ကြည့်ကာ ।

"ဘာလဲဟင်..ဘာကိုချွတ်ခိုင်းနေတာလဲ.."

သူမကလည်း ပေါင်တစ်ဝက်လောက်ပဲရှိသည့် ဘောင်းဘီတိုကျပ်

ကျပ်လေး ဝတ်ထားတာမို့ မလုံမလဲဖြစ်နေကာ.. ।

"ကိုစည်က ဒီလိုဝတ်တာမကြိုက်ဘူးလား.."

"မဟုတ်ပါဘူး...ညည်းဘာသာ ဘာတွေဖော်ထားထား အဲ့ဒီကောင်က ဂရုစိုက်မှာမဟုတ်ဘူး၊ ဖိနပ်..ဖိနပ် အဲ့ဒီဖိနပ်ကိုအပြင်မှာချွတ်ပစ်ခဲ့ရမှာ၊ သွားချွတ်..သွား.."

"အို...သွားချွတ်စရာလားဒေါ်ဒေါ်ကလည်း၊ ဟိုတစ်ယောက်..ငါ့ဖိနပ် [illegible]"

သူက သွက်သွက်လေးပြေးလာပေမယ့် တစ်စုံတစ်ယောက်ကြည့်နေ[illegible]ကို ဒေါ်ထားအိမ်ကျေမနပ်ဖြစ်သွားမိလျက်.. ।

"ဟဲ့..မိဝေ.."

"ရှင်...လာပါပြီကြီးကြီး.."

မိဝေက ယောက်ျားဆံပင်တိုတိုနှင့် ပုပုဝဝလေးဖြစ်ကာ အသက်ကတော့ နှစ်ဆယ့်ငါးကျော်နေပြီဖြစ်သည်။ သူမကိုကိုယ်ပဲခေါ်လာတာနဲ့ အနားရောက်လာတာနှင့် စူးစူးရဲရဲစိုက်ကြည့်ရင်း လက်ပိုက်လိုက်ကာ..

"နင်ကဘာလာချောင်းနေတာလဲ.."

"မချောင်းပါဘူးကြီးကြီးရယ်..မမလေးအတွက် တရော်ကင်ပွန်းခေါင်း လျှော်ရည်လေး ပြင်ထားပြီးပြီလို့ အဲ့ဒါပြောမလို့ပါ.."

"ဘာမမလေးလဲ..ဘယ်သူ့အတွက်မှ နင်လုပ်ပေးဖို့မလိုဘူး၊ ငါ့အမိန့် မရဘဲ ဘာမှမလုပ်နဲ့...ဒီမှာ.."

ဖိနပ်သွားထားနေသည့် သုရှိသည့်ဘက်ကို လှမ်းကြည့်လိုက်ပြီး မိဝေ လက်မောင်းကို ဆောင့်ဆွဲကာ.. ।

"နင့်ကိုဒီခေါ်မလာခင်တည်းက ငါအားလုံးသင်ပေးထားခဲ့တာ မှတ်မ[illegible]ထားဘူးလားဟင်.."

"ဟုတ်..ဟုတ်ကဲ့ပါ.."

"ဒီအိမ်မှာ ငါကအရှင်သခင်ပဲ..မင်းမြတ်စည်က တစ်လနေလို့ တစ်ခါ ပြန်မှာမဟုတ်ဘူး.."

မင်းမြတ်စည်ပြန်လာသည့်အခိုက်မှာ နည်းနည်းလေးပြောင်းလဲပေး လိုက်ရင် ရပြီမဟုတ်ဘူးလား..။ ဒီမိန်းကလေးဘယ်လောက်လှနေနေ 'အ'

နေတဲ့မိန်းမကိုတော့ မင်းမြတ်စည်ယူမှာမဟုတ်ဘူးဆိုတာ တပ်အပ်သိနေ သည်။

"နင်ဒီလောက်တောင် တုံးသလား.."

ဒေါသထွက်ထွက်နှင့် နဖူးကိုဒေါက်ခနဲခေါက်ပစ်လိုက်ရင်း.. ।

"အရိပ်ပြရင် အကောင်မြင်နော်..နင်ဒီလိုပုံစံနဲ့ ငါ့အိမ်မှာမြဲမယ်မထင်နဲ့ အိမ်ဖော်လစာမျိုးပေးထားတာ မဟုတ်ဘူး...အဲ့ဒီတည်းက နင့်တာဝန် ကြီးမယ်ဆိုတာ နားလည်ရမယ်.."

"ဟုတ်ကဲ့ပါ.."

"ကဲ..သွားပါစေတော့၊ ဒေါသဖြစ်တိုင်းပြောနေတာနဲ့ တော်ကြာဟိုရှေ့ အကြားသွားဦးမယ်.."

သုအားလုံးကြားပါသည်။ ထိုပြင် နောက်ထပ်ဝေးလွင့်သွားသည့်နေ ရာမှာ ဆက်ပြောနေကြသည့် စကားတွေအားလုံးကိုလည်း.. ।

"ဘယ်ကဒုက္ခိတကို သနားပြီးခေါ်လာသလဲမသိပါဘူး...ငါသိတယ်၊ [illegible]ကောင်မကို အထင်သေးမှာစိုးလို့ ဇနီးလောင်းလို့ပြောထားတာ..ဒါမှသွေးမ [illegible]သားမစပ် အိမ်ခေါ်လာတာက ကြားကောင်းမှာလေ.."

"သူ့မိဘတွေကရော.."

"သိပါဘူးအေ..မေးလည်းမမေးဝံ့ပါဘူး၊ စကားနည်းနည်းမှားတာနဲ့ မင်းမြတ်စည်ဒေါသကစိတ်က ထောင်းခနဲဆို လက်ကဖောင်းခနဲပဲ..နာမည် နဲ့သည်းလိုက်ပါ့.."

"နာမည်က ဘာဖြစ်လို့လဲ.."

"မင်းမြတ်စည်လေ..စည်တီးရင် ပြည်ကြီးတုန်ဟီးသွားလိမ့်မယ်၊ သူ့ ဆေ[illegible]သကိုသွားမဆွဲရဲဘူး.."

ဒီကောင်လေး တစ်ကိုယ်ရေတစ်ကာယသမားဆိုတည်းက အနီးကပ် ရှင်းနှီးချင်ခဲ့တာ ဒါတွေကြောင့်။ ခုတော့ သူ့ရဲ့မိဘဆွေမျိုး အကြီးအကဲနေ ရာကို ကိုယ်ရခဲ့ပြီဖြစ်သည်။ ဒါပေမဲ့ သူ့ဌေးဖြစ်ချင်နေသည့်ဆန္ဒကတော့ ကျည်ဆေးပါ။ သူများကြည့်ရှုစောင်မမဲ့လို့ စင်ပေါ်ရောက်ခဲ့ပေမယ့် ခုထိမတ် ဘယ်ရပ်နေရတုန်းလို့ ကိုယ့်ကိုယ်ကိုခံစားနေရသည်။ ကိုယ်တကယ်ပိုင်သည့် နေရာဖြစ်မှသာ သေချာဖင်ချထိုင်နိုင်မှာဖြစ်သည်။ လောဘကြီးတယ်ပဲဆို

ဆို သိမ်းမနိုင်အောင် ချမ်းသာနေသည့်မင်းမြတ်စည်၏ ရှာနိုင်စွမ်းအားကို သူတို့သာအသိဆုံး။ မိန်းမသနာလည်း ရှုပ်ရှုပ်ပွေပွေမရှိ။ သောက်စားသုံးဖြုန်းတာလည်းမလုပ်။ ဒီကောင်လေးမှာ ပြောစရာရှိတာဆိုလို့ သတ်ရဲဖြတ်ရဲနေသည့် ဉာဏ်ဆိုးတစ်ခုသာ.. ।

"ညည်းကိုငါထပ်ပြောမယ်နရီ..ငါတို့သိသလောက် မင်းမြတ်စည်မှာ ချစ်သူမရှိဘူး၊ ချစ်သူရှိနေရင်တောင် ခုချိန်ထိလွတ်လပ်နေတဲ့ယောကျ်ား.. ညည်းရှုပ်ရည်အရည်အချင်းနဲ့ သူ့ကိုရအောင်စည်းရုံးပါ၊ ယော်ကျားဆိုတာ အထူးသဖြင့် ဒီလိုယောကျ်ားမျိုးက သိပ်တော်နေတဲ့မိန်းမကို အထင်တကြီးဖြစ်လာမှမဟုတ်ဘူး..သူတို့က သနားချင်တာ၊ သနားစရာကောင်းနေတဲ့ မိန်းမကိုပဲ သူတို့မြင်တာ..အဲ့ဒါကြောင့် နေတတ်ရမယ်.."

ပြောနေရင်း တူမဝမ်းကွဲဖြစ်သည့် နရီကိုတစ်ကိုယ်လုံးဝေ့ဝဲကြည့်၍ နှုတ်ခမ်းမဲ့ကာ.. ।

"ယောကျ်ားလေးရှိတဲ့အိမ်ကိုလာရမှာပဲဆိုပြီး ဝတ်စားလာလိုက်တာ.. မသိရင် သူ့ဌေးသမီးကျနေတာပဲ.."

"ဟာ..ဒါလေးတွေက အဖိုးတန်တွေမဟုတ်ပါဘူးဒေါ်ဒေါ်ကလည်း၊ နရီတို့က ဘာဝတ်ဝတ်ရုပ်ထွက်နေတာပါ.."

"ဟွန်း..."

နရီ့မိဘတွေက ဆင်းရဲသည်။ သားသမီးတွေမွေးပြီး ဆွေမျိုးတွေရှိသမျှ တစ်အိမ်တစ်ယောက်လိုက်ပို့နေတဲ့အတိုင်း ပညာသင်ပေးပါ..သူ့စရိတ်လေးသက်သာရင်ပြီးရောစသဖြင့် လောက်လောက်လားလားရှာဖွေနိုင်တဲ့ အရွယ်တွေပဲ မိဘနားနေရတာမျိုး။ ခုတော့ မိဘတွေလည်းမရှိကြတော့ပေ။ နရီ့ကိုသူတို့ပဲ စောင့်ရှောက်လာခဲ့တာဖြစ်ကာ မင်းမြတ်စည်က ကုမ္ပဏီလုပ်ငန်းတွေဦးစီးဖို့ လေ့လာပါ သင်ယူပါဆိုပြီး မြို့ကိုခေါ်တော့မှ သူမကို ထားခဲ့ရတာဖြစ်သည်။ ကောင်းဖို့လားဆိုးဖို့လားတော့မသိ။ နရီ့ကိုမင်းမြတ်စည်မတွေ့ဘူးပေ.. ।

"မဲ့ရွဲ့နေတာပဲဒေါ်ဒေါ်ရယ်..နရီ့ကိုအိမ်ဖော်လိုနေခိုင်းဖို့တော့ မဟုတ်ပါဘူးနော်.."

"ဟုတ်တယ်..နေရမယ်၊ သူသနားလာအောင် နေရမယ်..ဟိုဟာမကို

[illegible]ောင် သနားလို့အိမ်ပေါ်ခေါ်တင်လာရင် ညည်းကပညာတတ်၊ သူ့လိုပဲ [illegible]..ပြီးတော့ ငါ့တူမလေ၊ ငါ့တူမဆိုတည်းက တစ်ဝက်သေချာပြီး [illegible]"

သုမျက်ရည်တွေဝေ့လာသည်။ အခန်းဆီကို ခြေဦးလှည့်မိပြီးမှ 'တစ်[illegible]ခြမ်းနှန်းနဲ့ စံမြန်းနေတယ်'ဆိုသည့်စကားကို သတိရပြီး ခြေလှမ်းတုံ့[illegible]သည်။ သူမဘဝ ဘာတွေဆက်ဖြစ်ဦးမှာလဲ.. မင်းမြတ်စည်ဟာသူမ[illegible]ကယ်တင်ရှင်လား.. ကံဆိုးခြင်းလား..။ ကယ်တင်ခံရပြီဆိုရင် သူမ[illegible]ဖြစ်မှာလဲ.. ကံဆိုးမိုးမှောင်ကျခဲ့ရင် ဘယ်လိုဆိုးရွားခြင်းတွေလာမှာလဲ..။ [illegible]ရဲ့ မျက်နှာသွယ်သွယ် မျက်လုံးဝိုင်းလေးတွေကို မြင်ယောင်လာကာ [illegible]ားအိရဲ့စကားသံတို့က အဖြေထွက်လာ၏။

မင်းမြတ်စည်ကို နရီနဲ့နီးစပ်စေခြင်းမှာ သူမကအမှိုက်တစ်စဖြစ်နေခဲ့[illegible]။ ထို့ကြောင့် ကယ်တင်ခံရသည်ဖြစ်စေ ကံဆိုးခဲ့တာဖြစ်စေ သူမအ[illegible] ဘယ်အရာကမှ ကောင်းဖို့မရှိနိုင်ပါ။ မင်းမြတ်စည်ကို သူမကျေးဇူး[illegible]ခြင်းမှာလည်း ဦးပေသီးလက်က လွတ်မြောက်ခဲ့ရပြီး အမေသဲတို့[illegible]ကြွေးတွေကျေသွားတာကြောင့်ပါ။ ဒီယောကျ်ားရဲ့ဇနီးအဖြစ် နေရာ[illegible]ခြင်းမဟုတ်။ ထို့ပြင် မင်းမြတ်စည်၏ဇနီးလောင်းအဖြစ် သတ်[illegible]ထားခြင်းကိုလည်း သူမလိုဒုက္ခတက မခံယူထိုက်ဘူးဆိုတာ နား[illegible]သည်။

ဒါဆို သူမဘာကိုဝမ်းနည်းနေမှာလဲ..။ အစတည်းက နံ့ချာခဲ့တဲ့[illegible]ဘဝကိုပြန်တွေးပြီး ပြည့်သိပ်လာသည့် မျက်ရည်တွေကို ပြန်သိမ်းဖို့[illegible]ကောင်တဖျတ်ဖျတ်ခတ်ပစ်မိသည်။ တောမှာလို ဝါးတိုင်ထူ ဝါးကြမ်း[illegible]ားတဲ့ တဲထဲမှာနေရတာမဟုတ်။ ပြောင်းဆန်တွေစားပြီး ဟင်းရွက်စိမ်း[illegible]ခဲ့ စားရတဲ့ဘဝထက်လည်း အများကြီးကွာခြားသည်။ ဘာပဲဖြစ်ဖြစ်[illegible]မြတ်စည်ကကယ်တင်ရှင်ပါ။ သူနဲ့ပတ်သက်နေတဲ့လူတွေကိုရော ကယ်[illegible]ရှင်လို့ပဲ သူမသဘောမထားနိုင်ဘူးလား..။ သူတို့တွေအားလုံးက အိမ်[illegible]ရပ်ဆွေရပ်မျိုးတွေ သူငယ်ချင်းမိတ်ဆွေတွေဆိုလျှင် သူမကဘာမှ[illegible]သက်မသက်ဆိုင်ဘဲ သူစိမ်းတစ်ယောက်ဆီက မရနိုင်သော အကူ[illegible]တွေကိုလည်း တနင့်ကြီးယူခဲ့သေးသည်။ ဒါကြောင့် အားလုံးကိုသူမ

သည်းခံနိုင်ရမည်။ ဘာခိုင်းခိုင်းလုပ်ရမည်။ ဘယ်လိုထားထားနေမည်
သူတို့ကို မင်းမြတ်စည်နဲ့ တန်းတူလေးစားယုံကြည်ဖို့ထိ ဆုံးဖြတ်မိ
သို့သော်..၊

သူမဘာမှမလုပ်တတ်ပေ။ မီးဖိုချောင်ထဲဝင်လိုက်တော့ ခလုတ်တစ်
ချောက်ခနဲဖိချလိုက်တာနှင့် မီးတွေတောက်လာသည်။ တရှီးရှီးအသံမြည်
လာတတ်တာ ရေနွေးကျိုတဲ့အိုး။ အသားပေါင်းအိုးဆိုတာကြီးကို သူ့မသေ
ချာတောင် ကိုင်မကြည့်ဝံ့ပေ။ ထို့ပြင် ရေချိုးခန်းထဲဝင်လိုက်တော့ ပိုဆိုး
သည်။ နွားစားခေါင်းနဲ့တူသော ကြွေကန်ကြီးက ရေလည်းမရှိ။ ရေချိုးခန်း
ဆိုပြီး ရေဘယ်မှာမှမရှိတာ သူမဘာမှမလုပ်တတ်ပေ။ ထိုနေ့က ခေါင်
ခေါက်ခံရတာကို သတိရကာ ကိုယ့်ခေါင်းကိုပြန်စမ်းမိသည်။ ဒါတွေနဲ့အ
သားမကျမီ အချိန်တွေမြန်မြန်ကုန်ပါစေ.. ၊

"ဟဲ့..ဘယ်ရောက်သွားလဲ၊ မိသု..ဟဲ့ မိသုရေ.."

"ခေါ်နေတယ်ဒေါ်ဒေါ်ကလည်း..ဟိုက အ'အ'ဥစ္စာ၊ ဘယ်လိုလုပ်ပြန်
ထူးမှာလဲ..ခဏတော့ စောင့်ဦးလေ.."

"မဟုတ်ပါဘူး...အဲ့လောက်ဝေးဝေးမှာ တခမ်းတနားသွားနေနေတာ
ကိုက အလုပ်မဟုတ်တာ..ဟဲ့ မိ...."

ခေါ်သံမဆုံးခင် သုပြေးလာသည်။ စိမ်းပြာရောင်ရင်စေ့ခါးတိုလက်တ
လေးနှင့် အဝါနှင့်အစိမ်းရောနေသော ချိတ်ပါးထမီလေးကို ဝတ်ထားသည
ဆံပင်တွေကို သားရေကွင်းနဲ့စည်းထားတာတောင် ကျောကနေ စည်းချထား
သည့်ဆံပင်က ပေါင်လယ်ထိထူခဲဝဲဖြာနေ၏။ အိမ်ဖော်နဲ့တူအောင် ဆင
ထားတော့လည်း တင်းပြည့်သည့်ကိုယ်ရေးပန်းချီက ဘယ့်နှယ်ဆွဲညှစ်ပြ
ထားသလို ထင်းလို့ပါလား...။ ဒေါ်ထားအိမလိုတမာတွေဖြစ်သွားမိကာ
ကိုယ့်တူမဆီမျက်လုံးရွှေ့သည်။ နရီကလည်း ချပ်ချပ်ကပ်ကပ်ပါးပါးလှ
လှားလေးပါပဲ။ ဒါပေမဲ့ လုပ်ချင်းလည်းမတူ..

ဘာပဲဖြစ်ဖြစ် နွမ်းပါးခြင်းဟာ ဘယ်လိုမှအရောင်မထွက်နိုင်ပ
မိတ်ကပ်ပါးပါးလေးနှင့် နရီ့မျက်နှာလေးနဲ့ဝတ်စားထားပုံကိုတော့ ဒီမိန်း
မကျော်လွှားနိုင်ပါဘူး.. ၊

"နင်ကဘယ်တွင်းထဲဝင်အောင်းဖို့ စိတ်ကူးနေတာလဲ..နင့်ကိုယ်နင်သ

ချောတောက်ဖြစ်မှာပဲထင်ပြီး စိတ်ကူးနေရင် ရူးသွားလိမ့်မယ်၊ မင်းမြတ်စည်
ထားနှင့်ကိုယူမှာ..ဧည့်ခန်းထဲမှာ အဝတ်သေတ္တာကြီး မမြင်ဘူးလား၊ သွား
ကယ်.."

သုခေါင်းညိတ်ပြီး သူမရှေ့ကနေ ခါးလေးညွှတ်သွားကာမှ.. ၊

"နေဦး.."

ဒေါ်ထားအိက တစ်ခုခုအမိန့်ပေးပြီဆို လက်ပိုက်တာကအရင်။
လက်ပိုက်လိုက်ပြီး လူကိုစေ့စေ့ကြည့်ပြီးမှ..

"အဲ့ဒါပြီးရင် ရေချိုးခန်းထဲမှာ အဝတ်ဇလုံရှိတယ်..ခြံထဲမှာသွားလျှော်၊
ပေါ်ကခေါင်းမဖွင့်တတ်ရင် မာလီရှိတယ်..သူ့ကိုပြခိုင်း၊ အောင်မလေး..
ပေါ်တာကျလို့ မင်းမြတ်စည်ကို သင်းကစိတ်ကူးတွေယဉ်နေတာ.."

သုထွက်သွားမှ နရီကအနားနားကပ်ကာ.. ၊

"ရေချိုးခန်းထဲမှာ ခိုင်းရင်ရသားနဲ့..ဘာဖြစ်လို့လဲ.."

"နေပူပူမှာလျှော်မှ အသားမည်းမှာပေါ့..ဝင်းဖန့်ဖြူနုနေတာကို မျက်စိ
ပေါ်ဆွဲးစူးလွန်းလို့၊ တောသူမို့ပဲ..ဥကပေါက်လာတာ ကျနေတာပဲ.."

ဖြေစ်ပါဘူး..မင်းမြတ်စည်မျက်စိကျလောက်မယ့် ကောင်းခြင်းအဖြာ
ဖြာတွေကို တစ်ခုပြီးတစ်ခု ဖျက်ဆီးပစ်မှ..

♥♥♥♥♥

အခန်း(၇)

"နင့်ဆံပင်တွေကို မြင့်မြင့်တင်..ခိုင်ခိုင်ချည်ထားစမ်း၊ အလုပ်လုပ်ရင် ဆံပင်ဖို့ရှိဖားရားနဲ့ မျက်စိနောက်တယ်..မိဝေ ဟဲ့..လာစမ်း၊ ငါအကျီတွေ အပ်ခိုင်းထားတာ ဘယ်မှာလဲ.."

သင်းအတွက် ရင်ဖုံးအကျီပွပွကြီးနဲ့ ကချင်ထမီတွေ စီစဉ်ပေးထားသည်။ ဆံပင်တွေအများကြီးကို မြင့်မြင့်တင်ထုံးလိုက်ရင် ဆံထုံးအယ်အယ်ကြီးနဲ့ အဘွားကြီးအိုပေါက်စနဲ့တူသွားမည်။ လိုချင်တာက အဲ့ဒါ။ ကိုယ့်အတွေးနဲ့ကိုယ် အနားမှာရှိနေသည့်သူ့ကို ခြေဆုံးခေါင်းဆုံးကြည့်မိ၏။ ထင်အပွင့်နုပ်နုပ် အကျီရင်စေ့လေးတွေနဲ့ ဒါလည်းသူမပဲဆင်ပေးထားတာပါ။ သူမကိုခေါ်လာပြီးမကြာခင် မင်းမြတ်စည်က ခရီးထွက်သွားသည်။ မသွားခင် သူမအတွက် လိုအပ်တာဝယ်ခြမ်းစီစဉ်ပေးဖို့လည်း မှာသွား၏။ ဒါပေမဲ့ သူမစိတ်ကူးပြောင်းသွားပါပြီ။ ဘာလေးဆင်ဆင်ရုပ်ထွက်နေတော့လည်း ဘာမှမဆင်ဘဲ ပစ်စလက်ခတ်ဒီဇိုင်းနဲ့ထားလိုက်တာပေါ့.. ।

"ဒီမှာပါ ကြီးကြီး.."

ဒီအဝတ်အိတ်ကိုမြင်မှ သတိရသည်။ အကျီတွေရလာတည်းက

ရောပြီးဆိုတဲ့အကြောင်း မိဝေက ပြောခဲ့ပြီးသား။ သုဆီရောက်အောင်သွားပေးစေချင်လို့။ အဲ့ဒီမှာပဲထားလိုက်လို့ သူမပဲပြောခဲ့တာ.. ।

"အေး..ပေးလိုက်.."

အိတ်ကြီးကနှစ်အိတ်။ ကျွတ်ကျွတ်အိတ်ကြီးနှစ်လုံး ဖောင်းကားနေအောင် ထည့်ထားတာမို့ အိတ်နှစ်အိတ်ကိုလက်လွှဲယူလိုက်တာနှင့် သုပခုံးထားတွေကျဲ့ပါသွားခဲ့၏။ မိဝေကပေးပြီးမှ ပြန်ဆွဲယူတော့မလို လက်ပြင်ပိုက်သဖြင့်.. ।

"ဘာလုပ်နေတာတုံးနင်က..သွား ဟင်းသွားချက်.."

"ဟုတ်.."

"မိသု.."

သူမကိုခေါ်မှန်းသိတော့ သုကရှေ့ကိုပိုတိုးလာပြီး ခေါင်းလေးငုံ့ထား၏။ ထိုစဉ် နရီက ဌဝါရောင် စကက်တိုကျပ်ကျပ် အကျီခါးပွလက်ပွလေးနှင့် ချောက်လာသည်။ သူမကိုဘယ်အချိန်ကြည့်လိုက်ကြည့်လိုက် လမ်းလျှောက်နေ ထိုင်နေနေမျက်ဝန်းတို့သည် မှန်တလက်လက်နှင့် တိုက်ကြီးကိုပဲ ကြည့်ပတ်ကြည့်နေတာမြင်ရကာ ပြုံးနေသောနှုတ်ခမ်းတို့သည် သူမနေထိုင်ရာခြင်းအပေါ် အလွန်အမင်းကျေနပ်နှစ်ခြိုက်နေမှန်း သိသာနေခဲ့လျက်..।

"နရီရေ.."

ကိုယ့်တူမကိုယ် မျက်စိစပါးမွှေးစူးလာရတဲ့အဖြစ်မို့ ခပ်ရွဲ့ရွဲ့ခေါ်မိ၏။ ကောင်ကလေးနယ် တောသူအစုတ်ပလုတ်မက မော့ငေးအံ့ဩနေရမယ့်အစား သင်းကို ပြောပဲမပြောချင်တော့ပါ.. ।

"ဒီမှာထိုင်နေစမ်း.."

"ဩော်..ဒေါ်ဒေါ်အမိန့်တွေပေးနေတာ ပြီးအောင်စောင့်နေတာပါ..အ...ကောသွားမလို့.."

"ပြီးရင် ငါလည်းသွားစရာရှိတယ်..ဒီမှာအလုပ်ပေးခဲ့မလို့၊ ခဏနေ..."

ဒေါ်ထားအိစိတ်တွေ အစွမ်းကုန်ကြမ်းတမ်းနေခဲ့သည်။ ကိုယ်လုပ်နေသည့်အလုပ်တစ်ခုဟာ မိမိရဲ့လိုလားခြင်း မလိုလားခြင်းကို သိမ်မွေ့သောနည်းဖြင့် သရုပ်ဖော်သွားလို့ရသော်ငြား သုမနောဆိုသည့် မိန်းကလေး၏

ရှုတိုင်းတင့် ကြည့်တိုင်းမဝနိုင်သော် အလှတရားတို့အပေါ် မြင်နေရတိုင်း မရှုစိမ့်နိုင်။ မှန်းတာက ကုမ္ပဏီပိုင်ရှင်ဖြစ်ဖို့။ နေရတော့ မိန်းမထိန်းဘဝနဲ့ အိမ်စောင့်။ ဒါကိုလည်းမကျေနပ်ပေ။ ငြင်းလိုက်ပါလားဆိုတော့လည်း မင်းမြတ်စည်ရဲ့အနာဂတ်မှာ ကိုယ်ကအဓိကလူကဏ္ဍက ပါဝင်ချင်သေးသည်။ အခု အနစ်နာခံနေမှ နောင်မှာကိုယ်ကမိဘဖြစ်မလား ဘဏ္ဍာထိန်းဖြစ်လာ မလား...။ မင်းမြတ်စည်ရဲ့ယုံကြည်မှုသည် ကိုယ့်ဘဝအတွက် ရွှေတောင်စိန်တောင်ကြီးပေါက်ခြင်းမို့ အနစ်နာခံဖို့လည်း ရည်ရွယ်၏။ ဤသို့သောရယူလိုခြင်း၊ မာနကြီးခြင်းအစရှိသည့် မစွန့်လွှတ်နိုင်သောဝေဒနာတို့ကြောင့် ဒေါသသည်အချိန်တိုင်း.. ।

"မနေ့ကအတိုင်း အကုန်လုပ်..ဒီနေ့ပိုတာက အကျီတွေမီးပူတိုက်ရမယ်၊ မသိတာရှိရင် မိဝေကိုမေး..သူဝင်လုပ်ထားတယ် အသံကြားရင်တော့ နင့်ကိုခြံထဲဆွဲချပြီး ကက်ဆက်ဖွင့်ပေးမယ်..ကွေးနေအောင်ကရမယ်၊ နာ လည်လား..."

သုရင်ထဲမှာ ဘယ်နေရာက မြည်ဟီးသွားသည်မသိ။ ကရမည်ဆိုသည့်စကားအဆုံးမှာ တစ်ကိုယ်လုံးတုန်ခါသွား၏။ ရှက်ရွံ့ခြင်းသည် ကြိမ်ဆောင်းရုံလောက်နဲ့တင် အသက်ရှူရပ်မတတ်ဖြစ်သွားစေလျက်.. ।

"ဘုတ်..ဘုတ်.."

ကိုင်ထားသည့်အိတ်နှစ်ထုတ်က တစ်ထုပ်ပြီးတစ်ထုပ် ပြုတ်ကျလေသည်။ ဒေါ်ထားအိ ဒေါသတကြီးလှည့်ကြည့်ကာ.. ।

"ဘာဖြစ်တာလဲဒါက.."

"ဟယ်..ဟိုမှာကား.."

မှန်ထဲမှာ ကားကိုမြင်လိုက်ကာ နရီကအလန့်တကြားထအော်သည်။ ပြီးမှ ခြံထဲကိုလက်ညှိုးထိုး၏။

"ဟေ့.."

ဒေါ်ထားအိမကြည့်ရသေးဘဲ နေရာမှထရပ်လိုက်ပြီး ကားကိုလှမ်းမြင်လိုက်ကာ.. ।

"မိဝေ..ဒီအဝတ်ထုတ်တွေ သူ့အိပ်ခန်းသွားပို့စမ်း၊ မြန်မြန်သွား.."

"ဟုတ်.."

"ဟဲ့..ဟဲ့နေဦး၊ ဒီနေ့ ငါခိုင်းထားတာတွေ သူ့ကိုဘာမှမလုပ်ခိုင်းနဲ့..ဘာမှလည်းမဟမိစေနဲ့နော်၊ ဒီမှာ မိသု..ညည်းလည်းမျက်ရည်ခံထိုးမယ်မကြံနဲ့၊ ကိုစည်က အိမ်မှာအချိန်ပြည့်နေတဲ့သူမဟုတ်ဘူး..သူပြန်သွားပြီးကတော့ ငါ့အကြောင်းသိမယ်မှတ်.."

မီးတောက်မတတ် ဒေါ်ထားအိမျက်လုံးတွေကို သုထိတ်ထိတ်လန့်လန့် ခေါင်းညိတ်လိုက်မိသည်။ ထိုစဉ် အနက်ရောင်မာစီးဒီးက ဂိုဒေါင်ရှေ့ရောက် ရပ်သွားခဲ့သည်။ ပြီးတော့ ကားဆီပြေးသွားသည့်မာလီကို မင်းမြတ်ကြည့်ကာ ကားသော့ပေးလိုက်ပြီး ဘာတွေမှာနေသည်မသိ။ ပြီးမှ အိမ်ထဲဝင်သွားကာ.. ।

"ဒေါ်ထားအိ..ဦးမျိုးကို ဖုန်းဆက်လိုက်ပါ၊ ခုချက်ချင်းပြန်လာခဲ့ဖို့.."

"ဟင်..ကိုမျိုးကို မင်းပဲလားရှိုးကို ခရီးထွက်ဖို့ခိုင်းထားတယ်ဆို.."

"ကျုပ်ကိုပြန်မမေးနဲ့.."

လူကြီးရယ်လို့ ရှိသေမှုလည်း မရှိပါလား...။ ထို့ပြင် မြို့ပေါ်မှာနေပြီး ပါးသိုင်းမွေး မုတ်ဆိတ်မွေးတွေနဲ့..။ ဒါပေမဲ့ သူ့အရပ်ကြီးနဲ့ကြည့်ရတာင်းနေသည်။ မကောင်းတာက လူကိုတစ်ချက်ပဲကြည့်ပြီး ကျော်လွှားသွားသည့်မျက်လုံးတွေ။ နရီမချင့်မရဲဖြစ်သွားရင်း မိတ်ဆက်မပေးသည့် ဒေါ်ထားအိကိုပဲ လက်တို့သတိပေးရတော့မလိုလို.. ।

ဒေါ်ထားအိသည်လည်း လူကိုအအော်ခံလိုက်ရသဖြင့် ဒီတိုင်းပဲဆက်ဆက်ဆက်ခဲ့ရတာလည်း သိပါလျက်နှင့် အောင့်သက်သက်။ မင်းမြတ်စည်ကမျက်ခုံးကျဲများနှင့် အိမ်ထဲဝင်သည်။ သို့သော် သုရဲ့ဘေးကအဖြတ်မှာ သူ့မျက်လေးတစ်ဖက်ကိုပါ ဆွဲခေါ်သွားခဲ့၏။ ပါးစပ်အဟောင်းသားဖြစ်အောင် ပြုတ်ကျန်ရစ်ရင်း မျက်စိအောက်ကပျောက်သွားတော့ နရီစွေ့ခနဲ ဖင်ရွှေ့ထိုင်ကာ ဒေါ်ထားအိနားကပ်လျက်.. ।

"ဆွဲခေါ်သွားတာ ကြည့်စမ်းပါဦး..သူတို့ကညားနေပြီလားဟင်၊ ဒေါ်ထားရယ်ပြောတော့ ဒီလိုရှေ့အကိုကြိုက်ပါ့မလားဆို..သနားလို့ကယ်တင်လာတာဆို၊ ခု..ခု ကြည့်ပါဦး.."

"ညော်..စိတ်တွေလည်း ညစ်ပါတယ်နရီရယ်၊ ငါ့မျက်နှာကိုလည်း ရှည်နှည်းပါးပါ: အကဲခတ်စမ်းပါဦး.. အနားကနေ သခွပ်ပင်က မီးတက်ပြီ

ကျိုလုပ်နေတယ်၊ သူ့ဇနီးလောင်းလို့တောင် ကြေညာထားတဲ့ဟာ..သူ့ဟာသ
လုပ်ချင်ရာလုပ်မှာပေါ့..”

“ဒေါ်ဒေါ်ကလည်း ဒီတာဝန်ကို နရီယူရမှာဆို..အဲ့လိုတော့ ပေးမစ
နိုင်ပါဘူး..”

“အဲ့ဒီမှာ သေလိုက်တော့..”

ပြောတိုင်းအောင်ဖို့ ကြိုးစားနေမိကာမှ မင်းမြတ်စည်စိတ်တိုင်းမ
စရာတွေချည်း ပြောမိနေသည့် ကိုယ့်ကိုယ်ကိုဒေါသထွက်နေတုန်း ခုလည်
ခရီးရောက်မဆိုက်ကြီးမှာ သူမဘာဖြစ်လို့စကားအထွန့်တက်မိတာလဲ..

“မဟုတ်ပါဘူးဒေါ်ဒေါ်ရယ်..နရီက ရှုတ်တရက်ဆိုတော့ သဝန်တ
သွားလို့ပါ..”

“ဩော်..အေး တို တို၊ ဖြစ်ပါလိမ့်မယ် သူ့ရဲ့မဟေသီ..”

“ဟုတ်ပါပြီဆိုဒေါ်ဒေါ်ကလည်း ယောကျ်ားတစ်ယောက်က လွတ
လပ်နေရင် ပြီးတာပဲနော်..လက်မထပ်ရသေးရင် လူပျိုပေါ့၊ နရီမေ့သွ
လို့ပါ.. ဒါနဲ့ နရီအပြင်မသွားတော့ဘူးနော်..ဒါတွေသွားလဲထားလိုက်မယ
လေ၊ သူ သေချာကြည့်မသွားဘူးဆိုတော့ နရီဝတ်ကောင်းစားလှတွေဝတ
ထားတာ မသိလောက်ပါဘူး..”

“ကဲ..အဆင်ပြေသလိုလုပ်စမ်းပါအေ၊ တစ်ခါပဲမြင်ရသေးတယ်
သွက်သွက်ခါရှားသွားပြီလားမသိဘူး၊ ဟိုတောသူမရှေ့အတောင် ညည်းထ
မြစ်ဘူး..”

နရီက ကြိတ်ရယ်ပြီး အသံကိုနှိမ့်၍.. ।

“ဘယ်ဖြစ်မလဲ..အဲ့ဒီဟာမက တောသူလထူပဲ၊ ရှဲ့ပဲမြင်ဖူးတော့ ရှဲ့
မှန်း ရတနာမှန်းဘယ်လိုလုပ်သိမှာလဲ..”

ပြောနေရင်း ကိုယ့်အိပ်ခန်းဆီ ပြန်လာခဲ့ကာ မြန်မာဝတ်စုံ လှလှယ
ယဉ်လေးတစ်စုံ ရွေးထုတ်ဝတ်လိုက်သည်။ ပြီးတော့ ဆံပင်ကိုထပ်ဖြီးပြီ
မှန်ချပ်တွေမှာ ရှေ့နောက်လှည့်ပတ်ကြည့်ကာ.. ।

“ရှင့်ကိုရမှဖြစ်မယ်..”

♥♥♥♥♥

အခန်း(၈)

ဆေးပစ္စည်းတွေပါသည့် ဘောက်စ်လေးကို သူမရှေ့မှာပဲချသည်။
ပြီးတော့ ဖွင့်၍Voltexဆေးဘူးနဲ့ ပတ်တီးကို သူမလက်ထဲထည့်ပေးပြီးမှ..

“လက်မှာဒဏ်ရာရလာလို့ နည်းနည်းလိမ်းပေး..ပြီးရင် ပတ်တီးပါ
ပေးပေး၊ ရတယ်မို့လား..”

သုက ငေးကြည့်နေသည်။ ပြီးမှ ခေါင်းညိတ်၏။ သူမမျက်လုံးထဲ
မင်းမြတ်စည်အစား နရီကိုမြင်နေခဲ့၏။ ပတ်တီးလိပ်နဲ့ဆေးဘူးအစား
ဆေးသားအိုကိုမြင်နေသည်။ ခုလောက်ဆို အပြင်မှာ ခေါက်တုံ့ခေါက်ပြန်
ရောက်ပြီး ဒေါသတွေထွက်နေပြီလား..။ ဒီအလုပ်ကို နရီပဲလုပ်ရမှာလို့
ရေးပြီး ‘မင်းမြတ်စည်ပြန်သွားကြည့်စမ်း’လို့ လက်သီးလက်မောင်းတန်းပြီး
ကြိမ်းဝေါ်းနေမလား.. ।

“ဟိတ်..ဘာငိုင်နေတာလဲ၊ ဆေးဘူးမဖွင့်တတ်ဘူးလား..”

မင်းမြတ်စည်က ကုတ်အင်္ကျီကိုချွတ်ပစ်လိုက်ပြီး စားပွဲပေါ်ပစ်တင
သည်။ ပြီးတော့ ခုံဆွဲထိုင်လိုက်ပြီး အတွင်းကဝတ်ထားသည့် ဆွယ်တာကိုပါ
ခေါင်းကနေလှန်ချွတ်ရင်း.. ।

"ဒီမှာနည်းနည်းကူဦး.."

ဆေးဘူးလေးကိုမန်းကတန်း ချထားလိုက်ပြီး သုနေရာမှထရပ်လိုက်သည်။ သို့သော် အကျီမရှိတော့သည့် ခန္ဓာကိုယ်တစ်ပိုင်းကိုမြင်လျှင် ပြင်လိုက်သည့်လက်ကတုန်သွားကာ လက်သည်မျက်နှာကိုထိမိလိုက် လက်ကို ဆွဲမိလိုက်.. ।

"သုမနော..ဆွဲလေကွာ၊ ကိုယ့်လက်ဒဏ်ရာရှိနေလို့.."

သူမလန့်သွားပြီး ခေါင်းလေးညိတ်သည်။ သို့သော် ရဲရဲမကြည့်ဘဲ ဆွဲနေသဖြင့် သူ့လက်ထဲမှာပဲ ကျွတ်သွားခဲ့ရလျက်.. ।

"ကျေးဇူးပဲ.."

သူငေါ့လိုက်တာကိုလည်း မျက်လုံးအကြောင်သားနှင့်.. ।

"လာ..ဆေးလိမ်းပေး.."

သုက ခေါင်းလေးညိတ်ပြကာ အဝတ်ဗီရိုဘက်ကို ကပျာကယာလှည့်သွားသည်။ သူ့အသံ သူ့အမိန့်ကလွဲပြီး ဘယ်သူမှစောဒကမတက်ဝံ့ကြသည့် သူတွေထဲမှာ သူ့စကားကိုဂရုမစိုက်တာ ဒါပထမဆုံး.. ।

"ဟိတ်..မင်းဘာလုပ်နေတာလဲ.."

သုက နောက်လှည့်ကြည့်ပြီး ခေါင်းညိတ်ပြသည်။ 'ခဏလေးပါ'လို့ တောင်းပန်သည့်သဘော။ ပြီးတော့ သူမရှာဖွေနေတာ ဗီရိုတစ်ခုလုံးနှံ့ပျံ့နေသည်။ နောက်ဆုံးကျမှ ချိုင်းပြတ်စွပ်ကျယ်တစ်ထည် ပါလာသည်။ ပြီးတော့ မရဲတရဲလေးလှည့်လာပြီး သူမအကျီဝတ်ပေးမည့်အကြောင်း လက်လေးထိုးပြ၏။

"အဲ့ဒါမဝတ်တော့ ဘာဖြစ်သွားနိုင်လို့လဲ.."

သူမပါးပြင်လေးတွေ ရဲတွတ်နေ၏။ လူကိုရဲရဲမကြည့်ဘဲ ကိုင်ထားသည့်အကျီကိုပြသည်။ ပြီးတော့ ရှေ့တိုးလာ၏။ မင်းမြတ်စည် သူမကို စိုက်ကြည့်နေရင်း ပင့်သက်ရှိုက်၏။ ပြီးတော့ အကျီကိုင်ထားသည့်လက်ကို ဖမ်းဆွဲလိုက်ပြီး.. ।

"ကိုယ့်ကိုရှက်နေတာလား.."

သူမမကျေနပ်တိုင်း ထွက်လာတတ်သည့် အသံလေးသဲ့သဲ့နှင့် လက်ကို အကြောက်အကန်ရုန်းလေသည်။ သူကမလွှတ်ဘဲ ဆုပ်ကိုင်ထားလျက်

ရှိ... ।

"ဘယ်လိုဖြစ်နေတာလဲကွ..မင်းကိုကိုယ်လက်ထပ်မှာ၊ ကိုယ့်ဇနီးတောင်းလို့လည်း ကြေညာထားပြီးပြီ.."

သူမက တွင်တွင်ခေါင်းခါလျက် ကိုင်ထားသည့်လက်ကို ကျိုးကြေသွားလေ ရုန်းမှာပဲဆိုသည့်ဖွဲ့နှင့် ဇွတ်တရွတ်.. ।

"အိုခေ..အိုခေ နည်းနည်းလျှော့၊ မင်းလဲသွားလိမ့်မယ်..ဖြည်းဖြည်း အိုခေ.."

သူမရုန်းနေတာ အားပျော့သွားအောင် ချော့မော့နေပြီးမှ လက်ကို ကျွတ်ပေးလိုက်ရသည်။ ပြီးတော့ ဟူးခနဲသက်ပြင်းချရင်း.. ।

"ကိုယ်ကသိပ်စိတ်မရှည်တတ်ဘူး..ဒါပေမဲ့ မင်းကိုထပ်မကိုင်ဘူး၊ ဒီလောထိုင်.."

ပြောပြီး အည်ုရောင်အကွက်တွေထနေသည့် လက်ဖျံကိုပြကာ..၊

"ဆေးနည်းနည်းလိမ်းပေး...အိုခေလား.."

သူမက နေရာကနေ နည်းနည်းတောင်မရွှေ့။ ထိုအမူအရာကိုစိုက်ကြည့်လိုက်မိရင်း သူနေရာမှ ထလာခဲ့သည်။ ဆေးလိမ်းချင်စိတ်လည်း ရှိတော့ဘဲ ရှပ်အကျီတစ်ထည်ကို ဆွဲယူဝတ်လိုက်ရင်း လက်တစ်ဖက်ကျမှ အကျီတွေ့နေ၏။ ဒါကျတော့ သူမကအနားရောက်လာပြီး ပျာပျာသလဲလုပ်ပေးသည်။ သူငဲ့ကြည့်လိုက်တော့ လန့်သွားသည့်မျက်ဝန်းလေးတွေက ထူးခြားသောမျက်တောင်ရှည်တို့ ဝန်းရံခလျက်။ သူစွဲလန်းခဲ့ရသည့်မျက်ဝန်းလေးတွေ။ ဒီမျက်ဝန်းတွေကိုမြင်မှ အချစ်နဲ့စိမ်းသက်ခဲ့သည့် ရင်ထဲမှာ ထူးပြန်ခဲ့သည်။ သူမဘဝဘာဖြစ်နေနေ ဘယ်လိုချို့ယွင်းချက်တွေပဲ ရှိနေပါစေ။ ကိုယ့်အနားမှာပဲ ရှိနေစေချင်သည်။ သူမကို တစ်ခါပဲတွေ့ခဲ့ရပေမယ့် ဒီလေးအတွင်းမှာပဲ ကိုယ့်လိုအပ်ခြင်းက သူမပဲဆိုတာ သေချာခဲ့သည်။ ဒီခဏခဲ့သူမမျက်ဝန်းတို့ ကြာရှည်စွာဆုံဆည်းခဲ့ကြပြီး.. ।

"မင်းအကြောင်းတွေ ရေးခိုင်းထားတာ ရေးဖြစ်လား.."

သူမက ပျာပျာသလဲခေါင်းညိတ်ပြသည်။ ပြီးတော့ သွားယူပြတော့ ကြည်ကြည်ခြေလှမ်းပြင်၏။ မင်းမြတ်စည်က သူမလက်ဖဝါးလေးကို ဆွဲထားကိုင်ပြီး.. ।

"နောက်မှကြည့်မယ်..မယူနဲ့.."

စကားနှင့်အတူ လက်ကိုချက်ချင်းပြန်လွှတ်ပေးမိသည်။ ပြီးတော့မှ...

"ဘာဖြစ်လို့ကိုယ့်ကို ကြောက်လန့်နေတဲ့ပုံစံကြီးဖြစ်နေတာလဲ.."

သူမက ဘာမှမတုံ့ပြန်ဘဲ လက်ဖဝါးလေးနှစ်ဖက် ဖိဆုပ်ထားတာ... လက်သီးဆုပ်လေးအတိုင်း။ မင်းမြတ်စည်ရဲ့အကြည့်တွေက သူမမျက်ဝန်းလေးထဲကို ထိုးဖောက်စူးနစ်နေသလိုရှိကာ သူမရဲ့ကိုယ်လက်လှုပ်ရှား... ဟန်တွေကို မဟုတ်ဘဲ မျက်ဝန်းစကားတို့ကို အမိအရဖတ်နေသည့်နှယ်... ပြီးတော့ မျက်တောင်ဖျားတို့အနည်းငယ် လှုပ်ခတ်သွားခဲ့ပြီး သက်ပြင်းချ... ကာ.. ।

"မင်းကိုယ့်ကို လက်မထပ်ရဲဘူးဖြစ်နေတာလား.."

ခေါင်းညိတ်ပုံက ပခုံးနှစ်ဖက်ကြားကနေ ပြုတ်ကျလာတော့မတတ်...

"ဘာဖြစ်လို့လဲ.."

သူမမျက်ဝန်းလေးတွေ ညို့ခနဲဖြစ်သွားသည်။ ပြီးတော့ မျက်လွှာချ... ပစ်ပြီး ခေါင်းလေးခါ၏။

"ကိုယ့်ကိုကြည့်ပြီးဖြေ.."

သူမကြည့်ဝံ့ပါ။ စူးရဲသည့်မျက်ဝန်းတွေဟာ ထူးဆန်းသည့်ရောင်စုံ... တန်းကဲ့သို့ ရင်ထဲထိထွင်းဖောက်နေသည်။ ထူထဲသည့်သူ့မျက်ခုံးတန်းတို့... နေရာမကျစွာ တွန့်ကုတ်သွားပြီဆို လက်ဖျားတွေအေးအောင် ကြောက်စ... ဒီယောက်ျားကိုမြင်စဉ်တည်းက သူမရင်တွေခုန်တာ တစ်ကိုယ်လုံးကိုဓာတ်... လိုက်နေတဲ့အတိုင်း။ ထို့ကြောင့် သူမအလွန်အမင်းကြောက်ပါ၏။ ထိုသူ... ဇနီးမယားမဆိုထားနှင့် အရေးပေးဂရုစိုက်ခြင်းကိုတောင် မခံယူဝံ့သည့်... သူမဘဝအောက်ခင်းကြမ်းပြင်.. ।

"ဟေ့.."

နှစ်ယောက်ကြားရုံစကားကို သူမတုန်ခနဲဖြစ်သွားလျှင် မင်းမြတ်စည်... စိတ်မကောင်းဖြစ်သွားမိသည်။ သူမလေးနဲ့သူရင်းနှီးဖို့လိုသည်။ ဒါက... သူ့ဘက်ကကြိုးစားရမှာဖြစ်သည်။ သို့သော် သူအချိန်မပေးနိုင်ခဲ့ပေ။ နောက်... ဆုံး တောကခေါ်လာပြီး စိမ်းသက်သည့်နေရာမှာ မသိသည့်လူတွေနှင့်ထား... ခဲ့ရသေးသည်။ ကိုယ့်ကိုယ်ကိုကလွဲပြီး မယုံကြည်တတ်သည့်သူ့စိတ်ကြောင့်...

...နိုင်သည့်သူငယ်ချင်း အပေါင်းအသင်းလည်းမထား။ ဆွေမျိုးရင်းချာဆို... စစ်ကိုင်းမှာရှိသည့် ဦးကျော်ဆိုသောအသက်ငါးဆယ်ကျော် လူပျို... ကြီးတစ်ယောက်ပဲရှိသည်။ ထို့ကြောင့် အိမ်မှာအတူရှိနေကြသည့် ဦးမျိုးဝေ... ခေါ်ထားအိတို့ သုမနောအပေါ် ကောင်းသလား မကောင်းကြဘူးလား... သူသေချာမသိ။ ကိုယ့်အပေါ်လေးစားသမှုရှိပေမယ့် သူမအပေါ်မှာရှိ... ...။ ကိုယ့်ရှေ့မှာကိုယ်မှာတာတွေကို စာနဲ့ရေးချမှတ်ထားတတ်... ...ယ့် ကွယ်ရာမှာဒါတွေလုပ်ရဲ့လား.. ।

ဒါလည်း သူသေချာမသိ။ မသိဘဲနဲ့ သူမကိုဝင်ကွက်အပ်ထားခဲ့သည်။ ...နိုင်သည့် အတွင်းစိတ်သဏ္ဌာန်ကို ဥပေက္ခာထားပြီး ကိုယ်ချစ်သည့်... ...လေးတစ်ယောက်ကို ဝင်ကွက်အပ်ခဲ့တာ သူမှားသွားနိုင်သည်။ ဒါပေမဲ့... ...ရခိုက်ပေ။ တောင်ယ်လေးက လူအနည်းငယ်နှင့် ပတ်ဝန်းကျင်ငယ်... ...မှာ သူမနေခဲ့သည်။ ကြွေးနဲ့သိမ်းခံရမည့်အဖြစ်ကို ကြောက်လန့်ထွက်... ...ရသည်။ သူ့လက်ထဲရောက်လာသည့်အချိန်မှာ ဒီလိုပုံစံမဖြစ်စေချင်။... ...မြတ်စည်ရဲ့မိန်းမက မင်းမြတ်စည်ရှေ့ကသွားရင် နောက်ကလိုက်လာရဲ... ...ကတော်ရှိရမည်။ အဖြစ်အပျက်တစ်ခုကို မှားသလားမှန်သလား သုံး... ...နိုင်ရမည်။ သုံးသပ်ချက်တိုင်းအပေါ်မှာ ဆုံးဖြတ်နိုင်တာကငါပဲဆိုသည့်... ...ကြည်ချက်ကိုမွေးရမည်။

ဒီအတွက် ဆွံ့အနေတဲ့မိန်းကလေးက ဖြစ်နိုင်ပါ့မလားဆိုရင် အဖြေ... ...ဖြစ်ရမည်'။ ထို့ကြောင့် သူမကို သူစိတ်မချပေမယ့် ထားခဲ့မိသည်။... ...ခေါ်ခဲ့ခြင်းနေတယ်ဆိုရင်တောင် အချိန်ကိုစောင့်ရတဲ့အလုပ်ကို သူဘယ်... ...ကိုမှလုပ်ချင်ခဲ့.. ।

"သုမနော.."

နာမည်ခေါ်လိုက်တော့ သူမမျက်နှာလေးမော့လာသည်။ ဆံပင်တွေ... ...ပြောင်သိမ်းထားပြီး ရှည်လျားသည့်ဆံနွယ်တွေကို နောက်မှာသားရေကွင်း... ...နဲ့ စုသိမ်းချည်နှောင်ထား၏။ ဒါပေမဲ့ နုဖက်နေသည့်မျက်နှာအလှ... ...ကတော့ ရင့်ရော်မသွားခဲ့။ ထို့ပြင် လှနေသည့်အစိတ်အပိုင်းလေးတွေမှာ... ...ကြည်းနည်းလေးမှ ယုတ်လျော့ပြောင်းလဲသွားတာမဖြစ်။ ထိုမျက်နှာ... ...ကို သူငေးကြည့်မိရင်း.. ।

"ဘာဖြစ်လို့ကိုယ့်ကို လက်မထပ်ရဲတာလဲ..မင်းနဲ့ကိုယ်ကြားမှာ ဘာ
အတားအဆီးမှမရှိဘူး၊ ကိုယ်ဆိုလိုတာက မင်းဘက်ကလိုအပ်ချက်ဘာ
နေနေ ကိုယ့်ဘက်ကဘယ်လိုအခြေအနေရှိရှိ ကိုယ်တို့နှစ်ယောက်ကလွဲပြီ
သူ့ဘက်ကိုယ်ဘက်ဆိုတာ မရှိဘူး..ထပ်ပြီးရှင်းရှင်းပြောမယ်၊ ကြောက်
မယ့်သူ ဘယ်သူမှမရှိဘူး.."

သုမျက်လုံးထဲမှာ ဒေါ်ထားအိကိုကွက်ခနဲမြင်၏။ သို့သော် သူကိုယ်
ကိုစိုက်ကြည့်လိုက်ရင် သိသွားတော့မလိုလို ဖျတ်ခနဲမျက်လွှာချမိ
ရင်ထဲမှာ ပြန်ပြောနေမိတာက 'ကိုကြီးကိုကျွန်မမယူဘူး..'

"မင်းကိုကိုယ်ချစ်တယ်.."

ဘယ်တုန်းကလဲ.. ဘာကြောင့်လဲ..

သုစကားမပြောနိုင်ဘူး.. ဝါးထရံနဲ့တဲကုတ်သာသာထဲက ကြွေးနစ်
တဲ့ငရဲတွင်းထဲက ကိုကြီးဆွဲခေါ်လာခဲ့တာ.. အဲ့လိုမိန်းကလေးကို ကိုကြီး
ချစ်တယ်ဆိုတာ..

"ချစ်တယ်ဆိုတာ သက်သေပြချက်တော့မရှိဘူး..သက်သေပြဖို့လို
ရင်တောင် ကိုယ်ကပြမှာမဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အချစ်ဆို
သန့်ရှင်းပုစ္ဆာမှမဟုတ်တာ..တစ်ယောက်ယောက်က သတ်မှတ်စီရင်ပေးခွင့်ရှိ
အရာလည်း မဟုတ်ဘူး၊ အချစ်က အလိုအလျောက်ကူးစက်တာ..ကိုယ်မ
အပေါ်မှာချစ်နေတယ်..အဲ့ဒီအချစ်ကမှန်ရင် မင်းဆီကူးစက်မှာပဲ၊ အဲ့ဒီ
တွက် ကိုယ်ဘယ်လောက်ချစ်ပါတယ်လို့ ဘယ်တော့မှသက်သေပြမှ
ဟုတ်ဘူး.."

သုကငေးကြည့်နေသည်။ မေးခွန်းတစ်ခုခုမမေးမချင်း စကားပြော
နေရင် ငေးကြည့်နေတတ်သည့် မျက်ဝန်းလေးတွေကို သူချစ်သည်။ ဖျတ်ခ
မျက်လွှာချပစ်တိုင်း စိုက်ဆင်းသွားတတ်သည့် မျက်တောင်ဖျားလေး
ကို လက်ညိုးနဲ့အသာလေးထိကြည့်ချင်သည်။ သို့သော်.. ।

"မနက်ဖြန်ညနေ ကိုယ်တို့လက်ထပ်စာချုပ်.."

စာချုပ်အသံကြားတာနှင့် သူမခေါင်းတွင်တွင်ခါလေသည်။ မင်
မြတ်စည်က ဘာမှမပြောဘဲ စိုက်ကြည့်နေ၏။ သူမခြေလှမ်းဆုတ်လိုက်ပြီ
ခိုင်ခိုင်ရပ်ဖို့ပြင်သည်။ ပြီးတော့ နှုတ်ခမ်းလေးဟလာ၏။ ပြီးတော့ လ

ထားပါလာကာ တစ်ခုခုပုံဖော်ဖို့ကြိုးစားလျှင် ထိုလက်လေးကိုလက်တစ်ဖက်
မင်းဆုပ်ထားလိုက်ကာ.. ।

"ကိုယ့်ကိုအဲ့လိုပုံစံနဲ့ ဆက်သွယ်ဖို့မလိုဘူး.."

သူမလက်လေး တွဲလွဲကျသွားတဲ့အထိ ဆွဲယူချလိုက်ပြီးမှ.. ।

"မင်းဘာပြောချင်တာလဲ..ကိုယ်မင်းမျက်လုံးထဲမှာမြင်တယ်.."

ဘာပဲဖြစ်ဖြစ် ထပ်ပြောချင်နေသည့် ခေါင်းခါခြင်းသည် လက်ထပ်
ကို အကြောက်အကန်ငြင်းနေတာဖြစ်၏။ မင်းမြတ်စည် တစ်ဖက်လှည့်
ထားသည်။ ဘောင်းဘီအိတ်ထဲက စီးကရက်နဲ့မီးခြစ်ကို ထုတ်ယူလိုက်ပြီး
ညှိုဖို့လုပ်နေကာမှ.. ।

"ဘာကိစ္စလဲ.."

ရုတ်တရက်သူဘာပြောလိုက်မှန်း သုမသိလိုက်.. ।

"ဟိုကြီးကြီးက.."

"ဘယ်သူကဖြစ်ဖြစ် ငါမခေါ်ဘဲမလာနဲ့.."

"ဟုတ်..ဟုတ်ကဲ့ပါရှင့်.."

သု နှုတ်ခမ်းလေးဟနေသည်။ တံခါးဘက်ကိုမျက်နှာမူထားတာ
ကြောင့်မဟုတ်ဘဲ အရိပ်ထင်သည့် မှန်ချပ်ကိုလည်း သူကျော်ခိုင်းထားတာပါ။
ခေါ်ဝကိုရောက်လာတဲ့လူက အသံမပေးရသေးဘဲ သူဘယ်လိုသိတာလဲ..။
ဒီအတွက်အထူးအဆန်းများကို မင်းမြတ်စည်ပဲပေးနေသည်။ ထိတ်လန့်
ခြင်းဖွယ်အသံသြဇာနှင့် အမိန့်တွေပေးပြီး အားလုံးကိုထိတ်လန့်တုန်လှုပ်
စေနိုင်တာလည်း မင်းမြတ်စည်။ သူမအလှည့် ဘယ်တော့ရောက်မလဲ.. ।

သုပခုံးလေးကျုံ့သထက်ကျုံ့၏။ ပြီးတော့ သူမမြင်ခင်မှာ နောက်
ကွယ်သွားမိသည့်ခြေလှမ်းတွေက တမင်တကာခိုးချောင်ခိုးဝှက်ပြုမိတာ
ဟုတ်ဘဲ ကိုယ့်ကိုယ်ကိုဘာဖြစ်သွားတယ်ဆိုတာ မသိလိုက်မိ.. ।

"ချောက်.."

မီးခြစ်ခတ်သံမှာ သုတစ်ကိုယ်လုံး တုန်သွားခြင်းသည်.. ।

"ကိုယ်တို့ဆွေးနွေးမှုဖြစ်မယ်..မင်းပြန်ထိုင်ဦး.."

သုခေါင်းမခါရဲတော့ပေ။ ဒါသူ့အိပ်ခန်းဆိုတာလည်း မသိတော့ဘဲ
အမိန့်သူ့သြဇာသည် ကိုယ့်ဘဝဖြစ်သွားခဲ့လျက်.. ।

"သုမနော.."

သု ဆတ်ခနဲမော့ကြည့်သည်။ ခေါ်လို့မော့ကြည့်တာထက် လန့်သွား
တာမျိုးမို့ စီးကရက်ရှိုက်ရင်း သူမျက်လွှာစင်းကြည့်သည်။ ပြီးတော့ သူ
ဘေးမှာဝင်ထိုင်လိုက်ပြီး.. ।

"မင်းရဲ့ဂုဏ်သိက္ခာအတွက် ကိုယ်တို့လက်ထပ်ထားမှဖြစ်မယ်..ဒါ
မဖြစ်မနေလုပ်ရမှာ၊ နောက်တစ်ခုက အဲ့ဒါကြောင့် မင်းထိတ်လန့်နေဖို့မ
ဘူး..ကိုယ်မင်းကိုသားမယားလိုမနေဘူး၊ မင်းစိတ်ဆင်းရဲအောင် မလုပ်ဘူ
လက်ထပ်ထားတဲ့အတွက် မင်းဘက်မှာဘာတာဝန်မှ ပိုမှာမဟုတ်ဘူး.."

သုမျက်လွှာချနေတော့ မင်းမြတ်စည်က မျက်နှာချင်းဆိုင်ဆိုဖာ
ပြောင်းထိုင်လိုက်သည်။ ပြီးတော့..

"ကိုယ့်ကိုကြည့်.."

သု ရင်တွေတဒိန်းဒိန်းခုန်နေသည်။ ကြောက်လို့ ဒူးတွေပါတုန်
၏။ သူမပေါင်ပေါ်မှာ လက်လေးနှစ်ဖက်ဖိဆုပ်ထားတာကိုကြည့်ကာ
မြတ်စည်ရဲ့ပြောမယ့်စကားတွေက ဆွဲတင်းထားသည့်သားရေကြိုးကို
ဖက်စလွှတ်ချလိုက်သည့်နှယ်.. ।

"မင်းနားလည်ဖို့ ခက်နေတာတွေ နောက်မှဆွေးနွေးမယ်..အခုလ
ထပ်ရမယ်ဆိုတာ ခေါင်းထဲထည့်ထား၊ အိုခေ.."

သူနေရာမှ ထလာခဲ့သည်။ သုရဲ့အဆုံးထိပျော်ကျမျောပါနေသည
စိတ်တွေကို သူဘယ်လိုဆယ်ယူရမလဲ..။ သူမအတွက်အချိန်ထုတ်နှုတ်
ဆပ်ဖို့ ခဲယဉ်းနေသောသူ့အတွက် သူမနဲ့လက်ထပ်ခရီးဆက်ဖို့ ဘယ်လိုကြ
စားယူရမလဲ.. ।

ကိုယ်သည် အချိန်စက်ဝန်းပေါ်မှာ အမီလိုက်ပြေးလွှားနေသူဖြစ်လ
သူမသည် တဖုတ်ဖုတ်ပြိုလဲကျန်ရစ်ခဲ့ဖို့ အဆင်သင့်ဖြစ်နေခဲ့သော..

♥♥♥♥♥

အခန်း(၉)

"ထမင်းစားဖို့ အားလုံးအဆင်သင့်ပဲကိုစည်.."

"လာပါ..သူ့ဘေးကိုစောင့်နေတာ.."

ခုထိ သူ့ဘေးနေတုန်း..

ကိုယ့်ယောကျ်ားကိုကြည့်ပြီး အသည်းတွေယားနေမိသည်။ မင်းမြတ်
ကတော့ သူ့ကိုရှိသေနေရမည်လည်း မပြော။ လေးစားပျဝပ်နေမှကြိုက်တဲ့လူ
ကျိုးလည်းမဟုတ်။ လူကြီးလူငယ်မရွေး 'ကျုပ်'လို့ပြောတတ်ကာ များ
ကောအားဖြင့် အန်ကယ်လ်တွေအန်တီတွေ ခေါင်းစဉ်တပ်မပြောတတ်တော့
ကတော့ကသူ့အကျင့်။ သူကလည်း လေးစားသမှုမထား။ သူ့ကိုမလေးစား
ကလည်း ဂရုမစိုက်။ ဒါနဲ့တောင် ဘယ်လူကြီးမင်းလစာနဲ့ သူ့ဘေးကိုနှုတ်
ကပ်ရှုတ်နေတာလဲ..။ ဒီလိုဆက်ဆံနေသရွေ့ မင်းမြတ်စည်ရဲ့ခြေဖဝါး
ကတော်က တက်ရပါ့မလား..။ ကိုယ့်နားမှာပန်ထားသည့် ရတီစိန်ကြီးကို
ကြည့်သောပွတ်မိရင်း ရင်ကိုဖွင့်၍ထိုင်သည့်ဟန်ကိုပြင်သည်။ ပြီးတော့ မျက်
ကတော်ကို ခေါ်၍..

"ထိုင်..ဟောဒီမှာ မင်းရောက်နေတုန်း အကြိုက်တွေ့အောင် ဟင်းတွေ

ချက်ထားတာအများကြီးပဲ.. ဒီတစ်ခါပြန်ရင် ကြိုက်တာတွေပြောပြထားခဲ့
ချက်မယ့်ပြုတ်မယ့်လူလည်း အဆင်သင့်ပဲ..ကောင်မလေးတွေက ဟင်းချက်
ကောင်းမှကောင်း.."

စားပွဲထိပ်မှာ မင်းမြတ်စည်ကဝင်ထိုင်ကာ.. ।

"သုမနောကို သွားခေါ်ပါ.."

ဒေါ်ထားအိမျက်နှာပျက်သွားသည်။ ကြွမလိုထမလိုဖြစ်သွားပေမယ့်
ခန္ဓာကိုယ်ကလေးဖင့်နေစဉ် မင်းမြတ်စည်ကင့်ကြည့်တာနှင့် ကိုယ်သည်မတ်
ခဲ့ဖြစ်လျက်.. ।

"မိဝေရေ..သုမနောကိုခေါ်ခဲ့.."

လန့်ဖျန့်အော်သလိုကြီး သိသာသွားသဖြင့် ယောက်ျားဖြစ်သူကို
လုံ့မလဲကြည့်မိ၏။ ဦးမျိုးဝေက ပြုံးနေလျှင်.. ।

သေနာကောင်..

"အပြင်မှာ သန့်ရှင်းရေးလုပ်နေတာ ဘယ်သူလဲ.."

"သြော်..အဲ့ဒါကလေ တို့ရဲ့တူမဝမ်းကွဲနရီတဲ့၊ ဆွေမျိုးတွေဆီမှာ ကြီး
ပြင်းခဲ့ရတဲ့ မိဘမဲ့လေးပါ.. အခုဘွဲ့ရပြီးပါပြီ၊ မြို့ပေါ်မှာအလုပ်ကောင်
ကောင်းလေးရအောင် သင်တန်းတွေဘာတွေတက်ချင်ပါတယ်ဆိုလို့ ခေါ်
ထားတာ.. သုမနောလည်းအဖော်ရမယ်..သူကလည်း ဘာပဲလုပ်ရလုပ်ရ ဝိုင်း
ကူပါ့မယ်တဲ့.."

ပြောနေရင်း ထမင်းတွေဟင်းတွေ ခူးခပ်ထည့်ပေးရင်း အကဲခတ်ခြင်း
ကိုလည်း မပြတ်ဘဲ.. ।

"သုမနောနဲ့လည်း မိတ်ဆက်ပေးပြီးပါပြီ..သူတို့အဆင်ပြေတယ် သိ
လား.."

ပြောနေကြရင်း သုကိုမိဝေကခေါ်လာသည်။ သုသည် ဆုတ်ကန်ကန်
လေးလျှောက်ဝင်လာလျက် မင်းမြတ်စည်ဘေးကြည့်လိုက်တော့ မိဝေတို့ခေါ်
ရပ်သွားသည်။ သုလည်း ခြေလှမ်းရပ်သွားလျှင်.. ।

"လာလေသမီး..လာ လာ မကြောက်နဲ့.."

ဒေါ်ထားအိမျက်နှာကြီး ပြုံးအီနေကာ.. ।

"ငါ့ချွေးမလောင်းက တောမှာကြီးပြင်းလာတော့ အိမ်ကိုကြောက်ရ

ကိုကြောက်ရနဲ့ကိုး..သနားပါတယ်၊ လာလေ.."

နေရာမှထပြီး သွားခေါ်သည်။ မင်းမြတ်စည်ဘေးမှာပဲ နေရာချပေး
ပြီးတော့ စိတ်ထဲကနေ အားပါးတရလှောင်ရယ်နေခဲ့လျက် 'လာခဲ့
တောသူအနုပ်စုတ်ဂုတ်စုတ်မ၊ လင်ရှိတုန်းကောင်းကောင်းလေး စား
ထားလိုက်..နင်တစ်စက်မှ မျိုမကျအောင် ငါလုပ်ပြမယ်..' အပြတ်အသတ်
ကြိမ်းဝါးလိုက်ပြီး ကိုယ်တိုင်ပန်းကန်လှန် ကိုယ်တိုင်ထည့်ပေးပြီး.. ।

"ရော့..သမီး ရော့စား.."

ဇွန်းနဲ့ခပ်ရင်းလေး တယုတယတပ်ပေးလိုက်သည်။ ပြီးတော့.. ।

"သမီးက ဇွန်းခရင်းကိုင်တာ အဆင်ပြေမှာမဟုတ်ဘူး..ငါးသလောက်
ချင်းလေးနဲ့စားလိုက်နော်၊ ဒီမှာ ချဉ်ဟင်းလေးနဲ့.."

သု ဒီအခန်းထဲကို တစ်ခါမှမဝင်ခဲ့ဘူးပေ။ ကျယ်ပြောသည့်ထမင်း
အိုးကြီး မှန်ရောင်လက်လက်ထနေတာမြင်တည်းက တစ်လှမ်းမှဆက်
ကိုမလာချင်ခဲ့။ ဇွန်းခပ်ရင်းဆိုတာကြီးက ပြူးပြဲခြောက်လန့်နေ၏။ ထမင်း
ကိုလက်နဲ့မစားဘဲ ဘာဖြစ်လို့ဒါကြီးတွေနဲ့ စားကြတာလဲ..။ မင်းမြတ်စည်ရဲ့
ဘေးမှာ ထိုင်လိုက်ရခြင်းကြောင့် ဒီဇွန်းနဲ့ခပ်ရင်းကို သူမမဖြစ်မနေကိုင်
ရတော့မည်မှန်းလည်း သိနေသည်။ ဒါပေမဲ့ သူမမကိုင်တတ်.. ।

"စားလေ သု.."

မင်းမြတ်စည်က ငဲ့ကြည့်နေရင်း သူမမျက်တောင်ဖျားအောက်က
ချက်ချန်းလေးတွေကိုပါ မြင်အောင် ကြည့်သည်။ လူတွေအားလုံးထဲမှာထက်
ဆုံးရှေ့မှာပိုကြောက်နေမှန်း သူသိသည်။ ပြီးတော့ ဇွန်းခပ်ရင်းမကိုင်တတ်
သည့်ခုကွန့်နှင့် သူမမှာအခက်အခဲတွေ စုပြုံနေရှာမည်။

"ဒေါ်ထားအို..သုကိုလက်ဆေးရေယူပေးလိုက်ပါ.."

ကြည့်စမ်း.. ဒေါ်ထားအိမျက်နှာတင်းသွားသည်။ သို့သော် ချက်ချင်း
ပြုံးညိတ်လိုက်ကာ.. ।

"မိဝေရေ..လာစမ်း၊ လက်ဆေးရေယူလာခဲ့..ဒီမှာ.."

လူကိုဒါမျိုးခိုင်းစရာလား..။ နေရာဆိုတာ မင်းမသိရင်သိအောင်လုပ်
ပြမယ်မင်းမြတ်စည်..မင်းရဲ့ဂရုမစိုက်ခြင်းတွေ တဖြည်းဖြည်းပျောက်လာ
ပါမယ်.. ।

"ရော့..ရော့ ဒီမှာလက်ဆေး၊ သူ့ကိုဇွန်းခပ်ရင်းနဲ့စားတတ်အောင် သ
ပေးနေရတာလည်း အန်တီရောက်လာတည်းက သင်ပေးနေတာပါကိုစည်
ရယ်..သင်ရတဲ့လူသာမောတယ်၊ တကယ်ပါပဲ..ဟွန်း ဟွန်း.."

သူမျက်မှောင်ကုတ်သွားသည်နှင့် ဒေါ်ထားအိအသံလည်း တိ
ပြတ်၏။ သို့သော် နှုတ်ခမ်းတွေကပြုံးယောင်သမ်းနေခဲ့၏။ လက်ဆေး
သည့် သုရဲ့လက်လေး တဆတ်ဆတ်တုန်နေတာကို မြင်နေရတော့ အကြီ
အကျယ် အားရကျေနပ်ခဲ့လျက်.. ।

ကြည့်လိုက်စမ်းမင်းမြတ်စည်..လူတောမတိုးပ့ဲလို့ လက်တုန်ခြေတု
ဖြစ်နေတဲ့ နင့်ရဲ့တာဇံမ..

စိတ်ထဲမှာ ကောင်းကောင်းကြီးကြိမ်းဝါးနေမိသည်။ မြင်လည်းမြ
စေချင်၏။ သို့သော် ဖုန်းမြည်လာသဖြင့် မင်းမြတ်စည်မျက်လုံးတွေ
ဒီဘက်ကိုမရောက်လိုက်.. ।

"တောက်..ဒီဖုန်းစုတ်ကတစ်မျိုး.."

ခပ်ကြိတ်ကြိတ်တက်ခေါက်ကျန်ခဲ့ရင်း သုကိုကြည့်လိုက်မိသည်

"အဟမ်း.."

ဦးမျိုးဝေက ချောင်းဟန့်လိုက်တော့ မျက်လုံးကထိုဆီရောက်သွား
သုကို သူမတစ်ခုခုပြောတော့မည်ကို ကြိုသိနေသလို ဦးမျိုးဝေကမျက်မှော
ကုတ်ပြီး ခေါင်းခါပြနေ၏။ ဒေါ်ထားအိက ဒေါသထွက်နေသည့်ပုံလုပ်
လျှင် 'မလုပ်နဲ့'ဆိုသည့် အသံတိတ်စကားနှင့် နှုတ်ခမ်းလှုပ်ပြပြီး သတိ
သည်။ သို့သော်.. ।

"ဒီမှာမိသု..ငါပြောတာနားထောင်စမ်း၊ ငါ့ကိုအံ့တုဖို့ နည်းနည်
စိတ်မကူးနဲ့နော်..ဒီမှာထွက်မစားချင်ပါဘူး၊ နောက်ဖေးခန်းထဲမှာပဲ စား
စေဆိုတာ ညည်းရဲ့ရှေ့'အ'ပညာနဲ့ သူနားလည်အောင်ပြော..ကိုယ့်ပန်းတ
ကိုယ်ဆွဲပြီး ဒီစားပွဲကထွက်သွား၊ ပြောတာကြားတယ်နော်..သူပြန်ဝင်
တာနဲ့လုပ်.."

သုမျက်လုံးပြူးသွားသည်။ ဒေါ်ထားအိကိုလှည့်ကြည့်လိုက်
သူမကပိုပြီး မျက်လုံးပြူးထားကာ အံကြိတ်လက်သီးဆုပ်ပြနေ၏။ သုဖျတ်
နဲ့ မျက်လွှာချပစ်၏။ သူမဘာလုပ်ရမလဲ..။ ဒီလိုလုပ်ပြလိုက်ရင် ကို

သထွက်မှာ..ငါ့ကိုကိုင်ပေါက်ပစ်မှာလား..။ စားပွဲကိုလက်ဝါးကြီးနဲ့တ
ရိုက်ပြီး ငါ့ကိုဆူမှာလား..။ နှလုံးခုန်သံသည် ရင်ဘက်ကြီးတစ်ခုလုံ
ကြွတက်လာနေသလို တဒုန်းဒုန်းတိုးဆောင့်လာ၏။ ကြောက်ရမှာ
ကိုယ့်ကိုအမြဲတမ်းခြိမ်းခြောက်ရိုက်ပုတ်နိုင်သည့် ဒေါ်ထား
ကိုပိုကြောက်ရမည်။ ဒေါ်ထားအိ ကျေနပ်ဖို့ပဲလိုသည်။ ကိုကြီးက ငါ့ကို
ကယ်တင်ခဲ့တာ..ငါအဆင်ပြေသလို သွားစားလို့ပဲပြောမှာပါ..

ပင့်သက်ရှိုက်လို့လည်းမရ။ တံတွေးမျိုချ ခါးဆန့်ထားပေမယ့် မ
ဆောင်မြင်။ တံတောင်ဆစ်တွေမလှုပ်ချင်။ လက်ဖျားတွေကိုဆုပ်ကြည့်ပေ
ရ။ သူမတစ်ကိုယ်လုံး အကြောက်တရားတို့သာ ဖုံးလွှမ်းနေခဲ့လျက်..

"လက်တွေရေနှုးအောင်ဆေးနေရလားကွ..တော်ပြီ ထမင်းစား.."

မင်းမြတ်စည်ပြန်ဝင်လာတော့ သုလက်လေးကိုရေဇလုံထဲက ဆွဲယူ
ကိုင်ပြီး ရေစစ်သလိုသူ့လက်နဲ့ တစ်ချက်ဖျစ်၏။ ပြီးမှ ထမင်းပန်းကန်
ဆီတောင်ပေး၍.. ।

"ကိုယ်ကထမင်း အိမ်မှာစားတာမဟုတ်ဘူး..မင်းနဲ့အတူစားမလို့ ပြင်
ထားတာ.."

သုကလက်ချောင်းတွေကို ဖိဆုပ်ပစ်လိုက်ပြီး သူ့ကိုလှည့်ကြည့်သည်။
ကြည့်ကြည့်နေသဖြင့် မျက်လုံးချင်းဆုံသွားကြလျှင် အားတင်းထားသမျှ
ခေါင်းတွင်တွင်ခါပြီး နေရာမှထရပ်၏။ ဒေါ်ထားအိက ကိုယ့်ပန်းကန်ကို
ပြီး ထွက်သွားဖို့ပြောခဲ့ပေမယ့် ကိုယ့်ပန်းကန်ဆိုတာကြီးကိုလည်း ဆွဲမ
ထားခဲ့သေး။ ခေါင်းခါရင်း နောက်ဆုတ် ရပ်လိုက်မိသည်။ ထိုအခါ ထိုင်ခုံနဲ့ခြေ
ထောက်မလွတ်မလပ်ဖြစ်သွားပြီး လူကယိုင်ခနဲ.. ।

"ဟော့.."

မင်းမြတ်စည်က သုလက်လေးတစ်ဖက်ကို ဖမ်းကိုင်ပြီး ထိန်းပေးထား
လိုက်... ।

"ဘာဖြစ်လို့လဲသု.."

သူမသည် ထမင်းပွဲတွေကို သရဲတစ္ဆေတစ်ကောင်လို ငဲ့ကြည့်ပြီး မျက်
ရောက်ခင် မျက်နှာလွှဲသည်။ ပြီးတော့ ခေါင်းခါနေရင်း အိမ်နောက်
ကို လက်ညှိုးထိုး၏။ မင်းမြတ်စည်က ထိုလက်လေးကို လှမ်းဆွဲပြီး

အောက်ပြန်ချစေလျက်.. ।

"ဘာဖြစ်လို့နောက်မှာ စားရမှာလဲ..ဒီအိမ်မှာ ကိုယ်နဲ့မင်းနှစ်ယောက်
တည်းပဲ မိသားစုရှိတာ၊ နှစ်ယောက် အတူတူစားရမှာပေါ့.."

မိသားစုဆိုသည့် စကားတစ်ခွန်းသည် သုရင်ထဲကို နွေးဖ်ိုဆွတ်
သော စီးကြောင်းတစ်မျိုး စိမ့်ဝင်စီးမျောသွားခဲ့၏။ သူမသည် မိသားစုမပြ
နှင့် မိဘတောင်မရှိတော့သော..

"ဒီမှာပဲစားရအောင်..ပြန်ထိုင်.."

သူမမော့ငေးနေမိတုန်း မင်းမြတ်စည်က လက်ကိုဆွဲ၍ သူကိုယ်တို
ခုံပြန်ဆွဲကာ သုပြန်ထိုင်ဖြစ်အောင် နေရာချလိုက်ရင်း.. ।

"ဦးမျိုးနဲ့ဒေါ်ထားအိတို့ တခြားမှာသပ်သပ်ခွဲစားပါ.."

ဒေါ်ထားအိ ဆတ်ခနဲဖြစ်သွားသည်။ အံ့သြမှင်တက်ကာ ဒေါ
ထွက်ဖို့တောင် မေ့သွားခဲ့သည်။ ဦးမျိုးဝေကတော့ ကမန်းကတန်းနေရာ
ထသည်။ ပြီးတော့.. ।

"မိဝေ..ဒီမှာဝိုင်းကူသိမ်းပေးစမ်း.."

မိဝေကို အသံကျယ်ကျယ်လှမ်းခေါ်လိုက်တာက ဒေါ်ထားအိဝ
တုတ်မေ့နေတာကို သတိရအောင် ဖြစ်သည်။ ဒါကိုမင်းမြတ်စည်နောက်ထ
ပြောလာရင် ဘယ်လိုမှသက်တောင့်သက်သာရှိမှာမဟုတ်။ ဒီမိန်းမကို သူ
တိပေးခဲ့ပါသည်။ မင်းမြတ်စည်နဲ့ထမင်းတစ်ဝိုင်းတည်း မစားဖို့။ မင်းမြ
စည်က ခွဲခြားဆက်ဆံတတ်တဲ့သူမဟုတ်။ အထူးသဖြင့် လူလေးစားခံ
ကြီးစားတာမျိုးလည်း မမြင်ခဲ့ဘူးပေ။ ဒီကောင်လေး ဘာမှမပြောတို
ထားအိတို့မာန်တွေတက်နေသည်။ ကိုယ့်လောဘနဲ့ကိုယ် တကယ်တ
နောက်ဖေးခန်းထဲရောက်သွားခဲ့ရတာ ကိုယ်သာဖြစ်ကာ.. ।

"တွေ့မယ်..တွေ့မယ် ဒီအ'အ'မ.."

ဒေါ်ထားအိ လက်သီးနှစ်ဖက်စုံဆုပ်၍ ကြိမ်းဝါးနေတာ မပြီးနိုင

♥♥♥♥♥

အခန်း(၁၀)

"အမလေးအဒေါ်ရယ်..ဒေါ်ဒေါ်ထားမှာ ဘာအာဏာပါဝါမှမရှိပါ
..."

နှစ်ယောက်စလုံး အပြင်ထွက်သွားတာနှင့် နရီဖုန်းတစ်လုံးကိုင်ပြီ
ခေါ်ဆင်းလာခဲ့သည်။ ပြောချင်တာလျှာယားနေသည့်စကားတွေက အတင်း
ကြွေးကို ဖြစ်စေလျက်.. ।

"ပြောတော့ဖြင့် ကိုယ့်တူမကို သူ့ဌေးကတော်ဖြစ်အောင် နတ်ရေကန်
ကျွေးမယ်တဲ့.."

"....."

"နရီသိပါတယ်..ဘယ်သူက ကိုယ့်အကျိုးမရှိဘဲလုပ်မှာလဲ၊ ဒါပေမဲ့
မင်းမြတ်စည်က အချဉ်မှမဟုတ်တာ..ဟိုကမပြောချင်လည်းနေရော၊ ပြော
ကြည့်ပါဦးသလား မမေးနဲ့..မင်းမြတ်စည်နဲ့တွေ့တာနဲ့ ဒေါ်ဒေါ်တို့သတိဆွ
ပေါ်ပဲ..ဟီး ဟီး.."

"....."

"ဘယ်သူမှမရှိဘူး...မနက်ဖြန် မင်းမြတ်စည်ကလက်ထပ်တော့မှာ

လေ၊ သူယူမယ့်တောသူမက လူလူချင်းတောင် စေ့စေ့မကြည့်ဝံ့တဲ့မိန်းမ..ခင်
ပြောရဲတယ်၊ မကြာဘူး...အဲ့တောသူမကို သူပြန်ပို့ရတော့မှာ.."

"....."

"လှပေမယ့် စကားမှမပြောတတ်တာ..နေ့နေ့ညည ဘာသံမှမထွ
နိုင်တဲ့ အရုပ်ကြီးကို ဘယ်ယောက်ျားကကြာကြာ သည်းခံမှာလဲအဒေါ်ရ
နောက်ပြီး နရီဖြင့် အူတွေအသည်းတွေယားလိုက်တာ မပြောနဲ့တော့၊ မင်
မြတ်စည်လိုယောက်ျားမျိုးကိုရတာများ အဲ့တောသူမဘာထင်နေလဲမသိဘူ
ချေးတွင်းထဲက ချေးပိုးထိုးကောင်လိုပေါ့၊ မြသလွန်ပေါ်တင်ထားတာကို
နေနိုင်မထိုင်နိုင်.."

"....."

"ဘယ်ကလာ..လူကြမ်းကြီးရမှာလဲအဒေါ်ရယ်၊ ပြောရက်လိုက်တာ
မင်းမြတ်စည်ကိုသာရရင် မချမ်းသာရင်တောင် ကျေနပ်နိုင်တယ်၊ ကိုယ်
ပဲရှာကျွေးရကျွေးရပါ..ဟီး ဟီး ပါးသိုင်းမွှေးစိမ်းစိမ်းလေးတွေနဲ့ မျက်
ကောင်းကောင်း မျက်လုံးစူးစူး၊ နရီဆို သူ့ပုံစံနဲ့ ဆံပင်အရှည်ချထားတာ
ရေလည်ကြွေတာ..လမ်းလျှောက်သွားရင် သူ့ဘောင်းဘီခါးစပ်လေးက
တွန့်သွားပြီး အကျီခါးစပ်အတွန့်လေးတွေက သူ့ခြေလှမ်းအတိုင်း.."

"....."

"ခီ ခီ ခီ..တကယ်ပြောတာ၊ ဒေါက်ကလည်းမြင့်သေး..အဆီပိုဘာမ
ရှိဘူး၊ အဒေါ်သာမြင်ရင် သက်ပြင်းတောင်ချနိုင်မှာမဟုတ်ဘူး..အပျိုကြီ
တစ်ခါတုန်း အသက်ရှူမှားသွားမှာသိလား.."

ဟိုဘက်ကနေ ကဲတယ်သည်းတယ်တွေဖြစ်ကာ ခေါက်ချင်တယ်ထ
ချင်တယ်တွေ ကြိမ်းမောင်းနေပါပြီ။ သို့သော် ဖုန်းချပစ်တာလည်းမဟုတ
ဘဲ မေးမြန်းစပ်စုနေသည်ရှိရာ.. ၊

"ပြန်မလာပါဘူး...အကျကောက်တယ်ပြောပြော အကျန်စောင့်တ
ပြောပြော ဂရုမစိုက်ဘူး၊ အဲ့ဒီတောသူမ ရှေ့အမနဲ့ကွဲသွားတဲ့အထိ စိတ်ရှည်
လက်ရှည်စောင့်မယ်..မကွဲသေးရင်လည်း စောင့်မယ်၊ အဒေါ့်တူမပဲဟာ
ဟွန်း နရီနဲ့တောသူမ အကွာကြီးပါ၊ သူဘယ်လောက်ကြာအောင် သည်း
နိုင်မှာလဲ..အဒေါ်စောင့်ကြည့်နေပါ.."

နရီ အားပါးတရကြွေးကြော်ပြီး ဒီဘက်အလှည့်.. ၊

"အ.."

သူမရှေ့မှာ မင်းမြတ်စည်က မားမားကြီးရပ်နေ၏။ ရင်ဘက်ချင်း
ထိ ပစ်ကပ်သွားခဲ့ပြီး သူမ အလန့်တကြားပြန်ဆုပ်လိုက်သည်။
ယောက်ျားကို ခိုးကြည့်နေခဲ့ရသမျှ အနီးကပ်ဆုံး ပထမဆုံးမြင်လိုက်ရ
ကာ အဖြူရောင်ရှပ်အင်္ကျီဘောင်းဘီအဖြူနှင့် မီးခိုးရောင်ကုတ်အင်္ကျီ
ထားသည့်ပုံစံသည်.. ၊

"ဟို..ဟိုလေ.."

ချောလိုက်တာလို့ မပြောမိအောင်ထိန်းရင်း မျက်နှာလေးပြုံးယောင်
။ တိုက်မိမလိုဖြစ်သွားစဉ် ကိုယ့်ထံရောက်လာခဲ့သော သူ့ရဲ့ကိုယ်နံ့
ကို နမျောတသဖြစ်ရင်း.. ၊

"ပြန်..ပြန်ရောက်ပြီလား၊ ဟိုလေ.."

"ငါ့အိမ်မှာ မင်းလိုမိန်းကလေးမျိုး အလိုမရှိဘူး.."

"ဟင်.."

ထိုစဉ် ကားသံကြားလိုက်သဖြင့် မင်းမြတ်စည်က ကားသံကိုင့်ပြီးနားစွဲ
ပြီးတော့ သူမလက်မောင်းတစ်ဖက်ကို ဆောင့်ခနဲဆွဲယူလိုက်ပြီး..

"အ..နာတယ်၊ လဲတော့မယ်လို့..အား.."

သူဆွဲခေါ်သွားသည့်အတိုင်း တွန်းတွန်းတိုက်တိုက်ပါသွားခဲ့လျက်
ကနေဆင်းလာကြသည့် ဒေါ်ထားအိတို့စုံတွဲရှေ့မှာ ခရီးဆုံးကာ..၊

"ဟဲ့..ဟဲ့ ဖြည်းဖြည်းလုပ်ပါ.."

ရင်ခွင်ထဲပစ်ကျလာသည့် နရီ့ကိုယ်လေးကို ထိန်းဖက်ထားရင်း ဒေါ်
လဲမလိုပြိုမလိုတွေ ဖြစ်သွားသည်။

"ခင်ဗျားတူမကို ပြောမထားဘူးလား.."

"ဘာကိုလဲဟင်.."

"ကျုပ်ကမိန်းမမြင်ဘူးတဲ့ကောင် မဟုတ်ဘူးဆိုတာ.."

ဒေါ်ထားအိမျက်လုံးကြီး ပြူးကျယ်သွားကာ နရီ့ကိုကြည့်သည်။ ဦး
ကလည်ချောင်းရှင်းရှိ တံတွေးတစ်ချက်မျိုလိုက်ရင်း.. ၊

"သူ့ဌေးရယ်..သူကလည်း တောပိုင်းကပါပဲ၊ အပြောအဆိုမတတ်တာ

ရှိရင်.."

"သူ့လွတ်လပ်ခွင့်နဲ့သူ ပြောချင်သလိုပြောခွင့်ရှိတယ်..ကျုပ်ဘာ
ကလည်း မကြိုက်တာကိုပြောခွင့်ရှိတယ်၊ သူ့ကိုဒီမှာထပ်မမြင်ချင်ဘူး

ဒေါ်ထားအိ ပျာပျာသလဲဖြစ်သွားသည်။ ပြောပြီဆို မင်းမြတ်စည်
တစ်ချက်လွှတ်ရာဇေယ်က ပြင်ဆင်ချက်မရှိတတ်တာ သိနေသော်လည်
"ကိုစည်..ကိုစည်ရယ် နေပါဦး၊ သူ့ကိုသုသုလေးက သိပ်ခင်ထ
ရှယ်တူမိန်းကလေးချင်း အဖော်ရအောင် အန်တီကခေါ်ထားတာပါ.."

မင်းမြတ်စည် ခြေလှမ်းတုံ့သွားတော့ အားတက်သွားမိကာ..

"သူမရှိရင် သုသုမနေတတ်....."

"အဲ့ဒါခင်ဗျားပူဖို့မလိုဘူး.."

လှည့်မကြည့်ဘဲပြောကာ ခြေလှမ်းကျဲများနှင့် လျှောက်ထွက်ခ
သည်။ ဦးမျိုးဝေဒေါသတွေအကြီးအကျယ်ထွက်လာခဲ့လျက် တက်ခေ
လိုက်၏။ မင်းမြတ်စည်ကိုတော့ မဟုတ်ပေ..

"အဲ့ဒါမှတ်ထား..နောက်ဆို ငါတို့ပါမောင်းထုတ်ခံရလိမ့်မယ်.."

သတိပေးပြီး လှည့်ထွက်လာခဲ့သည်။ ဘယ်လိုအတွေးရှိင်း စိတ်
တွေနဲ့ မာန်တက်နေတဲ့မိန်းမလဲ..

မန္တန်တော်ရွတ်ပြီး တိုင်းပြည်တက်သိမ်းတဲ့မြေခွေးကို အားတ
တာလား..

♥♥♥♥♥

အခန်း(၁၁)

ခန်းနုရောင်ပိုးချိတ်လေးနှင့် ဆံပင်တွေကို ပန်းရောင်ခေါင်း
ကွင်းလေးနဲ့ စည်းချထားသဖြင့် သုပုံစံလေးကို ကြည့်လို့မဝနိုင်။
ခင်: မောလ်ကနေ သူမနဲ့လိုက်မယ်ထင်တာလေး
ဝယ်လိုက်ရတာမို့ အ ကျီကချပ်ချပ်ကပ်ကပ်တော့ သိပ်မရှိ။ ဒါပေမဲ့
ကို ယ်ခန္ဓာအလှက ဘယ်လိုအဝတ်အစားအောက်မှာမှ
ကွယ်သွားမှာမဟုတ်ပေ။ မိန်းမ လက်ဝတ်ရတနာဆိုတာလည်း
ရှိခဲ့သလို တစ်ခါမှလည်း မဝယ်ခဲ့ ဘူးသဖြင့် သိပ်အဆင်မပြေ။
ဆင်တာတွေ ဝယ်ခြမ်းပေးလိုက်တော့ သုပုံစံလေးက
ကလာဆောင်က သတို့သမီးပုံလေးသာ ထွက်လာခဲ့ ၏။

သူမကိုစိုက်ကြည့်ရင်း ပြုံးလိုက်မိသည်။ တစ်ယောက်တည်းအလုပ်
ကျ လက်ဝတ်ရတနာတွေအပေါ် စိတ်အိုက်နေရှာသည့်သုကို အခန်း
ပေါက်ကနေကြည့်နေရင်း အထဲကိုဝင်လာခဲ့သည်။ သူဝင်လာတာ
ကိုမြင်နှင့် သုမျက်နှာလေးပျက်သွားသည်။ ပြီးတော့ ကိုယ်လေးယိုင်သွား

"မင်းဆွဲကြိုးတွေ ကိုယ်ဖြုတ်ပေးမလို့.."

သူမခေါင်းခါဖို့ပြင်သည်။ ပြီးတော့ မခါဖြစ်။ ဖြုတ်ပေးစေချင်မိ[illegible] သို့သော် မဖြုတ်စေချင်။ ထိုအခါ သူမသည်လည်ပင်းကိုပြန်ကိုင်ထား[illegible] ရှေ့တိုးလာပေးမလို နောက်ဆုတ်ရှောင်တော့မလို။ မင်းမြတ်စည်က [illegible] နောက်ကိုရောက်သွားပြီဖြစ်ကာ.. ।

"ငြိမ်ငြိမ်နေ.."

သူ့လက်နဲ့လည်ဂုတ်ကို မထိတထိလှုပ်ရှားနေသည့်အချိန်သည် [illegible] ခေါင်းပေါ်ကို မိုးကောင်းကင်တစ်ပြင်လုံး ပြိုကျလာတဲ့အတိုင်း။ သို့တ[illegible] မဟုတ် အမြင်ဆုံးတစ်နေရာကနေ သူမပြုတ်ကျသွားသကဲ့သို့။ ရင်ထ[illegible] တလှပ်လှပ်တုန်ယင်နေသည်။ ထွက်ပြေးချင်စိတ်တွေဖြစ်နေသည့်အတ[illegible] ခြေချောင်းလေးတွေရှိသမျှ ကြမ်းပြင်ထဲသို့နစ်ဝင်တော့မတတ် အား[illegible] ကုတ်နေမိ၏။ သူမကြောက်နေတာကို မင်းမြတ်စည်လည်းသိသည်။ ထ[illegible] ပြေးချင်စိတ်ပေါက်နေနိုင်တာကိုလည်း တွက်မိနေသည်။ သို့သော် သူ[illegible] ရင်းနှီးဖို့အတွက် တမင်တကာ ထုတ်နှုတ်အချိန်ပေးဖို့ မဖြစ်နိုင်သည်မို့ [illegible] ရှိနေခိုက်မှာတော့ သူမကြိုက်သည်ဖြစ်စေ မကြိုက်သည်ဖြစ်စေ နီးစ[illegible] အတွက် သူ့ဘက်က ကြိုးစားရလိမ့်မည်။

"ဒီအိပ်ခန်းက နှစ်ယောက်အိပ်ခန်းပေမယ့် မင်းအတွက်ပဲပြင်ထ[illegible] တာ...ကိုယ်ဝင်အိပ်မှာမဟုတ်ဘူး.."

ဒါဆို သူကရော..

ဒါကိုအရင်စလို တွေးလိုက်မိသည်။

"ကိုယ်ကခရီးထွက်နေရတဲ့သူလေ..နောက်ကျရင် ကိုယ့်အလုပ်[illegible] ကြောင်းတွေ မင်းကိုပြောပြမယ်..ရော့.."

လည်ဆွဲနှစ်ကုံးကို ဖြုတ်လိုက်ပြီး သူမလက်ထဲထည့်ပေးရင်း လ[illegible] တစ်ဖက်က စိန်နဲ့နီလာကွင်းထားသည့် လော့ကက်နှင့်ဆွဲကြိုးလေးကို ထု[illegible] ယူလိုက်ကာ.. ।

"ဒါလေးက အမြဲတမ်းဆွဲထားရမယ်.."

ဆိုပြီးသူပဲဆင်ပေးမိသည်။ ပြီးတော့ သူမပခုံးလေးနှစ်ဖက်ကခ[illegible] မျက်နှာချင်းဆိုင် လှည့်ယူလိုက်ပြီး.. ।

"မင်းနဲ့ကိုယ်လက်ထပ်ပြီးပြီ..တစ်ယောက်ကို တစ်ယောက်ကပိုင်တဲ့ [illegible]အမှတ်.."

သူမလက်ဖဝါးလေးကို ဆွဲယူကာ ဘယ်ဘက်လက်သူကြွယ်လေးမှာ [illegible]ရွှပ်လေးဝတ်ပေးလိုက်ရင်း.. ।

"ကိုယ်ကလက်ဝတ်ရတနာတွေ ဝါသနာမပါဘူး..ဒါပေမဲ့ ဒါမျိုးက [illegible]ဝတ်ရတယ်ဆိုလို့ မင်းနဲ့ပုံစံတူဝယ်လာတာ.."

မောင်းကွင်းပုံစံလုံးချော လက်စွပ်လေးဖြစ်သည်။ ပုံစံကမဆန်းပြား[illegible] မှောင်လဲ့နေသည့်လက်စွပ်အသားက ဆန်းပြားတာတွေထက် ပိုပြီး [illegible]ဆောင်နေသည်။ လက်စွပ်နှစ်ကွင်းကို ပုံစံတူမြင်လိုက်ရသည့်အချိန်တွင် [illegible]နှုန်းမသိရှိနေဆဲရင်ထဲမှာ တသိမ့်သိမ့်ကျေနပ်ခြင်းက ငြိမ့်ငြိမ့်လေးဝင် [illegible]။ ကြောက်လန့်တုန်ယင်နေစဉ် တဒိန်းဒိန်းတုန်ခါနေသည့်ရင်ခုန်သံ [illegible]ကတော့ တိုးတိုးတိတ်တိတ်လေး လှုပ်ခတ်ခြင်းဖြင့် စတင်ခဲ့သည်။ ထိုအ [illegible]ခန်ဆောင်မှုကင်းခဲ့သော သူမမျက်နှာလေးက ပြုံးယောင်သမ်းနေခဲ့၏။ [illegible]ကိုမဝင်စားဘဲ လုပ်ဆောင်ခဲ့ရသည့်အရာရာအတွက် သူမပြုံးနေတာကို [illegible]ပြလိုက်ရသဖြင့် ဘဝတစ်ခုလုံးပြီးပြည့်စုံသွားသည့်နှယ်။ မင်းမြတ်စည် [illegible]ကျေနပ်စွာပြုံးလိုက်မိသည်။ ပြီးတော့.. ।

"ကိုယ့်ကိုပြန်ဝတ်ပေးမလား.."

သူမနားမလည်လိုက်သည့်မျက်ဝန်းလေးတွေနှင့် မော့ကြည့်သည်။ [illegible]မြတ်စည်က သူ့အတွက်လက်စွပ်ကို သူမမျက်နှာရှေ့တိုးပေး၍.. ।

"ကိုယ့်ကိုဝတ်ပေးဖို့ မင်းဆန္ဒရှိရဲ့လားလို့.."

လက်ချောင်းတွေဖြန့်ကားပေးလိုက်မှ လက်စွပ်ဝတ်ခိုင်းတာမှန်းသိ [illegible]။ သူမခေါင်းလေးညိတ်ပြီး လက်စွပ်ကိုယူ၏။ ပြီးတော့ သူ့လက်ကို [illegible]ကိုင်သည်။ ကြမ်းရှသည့်မွေးညှင်းတို့ အစင်းလိုက်တင်နေသော [illegible]ချောင်းတွေက လူပုံစံကြီးနဲ့စာလျှင် သေးသွယ်နေခဲ့လျက် မျက်နှာမှာအ [illegible]ပြုံးတာထက် လက်ဖဝါးတွေက ပိုနုပြီးနီမြန်းနေသည်။ သူမရှုတ်တရက် [illegible]လက်စွပ်ဝတ်ပေးဖို့ မေ့နေခဲ့၏။ သူ့လက်ကို ထိကိုင်မိသည့်အသိစိတ်မှာ [illegible]ချောပျော်ဝင်သွားခဲ့သည့် ခံစားချက်က ကျေနပ်နှစ်သက်ခြင်း.. ।

အကြောကြီးငေးကြည့်နေပြီးမှ သတိရပြီး မော့ကြည့်လိုက်တော့

ရယ်မြူးရိပ်သမ်းနေသည့် သူမျက်ဝန်းတွေက ကိုယ့်ထံမှာစူးစူးစိုက်စိုက်
သုတစ်ကိုယ်လုံးဖျင်းခနဲဖြစ်သွားသည်။ လက်လေးတွေပါတုန်ကာ ကိုင်ထား
သည့် လက်စွပ်က သူ့လက်ချောင်းထဲစွပ်မချရသေးခင် လက်ကလွတ်
သို့သော် လက်စွပ်ကိုမင်းမြတ်စည်က [illegible]ကားလိုက်ကာ.. ।

"ကိုယ်စောင့်နေတာပဲ..ဖြည်းဖြည်းပေါ့.."

သုမျက်နှာလေးငုံ့နေတာ ပြန်မမော့ရဲတော့ပေ။ သူ ကိုယ့်ကိုလှမ်
နေတာလား..။ မဟုတ်လောက်ပါဘူး.. သူ့ဘက်ကလှောင်မယ်ဆိုရင် ငါ
ဝကလှောင်ရယ်စရာတွေချည်းပဲ။ သူကအဲ့လိုလူစားမျိုးမဟုတ်ဘူး.. သုကိုယ်
စိတ်ကိုပြန်တင်းရင်း လက်စွပ်ကိုလက်သီးဆုပ်လေးထဲမှာ ဖိဆုပ်ပစ်မိသည်
ပြီးမှ အသာလေးပြန်ဖြည်လိုက်ပြီး သူ့လက်မှာချောချောမောမော
ချပေးနိုင်၏။ ပြီးတော့ လက်ကိုပြန်ရုတ်လိုက်လျှင် မင်းမြတ်စည်က သူ
လက်လေးကို ဖိဆုပ်ထားလိုက်ပြီး.. ।

"ဒီညတော့ ကိုယ်ဒီနေရာမှာပဲ မင်းနဲ့စကားပြောချင်တယ်၊ ဖြစ်တယ်
လား.."

သူမမယုံမရဲမျက်နှာလေးနှင့် မော့ကြည့်တော့ သူပြုံးလိုက်ကာ
ရာအစပ်မှာ ဝင်ထိုင်လိုက်သည်။ ပြီးမှ သူမကိုထိုင်ဖို့ မေးဆတ်ပြရင်း..

"ထိုင်ပါ..ကိုယ်တာဝန်ယူနိုင်ပါတယ်.."

သုက ခုထိဆုပ်ကိုင်ထားဆဲ လည်ဆွဲရတနာလေးကို ချထားလိုက်
ဖို့လည်း သတိရပုံမပေါ်။ တန်ဖိုးရှိပစ္စည်းမို့ မချရက် မပုံရက်မက်မောနေ
တာမျိုးနဲ့လည်းမတူဘဲ လက်ထဲမှာ တစ်စုံတစ်ရာရှိနေသေးတာကိုပါ မေ့နေ
သည့်အဖြစ်နှင့် သူနဲ့တံတောင်လောက်အကွာမှာထိုင်သည်။ သူကြည့်နေလေ
သူမအနေကျဉ့်လေမို့ မင်းမြတ်စည်က မျက်နှာလွှဲလိုက်ပြီးမှ.. ।

"မင်းအကြောင်းတွေ ကိုယ်ဖတ်ပြီးပြီ.."

သူကိုင်ထားသည့် စီးကရက်ကို မီးညှိလိုက်သည်။ သူမက စီးကရက်
မီးညှိတာကိုလည်း အထူးအဆန်းဖြစ်လျက် လည်ပင်းလိမ်အောင်ငေးလေ
သည်။ နောက်ထပ် ထူးဆန်းတာက သူမငေးကြည့်နေသည့်အရာသည် စီး
ကရက်နဲ့ မီးခြစ်ကိုမဟုတ်။ မီးခြစ်က မီးတောက်လေးဖျတ်ခနဲပျောက်သွားမှ
သူမသတိတရမျက်နှာလွှဲ၏။ မင်းမြတ်စည်က မီးခိုးငွေ့လေးတွေ အသာမှုတ်

[illegible]ရင်း ပြုံးနေကာ.. ।

"တော်တော်လှတယ်.."

စကားဖြတ်ထားပြီးမှ.. ।

"မင်းလက်ရေးတွေကို ပြောတာပါ..တကယ်ဆို မင်းနဲ့စကားအပြန်အ
[illegible]ပြောချင်တယ်၊ အဲ့လိုက မင်းကိုစာရွက်နဲ့ဘောလ်ပင်နမ်းပေးထားရမယ်..
[illegible]ရေးတာကို စောင့်ရမယ်၊ ကိုယ်အဲ့ဒါကိုမလုပ်ချင်ဘူး..မင်းကို သူလိုကိုယ်
[illegible]ချင်းချင်းပြောကြသလိုပဲ ပြောချင်တယ်၊ မင်းဆီက လူပ်ရှားဟန်တွေနဲ့
[illegible]ပြနေတာကို လုံးဝကိုမမြင်ချင်တာ.."

အဲ့ဒါ ရှင်လက်မခံနိုင်တာပေါ့ကိုကြီးရယ်..ကျွန်မက အဲ့လိုမိန်းမပါ
[illegible]ကိုမျိုး မပြည့်စုံခြင်းများစွာနဲ့ ပညာမဲ့တောသူလူမွဲပါ..ဒါကိုလက်မခံနိုင်
[illegible]ရှင်..

"ကိုယ်ပြောတဲ့သဘောက မင်းရဲ့ဘဝကို လက်မခံချင်တာမျိုးမဟုတ်
[illegible]မင်းကို အဲ့လိုဘဝမျိုးနဲ့ မြင်ကိုမမြင်ချင်တာ၊ မင်းစကားပြောနိုင်အောင်
[illegible]ဆေးကုပေးမယ်..ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကိုယ်ကြိုးစားမယ်၊ အဲ့ဒီ
[illegible]ခင်မှာ မင်းကသာမန်မိန်းကလေးလိုပဲ နေတတ်အောင်ကြိုးစားပါ..ငါ
[illegible]ကြီးက လူချင်းမတူတဲ့ ဘဝကြီးပါဆိုတဲ့ အတွေးတွေ နောက်ထပ်မတွေး
[illegible]ကြေကွဲဝမ်းနည်းပြီး အချိန်မကုန်နဲ့၊ လူဖြစ်လာတာကိုက ရှုန်းကန်
[illegible]ကောင်းသထက်ကောင်းတဲ့ အခြေအနေကိုဖန်တီးနိုင်မှ လူပီသမယ်.."

စကားရပ်လိုက်တော့ သူမကလှည့်ကြည့်သည်။

"အခု မင်းက ကိုယ့်ဇနီးဖြစ်နေပြီ..ကိုယ့်ယောကျ်ားဘယ်လိုလူလဲဆို
[illegible]နားလည်ဖို့ကြိုးစားရမယ်၊ ကိုယ်နဲ့ရှေ့သွားနောက်လိုက်အတူရှိနိုင်
[illegible]ခင် မင်းစိတ်ကိုမင်းပြုပြင်ရမယ်..ကိုယ်ပြောတာ နားလည်လား..."

နားလည်ပေမယ့် သူမမယုံနိုင်သေးပါ။ ဒေါ်ထားအိပြောသမျှ စကား
[illegible]တွေကို မမေ့ဖျောက်နိုင်သမျှ မင်းမြတ်စည်ဆိုသည့်ယောကျ်ားကို ကိုယ့်ရဲ့
[illegible]ပွန်းအဖြစ် သတ်မှတ်ရဲဖို့ဆိုတာ.. ।

"စိတ်ကူးရင်း ရူးသွားဦးမယ်.."

"မင်းမြတ်စည်ကလား နင့်ကိုယူမှာ.."

"အဲ့ဒါ နင်ကိုယ်တိုင်လုပ်ရမယ့် အလုပ်တွေပဲ.."

"ကက်ဆက်ဖွင့်ပေးမယ်..ခြံထဲမှာ ကွေးအောင်ကရမယ်.."

နားထဲမှာ စကားသံတွေ တကြော့ပြန်ဝင်လာလျှင် သွေးခုန်နှုန်း
တိုးဆောင့်လာကြ၏။ ကိုကြီးခရီးထွက်သွားခဲ့ရင် သူတို့တွေနဲ့သူမ ကျန်
ဦးမည်။ လက်ထပ်ခဲ့ခြင်းသည် သူမအတွက်အိပ်မက်ဖြစ်စေ တကယ်
စေ ဒေါ်ထားအိတို့လက်တွင်းမှာ သက်ဆင်းရဦးမည့်အဖြစ်သည်.. ।

"သု..ကိုယ်ပြောတာ နားလည်ရဲ့လား.."

သူမဆတ်ခနဲဖြစ်သွားသည်။ ပြီးမှ ခေါင်းညိတ်မိ၏။ မင်းမြတ်
က သူမစိတ်နဲ့လူနဲ့မကပ်သည့်အဖြစ်ကို နားလည်နေကာ ခုထိကိုင်ထား
သူမလက်ထဲက လည်ဆွဲကုံးတွေကို ယူလိုက်ပြီး မွေ့ရာပေါ်မှာ ဒီတိုင်
ထားလိုက်သည်။ ထိုစဉ်.. ।

"အာ.."

"ဆောရီး.."

လက်ကြားညှပ်ထားသည့် စီးကရက်ပြာပူက သူမလက်ကောက်ဝ
လေးပေါ် ကြွေကျသွား၏။ မီးစလိုမပူပေမယ့် ရုတ်တရက်အပူထိသွားသ
သုလန့်ပြီးလက်ကိုခါ၍ အော်လိုက်မိတာဖြစ်သည်။ မင်းမြတ်စည်
ထိုလက်လေးကို လှမ်းဆွဲရင်း သူမဘေးကိုရောက်သွားကာ.. ।

"အရမ်းပူသွားလား...ဆောရီးပါကွာ.."

ပြာပူကျသွားသည့်နေရာလေးမှာ ပန်းရောင်ရင့်လျက် ကျန်ရစ်
ထိုနေရာလေးကို သူ့လက်နဲ့ပွတ်သပ်ရင်း နှုတ်ခမ်းနားကပ်ပြီး လေနဲ့မှုတ်
မိသည်။ မျက်နှာနှစ်ခုသည် အနီးဆုံးအနေအထားမှာ ဖြစ်သွားခဲ့လျက် သူ
ကလည်း ငေးသည်။ သူကလည်း ငေးသည်။ သူမလည်းမျက်တောင်
ခတ်။ သူလည်း မျက်တောင်ခတ်ဖို့ နှမျောသွားသည်။ ပြီးတော့ အပူလော
သည့်နေရာလေးကို မှုတ်ပေးနေရင်း နှုတ်ခမ်းတို့သည် ထိုနေရာလေး
ဖိကပ်နမ်းရှိုက်ခြင်းသို့ရောက်ကာ.. ।

မဟုတ်ဘူး.. မလုပ်နဲ့မင်းမြတ်စည်..

"ဆောရီး.."

သူ့ကိုယ် ဆတ်ခနဲဖြစ်သွားသည်။

"ဆောရီး.."

ဒါပဲထပ်ပြော၍ သူမလက်လေးကိုလွှတ်ကာ နေရာမှထရပ်လိုက်
သည်။ ရင်ခုန်သံတွေ ကြမ်းတမ်းလာခြင်းနှင့်ပတ်သက်၍ ဆက်တွဲပါလာ
သည့်အမှားတစ်ခုကို သူကျူးပေါက်လို့မဖြစ်.. ।

"ကိုယ်တို့မနက်မှ ဆက်ပြောရအောင်.."

♥♥♥♥♥

ကျောက်နှာပျက်သွားပြီး ခြေဆုံးခေါင်းဆုံးကြည့်သည်။ သူတို့သူငယ်းရဲ့မျက်
ကို အကဲခတ်မိသည့်လူနှစ်ယောက်ကလည်း သောက်လက်စဖန်
ကြီးကိုင်ပြီး မင်းမြတ်စည်ဘေးကို တစ်ဖက်စီခွဲ၍ လျှောက်လာကြ
။ ဒီနေရာသည် စောမူသာသတ်မှတ်သည့် သူ့ဧရိယာဖြစ်ကာ ကျောက်
ကြီးကိုက်သည့်ကုမ္ပဏီတစ်ခုက မင်းမြတ်စည်နဲ့ပတ်သက်ဖို့ မကြိုးစားကြ
ကောက် စောမူသာက ဒါကိုပဲစိတ်ဝင်စားနေခဲ့သည်။ မင်းမြတ်စည်နဲ့မင်ဦ
ကောင်/ လုပ်၍ ဒီကောင်ဘာကြောင့် ဒီလောက်တော်နေသလဲဆိုတာ
ခန်းချင်နေသည်။ ဒီစကားတွေကိုလည်း သူကပေါ်ပေါ်ထင်ထင်ပြော
တာပါ.. ।

"မင်းကိုငါ ဟိုအရင်တည်းက စိတ်ဝင်စားတာကွ..အလုပ်လုပ်တာ
ကောင်းတယ်၊ အထက်လူကြီးတွေနဲ့ ပြီးတယ်..အထိခံနိုင်တယ်၊ အပါ:
ကောင်းတယ်..ပြောရရင် မင်းရဲ့အတိုးအဆုတ်တော်တာတွေ ငါအများကြီးကို
ကူညီနေရတာ၊ ငါတွေးတာက ငါတို့တစ်ခုခုနဲ့ ငြိမိကြရင် ဘယ်လိုဖြစ်မ
လဲ.."

ဒီလိုတွေပြောရ၍ ရယ်မောပျော်ပါးသလို ခင်မင်ဟန်တွေပြခဲ့ဖူးသည်။
မင်းမြတ်စည်ကတော့ အပြုံးအရယ်နည်းသူပါ။ လုပ်ငန်းနဲ့ပတ်သက်ရင်
ကြိုးစားတတ်သည်။ ညာခြေပြင်ပြီး ဘယ်ခြေနဲ့တက်တဲ့လူမျိုး။ ထို့ပြင် သူ့ခိုင်း
ထားတဲ့လုပ်သမားတွေကလည်း သူ့အတွက်ရပ်တည်နေကြတာ ပိုက်ဆံရရုံ
ကိုသက်တွေ့ မဟုတ်ကြ။ နေ့စားသမားတွေထဲက အသံတွေထွက်လာ
ရင် သူအဆမတန်စိတ်တိုခဲ့သည်။ ငွေကိုရေလိုသုံးပြီး ဗုံးကြဲနေမှတော့
လုပ်သမားတွေပျော်တာ ဆန်းသလား..။ သေချာတွေးကြည့်တော့ စီးပွား
ရေးလုပ်နေတာလား..ဒီကျောက်တွင်းတွေမှာရှိတဲ့ အလုပ်ရှင်အလုပ်သမား
ကြားမှာ ပေါ် တွဲရေးခွဲရေးတွေဖြစ်အောင် ဖန်တီးနေတာလားဆိုတာ မသေချာ၊
ထို့ကြောင့် မင်းမြတ်စည်ကို သူဘယ်လိုမှမရှုစိမ့်နိုင်။ ပိုဆိုးတာက
ကောက်အရွယ်ချင်းက မတိမ်းမယိမ်း။ သူလည်းရှည်ရှည်ပိုင်းပိုင်းပါပဲ..ဒါ
ကြောင့် သူကဖိုင့်နေသည်။ မင်းမြတ်စည်မှာ အပိုအလိုဘာမှမရှိသည့်ပြင်
ကိုယ်ဘာသာသွားလာနေတာကို မြင်လိုက်ရင်တောင် မျက်စိတစ်ဆုံးလိုက်
ကြည့်ချင်ပါသတဲ့..။ ကိုယ့်ရည်းစားက ကိုယ့်အပေါ်အကြွေစောလို့ နမ္မောသ

အခန်း(၁၂)

"ဟား...ဒီလိုတော့ တန်းလန်းကြီးထားမသွားနဲ့လေ.."

သူ ခြေလှမ်းတုံ့သွားသည်။ အခြေအနေအရ သူဒီကနေခြေလှမ်း
မှန်နဲ့ထွက်သွားဖို့ မဖြစ်နိုင်တော့မှန်း သိလိုက်၏။ တံခါးကိုမျက်နှာမူထ
ပြီးမှ နောက်ပြန်လှည့်လိုက်လျှင် စောမူသာက ဘီယာလက်စနှင့်ဖန်ခွ
ကိုကိုင်လျက် နေရာမှထရပ်လိုက်သည့်အနေအထားနှင့်ဖြစ်ကာ ညာဘက်
သူ့ရဲ့ညာလက်ရုံးကြီးမိုက်ခဲက ခါးထောက်လျက် ယှဉ်တွဲရပ်နေသည်။ ပြီ
တော့ သူ့အတွက်ပေးထားပေမယ့် သူမထိုင်ဖြစ်ခဲ့သောခုံကို စောမူသာ
ပွဲနဲ့ဝေးသွားအောင် ခြေထောက်နဲ့တွန်းတိုက်ပစ်သည်။ ပြီးမှ ခြေတင်လူ
နှင့်.. ।

"ဒီနေရာထိ ရဲရဲတောက်ရောက်လာပြီးမှ မထိုင်မထအသောက်မ
ဘဲ ရက်စ်အော်နိုးတစ်ခွန်းနဲ့ပြန်ထွက်သွားတာ မလွန်ဘူးလားမင်းမြ
စည်.."

သူက ဘာမှမပြောဘဲ နေရာမှာပဲရပ်နေခဲ့၏။ သူတို့ဆီပြန်လှည
လျှောက်လာမည်မထင်ခဲ့တာမို့ မင်းမြတ်စည် ဒီတိုင်းရပ်နေတော့ စော

လိုလို။ ကိုယ့်နှမကတော့ သူ့နာမည်ခေါ်သံကြားတာနဲ့တောင် ဘယ်မှာလဲ ဘယ်မှာလဲ..။ ဒါကိုမရှစိမ့်နိုင်တာ မနာလိုစိတ်တွေလား.. ၊

ဖန်ခွက်ကို ခပ်ဖိဖိဆုပ်ကိုင်ရင်း စောမူသာမျက်နှာက မဲ့တော့မတ်တင်းတော့မလို။ ထိုင်ခုံနှစ်လုံးနဲ့ စားပွဲကြားက သူမထွက်ပေမယ့် မင်းမြတ်စည်က ကိုယ့်ရှေ့ပြန်ရောက်လာတာကို အလိုရှိနေသောအခါ.. ၊

"မင်းပြန်လာထိုင်ဖို့တော့ လိုတယ်မင်းမြတ်စည်..ခုန နီးလို့ပြောသွားတဲ့ မင်းရဲ့အဖြေကိုလည်း ရီဇင်ပေးရမယ်၊ ပေးမှလည်းဖြစ်မှာ..ဘာဖြစ်လဲ လဲဆိုတော့ ဥပဒေအထက်မှာ မင်းမြတ်စည်ရှိတယ်လို့ ပြောနေကြတဲ့ စကားတွေကြောင့် မင်းဒုက္ခတွေတော့မယ်..အဲ့ဒါကို ငါကသနားသောအားဖြင့် မင်းကိုဟင့်နေပေးမယ်၊ ငါသိချင်တာကို မင်းသိထားတဲ့အတိုင်းဖြေ..အပြန်အလှန်ပေးကြယူကြတာပေါ့.."

မင်းမြတ်စည်က ရှေ့ကိုတစ်လှမ်းတိုးလိုက်ရင်း ပြုံးသည်။

"ကျုပ်အတွက် အပြန်အလှန်ဆိုတာ နှစ်မျိုးရှိတယ်..ကျုပ်ပိုက်ဆံပေးထားတဲ့အလုပ်သမားတွေနဲ့ ကျုပ်ဆီကိုလာတဲ့ ဝယ်လက်တွေ၊ တခြားဘယ်သူနဲ့မှ အပေးအယူမလုပ်ဘူး.."

"ဩော်..ဒီလိုလား၊ ဒါကြောင့် မင်းကိုအရှင်းစည်လို့ ပြောကြတာထင်တယ်..ဒါဆိုလည်း ငါကကျွဲပါးစောင်းတီးလုပ်မနေတော့ပါဘူး၊ တစ်ခုတော့ရှိတယ်၊ မင်းလုပ်ထားတဲ့ ပြဿနာက အဖွဲ့အစည်းကြီးနဲ့ တိုက်ရိုက်ငြိနေတာနော်..ခုနှစ်စဉ်ကြယ်ကလူတွေ မင်းနောက်ကိုလိုက်ကြတော့မယ်.."

"ဘာကိစ္စနဲ့လဲ.."

"သူတို့သဘော်တစ်စီးလုံးကြီး ပျောက်သွားတာ..မင်းလက်ချက်လို့ သတင်းအတိအကျရထားကြလို့ပေါ့.."

ပြောနေရင်း မင်းမြတ်စည်မျက်နှာကို အကဲခတ်ပေမယ့် ဘယ်လိုထူးခြားတုန်လှုပ်ဟန်မှမရှိ။ ကုတ်အင်္ကျီအောက်ဖျားစကို တိုက်ဖယ်ပြီး ဘောင်းဘီအိတ်ထဲ လက်တစ်ဖက်ထည့်လိုက်ရင်း.. ၊

"အဲ့ဒီသတင်းကို ကျုပ်သိပြီဆိုတော့ အခု ခင်ဗျားကဘာကိုမျှော်လင့်နေတာလဲ.."

"ဟား ဟား ဟား ဟား.."

စောမူသာက ခေါင်းမော့ရယ်လိုက်ပြီး နဖူးကဆံပင်တွေကိုပါ ဟန်ခါထုတ်၏။ ပြီးမှ.. ၊

"ဒါက မရေရာသေးတဲ့သတင်းတစ်ပုဒ်ပဲ ရှိပါသေးတယ်မင်းမြတ်စည်..ပစ္စည်းတွေအပြည့်နဲ့ အဲ့ဒီ သင်္ဘောရေအောက်ရောက်သွားပြီဆိုတာ ဒါနဲ့သက်ဆိုင်သူတွေက ရင်ဘက်ထုဝိုက္ကျန်ခဲ့မယ်လို့ မင်းကထင်နေတာ..ဒါမှမဟုတ် မင်းကလွဲပြီးအကုန်လုံးသောက်အချဉ်တွေပဲလို့တွေးနေတာလား၊ ဒီမှာ ငါ ထပ်ပြောမယ်..ရဲဖမ်းသွားတဲ့ ငါ့ဘက်စီးခြောက်ဆယ်ကို ပြန်ရအောင်မင်းလုပ်ပေး.."

"ဘာဆိုင်လို့လဲ.."

"ဆိုင်တယ်ကွ..အဲ့ဒီနေ့ကအဖြစ်ကို ငါပြန်မပြောချင်လို့၊ ပြန်ပြောဖို့ကျေးဇူးလိုဘူး..မင်းမှာတာဝန် မကင်းဘူးဆိုတာ မင်းသိတယ်၊ မသိရင် သိအောင်တွေးလိုက်တော့..ငါ့ရဲ့ဘက်ဟိုးခြောက်ဆယ်ပြန်မရရင် လေးဆယ်ပြန်ပေး၊ မဟုတ်ရင်တော့ မင်းကိုငါကူညီနိုင်တဲ့ကိစ္စတွေမှာ မင်းဘက်ကရပ်တည်ပေးမှာမဟုတ်တဲ့အပြင် အဲ့ဒီအဖြစ်ကို ထောင်ကျလုပ်ပြီး ဖော်ရိန်နာတွေနဲ့မင်းကို ကမ္ဘာမကျေဖြစ်သွားအောင် ငါလုပ်ပစ်မယ်.. အေး..ငါတစ်ယောက်တည်းလို့တွေးပြီး မင်းမဲ့ပြုံးပြုံးမနေနဲ့နော်၊ ငါနဲ့တစ်ကြောလုံးက လုပ်ငန်းရှင်မှန်သမျှ မင်းကိုချစ်တဲ့သူတစ်ယောက်မရှိဘူးဆိုတာ မှတ်ထား.."

သူချည်းပဲပြောချသွားတာ တစ်ချက်မှမနားပေ။ ထို့ပြင် ပြောနေရင်းတွေထိန်းမရဖြစ်လာကာ ဖန်ခွက်ကြီးတမြှောက်မြှောက်နှင့် ကြိမ်းလားမောင်းလားတွေပါ ဖြစ်လာခဲ့လျက်.. ၊

"မင်းက ဘက်ဟိုးတွေကို ထုတ်ကုန်လုပ်နေတဲ့ သူဌေးပဲကွ..ငါ့ကို လေးဆယ်လေးပြန်ချပေးဖို့အတွက် ခဲယဉ်းမှာမဟုတ်ပါဘူး၊ ခဲယဉ်းတယ်ထင်ရင်တော့ မင်းစိတ်ကူးကောင်းတွေ ရာဇဝင်ရိုင်းသွားလိမ့်မယ်.."

"ခင်ဗျားပြောလို့ပြီးပြီလား.."

"အေး..ပြီးပြီ၊ ဒါပေမယ့် မင်းငါ့ကိုဂရုမစိုက်ဘဲ ဆုံးဖြတ်လိုက်ရင်ကတော့ဖြစ်.."

စောမူသာ စကားမဆက်နိုင်ဘဲ မျက်လုံးကြီးပြူးသွားသည်။ မင်းမြ
စည်က ဘေးမှာဆေးလိပ်သောက်နေသည့် တစ်ယောက်ဆီက စီးကရက
အသာလေးဆွဲယူလိုက်ပြီး နံရံမှာချိတ်ထားသည့် စောမူသာ၏ လေးယော
ပေပန်းချီကားကြီးပေါ်မှာ ဖိထောက်ချေမွှပစ်လိုက်၏။

"ကြည့်စမ်း...မင်း မင်းမြတ်စည်၊ မင်းမိုက်ရိုင်းလှချေလား..."

သူက ဖျတ်ခနဲလှည့်ကြည့်ကာ.. ।

"ဟုတ်တယ်..ကျုပ်က မိုက်ရိုင်းဖို့အတွက် ကိုယ့်ပါမစ်နဲ့ကိုယ်
တာ.."

မီးခိုးမပြယ်သေးသည့် စီးကရက်အကျိုးကို တစ်ဖက်ကလူကိုင
သည့် ဘီယာခွက်ထဲ ပစ်ထည့်လိုက်ပြီး..

"ခင်ဗျားကိုကျုပ်ပြောပြီးသား...ဒီကိစ္စတွေမှာ.."

စကားဆုံးအောင် မပြောရသေးခင် သူစီးကရက်အကျိုးထည့်လို
သည့်လူက ထိုဖန်ခွက်နှင့်သူ့ခေါင်းကို လွှဲရိုက်လိုက်၏။ ဖြစ်လာနိုင်
တွေကို တွက်ထားသဖြင့် သူ့မှာသတိရှိနေသည်။ ဖျတ်ခနဲခေါင်းငဲ့ရှ
လိုက်ကာ ထိုလက်ကိုဖမ်းကိုင်ပြီး ဗိုက်ကိုတံတောင်နဲ့ဆောင့်တိုက်ပစ်လို
သည်။

"အင့်.."

"ဒုန်း... ခွမ်း... ချလွမ်း..."

ပြီးတော့ ထိုသူ၏ခန္ဓာကိုယ်ကို သူ့အရှိန်နဲ့သူဆောင့်တွန်းပစ်လို
လျှင် သောက်စားထားလက်စ စားပွဲကြီးပေါ်ကို ခုန်အုပ်လိုက်သကဲ့
ဝမ်းလျားမှောက်ကြီးပစ်ကျ၏။ အားလုံး ဖိတ်စင်ကွဲရှကုန်ကာ ရုတ်တရ
ရှဲခနဲတိတ်ကျသွားစဉ်.. ।

"ခွမ်း.."

မင်းမြတ်စည် စောမူသာရှေ့ကိုရောက်လာပြီး တုံးလုံးလိမ့်နေတဲ့
လုကျခင်ဖြစ်နေသည့် ပုလင်းတစ်လုံးကို ဆွဲယူကာ စားပွဲနှင့်ကိုင်ရိုက်ခဲ
ကာ.. ।

"ကျုပ် ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူး...ဘယ်သူဘာလုပ်နေသလဲ၊ ငါ
ဘယ်လိုမြင်နေပြီလဲ..ဘယ်သူတွေ စောင့်ကြည့်နေကြသလဲ၊ အဲ့ဒါတွေလည

ခင်ဗျားဘူး...ကျုပ်ကိုလာမစနဲ့.."

"ဟိတ်ကောင်..လူဆိုတာ တစ်ဦးတည်းတစ်ယောက်တည်းရပ်တည်
ရောဘူးကွ.."

"ဒါဆို ဘယ်သူ့ပခုံးပေါ်တက်ရပ်ရမှာလဲ.."

"သိပ်မာန်မတက်နဲ့မင်းမြတ်စည်..မင်းလည်း.."

"တော်တော့.."

ချန်ငေါထွက်နေသည့် ပုလင်းကွဲနဲ့ မျက်နှာကိုလက်ဆန့်ထိုးလိုက်
စောမူသာ အသံတိတ်သွားသည်။ သူ့ဘေးက ညာလက်ရုံးကြီးသည်
ဘေးမြောင်တဝင်းဝင်းနှင့် လက်ပြင်နေတာ ဆွဲမနိုင်လွှဲမနိုင်။ မင်းမြတ်
ဂရုမစိုက်.. ।

"အခု ထပ်ပြောမယ်..ကျုပ်ကို အပေးအယူကိစ္စတွေပြောဖို့ နောက်ထပ်
ဘေးနဲ့၊ သူများချုပ်ကိုင်ခံရတယ်ဆိုတာ မင်းမြတ်စည်ရာဇဝင်မှာမရှိ
"

ပြောပြီး စောမူသာခြေတင်ထားသည့်ခုံကို ခြေထောက်နဲ့ချိတ်ဆွဲလိုက်
စောမူသာ စိုက်ခနဲယိုင်ကျသွားကာ မျက်နှာကြီးလည်း နီရဲသွား၏။
တ်စည်က ထိုခုံပေါ်မှာ ခြေထောက်တစ်ဖက်တင်၍.. ।

"အဲ့ဒီသဘော်တကယ်နစ်သွားတာဖြစ်ဖြစ် ကျုပ်အိတ်ထဲရောက်သွား
ဖြစ် တရားမဝင်တဲ့ပစ္စည်း တရားမဝင်ဘဲသွားတာ ဘယ်ထဲရောက်
ားသွား ဘာဖြစ်ဖို့ရှိလဲ.."

"ဒါဆို မင်းကဝန်ခံပြီပေါ့..ငါ့တိုက်ထဲမှာ စီစီတီဗီတွေရှိတယ်နော်.."

"ဟား ဟား ဟား.."

"ခွမ်း..."

ပုလင်းကွဲကို နံရံဆီလွှဲပစ်ချလိုက်ရင်း ရယ်ကာ.. ।

"မင်းကြွက်တွင်းထဲမှာပဲ မင်းနေစမ်းပါ၊ စောမူသာရာ..ကြွက်တစ်
ကောင်တာ အားလုံးကိုအနိုင်ယူသွားတာ ကာတွန်းကားထဲမှာပဲရှိတယ်၊ မပိန်း
ကနဲ.."

"တောက်.."

သူလှည့်ထွက်သွားတော့ စောမူကတက်ခေါက်လိုက်ပြီး စားပွဲကို

လက်သီးနဲ့ထိုးချလိုက်တာ ဒုန်းခနဲ။ ထို့နောက် ဒေါသကြောင့် တုန်ခါ
သည့် အသံကြီးသည်.. ।

"ငါတို့က မကောင်းမှုကိုမလုပ်ချင်လို့ကွ..ငါ့ကောင်တွေ လွတ်ထ
လိုက်ရင် မင်းတစ်စစီဖြစ်သွားမှာ နားလည်ရဲ့လား.."

မင်းမြတ်စည်က လှည့်မကြည့်ဘဲ နောက်ပြန်လက်ထောင်ပြက

"ဘယ်နှစ်ကောင်ရှိလဲ..လွတ်လိုက်ပါ.."

သူ့ဘေးက ညာလက်ရုံးမျက်လုံးပြူးနှင့် ဆရာသခင်ကိုလှည့်ကြ
သည်။ စောမူသာကလည်း ဒေါသတကြီး လှည့်ကြည့်၍.. ।

"ဘာကြည့်တာလဲ..နင်တို့အသုံးကျတာ ဘာရှိလို့လဲ၊ တိရစ္ဆာန်နဲ့နှိ
တော့ နာသေးတယ်.."

"အာစရိက လက်ကာတားနေလို့ပါ..ကျွန်တော်က လက်တွေယား
တာကြာလှပြီ.."

"အခု ငါလည်းယားနေတာပဲ.."

ဟုဆိုပြီး လက်သီးတစ်လုံးခွပ်ခနဲ ပစ်ဝင်သွားသည်။ တပည့်တ
တွေကို အသုံးမကျတိုင်းတန်းစီပြီး ပါးနားရိုက်လုပ်နေရအောင် ကိုယ်လ
ဂိုဏ်းစတားကြီးမဟုတ်ပေ။ သူတို့သည်လည်း လူမိုက်ကြီးတွေမဟုတ
မနိုင်တာကို မတုပြိုင်တာ အကောင်းဆုံး။ ထစ်ခနဲဆိုလက်ပါတတ်သ
မင်းမြတ်စည်လိုကောင်မှလွဲလျှင် ပတ်ဝန်းကျင်သည် အေးချမ်းနေမှာ
လျက်.. ।

"ဟိုကောင် ကုန်းကွေးပြီးကြည့်လိုက်စမ်း..မသေသေးဘူးလား..

ဒါတောင် တံတောင်တစ်ချက်စာပဲ မိလိုက်သေးတာဟု စိတ်ထ
ရွတ်ပြီး မျက်နှာကမဲ့သွားသည်။ ဒီအဖြစ်ကို မျက်ဝါးထင်ထင်မြင်လို
လို့သာ နောက်ထပ်မလှုပ်ရှားတော့ဖို့ သူတားဆီးခဲ့တာဖြစ်သည်။ စီးပွား
လောကမှာ မင်းမြတ်စည်ဆိုသည့် နာမည်ထွင်းဖောက်ကျော်ဇောလာတ
က လူတိုင်းစိတ်ဝင်စားကြသည်။ ဒါပေမဲ့ ဒီကောင့်ကို ဘယ်ဥကပ
လာတာလဲ.. ဘယ်လိုပုံစံကြီးပြင်းခဲ့တာလဲ..။ သူ့နောက်ကြောင်းကို သေ
သိတဲ့လူလည်း မရှိ.. ।

တချို့ကပြောတော့ မိဘတွေလည်း ကျောက်တွင်းအလုပ်နဲ့ချမ်း

ကြတဲ့သူဌေးတွေလို့ဆိုသည်။ တချို့ကလည်း Broken Familyကနေ
ကျင့်စဉ်ကျန်ရစ်သူလို့ ပြောကြ၏။ ဘာတွေလဲ.. ဘာကအမှန်လဲ..။ ဒီ
ကောင် ဘယ်လိုလွမ်းမိုးမှုတွေနဲ့လဲ..။ စီးပွားလုပ်ကြတာ ပိုတော်တဲ့သူရှိ
သည်။ ပုံမှန်သွားနေကြတာလည်းရှိသည်။ သူကတော့ ကိုယ်ခံပညာလည်း
ဆော်သည်။ သက်လုံလည်းကောင်းသည်။ မင်းသားတစ်ပါးလို ပူဇော်ခံ
ပြီး တိရစ္ဆာန်ရိုင်းတစ်ကောင်လို ရိုင်းစိုင်းသည်။

"ခွေးမသား..သင်းအကြောင်းပြောကြရင် မကောင်းတာကိုမရှိဘူး၊ အဲ
ဒီကို ဘယ်သူတွေက သတ်မှတ်နေကြတာလဲ..ဘာသိလို့ အထင်ကြီးနေကြ
တာလဲ.."

"ဒုန်း.."

ဖန်ခွက်ကို ကိုင်ပေါက်မလိုမြှောက်လိုက်ပြီးမှ စားပွဲပေါ်ဆောင့်ချ
ချိုက်သည်။ တပည့်ကျော်ကင့်ကြည့်ပြီး ပြောရှာသည်။

"အာစရိမြင်တဲ့အတိုင်းပဲလေ..ဒီကောင်က မကြောက်တတ်တာကိုက
ကစ်ခန်းသာနေတာ.."

"မကြောက်တတ်တဲ့လူတိုင်း သေနတ်တွေဓားတွေထဲ ပြေးမဝင်ဘူး..
ပင်ကိုလို လက်တွန့်နေတဲ့ကောင်တွေရှိလို့ လက်မရွံ့ဆိုတဲ့သတ္တဝါတွေပေါ
လာတာ..တောက်.."

"သူဌေးရယ်..သူဌေးသာမတားရင်.."

"မင်းလည်းပြားနေမှာပေါ့ကွာ.."

သင်းကို စိုးရိမ်လွန်းလို့များ ထင်နေလို့လား..။ အားလုံးသိကွာတစ်
ကြောမကျန်အောင် ချိုးဖဲ့မသွားခင် တမင်ထိန်းထားလိုက်တာ.. ।

နလပိန်းတုံး..

ကျိန်ဆဲနေမိစဉ် ဖုန်းမြည်လာတော့ ထုတ်ကိုင်လိုက်ကာ.. ।

"ဘာ.."

"ကိုကြီးစော သူနဲ့ဆွေးနွေးမယ်ဆိုတာ ဆွေးနွေးဖြစ်လား..အဆင
ပြေလားလို့ပါ၊ နယ်မြေမှူးကားနဲ့ပါသွားတာတော့ ရယ်လို့မောလို့.."

"ဘယ်တုန်းကလဲ.."

"ခုလေးတင် ကျွန်တော့်အိမ်ရှေ့ကဖြတ်သွားတာ.."

ကိုယ့်ခြံထဲကအထွက်ကိုစောင့်ပြီး လာကြိုသွားလေသလား...။ ဒါဆို ဒီကောင် တမင်ချောက်တွန်းလိုက်တာ သေချာပြီပေါ့..။ ငါ့ကားတွေပြန်မ လို့ကတော့ မင်းလုပ်သလို ငါ့အလှည့်ကျရင် သမုဒ္ဒရာချောက်ထဲထိကျသွ အောင် မင်းကိုဘဝတုံးပြမယ် ကြည့်ထားလိုက်..

"ကိုကြီးစောမရလိုက်ဘူးမို့လား.."

"အေး.."

"ဘာပြောသွားလဲ..ကျွန်တော်ထင်ပါတယ်၊ သူနဲ့မဆိုင်ဘူးပဲပြော တယ်မို့လား...ဒီကောင်က အဲ့လိုမျိုးဆို မှင်မောင်းသိပ်ကောင်းတာ၊ ကျွန်တော် ဦးလေးပြောဖူးတာကြည့်လေ..မင်းမြတ်စည်က ဒီလောကထဲဝင်ကာစ လောက်လေးမလောက်စားတည်းက ဝိုင်တီတီကုန်းပေါ်မှာ သူ့ကားတွေဖန် မိတော့ အဲ့ကားအစီးသုံးဆယ်လောက်ကို ကျောက်စိမ်းတူးဖော်ကြီးကြ ရေးက ကားတွေလိုလို သူလှူထားတာလိုလို အကုန်လုံးလျှော်ပစ်လိုက်တာ တဲ့ဗျာ.. အဲ့ဒီတုန်းက သူ့ကားကွင်းကလည်း ခုလောက်မကြီးကျယ်သေးဘူ ကားဆယ်စီးလောက် ပြောက်တိပြောက်ကျားပြထားတဲ့ ဝပ်ခ်ရှော့သာသာ တဲ့..ဝစ္စည်းသာပါသွားတာ သူလည်းအဲ့ဒီတည်းက အထက်လေမိသွားတာ ယူနီဖောင်းပြောင်းဖို့ပဲ လိုတော့တာလေ၊ အဟွန်း လူကြီးပိုင်းတွေကို ကြည် လိုက်..ဘာပွဲဖြစ်ဖြစ် သူမပါရင်မပြီး.."

"တောက်..တော်စမ်းပါကွာ၊ မင်းတို့ကအထင်ကြီးစရာတွေပဲ ရှာ ထုတ်နှုတ်နေတာ..တခြားလူမသိတဲ့ သူ့ရဲ့အပုတ်အသိုးတွေကို ငါသိတယ် ကွ၊ မကြာခင် ဒီကောင်တွေ့မယ်.."

"ခုလည်း ကိုကြီးစောဆီက ပြန်သွားတာမို့လား...အကြေအလည်ပြော သွားတာပဲ မဟုတ်ဘူးလား၊ ပြန်သွားမှ ဘာဖြစ်လို့ဒေါသထွက်နေတာလဲ.."

စောမူသာ ဘာမှမပြောနိုင်။ သို့သော် မျက်လုံးတွေကတော့ ကွဲရှပ်ပြဲ နေသော အပျက်အစီးများနှင့် စားပွဲခုံကြီးဆီရောက်သွားမိကာ.. ।

ခွေးသူတောင်းစား...မအေပေးမျိုး..

မအေတောင် ရှိသေးရဲ့လား..

♥♥♥♥♥

အခန်း(၁၃)

"အမေ့..အမေတော်ပါတော့ဗျာ၊ လူတွေချောင်းကြည့်ကုန်ပြီဗျ.."

"ကြည့်ကြပေ့စေ..အဲ့ဒါတွေကြောင့် မပြောဘဲနဲ့နေလာတာ နင့်တစ် ကောင်ရှိပြီ၊ ငရုတ်ကျည်ပွေ့ကသာ အတက်ပေါက်ချင်ပေါက်မယ်၊ သင်း ယ်တော့မှ ထက်မြက်လာမှာမဟုတ်ဘူး..ကြက်မတွန်လို့ မိုးမလင်းဘူးတဲ့၊ ကြက်ဖမတွန်လည်း မိုးလင်းနေတာကျတော့ စာဆိုမရှိဘူးလား..မိုးချုပ်ပြီး ပြီ မိုးလင်းမှာပဲ၊ ကြက်ဖတွန်မှမိုးလင်းတယ်ပဲဖြစ်ရသေး.."

"အမေရာ.."

"လာတားမနေနဲ့..သွား သွား၊ ဝေးဝေးသွားနေစမ်း..ဟဲ့ ကျော်ကျော်၊ ကောင်လေးကိုလာခေါ်သွား.."

တစ်အိမ်လုံးပွက်လောရိုက်နေသည်။ နှစ်ထပ်တိုက်ပေမယ့် ပုပုပြား ကြီ အသံမလုံတာလား..။ ပြတင်းပေါက်ရှိသမျှ ဖွင့်ထားလို့မလုံတာ လား..။ အိမ်ထဲမှာပြဿနာတစ်ခုခုရှိပြီဆို အပြင်လူမသိတာမရှိ။ အဖေ ကြည် စကားနည်းသလောက် စိတ်ထားလည်းနူးညံ့သည်။ သူငယ်ချင်းချင်း ကြ ထပ်ခဲ့တာဖြစ်သည့်အတိုင်း အရင်တည်းက အမေကအဖေ့ကိုဆို အ

တော်လေးနိုင်သည်လို့ ကြားဖူးခဲ့၏။ ခုလည်း အမေထင်သလို အော်ပြော
ကြိမ်းမောင်းနေတာကို အဖေဘာတစ်ခွန်းမှ ပြန်မပြောခဲ့ပေ။ လူတွေကြည့်
လို့မရသည့် နောက်ဖေးအပေါ်ထပ် ပြတင်းတံခါးပေါက်မှာ လက်တစ်ဖက်
ထောက်ရပ်ပြီး နှုတ်ဆိတ်နေ၏။

"အစ်မကို ကျွန်တော်ပြောမယ်..ဒီပစ္စည်းတွေ လူလိမ်ခံလိုက်ရတယ်
ဆိုတာမှန်ပေမယ့် အစ်မတို့လည်း မွဲမသွားပါဘူး၊ အစ်ကိုကလည်း သောက
စားလောင်းကစားပစ်တာမှ မဟုတ်ဘဲ..ကိုယ့်ယောကျ်ားကိုယ် သိက္ခာချ
တော့ဗျာ.."

မောင်ဝမ်းကွဲဖြစ်သူကလည်း အစ်မနားကပ်ပြီး ယောက်ဖဘက်
ပြောပေးခဲ့သည်။ အမေဘာသံမှထွက်မလာခဲ့ပေ။ ထိုအခါ မင်းမြတ်စည်
ရဲ့မျှော်လင့်ခြင်းတွေက ဒီရန်ပွဲပြီးတော့မှာလား.. ।

"မြတ်မြတ်ဦးရေ..နင့်ယောကျ်ားဘာဖြစ်တာလဲ.."

ဘကြီးတော်သူက အိမ်ပေါ်တက်လာပြီး ပြဿနာအရင်းမြစ်ကို
သည်တွင်.. ।

"ဟုတ်တယ်ဘကြီးရေ..ကျောက်တွင်းသူဌေးမဖြစ်ရရင် သေတော့
တဲ့လေ၊ မိုးကုတ်သားကို အောက်သားတွေလာလိမ်သွားတာ အဲ့မှာ..ကြားသ
မှမကောင်း.."

"အမေဗျာ.."

"ဒုန်း..ခွမ်း.."

"ဟဲ့..ကြည့်စမ်း.."

ပထမဒေါ်မြတ်မြတ်ဦး ထိတ်လန့်သွားသည်။ မိဘကို ဒီပုံစံမမိုက်ရိ
ခဲ့ဘူးသည့်သားမို့ မထင်ခဲ့တာလည်း ပါသည်။ ထို့နောက် ဒေါသတို့သည
ချိတ်ဆက်ဆင့်ပွားသွားခဲ့ပြီး.. ।

"မင်းမြတ်..နင်ကမအေကို မိုက်ရိုင်းတယ်ဟုတ်လား၊ နင့်ကိုအဲ့လို ပ
ဖြစ်အောင် ငါပျိုးထောင်ခဲ့တာလား.."

ဒေါ်မြတ်မြတ်ဦး နေရာမှထလာကာ တန်းကျိုးထားသည့် တုတ်တ
ချောင်းကို ကောက်ကိုင်၏။

"ဟာ..အစ်မ.."

"မြတ်မြတ်ဦး..သစ်သားချောင်းကြီးနဲ့ မလုပ်နဲ့လေ.."

အားလုံးစိုးရိမ်သွားကြသည်။ မင်းမြတ်စည်က ရေတစ်ဝက်နှင့်ဘာလီ
ကို စိတ်ရှိလက်ရှိ ကန်ချပစ်လိုက်ပြီး ထိုနေရာမှာပဲ မားမားကြီးရပ်နေ
။ အသက်ကိုးနှစ်ပဲရှိသေးသော ပိန်ရှည်ရှည်ကောင်လေးတစ်ယောက်၏
ကန်ပန်က လုပ်ရဲရင်ခံရဲသည်ဆိုသည့် ရဲရင့်မှုတွေအပြည့်။ သို့သော် ဒီအ
မှာ ဒီပုံစံကိုတော့ ဘယ်လူကြီးမိဘကမှ နှစ်ခြိုက်ပီတိဖြစ်မှာမဟုတ်ပေ..

"ဖယ်..ဖယ် ဒီပုံစံမျိုး လာလုပ်လို့မရဘူး၊ သင်းကများ မိဘရှေ့မှာ.."

"ဘုန်း.."

ကွာတားဘောင်းဘီပွပွကြီးဝတ်ထားသဖြင့် တအားလွှဲရိုက်လိုက်
အသံက ကျယ်ကျယ်လောင်လောင်ထွက်နေ၏။

"မြတ်မြတ်ဦး..ဟာ ဒီမိန်းကလေးတော့.."

"အစ်မကလည်း အစ်မရာ.."

"ဖယ်စမ်း..ငါနင့်ကိုပါ သိမ်းရိုက်မှာနော်.."

တုတ်ကိုဝိုင်းဆွဲကြသဖြင့် ပြန်ဆွဲနှုတ်လို့မရ။ မင်းမြတ်စည်ကလည်း
ချက်တစ်ချက်မိသွားပေမယ့် နေရာကနေ နည်းနည်းလေးမမရွှေ့။ ဒေါ
မြတ်ဦးက တုတ်ကိုလွှတ်ကာ မင်းမြတ်စည်ပါးကို တအားလွှဲရိုက်၏။
ကော် ဦးမင်းနောက်ကဆွဲထားလိုက်ကာ.. ।

"နင် ငါ့ကိုကြိုက်သလိုပြောလို့ရတယ်..ငါ့သားကိုပါးရိုက်ဖို့မလိုဘူး.."

"ရိုက်တော့ဘာဖြစ်လဲ..နင့်သားလုပ်တာမမြင်ဘူးလား၊ ခုတည်းက
ကို မည်းပြီး ပစ္စည်းတွေဖျက်ဆီးရဲနေတာ.."

"လူကြီးတွေတောင် မှားကြသေးတာ..ကလေးတိုင်းလိမ္မာနေပါ့မလား၊
ကလေးဆုံးမတာ ငါမပြောဘူး..ပါးရိုက်တာတော့ လုံးဝခွင့်မပြု
"

"ငါ့သားငါပါးရိုက်တာ နင်ခွင့်ပြုမှရိုက်လို့ရတာလား.."

"မြတ်..မင်းနော်.."

"ဒုန်း.."

"အား.."

ဒေါ်မြတ်မြတ်ဦးကိုဆွဲရင်း တွန်းပစ်လိုက်သလိုဖြစ်သွားသဖြင့်

ကြမ်းခင်းပေါ်ကို တစ်ကိုယ်လုံး ပုံခနဲလဲကျသွားလေသည်။ မင်းမြတ်စည်
ရဲ့ခြေရင်းမှာ အပုံလိုက်ကျတာပေမယ့် သူနည်းနည်းလေးမှ ထူမတ်ပေ
မစဉ်းစား။ မိခင်ဖြစ်သူကို မျက်တောင်ဖျားတွေစင်းချကြည့်ရင်း ခြေတ
လှမ်းနောက်ဆုတ်သည်။ ပြီးတော့ ချာခနဲလှည့်ထွက်လာခဲ့၏။ သူ့အသ
က မလောက်လေးမလောက်စား။ ဒါပေမဲ့ ဒေါသထွက်ပြီဆို မိဘကွယ်
ပြေးသွားပြီး ပေါက်ကွဲတတ်တဲ့အကျင့်က အရိုင်းကျင့်လို့ခေါ်မလား...။ ဘ
လူတွေ ဝိုင်းကြည့်ကြတာ သူမနှစ်မြို့နိုင်။ ကဲ့ရဲ့ပြောဆိုကြတာကို မခံချ
လူတိုင်း ပတ်ဝန်းကျင်ကဲ့ရဲ့တာကို မခံလိုကြပေမယ့် သူမခံနိုင်တာက အ
ကိုဖြစ်သည်။ လူတွေလက်ညှိုးထိုးခံရခြင်းဟာ ကိုယ့်ဘက်ကပျော့ကွ
ကြောင့် ရှုံးနိမ့်ခြင်းသာဖြစ်သည်။ ထို့ကြောင့် ပြောကြသည်။ သူတို့ပြော
သဖြင့် မိမိမှာအရှက်ရသည်။ ထို့ကြောင့် ဘယ်သူမှလက်ညှိုးထိုးမလ
အောင် ကိုယ့်ဘက်က မှားကွက်မရှိဖို့လိုသည်။

မိသားစုချင်း ဘာတွေဖြစ်နေနေ အပြင်လူတွေသိဖို့ လိုသလား
ကလေးပေမယ့် အမေလွန်နေတာလို့ပဲ သူတွက်ထားခဲ့သည်။ လူမှုရေး ဘ
သာရေး ဘယ်နေရာဖြစ်ဖြစ် အမေ့ထက်အဖေကရှေ့ရောက်သည်။ မရှိရ
ပေးချင်သည်။ မစားရရင်ကျွေးချင်သည်။ ချို့တဲ့နေတာမြင်လျှင် စိတ်မခံ
ကူပေးကမ်းတတ်သူက အဖေပဲဖြစ်သည်။ ထို့ပြင် အမေကတခြားလူအလ
ယုံကြည်မှုနည်းသလောက် အဖေကဒီလိုမဟုတ်။ 'ဘယ်သူ့ကိုဖြစ်ဖြစ် ယ
ကြည်မှုနဲ့ဆက်ဆံပါ'ဆိုတာ အဖေ့မူဝါဒဖြစ်သည်။ ယုံကြည်မှုကို အလွဲသ
စားလုပ်သွားခဲ့ရင်လည်း တစ်ခါပေါ့လို့ ခံယူထားတာလည်းအဖေ။ သို့သော
အဖေ့ရဲ့သဘောကောင်းမှုကြောင့် တစ်ခါရသွားတဲ့လူက နှစ်ခါလိုချင်လာ
သည်။ နည်းနည်းလေးလိမ်သွားတာကို ခွင့်လွှတ်လိုက်တော့ များများလိ
ကြ၏။

ဘယ်သူဘယ်နှစ်ခါပဲလိမ်ညာချေးငှားသွားပါစေ အလုံးအရပ်
လျော့အောင် ချမ်းသာနေခဲ့တာလည်း ဦးမင်းနောင် ဒေါ်မြတ်မြတ်ဦးတို့
နှီးမောင်နှံပဲဖြစ်သည်။ သူတို့ရဲ့တစ်ဦးတည်းသော သားလေးမင်းမြတ်စည်
က လူမှုနှီးသိတတ်ပြီဆိုတည်းက ၄ုက်ပစ်သည်။ အမဲလိုက်တဲ့သူတွ
နောက်လိုက်သည်။ တောင်ပေါ်တက်ကြမည်ဆိုလည်း မရောက်ရောက်

ောင်သွားသည်။ ဘာလုပ်လုပ်ပြီးပြီဆိုမှ မိဘကသိရ၏။ သူလုပ်သမျှကို
ောက်ကောက်လိုက်ပြီး ဖြည့်ဆည်းပေးနေသူက ကျော်ကျော်ဖြစ်ကာ
သိုင်းသင်တန်းကျောင်းတစ်ခုမှာ လက်ထောက်နည်းပြဖြစ်၏။ သင်
ားနေလိုက် အစ်မဖြစ်သူဆီရောက်လိုက်နှင့် ပြန်လာပြီဆို နှစ်လ
ောက်နေပြီးမှ ပြန်တက်လေသည်။

မိသားစုသည် သုံးယောက်တည်းဖြစ်သွားလိုက် ကျော်ကျော်ပြန်လာ
အခါ လေးယောက်ဖြစ်လိုက်။ လူကြီးတွေအတွက်မထူးခြားပေမယ့်
တ်စည်အတွက်က ကျော်ကျော်သည်အဖော်ကောင်း မိတ်ဆွေကောင်း...

"နေဦးကွ..ဓားပစ်တော့မယ်ဆိုရင် လက်ကောက်ဝတ်နဲ့ပစ်ရတယ်၊
ွတ်ချင်တဲ့အရှိန်က လက်ကောက်ဝတ်ကနေပဲဖြစ်ရတယ်..ဒါမှဓား
ကျမ်းကျင်သမားဖြစ်မှာ၊ ဝေးဝေးကလူပ်ရှားနေတဲ့ တစ်ခုခုကိုလှမ်း
ာကျတော့ မင်းရဲ့လက်တစ်ဖက်လုံးလွှဲအားဖြစ်သွားပြီ.."

ဓားကိုလက်ထဲထည့်ပေးပြီး ကျွမ်းကျင်အောင် သင်ပေးသည်။ ဂျူဒို
ားတေ အခြေခံအဆင့်တွေကစပြီး လေ့ကျင့်ပေး၏။ အစ်မနဲ့ယောက်ဖ
ားစိုးသောကြောင့် မင်းမြတ်စည်ရဲ့ပညာရေး နေထိုင်ရေးကအစ ဘာမှ
ားချက်မရှိရအောင်လည်း ဂရုစိုက်ရသေးသည်။ တစ်ခုကောင်းတာက
ပေးတဲ့ပညာတွေကို လိုချင်ရင် မိဘသင်ပေးတဲ့ ကျောင်းပညာကို
ားစေနဲ့လို့ တစ်ခါပဲပြောရသည်။ မင်းမြတ်စည်က နှစ်ဖက်စလုံးမှာ
ိုက်၏။ မိဘသင်ပေးတဲ့ပညာကို ဝတ္တရားအရ၊ သိုင်းပညာကျတော့
ုမင်း။ သူ့ရဲ့ပင်ကိုယ်အရည်အချင်းကိုက တောက်မယ့်မီးခဲတရဲရဲလို့
ားမလား...။ ကိုယ်ခံပညာဆိုတာ သူ့ရှေ့မှာတစ်ခါလောက် ဟန်ရေးပြက
ိုက်တာနှင့် မင်းမြတ်စည်ကခြေရာတစ်ထပ်တည်းနင်းလေသည်။

"သား..မင်းအမေဆူလွန်းလို့ အပြင်ချည်းထွက်နေတာလားကွ၊
ားကပြန်လာတာ မျက်နှာလေးတောင် ကြာကြာမမြင်ရပါလား.."

တစ်ခါတလေ အဖေကထွက်လိုက်လာပြီး လက်ဆွဲစကားပြောမှ
ားစကားပြောဖြစ်တာတွေ ဖြစ်လာခဲ့သည်။ သူအမေ့ကိုမမုန်းပါ။
ောက် အမေ့စိတ်ကိုတော့ မကြိုက်ခဲ့ပေ.. ।

"မင်းအမေက စိတ်ရင်းမှန်ပါတယ်..အဖေ့ချို့ယွင်းချက်တွေ အပေါ်မှာ

လည်း အများကြီးနားလည်ပေးခဲ့တယ်၊ ပြဿနာတစ်ခုဖြစ်လာတိုင်း ပေါ
ကွဲနေတတ်တဲ့သူကိုချည်း အပြစ်မမြင်ရဘူးသား...လောကမှာ အမြတ
ပျောက်ဆုံးနေတတ်တာ အမှန်တရားပဲ၊ သံသရာရထားဆိုတာ အမှန်တ
ဟုတ်ဟုတ်မဟုတ်ဟုတ် လူဆိုးလူကောင်းမရွေးပါလာနိုင်သမျှ ခရီးသည်
ကုန်လုံးကိုတင်ပြီး တစ်ဘူတာပြီးတစ်ဘူတာသွားနေမှာပဲ..ဂိတ်ဆုံးသွား
လည်း ခေါင်းလဲပြီး ပြန်ထွက်လာမှာပဲ၊ အဖေပြောချင်တာက ဘယ်သူ
တယ်..ဘယ်သူမှားတယ်ဆိုတာ အဲ့ဒီကာယကံရှင်နှစ်ယောက်ပဲ သိပါတ
မင်းအမေချည်းပဲ မှားနေတာမဟုတ်ဘူးသား...အဖေလည်းမမှန်ဘူး..”

“အဖေက မမှန်မှန်းသိရင် ပြင်လို့မရဘူးလား...ကျွန်တော်ဆို အ
ပြောတာ နောက်မခံရအောင်နေမှာ..”

ဒီလိုပြောလိုက်တော့ အဖေကရယ်သည်။ ဒါပေမဲ့ အပြုံးအရယ်
က မလတ်ဆတ်ဘူးထင်သည်။ သူအစက အဖေ့ကိုလက်တွဲပြီး သွား
သည်။ အဖေက ပါးချိုင့်လေးတစ်ဖက်နှင့် နုနွဲ့သောပြေပြစ်မှုတွေရှိသ
အရုပ်မြင့်သောကြောင့် ယောကျ်ားပီသသည်။ ‘ဒီကောင်ခြေတံလက်
ရှည်ကြီးတွေနဲ့ သူ့အဖေလိုလာမှာ’လို့ လူတွေပြောကြတာကိုလည်း ဂုဏ်
သည်။ သို့သော် အမေ့ရဲ့အသံကျယ်ကျယ်အော်ဟစ်ကြိမ်းမောင်းမှုတွေ
နောက်ထပ်ကာလများမှာ ပြောင်းလဲသွားခဲ့သည်။ အဖေ့ကို သူလက်တ
သွားဖြစ်တော့သော်လည်း အဝေးကနေ လှမ်းမြင်လိုက်ရတိုင်း အရပ်ရှည်
လောက် ခေါင်းငုံ့သွားနေတတ်သည့်ပုံစံက သူများတွေခေါင်းငိုက်စိ
သွားကြတာတွေထက် ပိုပြီးကြည့်ရဆိုးသည်။ ဒါမျိုးကို သူ့စိတ်ကိုက
လည်ပေးလို့မရတာကြောင့်လား အဖေ့ရဲ့ချောမောမှုတွေပဲ ယုတ်လျော့သွ
တာလားဆိုတာ မသိခဲ့ပေမယ့် အဖေသည်ကြည့်မကောင်းတော့ပါ..၊

ဒီမှာ သူ့စိတ်ဝင်စားလာတာက အမှန်တရား.. ၊

“နှစ်ခုပဲရှိတယ်အဖေ..အမေမမှားဘူးဆိုရင် အဖေမှားနေတာလား..
သူသည်းမခံနိုင်တော့ဘဲ ဒီတိုင်းဖွင့်မေးမိသည်။

“ဟုတ်တယ်..အဖေမှားနေတယ်၊ ဒါပေမယ့် မှားပါတယ်လို့ အ
မပြောနိုင်ဘူး...ဒါကြောင့် အထပ်ထပ် မှားခဲ့တယ်..”

အဖေမျက်ရည်တွေ ဝဲနေသည်။ သူအထင်ကြီးလေးစားခဲ့ရသ

 က ‘မင်းအမေ....’ဆိုသည့် ထိုးညွှန်မှုနှင့် ဘာတစ်ခုမှအပြစ်မဆိုခဲ့ဘ
ည်းပဲမှားနေသည်လို့ ပြောခဲ့သည်။ မှားတာကိုမှားတယ်လို့ တွင်တွင်
နေတာ သတ္တိကောင်းတာလား ဒါမှမဟုတ် ပြောရဲတာကိုဂုဏ်ယူတာ
။ ထိုစဉ်က ကဘောက်တိကဘောက်ချာအတွေးတွေက စံနစ်မကျခဲ့
ယ့် အဓိကသည် အဖေရဲ့မျိုးသိပ်အုံ့ဖွဲ့မှုကို မကြိုက်ခဲ့တာဖြစ်သည်။
သည် အုံ့ဖွဲ့ခံစားတတ်သည့်ခင်ပွန်းသည်အပေါ် မချင့်မရဲဒေါသတို့ဖြင့်
တစ်ယောက်လုံးအပေါ်မှာလည်း နူးညံ့ချိုသာခြင်းတို့ ပျောက်ဆုံးလာခဲ့
။ ထိုအခါ ‘သားလေးအမေ့ဆီလာဦး’လို့ ခေါ်ရင်တောင် မင်းမြတ်
ကာ လူသာသွားပေမယ့် မျက်နှာကိုတခြားလွှဲလျက်သား.. ၊

မိသားစုအခြေအနေတွေ ယိမ်းယိုင်လာခဲ့သည်။ စီးပွားပျက်လို့ ဘဝ
ခဲ့တာမဟုတ်ဘဲ သူတို့မိသားစုဘာကြောင့်ဘဝပျက်ခဲ့သည်ကို အဖြေရှာ
ခဲ့သည်။ လူတချို့စိတ်ဝင်စားကြ၏။ အဖေကရှိရင်းစွဲကျောက်မျက်
ရောင်းဝယ်ရေးမှာပဲထိုင်သည်။ အိမ်ကိုပြန်မလာဘဲ နေ့တွေကရက်
ဖြစ်လာ၏။ ဒါကျတော့လည်း အမေကတစ်မျိုး.. ၊

“သင်းက တစ်မျိုးတိုးပြီး ဗွေဖောက်လာတာ..အိမ်ပြန်မလာလောက်
ပါ သူ့မှာအနှောင့်မယှားတွေရှိလို့နေမှာပေါ့..”

ပြစ်မှုက ကြီးလာသည်။ သွားတုန်းလာတုန်း အသိမိတ်ဆွေမိန်းမ
ယောက်ယောက်နှင့် စကားရပ်ပြောတာမြင်တာနှင့် အမေကပြေးရိုက်
။ လုကြားထဲမှာ ပြဿနာကြီးထွားခဲ့သည်။ ထန်းရည်မူးတိုင်း ကျွဲ
သကဲ့သို့ နောက်တစ်ပြစ်ပေါ်တိုင်း ရှေ့ကတစ်ပြစ်ကိုဆက်လျက်
ပြီးသည်။ အဖေ့ရင်ထဲက ဂုဏ်သိက္ခာ မာန်မာနတရားတို့အတွက် ထိုစဉ်
ကာ သူစာနာရမှန်းမသိခဲ့ပေ.. ၊

“ကျော်ကျော် လာဦး...သားလည်းကျောင်းပိတ်နေပြီ၊ မင်းသူ့ကိုခေါ
ကွာ..မင်းအလုပ်ကိုလည်း သူဝါသနာပါပါတယ်..”

“နောက်လည်း ပြန်မလာစေနဲ့တော့’လို့ အဖေပြောတော့ သူတအံ့တ
။

“ကြာလာရင် ကလေးကဒ့ဒီထက်ရိုင်းလာမယ်..မိဘအရိပ်မည်းကြောင့်
ခေါ်ကဘယ်လိုပုံပေါ်လာမလဲဆိုတာ ဒီမိန်းမနားလည်မှာ မဟုတ်ဘူး..

မင်းအစ်မမို့ ပြောရတာအားနာတယ်၊ ဒါပေမယ့် ငါသူ့ကိုလွှတ်ထားလို
ပြီ..ငါ့သားကိုတော့ မင်းကယ်တင်ပါ.."

ပြောပြီး ကျော်ကျော်လက်ထဲထည့်သည်။ ဒေါ်မြတ်မြတ်ဦး ဒေါသ
ထလေသည်။ သို့သော် သားဖြစ်သူကိုလည်း သူမဘယ်လိုမှတားဆီး
တော့သောအခါ.. ၊

"မင်းနောင်..လူယုတ်မာ၊ ငါ့သားလေးကို ငါနဲ့သွေးခွဲတယ်ပေါ့..ငါ
မွေးထားတဲ့အမေ၊ နင်က ကဗျာသံစာသံတွေနဲ့ ပြောဖို့ပဲသိတဲ့ကောင်..မိ
အရိပ်မည်းထိမှာစိုးရင် နင့်အရိပ်ဖြူအောင်အရင်လုပ်ပါလား၊ ငါသည်
လာခဲ့တာ ဘယ်လောက်တောင်ကြာခဲ့ပြီလဲ..အဲ့ဒီတုန်းက နင်ဘာသံထွက်
ငါပြောပြီဆိုမှ ဒီမိန်းမလွန်တယ်ဟုတ်လား..လေးစားကြည်ညိုဖွယ်မရှိ
ယောကျ်ားကို ဘယ်မိန်းမက ကိုးကွယ်ချင်မှာလဲ.."

ဒေါ်မြတ်မြတ်ဦး ဝုန်းဒိုင်းကြဲတော့သည်။ အဖေဘာပြန်ပြောမလဲ
သူနားစွဲနေခဲ့သည်။ ထွက်လာပြီးမှ သမင်လည်ပြန်ကြည့်ခဲ့သေးသည်
အဖေက ခေါင်းငိုက်စိုက်နှင့်ထိုင်နေတာ တစ်ချက်လေးမှ ခေါင်းမော့မ
ပေ။ ထိုစဉ်တုန်းက အဖေ့ကိုနောက်ဆုံးကြည့်ခဲ့မိခြင်းဆိုတာလည်း မသိခဲ့
ရင်ထဲမှာ လွမ်းဆွတ်ကြေကွဲခြင်းကို ပြင်းပြင်းထန်ထန်ခံစားခဲ့ရသည်။ အ
ကို ထာဝရခွဲခဲ့ရပြီဆိုတာ မသိပေမယ့် အဖေနှစ်ကိုယ်ကြား ပြောခဲ့တာတွေ
ပြန်တွေးရ.. ၊

"မင်း အဖေ့လိုတော့မဖြစ်စေနဲ့..လူတိုင်းကို ယုံကြည်စိတ်မွေးရ
ဆိုတာ မမှန်သေးဘူး၊ ဆင်ခြင်တုံတရားမရှိတဲ့ ရိုးသားခြင်းဟာ
ခြုံတွေပေါ်ကျတဲ့ ပူစီပေါင်းနဲ့တူတယ်..လူတွေပုတ်ခတ်ဆော့ကစားနေကြ
ဘောလုံးနဲ့လည်း ဘာမှမခြားဘူး၊ ရိုးသားတာက ဂုဏ်ရှိပေမယ့် လူလူချ
ဦးညွှတ်စေချင်ရင်တော့ မင်းရိုးသားနေရုံနဲ့မရဘူး..သတ္တိရှိပါ၊ မမိုက်ပါနဲ့
လုမိုက်ဖြစ်နေရင်တောင် လူဆိုးမဖြစ်စေနဲ့သား၊ မင်းဝါသနာပါတာတွေ
ဆည်းပူးလို့ရပါတယ်..ဒီပညာတွေနဲ့ သူများကိုဒုက္ခပေးဖို့ မဖြစ်စေနဲ့.."

ညဉ့်နက်တဲ့အထိ သူတို့မိသားစုတည်ထားတဲ့ ရေချမ်းစင်ကြီးအော
မှာ သားအဖနှစ်ယောက် ထိုင်နေခဲ့ကြသည်။ စကားတွေပြောခဲ့သည်။

"အဖေက လူယုံလို့သတ်မှတ်တဲ့လူတွေ ယုံကြည်သင့်တဲ့လူလို့ ထ

ကိုတာတွေ အဖေ့ကိုလိမ်စားသွားကြတယ်..မင်းအမေအများကြီး နာ
ပေးခဲ့တာပါ၊ ဒါဖြင့် အခုအားလုံးကုန်လို့ အင်းအမေဒေါသထွက်နေ
လားဆိုရင် မဟုတ်ဘူးသား..အဖေတို့မှာ သားဘဝအတွက် မိဘဘိုးဘွား
အမွေအနှစ်တွေအများကြီးရှိသေးတယ်.."

ဒါကို သူသိခဲ့ပါသည်။ အဖေက သာမန်သူဌေးသားပေမယ့် အမေက
ထွက်လောကမှာ ဒိတ်ဒိတ်ကျဲချမ်းသာသည့် ကျောက်မျက်ရတနာ
နန်းများပိုင်ရှင်တို့ရဲ့ တစ်ဦးတည်းသောမျိုးဆက်သွေး။ ဘိုးစဉ်ဘောင်
ကတည်းက ကြွယ်ဝချမ်းသာခြင်းတို့သည် အပြင်လူခန့်မှန်းရခက်လောက်
ရှိနေခဲ့၏။ အဖေက ဘာမှတော့ သေချာမပြောခဲ့ပေမယ့်.. ၊

"နောက်ပြန်မကြည့်နဲ့..ပစ္စုပ္ပန်မှာကောင်းအောင်နေ"လို့ မှာခဲ့သည်။
ထွက်လာပြီး ခြောက်လအကြာမှာပဲ အဖေအရက်လွန်အောင်သောက်ပြီး
သေးပြီဆိုသည့် သတင်းကြားခဲ့ရသည်။ အရက်ဆို အနံ့တောင်မခံနိုင်
ဘူး အဖေကလွန်အောင်သောက်သည်ဆိုသောအခါ.. ၊

"အဲ့ဒါအမေလုပ်တာ..ကျွန်တော်အမွေ့ကိုမုန်းတယ်.."

အမွေ့ကို မပြောဖြစ်ခဲ့ပေမယ့် သူ့အမုန်းတွေ အမွေ့ဆီသက်ရောက်
ခဲ့ပုံလား ဒါမှမဟုတ် အဖေ့အတွက် မခံစားနိုင်ခဲ့တာလား..။ နောက်
ပြန်လှည့်လအကြာမှာ နာမကျန်းဖြစ်ပြီး အမေဆုံးသွားခဲ့သည်။

ဒါတွေ ဘယ်သူ့ကြောင့်လဲ..

♥♥♥♥♥

အခန်း(၁၄)

သစ်ရွက်ခြောက်လေးတစ်စက ပခုံးတစ်ဖက်ပေါ်ကြွေကျလာသည်
သူ့ခဲ့ကြည့်လိုက်မှ တအိအိလျှောဆင်းသွားခဲ့ပြီး မြေပြင်ထက်သို့ ဝေ့ဝဲ
သက်လေသည်။ မလှပခဲ့သော အတိတ်၏ပုံရိပ်တွေက ပစ္စုပ္ပန်မှာ
ပြင်းချရင်း ခြေသံမကြားအောင် နောက်ဆုတ်ပြန်၏။ သို့သော် မင်းမြတ်
၏ မျောလွင့်နေခဲ့သော စိတ်တွေက ပစ္စုပ္ပန်မှာတစ်ရေးနိုးခဲ့ပြီဖြစ်လျှင်
"သူ့ဌေး.."
ခပ်လှမ်းလှမ်းမှာ ခေါ်သံတစ်ရပ်နှင့်အတူ လုံခြုံရေးဝတ်စုံပြည့်
လူရွယ်တစ်ယောက် ရပ်နေခဲ့လျက်..
"ရုံးခန်းထဲမှာ ဖုန်းမြည်နေတာ သုံးခါရှိပြီ.."
သူမေးဆတ်ညိတ်ကာ.. ।
"ကိုင်လိုက်..ပြီးရင် ငါ့ဆီလွှဲပေး.."
သူအပြင်ရောက်နေတာ နှစ်နာရီနီးပါးရှိပြီဖြစ်ကာ ဒီနေရာလေး
သူဒီလုပ်ငန်းတွေမှာ ထဲထဲဝင်ဝင် နှံ့စပ်ပါဝင်လာစဉ်တည်းက ပကာသန
အပန်းဖြေရာ တောတန်းငယ်လေးဖြစ်သည်။ သူ့ကုမ္ပဏီရုံးခန်းနှင့်မိုင်တ

ခေါ်ဆေးကွာလျက် သဘာဝတောတန်း၏အရိပ်အမိုးဖြစ်တည်ပုံလေးကိုက
ကျေနပ်နေသည်။ မွန်းတည့်ချိန်ခန့်မှန်းရခက်လောက်တဲ့အထိ နေပြောက်
ကင်းနိုင်အောင် အုပ်ဆိုင်းနေသော သက်ရင့်ပင်ကြီးတွေကြားမှာ အရောင်
ကွေးခုံသော သစ်ခွပန်းတွေနွယ်ယှက်ပတ်ခွေနေပုံကလည်း ပန်းချီဆရာ
တော်ကြီးချလောက်ပေသည်။
ဘာကြောင့် ဒီနေရာမှာ သစ်ခွပန်းတွေ လှိုင်လှိုင်ပွင့်နေသလဲ.. ခူးယူ
ခဲ့ကြပုံနေခဲ့သလဲဆိုလျှင် ဒီနေရာမှာ တစ်ခါတစ်ရံတောရိုင်းတိရစ္ဆာန်ကြီး
ကောင်ပေါ်လာတတ်သည်ဟု လူပြောများနေကြ၍ဖြစ်သည်။ ဒါပေမဲ့ သူ့ကု
ဏ္ဍိုင်ကားအင့်ားလုပ်ငန်းအားလုံးကလည်း ဒီနေရာကိုကျော်ပေးမှီတည်နေ
ကြောစဉ်တန်းတွေနဲ့ ဆန့်ကျင်ဘက်.. ।
"ဟလို.."
သစ်လုံးပြတ်ကြီးပေါ်မှာထိုင်လိုက်ရင်း ဖုန်းကိုင်လိုက်မိလျှင် ဖုန်းထဲ
ကနေ စစ်ကြည်အုပ်စုထဲက လက်ထောက်ဌာနမှူးဦးညွန့်ဝေ၏ ပြတ်ရှ
ရေးလေသံသည်.. ।
"ကျုပ်ဘာကြောင့်ဖုန်းဆက်တာလဲ မင်းသိမှာပါ..ဒီတော့ ရှည်ရှည်
ပြောစရာတွေ ပြောဖို့မလိုဘူးထင်တယ်"
"ကိုယ်ပဲသိတဲ့ကိစ္စကို သူများသိစေချင်ရင်တော့ ပြောဖို့လိုတာပေါ့.."
"မင်းမြတ်စည်.."
"ကျုပ်နားထောင်နေတယ်.."
"အေး..မင်းရဲ့စီးကြောမှုကို နောက်ဆုံးသည်းခံခြင်းအနေနဲ့ ငါမေ
တ္တာပြတယ်၊ အခု မင်းလုပ်ရမှာက နစ်သွားတဲ့သဘော်တည်နေရာကို အတိအ
ကျပြောပေးမလား..သဘော်ဘနဲ့ပါသွားတဲ့ ပစ္စည်းတွေကို ပြန်အပ်မလား.."
"ပစ္စည်းပြန်အပ်ရအောင် ကျုပ်က သူများပစ္စည်းခိုးထားတာမှ မဟုတ်
ပါဘူး"
"နေစမ်းပါဦး..သဘော်ဘတစ်စီးလုံး ပစ္စည်းတွေကို မင်းအပိုင်လို့ ဘာ
ကြောင့်သတ်မှတ်လိုက်တာလဲ၊ ဘာအားကိုးနဲ့လဲမင်းမြတ်စည်..မင်းကိုမေး
ခဲ့ကတိုင်း လိုရင်းတိုရင်းဖြေတာ တစ်ခါမှမရှိပါလား.."
"လိုရင်းတိုရှင်းတွေချည်း ဖြေပေးလိုက်တာပါ..မကျေနပ်နိုင်တာက

ခင်ဗျားတို့..”

“ဒါဖြင့် မင်းရဲ့လိုရင်းတိုရှင်းတွေကို အခု ကျုပ်ကထပ်ကြားချင်တယ်
ဆိုရင်ရော..”

“ပစ္စည်းတွေ ပိုင်နက်မကျော်ခင် ဖမ်းခံထိတယ်..အဲ့ဒါကိုရှောင်ဖို့ ကြ
စားရင်းနဲ့ နစ်သွားတယ်၊ ဒါပဲ..”

“သြော်..ငါတို့တွေက ‘ဟုတ်ကဲ့ ရပါတယ်ခင်ဗျ’ဆိုပြီး လှည့်ပြန်သွ
ရမယ်ပေါ့..”

“သဘောပဲ..”

တက်ခေါက်သံက ပြောင်မြောက်စွာတိုးဝင်လာသည်။ မင်းမြတ်ဘ
နှုတ်ခမ်းမှာ ပြုံးရိပ်ထင်လျက် စီးကရက်တိုကို ပင်စည်မှာဖိချေပစ်သည
ပြီးတော့ မီးခိုးမသေသေးသည့်အပိုင်းကို မြေပြင်ပေါ်ပစ်ချပြီး ဖိနပ်ဦးနဲ့ဖိ
ပစ်လိုက်ရင်း.. ।

“ဘာတွေမသက်ာ်ဖြစ်နေတာလဲ ဦးညွန့်ဝေ..သဘော်ာတစ်စီးစာ
ဖြစ် နှစ်စီးစာဖြစ်ဖြစ် အဲ့ဒီတန်ဖိုးတွေကို ကျုပ်စိတ်မဝင်စားဘူး၊ ကိုယ်ရော
တဲ့ပစ္စည်းကို ပြန်ခိုးဖို့ဆို ပိုဝေးသေးတယ်..”

“ဒီလောကမှာ ကိုယ်ရောင်းတဲ့ပစ္စည်းကို ပြန်ခိုးဖို့လူမိုက်လုပ်နေ
တာပဲ..အရင်းရော အမြတ်ပါကိုယ့်ဆီပြန်ပါအောင် သတ်ဖြတ်လုယက်
ကြတာ အဲ့ဒီလောက၊ မင်းကတော့ ဘီလီယံနာကြီးကိုးကွ..ဒါပေမဲ့ သ
ဘရှိလို့ စီးပွားရေးလုပ်နေကြတာ၊ မဟုတ်ရင် ဖားကန့်မြေမှာ တုတ်ထမ်း
ထမ်းပြီး လုပ်စားနေတာ ဘာကြောင့်မို့လဲ..မိဘချမ်းသာခဲ့တိုင်း လူအ
ကြီးအောင် ဟန်လုပ်မနေပါနဲ့မင်းမြတ်စည်ရာ၊ လူလိမ်ခံရလို့ မွဲထိုင်
ကျသွားတာ ငါဘို့သိတယ်..ဘယ်သူမှမသိတဲ့ မင်းမိဘရဲ့..”

“ခင်ဗျားက ငယ်ကျိုးငယ်နာဖော်ပြီး အကျပ်ကိုင်တာ ဝါသနာ
ကုံပဲ..”

“ဘာကွ..”

“ခင်ဗျားတို့ပစ္စည်းတွေ ပြန်လိုချင်ရင် ကြီးကြပ်ရေးရုံးကိုသွားလို
နောက်ထပ်ပြီး သဘော်ာကိစ္စကျုပ်ဆီလာစုံစမ်းရင် မင်းမြတ်စည်က ခေါ
ညိတ်ခေါင်းခါ ထိုင်လုပ်နေမှာမဟုတ်ဘူး..”

“ဟေ့..ဖုန်းမချနဲ့ဦး..”

ဦးညွန့်ဝေရဲ့ ဒေါသတကြီးတားဆီးသံက ဖုန်းထဲကနေခုန်ထွက်လာ
ခဲ့ပေတိုင်း.. ।

“အောင်မင်းတို့သုံးကောင် မင်းမိထားတယ်မို့လား..”

“အဲ့ဒါရော ခင်ဗျားနဲ့ဘာဆိုင်လဲ..”

“ဒီကောင်တွေက သဘော်ာကိစ္စမှာ နောက်ကွယ်ကခိုင်းခံနေရတဲလူ
ကြီးပြီးတော့ စောမူသာတို့နဲ့ငြိုးနေတာလည်း မင်းသိတယ်၊ ပြဿနာအရင်း
အမြစ်အားလုံးကို မင်းကချည်းပဲလက်ဝါးကြီးအုပ်ထားတာမင်းမြတ်စည်..
ဒီတော့ မင်းမဟုတ်သလို ဘေးထွက်နေတယ်၊ ငါတို့လောကမှာ မင်းလို
ကောင်က ရွံစရာအကောင်းဆုံး ပိုးကောင်ပဲ..မကောင်းတာအကုန်လုပ်တယ်၊
ဒီတော့ ရဲနဲ့ပေါင်းထားတယ်..ရေမှုတ်တစ်ဖက် မီးစာတစ်ဖက်နဲ့မင်း..”

“ဟား ဟား ဟား ဟား..”

“ရယ်လို့ရတယ်..ရယ်ပြီးရင် တစ်ခုခုဆုံးဖြတ်ချက်ချရအောင်..”

“ဆုံးဖြတ်ချက်ချဖို့ ကျုပ်ခေါင်းထဲမှာ ဘာမှထည့်မထားဘူး..ဒါပေ
မယ့် ခင်ဗျားကိုဆုတော့ ပေးသင့်ပြီထင်တယ်..”

“လုပ်ပါ..မင်းဘာဖြစ်ချင်သလဲ၊ ဒီကိစ္စကြီးက နှစ်ဖက်အဆင်မပြေကြ
ဘူး ငါတို့ကဆုံးရှုံးမယ်..မင်းအတွက်တော့ လောင်မြိုက်ခြင်းအစပဲ၊ ငါခြိမ်း
ခြောက်တာ မဟုတ်ဘူးနော်..မင်းကိုအလျှော့ပေးနေတာ၊ မင်းသိပ်ပိုင်နိုင်
ပေမယ့် မဟုတ်ဘူးဆိုတာ သိစေချင်တာ..”

ဘာကြောင့်ဖြစ်နေနေ မင်းမြတ်စည်ကို သူတို့မထိုင်ဝံ့ကြတာ အမှန်
ပဲ တစ်ဖက်မှာဖုန်းပြောနေသည့် ဦးညွန့်ဝေရင်ထဲမှာ မချိတရိတွေခံ
ရင်း ထိန်းချုပ်ပါများနေသည့် ဒေါသမောဟတို့သည် ဖုန်းကိုင်သည့်
လက်တွေပါ ချွေးတို့ဖြင့် စေးထန်းခြင်းသို့ရောက်လျက်.. ।

“ဘာ..ဘယ်သူ..”

“ဦးခေတ်ချောင်း ဘယ်မှာလဲဆိုတာ အတိအကျပြော..”

“ဦးခေတ်ချောင်း..ခေတ်ချောင်း..”

ဦးညွန့်ဝေ မျက်မှောင်ကုတ်ရင်း နာမည်ကိုရေရွတ်နေမိသည်။ စား
ပွဲပေါ်မှာထိုင်နေကြသည့် ခုနှစ်စင်ကြယ်အုပ်စုခေါင်းဆောင်လူကြီးတွေ

အကုန်လုံးလည်း တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြ၏။ ပြီး
တော့ စဉ်းစားမရသလို ခေါင်းတွေခါကြရင်း ဖုန်းပြောနေသည့် ဦးညွှန့်
ကို 'ဘာဆက်ပြောလဲ'ဆိုသည့် မေးခွန်းတို့နှင့် မေးဆတ်၏။

"မင်းမေးလို့ရှာပေးရတာ လူရှစ်ယောက်ရှိသွားပြီ..မင်းကစီးပွားရှာ
တာလား လူရှာနေတာလား.."

"ဘို့သ်.."

ဦးညွှန့်.ဝေ ဖုန်းကိုလက်တစ်ဖက်နဲ့ အုပ်ထားလိုက်ပြီး ဒီဘက်လှည့
ကာ.. ।

"နှစ်ခုစလုံးတဲ့.."

သူတို့တွေ သံသယအကြည့်တွေ ဆုံဆည်းကြပြန်ကာ ဦးညွှန့်.ဝေဖုန်
ချလိုက်တဲ့အထိ စောင့်နေပြီးမှ.. ।

"သူကဘာလဲ..စီးရီးယက်ကဲလာ လုပ်နေတာလား၊ သူ့ကိုယ်သူ
ရှင်ထဲက စိတ္တဇလူသတ်သမားလိုမျိုး"

"သူလည်းအရူးပဲမျာ..ကိုယ့်စီးပွားကိုယ်လုပ်ပြီး တစ်ဖက်ကိုမျက်နှာ
မျက်နှာရ ဖားနေတာမဟုတ်ဘူးလား၊ တစ်ထောင်ဖိုးပဲဝင်တာကို တ
သောင်းဖိုးပေးစားနေတာ အရူးကွက်တွေပဲ.."

အားလုံး ခဏတော့တိတ်သွားကြသည်။ မင်းမြတ်စည်အကြောင်း
တွေးမိလျှင် ဒီလူဟာ ရာဇဝင်ထဲက မင်းသားဖြစ်သွားသလိုလို ဇာတ်လမ်း
ကအကြမ်းစားဗီလိန်လိုလို။ ဒါမှမဟုတ် လက်မရှဉ့်.လူသတ်သမားလိုလား..
ဒါမှမဟုတ် ဒီလူသားမှာဆင်ပြောင်ငါးစီးအားမာန်ကြီးသော ခွန်အားတွေ
နေလေသလား...။ 'ရေမျှားရာမိုးရွာ'ဆိုသလို မင်းမြတ်စည်ချမ်းသာတာတွေ
နာမည်ကြီးသလောက် သူ့ကျမ္ဘာလုပ်လုပ်အောင်မြင်နေသည်။ သူများတွေ
တစ်ချီကောင်းထိပြီး ယိုင်နဲ့သွားကြပေမယ့် မင်းမြတ်စည်က အချီချီထိ
လည်း နည်းနည်းလေးမှ နေရာမရွေ...।

ဒီတစ်ချီတော့ ဒီကောင်သွားပြီလို့ထင်လိုက်တိုင်း ဝတစ်လုံးပျောက်
လျှင် နှစ်လုံးပြန်ပေါ်သည်။ တစ်ထောင်ဖိုးကုန်သွားလျှင် တစ်သောင်းဖိုးပြန်
ပေါ်သည်။ မုန်းသည့်လူကို မိတ်ဆွေဖွဲ့၍ မိတ်ဆွေပြုဖို့အသင့်ရှိနေသူတွေ
ကိုတော့ ဘယ်သူ့ကိုဖြစ်ဖြစ် ရိုင်းပျစော်ကားဖို့အဆင်သင့်။ ဒီကောင် ဘယ်

ကိုကောင်းစားလဲ..သင်းကဘယ်လောက်တောင် သုံးမကုန် ဖြုန်းမကုန်ချမ်း
သာနေလို့လဲ.. ।

"ကျုပ်အထင်တော့ ဒီကောင်စီးပွားရှာနေတာ ဒီလူတွေနောက်လိုက်
နေတာ ထင်တယ်နော်..တစ်ခုခု ရန်ငြိုးရှိနေလို့များ ဖြစ်နေမလား.."

"ပြောသွားသေးတယ်..လူရှာဖို့.ကလည်း ငွေရှိမှဖြစ်တာတဲ့.."

ဦးညွှန့်.ဝေပြန်ပြောပြပြီး မဲ့သည်။ ပြီးတော့ မင်းမြတ်စည်ပြောသွား
သမျှကို ပြန်တွေးနေမိသည်။

"လူဖြစ်ဖြစ် ပစ္စည်းဖြစ်ဖြစ် ကိုယ်သိချင်တာရှိရင် ငွေနဲ့.ပေါက်မှ
ရတာ.."တဲ့.. ।

ဒါပါပြောပြလိုက်တော့ အားလုံးပဲမျက်ခုံးတွေ ပင့်သွားကြကာ.. ।

"ဟုတ်တာပဲ..ကျုပ်တို့ သူသိချင်တာကို ရှာဖွေပေးခဲ့ကြတာ ရှစ်
ယောက်တောင်ရှိပြီ၊ ဒီထဲမှာ ကျုပ်တို့သိတာ သုံးယောက်ပဲပါတယ်လေ.."

"သူကဘာဖြစ်လို့ ကျုပ်တို့.ကိုပဲဦးတည်နေတာလဲ..ဒါကမခံချင်စရာ
ကြီးနော်.."

"ဟုတ်တယ်..ဒီလူတွေကို ကျုပ်တို့သိတာလည်း မဟုတ်ဘူး၊ ပြီးတော့
အကုန်လုံးက ကျောက်မျက်ကိုင်တွယ်နေကြတဲ့ တကယ့်အကောင်ကြီးတွေ
ပဲ.."

"သေချာတာကတော့ သူသိသွားပြီဆို အဲ့လူဂျမ်းထိုးမှောက်ခုံဖြစ်သွား
တာပဲ.."

ခုမှ သေချာဆက်စပ်ကြည့်မိသွားကြသလို လူခုနှစ်ယောက်လုံး
ငြိတ်တိတ်ဆိတ်ဆိတ်ဖြစ်သွားကြပြန်သည်။

"ဟုတ်တယ်..တစ်ကျွန်းပြန်ကိုမောင်ဆို ပိုပြီးသနားဖို့.ကောင်းတာ
သူတကယ်ပဲ တစ်ကျွန်းပြန်ဟုတ်လား မဟုတ်လားတော့မသိဘူး...သူထူ
ထောင်ထားတာလေးက ပါးချိနားချိလေးပါ၊ စီးပွားပြိုင်တွေမို့ ဖြုတ်ချ
တယ်ဆိုရင်တောင် တွေးလို့ရသေးတယ်..အဲဒီ့လိုလူက သူနဲ့လည်းအဆင့်မ
ရှိပါဘူး၊ ဘာအကြောင်းလဲတွေးကြည့်ပါဦး.."

"ပြီးတော့ ဂျပန်ကြီးရယ်..ဦးစိုင်းခမ်းရယ် တိုးနီတို့.လူစုရယ်
ဆွေးကြည့်ရင် အဲ့လူတွေ သူ့နာမည်ခေါ်လိုက်မှ ပြုတ်ထွက်ကုန်တဲ့မူလီတွေ

ပ..အားလုံးက သူ့လောက်မှတန်းမဝင်ကြတာ၊ တွေးကြည့်ရင် ရန့်ငြိုးပဲပေါ့..

"မင်းမြတ်စည်ဆိုတဲ့ကောင်ကို တွေးကြည့်မနေနဲ့..တွေးတဲ့လူသား ရူးသွားမှာ.."

"အဲ့ဒီတော့ ကျုပ်တို့လုပ်စရာ နှစ်လမ်းရှိတယ်.."

"ဟုတ်တယ်..ဦးခေတ်ချောင်းကို ရှာပေးလိုက်မလား၊ ဗုံးကြဲမလား.."

နောက်ထပ် တိတ်သွားကြတာ အတော်ကြာလေသည်။ ဘယ်လိုကိုင်ပေါက်ပေါက်ပစ်တိုင်းတောင်လို ခေါင်းထောင်နေကျဖြစ်သည့် မင်းမြတ်စည်လိုလူနဲ့ သူတို့ရန်သူမဖြစ်ချင်။ ဒါက သူချမ်းသာလို့လန့်နေတာ မဟုတ်ပေ။ အုပ်စုဖွဲ့မနေတတ်သော သိုသိတ်လျှို့ဝှက်လွန်းသော ထို့ပြင် ဂရုမစိုက်ခြင်းပါရမီရှင်ဖြစ်သော မင်းမြတ်စည်ကို သူတို့ဘယ်လိုမှ ခန့်မှန်းရခြင်းသည် မမြင်ရသော လက်နှက်တစ်ခုခုကို စိုးထိတ်နေရသလိုလို..

"သူ့မှာ သူ့ဘဝထက်ပိုအရေးပါတဲ့ နာကျည်းချက်တစ်ခုခု ရှိကိုရှိမယ်.."

"ရှင်းပါတယ်..သူ့မိဘလူလိမ်ခံရတယ်ဆိုတာ ဒီလူတွေလိမ်တာပဲဖြစ်မှာပေါ့၊ ကျုပ်တို့ကြားသလောက်ဆိုရင် သူ့အဖေကဒီစိတ်နဲ့ ကိုယ့်ကိုယ်ကို သေကြောင်းကြံသွားတာ..သူ့အမေလည်း ဒါကြောင့်ယိုင်လဲသွားတာပဲ ဒီထက် နာကျည်းသင့်တာ ဘာရှိမှာလဲ..တစ်ခုပဲ တွေးရခက်သွားတယ် ဒီကောင်ကပင်ကိုယ်အရည်အချင်းရှိတဲ့ကောင်..လူချင်းအုပ်စုဖွဲ့ပြီး တိုက်လို့မရဘူး၊ စီးပွားပြိုင်တွေ သူ့ကိုပြိုလဲအောင် မလုပ်နိုင်ကြဘူး..နာကျည်းချက်ရှိလို့ ကလဲ့စားချေမယ်ဆိုရင် အသေသတ်မလား ကျုပ်တို့လောကနေပြုတ်ထွက်သွားအောင်လုပ်မလား.. ဘာဖြစ်ဖြစ်လုပ်လို့ရတယ်၊ ဒါပေမဲ့ ယိုင်နဲ့ရဲပဲလား..ပြုတ်ထွက်သွားသလား ကျုပ်တို့ကစောင့်ကြည့်နားထောင်နေတာမှ မဟုတ်ဘဲဗျ၊ ကိုယ့်အလုပ်လည်း မဟုတ်ဘူး..ကိုယ့်အဆင့်နဲ့ယှဉ်ရာလည်း မဟုတ်ဘူး၊ ခုမှသာ ဒီလူတွေကို သူဘာကြောင့်ရှာဖွေနေသလဲဆိုတာ တွေးမိလာကြတဲ့ကိစ္စ.."

"ဟုတ်ပြီ..ကျုပ်တို့သူ့အကြောင်း ခဏထားလိုက်မယ်.."

မင်းမြတ်စည်နဲ့ပတ်သက်တိုင်း ခန့်မှန်းရခက်တာတွေကြောင့် ဘယ်လိုမှမနီးစပ်ကြသည့် ပဟေဠိတွေမှာပဲ ပြီးဆုံးနေခဲ့ကြသည်။ ဒုက္ခတော့

တော်ပေးနေပြီဖြစ်၏။

"ကျုပ်ကတော့ သူ့ခိုင်းသမျှကို ထိုင်လုပ်မပေးနိုင်ဘူး.."

"ပဋိပက္ခဖြစ်ကြရင်လည်း ဒေါသထွက်လို့ သတ်ပစ်နိုင်ရင်တောင် ကျေနပ်တစ်သက်ပဲသေမှာ..ကျုပ်တို့သာရှိသမျှပြောင်ပြီး မြောင်းထဲရောက်ပေး ထောင်ထမင်းဟင်းနဲ့ သက်တမ်းကုန်မလား..ရွေးစရာကဒါပဲ.."

မည်ညွှတ်နိုင်သေးသည့် အခြေအနေမှာပဲ ရပ်တန့်နေကြစဉ်.. ।

"ဘယ်ကဖုန်းလဲ.."

"ကျုပ်မဟုတ်ဘူး.."

ဖုန်းမြည်သံကြောင့် ခေါင်းထောင်သွားကြသည်။ ထိုထဲတွင် စားပွဲတောင့်မှာ ထိုင်နေသော ဦးစိုးလင်းက ဖုန်းထုတ်ယူလိုက်ပြီး အားလုံးမြင်အောင် မြှောက်ပြသည်။ ပြီးမှ.. ।

"ပြောဟေ့..ဖျံကြီး.."

"ဝယ်လက်ကနေ ကျွန်တော်တို့ဖြတ်ဆရာကို မသုံးဘူးသူဌေး..သူ့ကိုယ်တိုင်လည်း မလာဘူး၊ သူ့ရဲ့ပါတနာဆိုတဲ့ ဖြတ်ဆရာတစ်ယောက်နဲ့..ကျွန်တော့အဖွဲ့ပဲလွှတ်လိုက်တယ်.."

"ဖြတ်ဆရာဘယ်သူပဲဖြစ်ဖြစ် သူအကုန်ခံနိုင်လို့ ခေါ်လာတာ ခေါ်ပေါ့..ဘာပြဿနာရှိလို့လဲ.."

"ဆရာတို့ဖြတ်ထားတဲ့ဈေးထက် ထက်ဝက်လျှော့ချပစ်လိုက်တယ်.."

"ဘာပြောတယ်.."

ဒေါသတကြီးထိုင်ရာမှ ထရပ်လိုက်သဖြင့် ထိုင်ခုံက ဒုန်းခနဲမြည်ပြီး ဆုတ်ရွေ့သွား၏။ အားလုံးအကြည့်တွေ သူ့ထံမှာစုပြုံကုန်လေသည်။

"သင်းက ဘယ်လောက်တောင်တော်နေလို့လဲ..ဘယ်သူလဲ ဖြတ်ဆရာ ဘယ်ကကောင်လဲ.."

"ဘယ်ကလဲတော့ မသိဘူးဆရာ..အသက်ငါးဆယ်ကျော်လောက်ပဲ၊ ခေတ်ချောင်းတဲ့.."

"ခေတ်ချောင်း.."

ခုပဲပြောနေတာ ဘယ့်နှယ်ဆိုက်ဆိုက်မြိုက်မြိုက်..

♥♥♥♥♥

အခန်း(၁၅)

"အေး...နင့်အကြောင်းပြောနေတုန်း ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာ
တော့ တစ်ခါတည်းပဲပြောလိုက်တော့မယ်၊ လာစမ်း...ငါ့ရှေ့မှာထိုင်.."

ရင်ဖုံးအကျီပွပွကြီးက ထမီတစ်ပတ်ဆွဲဝတ်လိုက်တာနှင့် ရင်ဖုံးတ
ဘေးဖုံးဖြစ်သွားလောက်တဲ့အထိ ပုံပန်းမကျပွယောင်းနေသည်။ သူမသ
ဘောကျ ဆံပင်ကိုအမြင့်မှာတင်ပြီး သေချာပတ်လျှိုထုံးထားရသဖြင့် နဖ
ပြောင်ပြောင် လည်တံရှင်းကာ အဘွားအိုပေါက်စပုံလေးလည်း ပေါ်ပ
ပြန်သည်။ သနပ်ခါးထူထူလိမ်းရမည့်အမိန့်ကြောင့် ပါးကွက်ကြီးတ
မေးရိုးထိဆွဲချ မျက်လုံးအောက်စက်ထိ ပြန့်ကားထားခဲ့သည်။ ထို့ကြောင့
သူမကိုခုနေ သုမနောပါဆိုရင်တောင် ယုံကြည်မည်မထင်.. ।

မှတ်ထား.. ငါ့တူမကို အိမ်ပေါ်ကမောင်းချပစ်တဲ့ကောင်.. နင့်ကော
မကို အိမ်မှာကျွန်လိုထားပြမယ်..

မျက်စိရှေ့ရောက်လာသည့် သုပုံစံကို ခြေဆုံးခေါင်းဆုံးကြည့်ကာ
ဒေါ်ထားအိစိတ်ထဲကနေ အပြတ်အသတ် ကြိမ်းဝါးသည်။ ဦးမျိုးဝေကွက်ခ
မျက်နှာပျက်လျက်.. ।

"အင်း...ခုမှသတိရတယ်၊ ငါမင်းကို ပြစရာရှိသေးတယ်..မနေ့တည်း
ရောက်နေတာ အဲ့ဒီပါဆယ်ထုတ်က.."

နေရာကထရပ်လိုက်ပြီးပြောတော့ ဒေါ်ထားအိလည်း ယောင်နနထ
ကာ.. ।

"ဘာလဲ..ရှင့်အထုပ်က ကောက်ကာင်ကာ.."

"လာပါဆိုကွာ.."

သုက ကြမ်းပြင်ထက်မှာ ကျုံ့ကျုံ့လေးထိုင်လျက် ကျန်ရစ်၏။ ဦး
ကာ ဇနီးသည်လက်ကို ဆွဲခေါ်ထုတ်လာခဲ့ရင်း အိမ်နောက်ဖေးဘက်ထိ
ခေါ်ခေးခေးရောက်မှ ခြေစုံရပ်သည်။ ပြီးမှ ဒေါ်ထားအိနဲ့မျက်နှာချင်းဆိုင
ရပ်ကာ.. ।

"မင်းဘယ်လိုသတ္တိတွေနဲ့လဲထားရယ်.. အခု ကောင်မလေးကို ဘာ
ကိုလဲ၊ ညက မင်းငါ့ရှေ့မှာကြိမ်းဝါးနေတာတွေလား..ကောင်မလေးက
ပြောနိုင်လို့ ဂရုမစိုက်ဘူးဆိုရင်တောင် သူ့ကိုအကာအကွယ်ပေးထား
ကို မင်းမမေ့သင့်ဘူးနော်.."

"ကိုမျိုးဝေ..ရှင် ဘယ်အချိန်ကျမှ 'ငါ့မိန်းမလုပ်တာ မှန်ပါ့လား'လို့
တော်မှာလဲ.."

ဒေါ်ထားအိကလည်း နည်းနည်းလေးမှ အပြောမခံပေ.. ।

"သုက ငါ့တူမကို မျက်နှာတည့်တည့်ကြည့်ပြီး အိမ်ပေါ်ကမောင်း
ခဲ့တာ.."

"မောင်းထုတ်တာက မောင်းထုတ်ရလောက်တဲ့ အပြစ်ရှိတာပဲ..'ဖား
ရေခုန်'လို့ အပိုပဲနော်၊ မင်းမြတ်စည်က သံသယမထားတတ်ဘူး..
သူ့ကိုယ်ကိုမှ ယုံတဲ့လူစားမဟုတ်ဘူး၊ မယုံကြည်ဘဲနဲ့ သူ
ဒီလိုပြစ်ထားတာလဲသိလား..မင်းတို့ ငါတို့လိုလူတွေကို ဂရုမစိုက်
"

"မစိုက်နဲ့လေ..ငါကတော့ ဒီနေ့ပြဿနာထတက်ရင် ဒီနေ့သွားမယ်၊
ပြီးဆိုရင် သူလည်းကောင်းကောင်းကျန်ခဲ့မယ် မထင်နဲ့.."

"အေး...ငါအခုသိသွားပြီ၊ ခုလေးတင်ပဲသိလိုက်တာ..မင်းကဆေးမမီ
ကောင် လောဘအဆိပ်သင့်နေတဲ့မိန်းမ.."

"ဟုတ်တယ်..သင့်နေတယ်၊ နင့်သခင်ကို သတင်းပြေးပေးလိုက်
လား..နင်ကသစ္စာရှိကျွန်ယုံကြီးလေ၊ ဟိုက ကုမ္ဗဏီတစ်ခုလုံး ထိုးအပ်ထ
တာတောင် သူ့ဌေးလိုမနေတတ်တဲ့လူစား..သားရေနံ့.ရတာနဲ့. ကိုက်ချင်ခြ
ချင်နေတဲ့ခွေးလို ဘယ်လိုဖန်ဆင်းမွေးမြူထားထား ခွေးကခွေးဇာတိပြတ
နင့်လိုလောဘနည်းတဲ့ကောင် ဘယ်တော့မှ လူဖြစ်မှာမဟုတ်ဘူး.."

"မိထား နင်ငါ့ကိုစော်ကားတာ တော်တော်လွန်နေပြီနော်.."

"အဲ့ဒီတော့ ဘာလုပ်ချင်လို့လဲ..စမ်းကြည့်စမ်းပါ၊ ဒီမှာ.."

ယောက်ျားကို တံတောင်နဲ့တိုက်ပြီး စိန်ခေါ်သည့်ပြင် ဒေါ်ထားအိ
စိန်လက်ကောက်ကြီး နှစ်ဖက်ဝင်းဝင်းလက်လက်ဖြစ်သွားတဲ့အထိ လက်
ဖက်အကျီစတွေ ဆွဲတင်မြောက်ချရင်း.. ।

"လူတိုင်း ဖိန့်ဖိန့်.တုန်နေကြတဲ့ မင်းမြတ်စည်ဆိုတဲ့လူကို ငါဘယ်
ပညာပေးမလဲဆိုတာ.."

"ငါစောင့်ကြည့်နေလည်း မင်းဘယ်လိုပညာပေးမလဲဆိုတဲ့ အခန်
ရောက်လိုက်မှာမဟုတ်ဘူး..ဘာလို့လဲဆိုတော့ မကြာခင် မင်းကဒုက္ခ
တော့မှာ.."

မိန်းကလေးဖြစ်တဲ့ နရီ.ကိုတောင် မင်းမြတ်စည်ဘယ်လိုရှင်းထ
လိုက်သလဲ..။ ဒါကိုတူဖြစ်သူဒီရောက်လာအောင် ခေါ်လိုက်သေးသည
ဘယ်လိုတောင် အတွေးတိမ်တဲ့မိန်းမလဲ.. ।

"အန်တီထားရေ..အန်တီထား.."

ဘောင်းဘီရှည်ပွပွ အပေါ်ပိုင်းကိုယ်ဗလာနှင့် ထွက်လာသည့်
အောင်က ဦးမျိုးဝေကိုမြင်တော့ နှာခေါင်းရှဉ့်ပွပွနှင့် ပြီးမှရယ်ပြကာ..

"ဦးမျိုး..အန်တီထားဘယ်ရောက်သွားလဲ.."

ဦးမျိုးဝေက သူမေးတာကိုမဖြေ။ ဘောင်းဘီပွပွ ခါးစပ်ချောင်ချော
နှင့် ဖရိုဖရဲဝတ်ထားပုံကိုကြည့်ကာ..।

"ဘောင်းဘီခါးပတ်ပြုတ်နဲ့. အကျီကမပါဘူး..အိမ်မှာမိန်းက
တွေရှိတယ်ကွ၊ နေတာထိုင်တာ ဖရိုဖရဲမဆန်နဲ့.."

"ဟား.. ဦးမျိုးကလည်း ကွိုင်ပဲ.."

ဂျယ်လ်လိမ်းထားသည့် ဆံပင်ကို လက်ဖဝါးနဲ့.မထိတထိကပ
ပြီး သူ့ကိုယ်သူ့ကြည့်သလိုနှင့် ခေါင်းခါလိုက်ရင်း.. ।

"ဒါအိမ်မှာနေတဲ့ ဖရီးစတိုင်လ်လေ.."

"အိမ်မှာနေရင် ဘောင်းဘီချက်ပြုတ်နဲ့. အကျီမပါဘဲနေရမယ်လို့
သူပြောသလဲ.."

"ကျုတ်.."

"အေး..ဘယ်သူပြောပြော အခုဒီမှာမရဘူး၊ သုမနောနဲ့. သူ့ကိုစောင့်
ကြတဲ့ မိန်းကလေးတွေရှိတယ်..ယောကျ်ားပဲဆိုပြီး နေချင်သလို
ဖြစ်ရဘူး၊ မင်းကြောင့် မင်းအဒေါ်နဲ့.ငါ မျက်နှာမပျက်ရစေနဲ့.."

ပြောပြီး သူထွက်လာခဲ့သည်။ ကြူအောင်ဆိုတဲ့အတိုင်း တစ်ချိန်လုံး
ကျက်မှ တည်တည်တံ့တံ့မရှိတဲ့မျက်နှာက မိန်းကလေးမြင်လိုက်ရင်
ပြုံးရေနှုန်.ရေနူးထားတဲ့အတိုင်း။ ရုပ်ကလေးသနားကမားနဲ့. ပွေလိုက်ရှုပ်
ကိုသမျှ ဘယ်နေရာမဆို ပြဿနာတန်းလန်း။ ဒေါ်ထားအိနဲ့ကြူအောင့်
ကေက ညီအစ်မဝမ်းကွဲတွေပါ။ ဒါပေမယ့် အရင်တုန်းကတော့ သိပ်ကြီး
ခြားနားလူးခဲ့ကြတာ မရှိပေ။ ကြူအောင်ကတော့ နေရာတကာပြဿနာ
ရှာတတ်သူပီပီ တစ်နေရာမှာ ပြဿနာထားခဲ့ပြီး နောက်တစ်နေရာမှာ ပြေး
ပုန်းတတ်တဲ့သူ။ ထို့ကြောင့် ဘယ်ဆွေမျိုးအိမ်ဖြစ်ဖြစ် ကြူအောင်မနေ
ချင်တဲ့အိမ်မရှိ.. ।

ပြောရရင် မိမနိုင်ဖမနိုင်လေး။ ဒီကလေးကို ဒီမှာလာနေဖို့ ခွင့်
ပြုခဲ့ကတာ ဦးမျိုးဝေမသက်သာပါ။ ကြူအောင့်ဆန္ဒနဲ့လာတယ်ဆိုတာထက်
ဒေါ်ထားအိခေါ်လိုက်တာဆိုရင် အားလုံးအတွက် ကောင်းကျိုးဖြစ်ဖွယ်မရှိ။
ဒီကိုခေါ်ရင်လေးနေခဲ့ခြင်းက ကြားလိုက်ရသည့်စကားသံတွေကြောင့် ခြေ
ကုန်ပါတဲ့သွားခဲ့၏။

"လက်စွပ်လေးပွတ်ပြီး စိတ်ကူးယဉ်မနေနဲ့.သုမနော..အဲ့ဒီလက်စွပ်ကို
ချွတ်ထားရမယ်.."

ဦးမျိုးဝေ မျက်လုံးပြူးသွားသည်။ ဒီလိုတွေလုပ်တော့မှာသိလို့ ဆွဲ
ထားသွားပြီး သတိပေးခဲ့တာတောင်..

"ထိုင်နေတုန်းကအကောင်း ထသွားမှကျိုးမှန်းသိမယ်..ညည်းတစ်
ကိုယ်ရေ တစ်ကာယအတွက်တောင် အာမခံချက်မရှိတဲ့ကိစ္စ သူနဲ့.အတူနေပြီး

ကလေးတွေဘာတွေမွေးလာရင် ဘယ်လိုလုပ်မလဲ..မင်းမြတ်စည်ဆိုတ
မိန်းကလေးတွေကို ပန်းလိုခြွေတတ်တဲ့သူ.."

ဒီနေ့ထိ ရည်းစားထားဖို့တောင် စိတ်မကူးခဲ့တဲ့ ယောကျ်ားကောင
ပါ။ ဦးမျိုးဝေတွေးရင်း ခေါင်းခါနေမိသည်။

"ဟိုတစ်ခါရောက်လာတဲ့နရီလေ..အဲ့ဒါသူစမ်းလို့မရလို့ ကန်ထုတ်
လိုက်တာ၊ လုပ်ပြီဆို ဘယ်မျက်နှာမှ မကြည့်ဘူး..သူ့အတွက် လေးစားရိုသ
ထိုက်တဲ့သူဆိုတာ မရှိဘူး၊ သူအချိန်တိုင်းအလုပ်လုပ်နေတာ ငွေတွေလ
များသီးအောင် ကြိုးစားနေတာ..အဲ့ဒါတွေက လူတွေအပေါ် မောက်မာနိ
စိုင်းဖို့ပဲ၊ ဒီလိုနတ်ဘုံနတ်နန်းနဲ့တူအောင် ဆောက်ထားတဲ့တိုက်ကြီးတော
သူ့အတွက်အိမ်သာထက်မပိုဘူးယုံလား...တန်ဖိုးဖြတ်လို့ရသမျှ ဘယ်
တန်ဖိုးကြီးတဲ့အရာဖြစ်ဖြစ် သူ့အတွက်တော့ ဖွဲဆန်ကွဲပဲ.."

မင်းမြတ်စည်နဲ့ပဲတ်သက်တဲ့ ဒေတာတွေအတော်စုဆောင်းထား
ပါလား..။ ဟုတ်တာတွေရော မမှန်တာလည်းပါ။ ဒီလိုပါးစပ်တစ်ပေါ
ကြောင့် ကမ္ဘာပျက်သွားနိုင်သည်ဆိုလျှင် ယုံနိုင်ပါ့မလားမသိ.. ।

"ဒီအိမ်ကိုခေါ်လာဖူးတဲ့ မိန်းကလေးတွေထဲမှာ ညည်းကဘယ်
ယောက်မြောက်မှန်းတောင် မသိပါဘူး..ဒါပေမဲ့ ညည်းလို'အ'နေတဲ့သူတော
ညည်းပဲရှိတယ်၊ ကိုယ့်ကိုယ်ကိုလည်း ပြန်ကြည့်ပေါ့အေ..မင်းမြတ်စ
လိုလူက အတည်လက်ထပ်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလား.."

မင်းမြတ်စည်အတွက် ချမ်းသာတဲ့မိန်းမ လိုအပ်ပါ့မလားထားရယ်
ဘဝအတွက် ပကာသနပမာဏတွေ လိုသလောက်ဖန်တီးနိုင်တဲ့ယောကျ
တစ်ယောက်က သူ့ဘဝအမောပြေဖို့အတွက် ဘာကိုအလိုရှိမလဲ..။ ဦးမျိုး
နားမလည်ခင်ချင်တော့သဖြင့် လှည့်ထွက်လာခဲ့သည်။ ဇနီးသည်ဖြစ်သူ ဘ
ထိဆိုးသွမ်းရမ်းကားနေမလဲဆိုတာ ဒီ့ထက်ဆက်ပြီး စောင့်ကြည့်နေ
သလား တားဆီးရမည်လား.. တားဆီးလို့ရော ရပါ့မလား..။ သူ့ဘာလုပ
မည်မှန်းမသိတော့ပေ။ ဇနီးအပေါ်မှာ သစ္စာရှိရမလား ကျေးဇူးရှင်အတွ
သစ္စာထားရမလား..။ ဇနီးဆိုသည့်အသိကြောင့် ခုချိန်ထိ သူတွေ့ခ
ခဲ့မိတာ မှန်သလား မှားသလား..။ သူ့ခံယူချက်နဲ့သူ ဘယ်လိုလူနဲ့မှ မ
မနှောနေခဲ့သည့် မင်းမြတ်စည်၏စိတ်ဓာတ် စည်းကမ်းကို သူကတော့

ကြီးလေးစားနေခဲ့တာပါ။ ဘယ်သူမဆို ကိုယ့်အမှန်တရားနဲ့ကိုယ်နေ
ရှိသည်။ မင်းမြတ်စည်လိုလူက ပိုပြီးနေလို့ရသည်။ ဒါကိုပဲ ဒေါ်ထားအိ
ဘယ်လိုမျက်မှန်းကျိုးနေခဲ့သည်ကို နားမလည်နိုင်.. ।

သူများချမ်းသာနေတိုင်း တစ်နေ့ဆယ်ကြိမ်မက ပြစ်မှားပြီး အကု
ယ်စိတ်တွေနဲ့ အမှောင်ဖုံးနေသည်။ ဒီလိုလူအတွက် ဖြေဆေးရှိမလား..

♥♥♥♥♥

ရှယ်ရှည်တွေက ပါးရိုးလေးကနေ မသပ်မယပ်ဆင်းကြသည်ဖြစ်ရာ
ကိုကိုလက်လေးတစ်ဖက်နဲ့ ဖယ်ပစ်ပြီးမှ ခေါင်းခါပြမိသည်။ မင်း
ကသည်က သူ့မမျက်ဝန်းလေးတွေကိုစိုက်ကြည့်လိုက်ပြီး ဘေးမှာ လာရပ်
ပြီးတော့ လက်တစ်ဖက်ထောင့်ငုံ့လိုက်ပြီး မောက်စ်ကိုင်ထားသည့်
ခဲ့လေးပေါ်မှာ ထပ်အုပ်ကိုင်လိုက်၏။ ထိုအခါ သူ့ရင်ခွင်ထဲမှာ သူ့မ
ကိုယ်လုံးရောက်သွားခဲ့ပြီး မျက်နှာနှစ်ခုသည် မထိတထိနီးကပ်စွာရှိရာ..၊

ဘုရား...ဘုရား..

ရင်တွေ တဒိန်းဒိန်းခုန်နေခဲ့သည်။ သူအုပ်ကိုင်ထားတဲ့အောက်က
တွေကတုန်နေ၏။ သူဘာမှမသိပါစေနဲ့.. ၊

"ဒါတွေပျောက်သွားအောင် လုပ်လိုက်လေ..ဒီမှာမောက်စ်ကို ဒီထောင့်
မှာအနီရောင်လေး ကလို့စ်ဆိုတဲ့နေရာလေးပေါ်သွားပြီး ကလစ်ထောက်
ကိုယ်မလိုတဲ့ ဖိုင်တွေတက်လာရင် အဲ့ထောင့်လေးသွားပြီး ဖျက်လို့
..တွေ့လား.."

သူ ခေါင်းညိတ်မှ ချပ်ခနဲကလစ်ထောက်ကာ.. ၊

"ပျောက်သွားပြီ.."

သုခေါင်းလေးညိတ်နေမိရင်း သူ့ကိုယ်နဲ့ထိကပ်နေသည့် ကျောပြင်
လည်: မသိမသာကော့နေခဲ့လျက်..

"လက်စွပ်က ဘာလို့ချွတ်ထားတာလဲ.."

သု ထိတ်ခနဲဖြစ်သွားသည်။ ကြောက်စိတ်က မြန်မြန်ဆန်ဆန်လွှမ်း
ခဲ့လျက် လက်စွပ်မရှိတော့သည့် ဘယ်ဘက်လက်ချောင်းလေးတွေက
သီးဆုပ်လေးဖြစ်သွားခဲ့၏။ မင်းမြတ်စည်က သူ့မဘေးမှာပဲ ခုံဆွဲပြီး
ကိုင်လိုက်ကာ.. ၊

"စိတ်ကျဉ်းကျပ်နေလို့လား.."

မေးခွန်းပြောင်းလိုက်တော့ သူ့မခေါင်းညိတ်လိုက်တာ ကမန်းက
..၊

"ချောင်နေကျပ်နေတာတွေကြောင့် မဟုတ်ဘူးမို့လား.."

သူ့မက ခေါင်းခါပြသည်။ သူ့စီးကရက်ရှိုက်ဖွာလိုက်ပြီး ဖြည်းဖြည်း
ထုတ်ကာ.. ၊

အခန်း(၁၆)

ဘာတွေပေါ်လာတာလဲ..

သူ့ပြောသလို မောက်စ်လေးနဲ့ လိုရာဆွဲယူပြီး နှိပ်ပစ်လိုက်တာ
ကိုနှိပ်မိသွားပြီး ဘာတွေပေါ်လာမှန်း မသိ။ အလယ်မှာ အဖြူရောင်
ထောင့်ကွက်နှင့် စာတွေအပြည့်ပေါ်နေသည်။ ဖတ်ကြည့်ပေမယ့် ဘာ
မှန်းလည်းမသိ။ ကွန်ပြူတာက တစ်ခုခုပြောနေတာကိုသိပေမယ့် ဘာ
လောက်ဖတ်ကြည့်ကြည့် နားမလည်။ စိတ်က မော်နီတာမှာ စူးစိုက်လို
တာနှင့် မောက်စ်ပေါ်တင်ထားသည့် လက်ကအငြိမ်မနေ..

အယ်.. သွားပြီ ဘာတွေလဲ..

သု ကြောက်စိတ်တွေ ဝင်လာသည်။ သူ့စိတ်မရှည်တတ်တာ
သိနေသဖြင့် ပိုကြောက်မိတာဖြစ်သည်။ မော်နီတာတစ်ခုလုံး အကွက်
တစ်ကွက်ပြီးတစ်ကွက်ပေါ်လာပြီး သူ့မရိုက်ထားတာတွေ ပျောက်ကုန်လ
"ဘာတွေဖြစ်နေတာလဲ.."

မင်းမြတ်စည် ပြန်ဝင်လာတော့ သူ့မကိုယ်လေးဆတ်ခနဲတုန်
သည်။ သူ့ကိုလှည့်ကြည့်လိုက်စဉ် ရင်ဘက်တစ်ခြမ်းပေါ်မှာ နွဲ့ခိုနေ

"ကိုယ်ဘာခိုင်းခိုင်း ဒါပြီးရမယ်..လုပ်နိုင်ရမယ်ဆိုတာမျိုး စိတ်ထ
မွန်းကျပ်နေအောင် အတင်းထည့်မထားနဲ့၊ ဒါကိုကျက်ပါ မှတ်ပါခိုင်း
လည်း အဲ့ဒါမင်းကိုသိစေတတ်စေချင်လို့ပဲ..မှားသွားရင်ဆူဖို့မဟုတ်ဘူ
ဟေ့- ကိုယ့်ကိုကြည့်.."

အဲ့ဒီကိစ္စကြီးကို အကြောက်ဆုံးပါပဲ..။ သုမျက်ဝန်းလေးတွေ သူ
ရောက်လာသည်။ သို့သော် မျက်တောင်ဖျားလေးတွေ မလုံ့တလုံ့လှုပ်
နေခဲ့လျက် မြန်မြန်ဆန်ဆန်မျက်လွှာချပစ်ဖို့လည်း အဆင်သင့်ဖြစ်နေခဲ့

"ကိုယ်ကမင်းယောကျ်ား..မင်းရဲ့အလုပ်ရှင်မဟုတ်ဘူး၊ မင်းတစ်
ကူးယူင်းခဲ့ရင် အော်ဟစ်ဆူငေါက်ဖို့ရှိနေတဲ့ လူတစ်ယောက်လည်း မဟု
ဘူး..မင်းမှာမပြည့်စုံတာကို ဖြည့်ဆည်းပေးချင်တယ်၊ မင်းမသိတာတွေ
ပြောပြမယ်..မင်းမတတ်သေးတာတွေရှိရင် တတ်အောင်သင်ပေးမယ်၊ အ
ထဲမှာ အမှားတွေရှိနေရင်လည်း ကိုယ်ကအဖြေတွေကိုပဲ ပြောပြမှာ.. မင်
အပြစ်ပေးမယ့်သူ မဟုတ်ဘူး.."

သုအမေ့တလျော့ ဖြစ်သွားသည်နှင့် သူ့ကိုငေးနေမိခဲ့သည်။ ဒါ
ဟုတ် သူ့ကိုငေးသွားမိတိုင်း အမေ့တလျော့ဖြစ်သွားတတ်တာလား..။ သ
မျက်တောင်ဖျားလေးတွေ ပင့်ကပ်ဝေ့ဝိုင်းနေခဲ့သည်။ မင်းမြတ်စည်ကလည
ထိုမျက်ဝန်းတို့ကိုပဲ စူးစိုက်ကြည့်ရင်း.. ၊

"မင်းကို ကိုယ်ချစ်လို့ လက်ထပ်ထားတာ.."

ဘယ်ဘက်ရင်အုံမှာ ပေါက်ကွဲမှုတစ်ချက်ဖြစ်လေသည်။

"ခုမြင် ခုချစ်ခဲ့တာ သဘာဝကျသလား မကျဘူးလားမသိဘူး.. ဟေ
ယုံချင်မှလည်း ယုံမယ်၊ မယုံလည်း မတတ်နိုင်ဘူး..ဒါပေမဲ့ ကိုယ်
ကိုချစ်တယ်၊ ဆုံးရှုံးမခံနိုင်အောင် ချစ်မိတာ.."

"အဟွတ်..အဟွတ် အဟွတ်.."

"ဆောရီး.."

သူ့နှုတ်ဖျားက မီးခိုးငွေ့တို့ကြောင့် သုချောင်းတွေဆိုးလျှင် စီးကရ
မီးကို လက်ချောင်းတို့နှင့် ဖိညှပ်သတ်ပစ်လိုက်၏။ ပြီးတော့ ပြာခွက်လေး
လှမ်းထည့်လိုက်ရင်း.. ၊

"ကိုယ့်ကိုမင်းရင်းနှီးစေချင်တာ..ပြီးတော့ အခု ကွန်ပျူတာ ကိုင်တ
ဆောင် သင်ပေးနေတာရယ် ဘာသာစကားတွေမှတ်နေတာရယ် အဲ့ဒါတွေကို
ကိုယ်တိုင်လိုလိုလားလား တတ်ချင်လို့ကြိုးစားသင်ယူနေတာမျိုး ဖြစ်စေ
ချင်တယ်..ကိုယ့်ကိုမြင်လိုက်ရင် လန့်ဖျန့်သွားတာမျိုး လင်မယားကြားမှာ
ရှောင်လို့လား.."

သုမျက်လွှာလေးချသွားသည်။ သူ့မျက်နှာအောက်ချလိုက်ရင်း သုရဲ့
ပခုံးလေးကို အသာလေးမော့ယူလိုက်၏။ သူမက သူ့လက်ကိုဖယ်ချ
ရှောင် ထိုလက်ဖျားလေးကို သူဖမ်းဆုပ်ထားမိကာ.. ၊

"ကိုယ့်အမေကလွဲပြီး ပထမဆုံးချစ်ခဲ့ဖူးတဲ့ မိန်းမက မင်းပဲ..အဲ့ဒါ
ကိုယ်ပဲလား.."

သုမှာ အဖြေမရှိပေ။ ယုံသလားမေးရင် ယုံနေသည့်စိတ်နှင့် ခေါင်း
ခါမိမှာပေမယ့် 'ဒီအိမ်ကိုခေါ်လာတဲ့ မိန်းမတွေထဲမှာ ညည်းက ဘယ်နှစ်
ယောက်မြောက်မှန်းတောင် မသိပါဘူး'ဆိုသည့် ဒေါ်ထားအိစကားတွေပေါ်
လာတော့ ဘယ်စကားကအမှန်တရားလဲဆိုသည့် အတွေးမှာ အဖြေကဝေ့ဝဲ
ရောက်ကွယ်၏။

"မယုံဘူးဆိုလည်း ကိုယ်အပြစ်မတင်ပါဘူး..ကိုယ့်အနေနဲ့ လွတ်
ပေါ်ကိုတန်ဖိုးထားသလို သူများဘက်က လွတ်လပ်ခြင်းအပေါ်မှာ ကိုယ်
ကတော့မှ လွှမ်းမိုးဖို့မကြိုးစားဘူး၊ မင်းနားလည်လားမသိဘူး..ကိုယ်
ချင်တာကို ရအောင်ယူနိုင်ဖို့က ကိုယ့်အပိုင်း၊ သူလည်းသူဖြစ်ချင်တာကို
ကြိုးစားခွင့်ရှိတယ်..သူလိုချင်နေတာက ကိုယ့်ဆီက တစ်စုံတစ်ရာဖြစ်မလာ
ရတော့ပေါ့.."

ဒါဆို ကိုယ့်ဆီက တစ်စုံတစ်ရာကို သူကလိုချင်နေပြီဆိုရင်ရော သူမ
ရင်ထဲက်ခန်းလေးတွေ လှုပ်ခတ်သွားတာနှင့် သူကပြုံးကာ.. ၊

"ကိုယ့်ကိုမေးခွန်းထုတ်ချင်လို့လား..ကိုယ်ပြောချင်တာ နည်းနည်းများ
ကျော်သွားတယ်ထင်တယ်.."

သုမျက်ဝန်းတွေကို စိုက်ကြည့်လိုက်တိုင်း သူမရင်ထဲကို မြင်သွား
ကောင်းတာ သူတော်လွန်းလို့လား..။ သုက မနေတတ်တာလား.. ၊

"ကိုယ့်ကိုမတွေးနဲ့..ပြောချင်တာက မင်းစိတ်ခံစားချက်အတိုင်း လွတ်
လပ်သလိုနေလို့ရတယ်၊ ပြောချင်တာကိုပြောခွင့်ရှိတယ်..ဥပမာ ကိုယ်ကသေ

အောင်ချစ်နေပေမယ့် မင်းပြန်မချစ်နိုင်ဘူးဆိုရင်လည်း ချစ်လာတဲ့အ
ကိုယ့်ဘက်ကစောင့်ရမှာ၊ ငါလက်ထပ်ထားတဲ့မိန်းမပဲဆိုပြီး တစ်စုံတစ်ရာ
ဖိအားပေးတာမျိုး ကိုယ်လုပ်မှာမဟုတ်ဘူး..အချစ်ကိုတစ်ခါမှတော့ ဦးကာ
မကြည့်ခဲ့ပေမယ့် မင်းဆီကအချစ်ကို ကိုယ်မက်မောတယ်၊ အချစ်နဲ့
အပ်လာတဲ့ ကြည်ဖြူမှုကိုပဲ လိုချင်တယ်..မင်းမျက်ဝန်းတွေထဲမှာ ကို
လိုချင်တဲ့အရာကို မတွေ့ဘဲနဲ့ မင်းကို.."

သူ့စကားမဆုံးခင် သုဖျတ်ခနဲမျက်နှာလွှဲပစ်တော့ မင်းမြတ်စည်နှ
ခမ်းမှာ ပြုံးယောင်သမ်းသွားသည်။

ဤသည်က အချစ်သို့ ချဉ်းနင်းခြင်းလား.. ।

♥♥♥♥♥

အခန်း(၁၇)

"သူကကျွန်တော့်ဇနီး.."

"ဟေ.."

အသက်ငါးဆယ်ကျော်ခန့် ဦးကျော်ကျော်ခေါ်သော မုတ်ဆိတ်
ကျိုနှင့်လူကြီးက စွပ်ကျယ်အဖြူခံပေါ်မှာ ပင်နီတိုက်ပုံထပ်ဝတ်ထားသည်
မြင်းဘောင်းဘီပွပွကို ခါးစည်းကြိုးနဲ့ ပြန်ချည်ထားသဖြင့် တိုင်းရင်းသ
ကသည်း ပေါက်တာ သိုင်းသမားတစ်ယောက်နဲ့လည်း တူလေသည်။

သူသည် မင်းကွန်းခေါင်းလောင်းကြီးအနီးက ရွာလေးတစ်ရွာ
အရွန်အဖျားမှာ သူများတွေနဲ့မတူသော သစ်လုံးအိမ်လှလှလေးနှင့်နေ
မင်းမြတ်စည်က သုနဲ့အတူ ဦးကျော်ကျော်ဆီ တကူးတကသွားရောက်
ကြွေးဆုံခြင်း ဖြစ်ကာ.. ।

"ကျွန်တော်နဲ့တွေ့တော့ သူစကားမပြောနိုင်တော့ဘူး.."

ဟုအစချီ၍ သု့အကြောင်းကိုပြောပြသည်။ ဦးကျော်ကျော်က ကျွ
အတွက်ငါးကင်နှင့် ရေနွေးကြမ်းအိုးကို တစ်ခုပြီးတစ်ခုချပေးရင်း.. ।

"အတော်ပဲ..ငါးကင်က ခုနကမှ မီးဖိုပေါ်ကချတာ၊ စား သမီးစား..

ဦးက ငါးကင်ကို အစာသွပ်ပြီးမှကင်တာ၊ မည်ကြီဘူး...အကုန်စားလို့ရတယ်..."

မင်းမြတ်စည် ရှင်းပြနေတာကို အလုပ်မပျက် စကားပြောမပျက်နား ထောင်သည်။ အံ့သြသွားပုံလည်းမပြ။ သုအပေါ်မှာ စူးစမ်းသည့်ပုံစံလည်း ဖြစ်မသွား။ သုအမြင်မှာ ဦးကျော်ကျော်သည် ခင်မင်ဖွယ်ကောင်းနေခဲ့၏။

"ဒါဆို သူကတော်တာပဲကွ..စကားမပြောနိုင်ပေမယ့် အတန်းပညာ တော့ တတ်ထားသေးတယ်.."

ရယ်ရယ်မောမောစကားပြောရင်း သူတို့နဲ့ တြိဂံပုံအနေအထား ဝင်ထိုင်လိုက်ကာ.. ।

"ဒါမျိုးက ပြန်ကောင်းလာနိုင်ပါတယ်..ကံနာဝဋ်နာဖြစ်ခဲ့ရင်တော့ တစ်မျိုးပေါ့ကွာ၊ ဒါပေမဲ့ မင်းတို့ နှစ်ယောက်ရဲ့ပြဿနာမှာ မင်းတို့ချင်း နားလည်မှုရှိနေဖို့ပဲ လိုတာပါ..အဓိကကတော့ မင်းပဲ.."

ကိုယ့်တူကိုပဲရည်ရွယ်၍ ငါးခေါင်းတစ်ခုလုံးကို ဖဲ့သည်။ ပြီးတော့ သူစားမည်ပြင်ပြီးမှ တူဖြစ်သူကို ကမ်းပေး၍.. ।

"ရော့..ရော့ ခေါင်းသားကြိုက်တဲ့သရဲလေး.."

မင်းမြတ်စည် မစားချင်ပါ။ ဒါပေမယ့် လှမ်းယူလိုက်ပြီး ပြုံးကာ..

"တော်သေးတယ် သတိရလို့.."

"အေးပေါ့ကွ..မင်းကရော ငါ့ဆီမလာတာ ဘယ်လောက်ကြာပြီလဲ ခဲ့ဝေစားရမယ့်လူ ငါ့မှာမင်းအပြင် ရှိလို့လား.."

"အခုရှိနေပြီ.."

"ဟုတ်သား.."

ဦးကျော်ကျော်က သူ့ကိုရယ်ပြပြီး ခေါင်းတညိတ်ညိတ်ဖြစ်နေ၏။ ပြီးတော့ စားသောက်ရင်း သုထံတစ်ချက်တစ်ချက် မျက်လုံးဝေ့၍ အကဲခတ်၏။ ကျောထက်မှာချထားသည့် ဆံနွယ်တွေက ထိုင်နေတော့ ကြမ်းခမ်း ပေါ်မှာ ခွေကျနေသည်။ ဆံပင်တွေသိမ်းလှန်ထားသဖြင့် နားသယ်စပ်ယှဉ် ဆံစလေးတွေက ရှိန်းမြည့်မှောင်နေကြသည်။ အလှဆုံးသည် ပန်းရောင် သမ်းနေသည့် ပါးမို့လေးတွေပင်။ ဖြူဝင်းရှိန်းစိုသည့် အသားအရေ၏ ကောင်းခြင်းက ထူးခြားသည့် ဆွဲဆောင်မှုဖြစ်လျက်.. ।

"မဆိုးပါဘူး.."

မျက်ဝန်းတွေကိုလွှဲပြီးမှ ဘာကိုရည်ရွယ်မှန်း မသိလိုက်အောင် ရေ ရွတ်၏။ ပြီးမှ.. ।

"စားလေသမီး...လွတ်လွတ်လပ်လပ်စား၊ ဒီမှာ ပကာသနအဆောင်အ ယောင် ဘာမှမရှိဘူး.."

သုက ငါးကိုဟိုကိုင်တော့မလို ဒီကိုင်တော့မလို ဖြစ်နေလျှင် မင်း ကျော်ကတော်ကက ငါး၏ကျောကုန်းသားကို အသာလေးဖဲ့ယူလိုက်သည်။ ပြီးတော့ ကိုယ့်ပန်းကန်ပြားတွေသေအောင် နှစ်ချက်လောက်လှည့်ပတ်မှုတ်လိုက်ပြီးမှ သုလက် ထဲ ထည့်၏။

"စား.."

သုက ငါးကင်ကြိုက်သည်။ ရွာမှာဆိုလည်း ငါးကင် အသားကင်တွေ ထမင်းချိန်ပြီးခဲ့ရတာများသည်မို့ အသားငါးကို ဟင်းလျှာချက်ပြုတ် ကာထက် ကင်တာကိုပိုကြိုက်တဲ့သူ..။ ငါးကင်စားရင်း ဘေးဘီကိုလိုက် ကြည့်တော့ သူမကိုမင်းမြတ်စည်က ကြည့်နေလျက်.. ।

"ငါးဘယ်ကရတာလဲ သိချင်နေတာလား.."

ကြည့်စမ်း.. ।

သုဆတ်ခနဲလှည့်ကြည့်လိုက်တာ မျက်လုံးလေးအဝိုင်းသားနှင့်။ မင်းမြတ်စည်က ပြုံးကာ.. ।

"ငါးဖမ်းတယ်ထင်လို့လား...ဦးက သူကိုယ်တိုင် ဖမ်းဖို့နေနေသာသာ ကပ်ကြည့်ပင်သားတောင် မစားဘူး.. ဒါပေမဲ့ အသားငါးဝယ်ပြီး အ ကြော်လှမ်းတယ်..ကင်တယ်၊ ဟင်းချက်စားတာ သိပ်မရှိဘူး.."

ကိုယ်သိချင်တာကို သူပြောပြလိုက်သဖြင့် သိချင်သည့်စိတ်ထက် ကိုယ့်ကိုသိနေသည့်အဖြစ်ကိုပဲ စိတ်ဝင်စားခြင်းဖြစ်ရလျက် အံ့လည်း ကြီးသည်။ ပြီးတော့ ရင်ခုန်သလိုလို ကျေနပ်သလိုလို။ ပြီးတော့ မယုံရဲ..

"သူ့ကြည့်ရတာ ငါးကင်ကြိုက်တဲ့ပုံပဲကွ.."

"ဟုတ်တယ်..အိမ်မှာကလူလည်းများတော့ သူကျဉ်းကျပ်တယ်လေ.."

"လူများတာကို မင်းကလျှော့မချရဲလို့လား.."

သူပြုံးလိုက်မိသည်။ ရောက်တည်းက ဒီတိုင်းထိုင်နေပြီးမှ စိတ်အိုက် ကာတော့ အပေါ်ထပ်ကျာကင်ကိုချွတ်လိုက်သည်။ ပြီးတော့ ပေါင်ပေါ်မှာ

တင်ထားကာ.. ।

"လောကကြီးက လိုချင်တာချည်းပဲ ဖဲ့ယူလို့မရဘူးမို့လား.."

"ဒါပေမဲ့ မင်းသူတို့ကို လက်လွှတ်သင့်ပြီထင်တယ်နော်.."

မင်းမြတ်စည်က ဘာမှမပြော။ သုကလည်း သူတို့စကားတွေ[illegible]
ကြားနေရတာ မျက်နှာပူနေပါသည်။ ထို့ကြောင့် ခြံစပ်က သစ်ပင်ဝင်ကြ[illegible]
နှိမ့်နှိမ့်လေးမှာ ကြက်တူရွေးလေးရှိနေသဖြင့် ထိုဆီထလာခဲ့မိ၏။ ရွာမှာ[illegible]
အမဲရှာတာ ကိုယ်မလုပ်ရပါ။ ဒါပေမယ့် ရလာတဲ့အမဲတွေကို ဖျက်ကင်ခ[illegible]
ပြုတ်ရတာတော့ သူမပဲလုပ်ရတာဖြစ်သည်။ ရွာမှာတစ်နိုင်တစ်ပိုင်မွေး[illegible]
ရေးလေးတွေရှိသောကြောင့် ကြက်သား ငါးဆိုတာတော့ အမြဲလိုလို စား[illegible]
သည်ဟင်းလျာတွေပါ။ သုက ဝက်သားအမဲသားလည်း မစား။ ထို[illegible]
အဖေတို့ အမဲလိုက်ပြီးရလာသည့်တောကောင်တွေဆိုလည်း ကြီးကြီး[illegible]
ငယ် ပုပ္ပရွရ သုဘယ်တော့မှမစားပေ။ ကိုယ်ဘာတွေးတွေးသိနေသည့် [illegible]
မြတ်စည်နဲ့ကိုယ့်အကြောင်းကို ဆက်စပ်တွေးရင်း သုစိတ်တွေပေ့ါပါ[illegible]
သည်။ ဒါမှမဟုတ် ပျော်နေမိတာလား..။ ပြီးတော့ 'ကိုယ် မင်းကို[illegible]
တယ်'ဆိုသော စကားကို သူတစ်ခါပဲပြောသွားရင်တောင် နားထဲမှာ အ[illegible]
တိုင်း ဒါပဲကြားနေခဲ့သည်။

ဒေါ်ထားအိဆီက မတူမတန်စကားတွေ ကြားနေရသော်ငြား သု[illegible]
ကိုယ်တိုင် ရင်ထဲမှာစိုးထိတ်မှုတွေရှိနေသည့်တိုင် သူ့ကိုယုံခြင်းမယုံခြ[illegible]
နဲ့လည်းမဆိုင်ဘဲ ချစ်တယ်ပြောလာတိုင်း ရင်တွေခုန်၏။ ပြောပြီးသ[illegible]
လည်း ဒါပဲကြားနေသည်။ 'ဟင့်အင်း'လို့ အားတင်းထားလည်း ကျေ[illegible]
နေခြင်းက ရပ်တန့်မသွား.. ।

"သူဒီမှာပျော်နေတာ.."

ကြက်တူရွေးလေးက ဦးကျော်ကျော်မွေးထားတာမို့ သုအနားကပ်သ[illegible]
ပေမယ့် ပျံထွက်မသွားပေ။ ပြုံးရယ်နေသည့် သူ့မျက်နှာလေးကို အဝေ[illegible]
လှမ်းကြည့်ရင်း မင်းမြတ်စည်မျက်ဝန်းတွေမှာလည်း မြတ်နိုးကြင်နာရိပ်[illegible]
ပြည့်ပြည့်သိပ်သိပ်ရှိနေခဲ့လျက်.. ।

"သူပျော်နေတာ မြင်နေရတော့ မင်းကျေနပ်နေတယ်မို့လား.."

မင်းမြတ်စည်က လည်ပင်းတစ်ချက်ပွတ်လိုက်ပြီး ရယ်သည်။ ဦ[illegible]

[illegible]ကျော်ကျော်က ခေါင်းညိတ်ရင်း.. ।

"အဲ့ဒါအချစ်ပဲကွ..မင်းသူ့ကိုမြတ်မြတ်နိုးနိုးချစ်နေတာ ငါမြင်[illegible]
[illegible]သိတယ်၊ ဒါပေမဲ့ ကောင်မလေးကလည်း မင်းမြတ်နိုးလောက်ပါ[illegible]
[illegible].. လုတယ် ယဉ်တယ် ကျက်သရေရှိတယ်၊ သူ့မျက်လုံးလေးတွေက [illegible]
[illegible]ကောင်ပတယ်..ငါ့စိတ်ထင်ပြောရရင် သူ့ရောဂါက ပျောက်သွားမှာပါ၊
[illegible]တစ်ယောက်နဲ့ တစ်ယောက် အနေမနီးကြဘဲ မြင်မြင်ချင်းစိတ်ချင်းနီး
[illegible]တယ်ဆိုတာ ရှေးကပြုခဲ့ဖူးတဲ့ အကြောင်းဆက်တွေပဲကွ.. အတူတူပြုခဲ့ကြ
[illegible]ကောင်းမှုတွေ ရှိခဲ့ပေမယ့် စိတ်ထားတတ်တဲ့လူက ပိုမြတ်တယ်၊ ဒါ
[illegible]ကြောင့် ဒီဘဝမှာ ဘုန်းကံမြင့်မားကြွယ်ဝနေတဲ့ဘဝနဲ့ ဆင်းရဲနိမ့်ကျနေတဲ့
[illegible]တွေမှာ တစ်နေရာစီ မွေးဖွားရှင်သန်လာကြရတယ်..ဒါပေမဲ့ သူတို့က
[illegible]ကြောင်းဆက်ပေါင်းဖက်ရမယ့်လူတွေလည်း ဖြစ်နေပြန်တယ်၊ တစ်ခါတ
[illegible]မှာ ကံကြမ္မာမျက်လှည့်ပြရင် လူလိုက်လို့မမီဘူးကွ..ကံ ကံ၏အကျိုးကို
[illegible]ကြည့်တဲ့လူတိုင်း အဆင့်အတန်းမခွဲခြားကြဘူးလေ၊ ပုဂ္ဂိုလ် သတ္တဝါ
[illegible] ငါ ယောက်ျား မိန်းမအားလုံး သံသရာတစ်ကွေ့မှာ ဆုံတွေ့ဖူးကြတဲ့
[illegible]တွေပါပဲ.."

နဂိုတည်းက စည်းစိမ်ဥစ္စာကို မက်မောမှုနည်းပါးသည့် ဦးကျော်
[illegible]ကျော်သည် အသက်အရွယ်ရလာကာမှ ပို၍နားလည်ရင့်ကျက်နေသော
[illegible]ပြိုမ်မှုများနှင့် ဆုံးမစကားတွေခြွေလျက်.. ।

"တစ်ခုတော့ စိုးရိမ်သေးတယ်..ဒီကောင်မလေးအပေါ်မှာ မင်းဘယ်
[illegible]မှ မရက်စက်ပါနဲ့၊ သူ့ကျမှချစ်မိပါတယ်လို့ မင်းပြောမှာကိုသိတယ်..
[illegible]သူတွေရင်ထဲက မေတ္တာစိတ်ကို ငါသိပ်မသိပေမယ့် ပြောင်းလဲတတ်
[illegible]ရာထဲမှာ စိတ်ကအမြန်ဆုံးပဲကွ.."

"ဟုတ်တယ်..ဒါပေမဲ့ ကျွန်တော့်စိတ် အဲ့လိုပြောင်းသွားရင်တောင်
[illegible]ကိုချစ်တဲ့စိတ်ကတော့ ကျန်ခဲ့မှာပါ.."

'ငါတူတောင် ချစ်ခြင်းအလင်္ကာတွေ သီတတ်နေပါလား'ဆိုသည့်
[illegible]ဝန်းအကြည့်တွေမှာ ချစ်စနိုးရယ်မြူးရိပ်တို့နှင့်ရှိကာ ဦးကျော်ကျော်
[illegible]ကားတွေပေါ်အောင် ရယ်လေသည်။ ပြီးတော့ ခေါင်းတည်တည်တည်နှင့်.. ।

"ရော့..လက်ဆေး လက်သုတ်.."

ငါးခေါင်းကို ဟိုကဖဲ့ ဒီကဖဲ့နှင့် ဟုတ္တိပတ္တိလည်း မစားဖြစ်။ ထ
သုတ်လိုက်ရင်း ဟိုအရင်တုန်းက မီးဖိုခွပြီး တူဝရီးနှစ်ယောက် ငါးကင်
တာကို သတိရလိုက်မိသည်။ သိုင်းသင်တန်းကျောင်းကနေ ညနေခင်
လာပြီဆို ရွာထိပ်မှာ အင်းတက်အိုင်တက် ငါးတွေချရောင်းနေကြ
မရှိဘူးဆို အနည်းဆုံးသုံးဦးလောက်တော့ ညနေတိုင်းတွေ့ရတတ်၏။
ကျော်ကျော်သည် ဒေါ်မြင်ခ်မြတ်ဦးတို့နဲ့ လည်းမနေ။ အဆောင်အယောင်
ခမ်းအနားလည်းမမက်။ ထို့ပြင် ဦးမင်းနောင်ရင်ဆိုင်နေရသည့် ငွေကြေ
သနာတွေကို သိလိုက်ရသည့်နောက်မှာ ပိုပြီးအနေအေးလာခဲ့သည်။ ထ
သာ ဂျူဒိုကရာတေးနည်းပြဖြစ်နေပေမယ့် သူကိုယ်တိုင်ကတော့ သူတစ်
အသက်သတ်ခြင်းကို ရှောင်ကျဉ်၏။ ကျောင်းမှာလည်း မနေ။ ဇာတ်
ကိုလည်း မပြန်တော့ဘဲ သူ့စိတ်ဆန္ဒရှိတဲ့နေရာဟာ သူ့အတွက်ရေကြ
ရာမြက်နုရာဖြစ်ခဲ့၏။ မင်းမြတ်စည်ကို လူလားမြောက်အောင် စောင့်ရှောက
ခဲ့ပေမယ့်လည်း သူ့လက်ကထွက်သွားပြီဆိုတည်းက တူဝရီးနှစ်ယော
တစ်ယောက်အကြောင်းတစ်ယောက် နားမစွဲ့ကြဘဲ တစ်ယောက်တစ်ထ
လှိမ့်နေခဲ့ကြတာ နှစ်တွေကြာခဲ့တာလည်း မနည်း.. ।

"ဦးက ကျွန်တော့်အကြောင်း စုံစမ်းနေတာမို့လား.."

"ခွေးကောင်လေး..မင်းအခု ငါ့ဆီရောက်လာတာနော်.."

"ဟား ဟား ဟား.."

သူအားပါးတရရယ်လိုက်မိသည်။ ဒီလိုပေါ့ပါးရယ်မြူခြင်းတွေကို
နဲ့ တုန်းကပဲ သူရခဲ့တာပါ။ ဦးကျော်ကျော်က လက်ဆေးနေရင်း ရှယ်ကာ
"ငါ့စိတ်စွမ်းအင်အရ မင်းမှာအန္တရာယ်ရှိနေပြီဆိုတာ အလိုလိုခံစား
နေတာ..အဲ့ဒါကြောင့်.."

"ကျွန်တော်ကတော့ မသိလို့လား.."

"ဒါတော့ဘယ်သိမလဲ..မင်းမြတ်စည်တစ်ယောက် မြွေပွေးခါးပိုက
ပိုက်ထားပြီး အိပ်ပျော်စားပျော်ဖြစ်နေသလား၊ လူခြေတိတ်မှာ အခန်းထော
ကပ်ပြီး တစ်ယောက်တည်း ငုတ်တုတ်ထထိုင်နေရသလား ငါကနတ်မျက်
ရှိနေတာမှမဟုတ်ဘဲ.."

"စိတ်စွမ်းအင်ဆိုတာက ဒါကျတော့ မမြင်ဘူးလား.."

"စိတ်ကခံစားမိတာလေ..မြင်တာကို ပြောချင်တာမဟုတ်ဘူး.."

မင်းမြတ်စည်က သုနဲ့ကြက်တူရွေးလေး အဆင်ပြေနေတာကို လှမ်း
နေရင်း.. ।

"ဦးဆီလာတာ အဲ့ဒါတွေပြောဖို့ မဟုတ်ဘူး.."

"မင်းပြောချင်တာ ပြောပြီးပြီမို့လား..နောက်ဆို သားရယ်သမီးရယ်နဲ့
ရာတွေပိုတောင်ရှိလာဦးမှာ၊ ဒါပေမဲ့ မင်းပြောချင်တာတွေ မင်းအသက်
ဦးမှ ပြောလို့ရမှာနော်..အဲ့ဒါလည်း ထည့်တွက်ဦး.."

ဦးကျော်ဘာကိုစိုးရိမ်နေသလဲဆိုတာ သူသိသည်။ ဒါပေမဲ့ သူက
ဒါတွေကိုနည်းနည်းမှခေါင်းထဲ မထည့်ပါ။ မီးဆိုတာ ကိုယ်ကပျိုးမှ
ားလို့ရမှာ။ ဒေါ်ထားအိတို့က မီးတစ်စမဟုတ်သလို သူကလည်းမီး
တာ မဟုတ်.. ।

"ဂရုမစိုက်တတ်ဘူးဆိုတာ ခဏတော့အေးချမ်းသလိုရှိပေမယ့် ဆူး
တောင်မှ ခြစ်ရာတွေများလာရင် နာကျင်လာတာပဲကွ.. နောက်ကျော
ကဲ့ခဲ့ဓားက ဓားရိုးတဆုံးဝင်သွားမှာနော်.."

"ကျွန်တော်သိပါတယ်..ဒါပေမဲ့ အချိန်တိုင်းသတိထားနေရင် အဲ့ဒါ
ကြောက်စိတ်လို့ခေါ်တယ်.."

"အေးပါ..မင်းက ငါ့ကိုပြန်သင်ပေးပေါ့.."

သူက စီးကရက်ထုတ်၍ ဒီတိုင်းကိုင်ထားရင်း ရယ်ကာ.. ।

"သူတို့ကို ကျွန်တော်အသုံးချခဲ့တယ်.."

"ခုလည်း အသုံးချနေတုန်းပါ.."

"ဟုတ်တယ်..ဒါပေမယ့်.."

"ဒေါ်ထားအိဆိုတဲ့ မိန်းမကြီးကို မင်းအထင်သေးနေတယ်ဖိုးစည်..
ကို အထင်မသေးရဘူး၊ ဒီမိန်းမကြီးကို ရန်သူလို့ မင်းသဘောမထား
ား..ဂရုမစိုက်တာလားမသိပေမယ့် အဲ့ဒါအန္တရာယ်ကြီးတယ်.."

"ဟုတ်တယ်..ကျွန်တော့်အတွက် သူကအန္တရာယ်ရှိနေတဲ့လူလို့ ကျွန်
ခြင်လို့မရဘူး၊ သူနဲ့ကျွန်တော် ရန်သူတွေဖြစ်လောက်အောင်လည်း
ရှိခဲ့ဘူး..ခုလည်း ကုမ္ပဏီတစ်ခုလုံးကို သူတို့လက်ထဲထည့်ထားတာပဲ၊
တယ်..ကျွန်တော်အဲ့ဒီကုမ္ပဏီထူထောင်ထားတာ ငွေတိုးပွားဖို့အ

တွက်နဲ့ ရင်းနှီးမြှုပ်နှံခဲ့တာမှ မဟုတ်ဘဲ.."

"မင်းက ပိုက်ဆံတွေထားစရာမရှိအောင် ချမ်းသာနေပေမယ့် ပိုက်ဆံ
တွေအများကြီးကို မကိုင်စဖူးကိုင်ရရင် စိတ်ဆိုတာ ဖောက်ပြန်လာမှာ
ငါစုံစမ်းထားသလောက်ဆို သူတို့လင်မယားချင်း မတည့်ဘူး၊ စားသော
ဆိုင်မှာရန်ဖြစ်တယ်..လမ်းသွားရင်းနဲ့ ရန်ဖြစ်တယ်၊ ကုမ္ဍဏီမှာလည်း
မသင့်မြတ်ဘူး..ခုနောက်ပိုင်း အိမ်ကတာဝန်တွေ ပေးလိုက်ကာမှ ဒေါ်ထား
အိအတော်ကြမ်းတမ်းဆိုပဲ.."

ဘာဆိုင်သလဲ..ဘာတာဝန်ပဲပေးပေး ရှေ့ကပေးထားခဲ့တဲ့ အခွင့်
ရေးတွေကို ဘာတစ်ခုမှ ယုတ်လျော့စေခဲ့တာမဟုတ်။ ပြီးတော့ သူ
မိန်းမသားမို့ သင့်တော်မယ့်တာဝန်ပေးခဲ့တာပေမယ့် ဦးမျိုးဝေကို အရှင်
တိုင်းပဲ သူခိုင်းထားခဲ့တာ.. ।

" 'ပညာရှိသတိဖြစ်ခဲ'တဲ့ကွ..ကိုယ့်ကိုယ်ကို ယုံကြည်တာကောင်း
တယ်၊ ဂရုမစိုက်တာကျတော့ နေရာတကာမကောင်းဘူး..ခုဆို မင်းအကို
အမြတမ်းလုံခြုံနေပေမယ့် မင်းချစ်တဲ့သူတစ်ယောက်တိုးလာပြီ၊ မင်းက
မင်းကာကွယ်နိုင်ပေမယ့် သူ့ကိုယ်သူကာကွယ်နိုင်ပါ့မလား..မကာ
နိုင်ဘူးဆိုရင်ရော သူ့အတွက်မင်းအချိန်တိုင်း ကာကွယ်ပေးထားနိုင်မလား"

မင်းမြတ်စည် အသံတိတ်နေ၏။ ပြီးတော့ ဘာမှမပြောဘဲ
ရက်မီးညှိနေသည်။

"ကိုယ်က ဒုစရိုက်သမားမဟုတ်ပေမယ့် ဥပဒေနဲ့ ကစားနေတာ
အမှန်ပဲမို့လား..ဦးမျိုးဝေတို့လင်မယားကို မင်းပတ်သက်နေရတာလည်း
ဒါကြောင့်ပဲ၊ ဒါကြောင့် သူတို့ကအစွယ်ချိုးခံထားရတဲ့ မြွေဖြစ်ပါစေ
ဟာမြွေဇာတိပြလာမှာပဲ..မင်းကတော့ ကိုယ့်ကိုယ်ကိုတရားသဖြင့် လုပ်
တယ်ထင်ပေမယ့် သူတို့ဘက်က အဲ့လိုမမြင်ဘူးဆိုရင် သူတို့နဲ့အတူနေ
မင်းကောင်မလေးမှာ အကျပ်အတည်းလေးတွေ ရှိလာနိုင်တယ်.."

မင်းမြတ်စည်က ဦးကျော်ကျော်ကို လှည့်ကြည့်သည်။

"ဦးကဘာပြောချင်တာလဲ.."

"အဲ့ဒါပဲလေ..နေရာတကာ အရိပ်ပြအကောင်မြင်နေတဲ့မင်းက
လောက်ပြောနေတာတောင် ခုကျမှ ဘာပြောချင်တာလဲတဲ့.."

"ဒေါ်ထားအိနဲ့သုမနောတို့ ဆက်ဆံရေးကို ပြောတာလား.."

"ဟုတ်တယ်..သုမနောအတွက် မင်းဘာလို့ထည့်မစဉ်းစားတာလဲ၊
ကိုအထင်တကြီးဆက်ဆံသလို ဒီကောင်မလေးကို ဆက်ဆံပါ့မလား.."

ဒါကို သူမတွေးခဲ့မိပေ။ တွေးစရာလိုသည်လို့လည်း မထင်ခဲ့မိ။ 'ဒါ
ဘော်ယူမယ့်မိန်းမ' လို့ မိတ်ဆက်ပေးထားလိုက်တာနဲ့ အရာခပ်သိမ်း
ချမ်းနေသည် ထင်ခဲ့သည်။

"မင်းပြောပြတဲ့အတိုင်းဆို သုမနောအတွက် နေရာဒေသကအစ
တ်သက်လာသမျှ လူစိမ်းတွေအကုန်လုံးက သူ့ထက်သာနေမှာပဲ..
လုံးက ဆန်းပြားနေမှာပဲ၊ ဒေါ်ထားအိတို့သာ စိတ်ဓာတ်မမှန်ကြည့်
ကလေး မချောင်ဘူး.."

"ဒီလူတွေကို ကျွန်တော်ဘယ်လိုဆက်ဆံနေသလဲဆိုတာ သူသိ
သူကကျွန်တော့်မိန်းမပဲ၊ မိန်းမယူထားတာ ကလေးထိန်းသလို လိုက်
နေဖို့မှမဟုတ်ဘဲ..သူ့ဘဝအခြေခံက ဘယ်လိုပဲရှိခဲ့ရှိခဲ့ မနေ့ကနဲ့
တောင် မတူတဲ့ဟာ ပြောင်းလဲမှုတွေအပေါ် သူအမီလိုက်ရမှာပေါ့၊
ကြောင့်ဖြင့် ကျွန်တော့်မိန်းမက ရိုးနေပါစေ မ'အ'ရဘူး.. နူးညံ့တာ
ကို ခွဲခြားတတ်ရမယ်၊ သူ့ကိုတောထဲက ဆွဲထုတ်လာတည်းက
ရည်ရွယ်ချက်တွေပါတယ်.."

ဦးကျော်ကျော်က စဉ်းစဉ်းစားစားနှင့် ခေါင်းညိတ်တာမျိုး။ ရေရွှေး
ကောစ်ခွက်ငှဲ့လိုက်ရင်း.. ।

"မင်းကလည်း ကိုယ့်အမှန်တရားနဲ့ကိုယ်ပဲ..ဒါပေမယ့် အမှန်နဲ့အမှား
ကိုတော်တွေ့တဲ့အခါတိုင်း ဆုံးရှုံးခြင်းကို ဖြစ်ပေါ်စေတယ်၊ သတိတော့ထား
..ဒါနဲ့ မင်းရှိနေတုန်း ဒီညငါဆရာတော့်ကျောင်းကို သွားလိုက်
မနက်ကိုးနာရီမထိုးခင် ပြန်ခဲ့မယ်.."

"ဦးက ကျွန်တော့်ဆီမလာဘူးလား.."

ဦးကျော်ကျော်က ရေရွှေးကြမ်းမှုတ်သောက်ရင်း ခေါင်းခါသည်။
ရေရွှေးပန်းကန်လုံးကို ပြန်ချလိုက်ကာ.. ।

"လာချင်လည်းလာမယ်..မလာချင်လည်း မလာဘူး၊ ငါ့အကြောင်း
သားနဲ့ကွာ.."

"တစ်လောကလုံးမှာ ဦးနဲ့.ကျွန်တော်ပဲရှိတာ.."

"တစ်ဖဲ့တည်းပဲရှိရှိကွာ..တစ်ယောက်ကိုတစ်ယောက် စောင့်ရှောက်
နေရမယ့်လူတွေမှ မဟုတ်တာ၊ နေပါဦး...ဘယ်တုန်းက ဆွေမျိုးစပ်ဖို့ သ
ရသွားတာလဲ.."

နှစ်ယောက်သား မေးခွန်းတွေမေးပြီး ရယ်မိကြသည်။ ဦးကျော်
သည် သူ့ကိုယ်သူလူကြမ်းကြီးလိုနေပေမယ့် တူဖြစ်သူကိုတော့ ချစ်ရှာသူ
ထို့ကြောင့်လည်း မာကြောင်းသာကြောင်းဆို ဂရုမစိုက်ဘဲနေတတ်
လောက် အရေးကြုံလာပြီဆိုရင်တော့ ခေါ်စရာမလိုဘဲ ပြေးလာတတ်
ဖြစ်လေသည်။

"နောက်တစ်ခုက ငါမိုးကုတ်ကိုပြန်ရဦးမယ်.."

"ဘာအတွက်လဲ.."

"သြော်..မေးရက်တယ်မင်းသားရယ်၊ မင်းအမေ ငါ့အစ်မရဲ့ခြံနဲ့.
ကို နှစ်စဉ်ပြေးကြည့်နေရတဲ့ဒုက္ခလေ.. မင်းလည်းမိန်းမရနေပြီဆို
အဲ့ဒီကပစ္စည်းတွေ မင်းသယ်ထုတ်လိုက်တော့၊ ပြီးရင် ခြံရောအိမ်ရောရော
ပစ်လိုက် ..ငါလည်းမပင်ပန်းရတော့ဘူး.."

"သူ့ဟာသူနေတာကိုဦးရာ.."

"သူ့ဟာသူနေတာကြီးကို ငါကကိုယ့်ဟာကိုယ်မနေနိုင်တော့ သ
ကြည့်နေရတယ်လေ.."

ဒေါ်မြတ်မြတ်ဦးတို့ ဘိုးစဉ်ဘောင်ဆက်ချမ်းသာကြသည်။ ရွှေ
ကြီးတွေထုံးစံအတိုင်း ချမ်းသာသမျှ စည်းစိမ်ရတနာတို့ကို မြေပေါ
တစ်မျိုး မြေအောက်မှာတစ်မျိုး သိမ်းဆည်းမြှုပ်နှံကြတာဖြစ်သည
ရင်းနှီးမြှုပ်နှံခဲ့သမျှ လူလိမ်ခံရသည်မို့ ဒေါ်မြတ်မြတ်ဦးတို့ကို ဆင်း
"မဟုတ်ပါဘူးကွာ..ဝေဒနာဆိုတာ ဆေးနဲ့တွေ့ရင်သက်သာသွား...
ပဲ၊ မင်းဒီတိုင်းရေအိမ်ဝင်နေလည်း သက်သာမှာမှမဟုတ်တာ..ဘာ...
အစပ်တွေ တအားစားရတာလဲ၊ ယောက်ျားတွေက ဆီးလေကွာ..အစ...

... အကောင်းဆုံးပဲ.."

ဆေးထိုးခံရင်း သူပြုံးလိုက်မိသည်။ အချစ်က စပ်ပူစပ်လောင်ဖြစ်စေ...
...ထို့ပြင် အသာတကြည်ဆေးထိုးခံရခြင်းကိုလည်း ဖြစ်စေလေသည်။
...ခန်းသက်မှာ ကိုယ့်သဘောနဲ့ကိုယ် ဆေးခန်းလာရခြင်းက ဒါပထမဆုံး..

ဝေဒနာတွေခံစားနေရသည့်ကြားက ကြည်နူးနေမိသည်။

သိလား.. မင်းကိုအဲ့လောက်ထိချစ်တယ်..

♥♥♥♥♥

အခန်း(၃၃)

"မမလေးကလည်း မမလေးရယ်..သူ့ဌေးကအလုပ်များတဲ့သူ
အလုပ်ကိစ္စသွားတာပါ..မမလေးကိုစိတ်ဆိုးရင် အိမ်မှာတည်းက
တင်းတင်းနဲ့နေမှာပေါ့၊ ကျွန်မပြောရဲတယ်..သူ့ဌေးက မမလေးကို
သွားတာ မဟုတ်ဘူး.."

သူ မျက်ရည်တွေဝဲ့နေသည်။ မျက်လုံးထဲမှာ ငရုတ်သီးစပ်
သူ့မျက်နှာကိုပဲမြင်နေသည်။ စပ်နေတာတောင် ရယ်ပြနေသေးသည်
တွေကိုပဲ ထပ်စားနေသည်။ သူကရွဲ့တတ်ချိတ်တတ်တဲ့လူစားမဟုတ်
တာ သိနေလျက်နှင့် ငါ့ကိုရွဲ့သွားတာပဲလို့ ထင်နေသည်။ ကိုယ့်
ဘာကြောက်တတ်တယ်ဆိုတာတောင် မသိခဲ့သည့် သူ့မအဖြစ်ကို
လောက်တောင်စိတ်ပျက်သွားပြီလဲ..။ သုမသိလို့ပါ။ တကယ်ကိုသိခဲ့
တာပါကိုကြီးရယ်.. သူနဲ့အတူနေကြာခဲ့ပေမယ့် သူ့နားတောင်ကပ်ခဲ့
သည့်အဖြစ်မှာ ကိုယ့်စိတ်ကြောက်အားပါးတရချက်ပြုတ်ကျွေးရတော့
တာနှင့် ကိုယ့်အကြောက်ဆုံးတွေကို ကျကျနနချက်ပြုတ်ခဲ့သည်။ အ
တော့ ကိုကြီးကြောက်ချင်မှကြောက်မှာပေမယ့် ဘယ်ဟင်းကိုစားစား ကို

ကတည်းနဲ့ စွဲသွားမှာပဲလို့ထင်ခဲ့တာလည်း မှားခဲ့သည်။ အစွဲကြီးစွဲရမယ့်အ
ကား စိတ်အပျက်ကြီးပျက်အောင် သူမပြုမိခဲ့ပါပြီ.. ।

"မဝေရေ..ဖုန်းမြည်နေတယ်တော့ သူ့ဌေးဖုန်းလားမသိဘူး.."

သီတာပြေးထွက်လာပြီးပြောတော့ သုချာခနဲလှည့်သွားမိသည်။ ကို
ကြီးမှာဖုန်းတွေဘယ်နှစ်လုံးရှိသလဲမသိပေမယ့် တစ်လုံးမကတာတော့ သူမ
သည်။ အခန်းရှေ့ရောက်တော့ စေ့ထားသည့်တံခါးကိုမြင်ပေမယ့် ရှုတ်တ
ကိုမဖွင့်ရဲ..။ အခန်းရှေ့မှာ ကိုယ့်ကိုမြင်လို့ တံခါးမပိတ်ဘဲ ထားခဲ့တာဖြစ်
ပေမယ့် သူမရှိတုန်းဝင်သွားလို့ ကြိုက်ပါ့မလား..။ သို့သော် စကားမပြော
ပဲတာလည်း ကိုယ့်ကိုယ်ကိုသတိမရလိုက်ဘဲ တံခါးတွန်းဖွင့်ပြီး ပြေးဝင်
လာမိသည်။ တကယ်တမ်းက သူဘာလို့အပြင်ထွက်သွားတာလဲဆိုတာကို
ရှင်းနေသည့်စိတ်ကြောင့်ဖြစ်ကာ စားပွဲပေါ်မှာမြည်နေသည့်ဖုန်းကို
ကောက်ယူလိုက်မိသည်။

ထိုအခါကျမှ သတိရသည်။ သူ့ဘာမှမှပြန်မပြောနိုင်ဘဲ။ ဖုန်းက
မြည်နေရင်း ကျသွားသည်။ ဒါအပြင်ကဖုန်းလား ကိုကြီးတစ်ခုခုပြောဖို့
ခေါ်တာလည်း ဖြစ်နိုင်တာပဲ။ ဒါဆို ငါ့ဖုန်းကိုများခေါ်နေဦးမလား..
ကိုယ်ခနဲ့တွေးမိပြီး ကိုယ့်အခန်းဆီပြန်ပြေးဖို့ ဖုန်းကိုချမိစဉ် နောက်တစ်ခါ
ringကလင်းလာ၏။ ဒီတစ်ခါ ဘာမှမတွေးမိဘဲ ကိုင်လိုက်မိတာက
ရင်ခုန်ဖြစ်သွားခဲ့လျက်.. ।

"ခေါ်လိုက်ရတာကိုမင်းမြတ်ရာ..မင်းဆေးထိုးရုံနဲ့ပြီးပြီထင်လို့လား၊
ကောက်ဆေးတွေပေးထားတာ ဘာလို့ယူမသွားတာလဲ..ငါလည်းခုမှမြင်
ယောင်ပြန်လာယူဦး.."

ဟင်.. ကိုကြီးဆေးခန်းသွားတာလား..

"ဓာတ်ဆားထုပ်ပါ ငါထပ်ထည့်ပေးထားတယ်..သောက်ဖြစ်အောင်
သောက်နော်၊ ဝမ်းကိုက်ဘက်လှည့်သွားရင် မင်းမျှော့သွားမှာ..ပြီးတော့ ပြော
ချင်တယ်၊ မင်းဘာသာနတ်သမီးဆင်းလာပြီး ပန်းကုံးစွပ်မှာဖြစ်ဖြစ် ငရုတ်သီး
ကောင်ထပ်မစားပါနဲ့.."

သုကိုယ်လေးတောင့်မတ်သွားသည်။ နောက်ထပ်ပြောတာတွေကို
ကြားနေပေမယ့် ခေါင်းထဲမရောက်တော့ဘဲ ဖုန်းကိုကိုင်လျက် ငုတ်တုတ်

လေးထိုင်ကျသွားသည်။ ပြီးတော့ မျက်ရည်တွေပိုးပိုးပေါက်ပေါက်ကျ
တာ ခဏအတွင်း.. ।

ကိုကြီးရယ်..သုအဲ့လောက်တောင် နှိပ်စက်မိတာလား..

"ကိုယ်မစားနိုင်ဘူးထင်လို့လား..ဒီမှာကြည့်.."

"ကောင်းလိုက်တာ..တစ်ခါမှမကောင်းခဲ့ဖူးဘူး.."

"ကိုယ်တကယ်စားကောင်းတာ ကိုယ့်မိန်းမကိုတောင် သတိ
လိုက်မိဘူး..နေကောင်းရဲ့လား.."

ပြောသွားလိုက်တာ သူစပ်နေတာကိုမသိအောင် စကားတွေရော
ဝင်။ ကိုကြီးဘယ်တုန်းက စကားများများပြောဖူးလို့လဲ.. ဖြူဝင်းနေတဲ့
နှာက ဒေါသကြီးနေတဲ့အချိန်ကလွဲပြီး ဘယ်တုန်းကအနီရောင်သန်
လဲ..။ ကိုကြီးဂရုတ်သီးစပ်နေပြီဆိုတာ သူမရိပ်မိခဲ့သည်။ မျက်ရည်
ဝေ့နေသလားလို့ ထင်ပေမယ့် ကိုကြီးကမျက်လုံးချင်း မဆုံမခံ။ ပြီး
ခဏဆိုပြီး ဆေးခန်းပြေးရလောက်အောင်.. ।

တွေးလေ ငိုချင်လေ..သု ကိုယ့်လက်မောင်းပေါ်မျက်နှာလေး
ငိုနေမိစဉ်.. ।

"ဟေ့..ငိုနေတာလား.."

ချောက်ခနဲမီးလင်းသွားသည်။ ညနေခင်းပေမယ့် အထဲမှာမှော
ပြီဖြစ်ကာ မီးဖွင့်လိုက်ပြီး မင်းမြတ်စည်က ခြေလှမ်းကျဲများနှင့် ဝင်
ရင်း.. ।

"သု..ဘာဖြစ်လို့လဲ၊ ဟေ့..ထစမ်း.."

စိုးရိမ်သွားသည့်စိတ်က ဘာဖြစ်နိုင်သလဲဆိုတာ ရုတ်တရက်
စားမိ.. ।

"ဆံပင်တွေကြမ်းပေါ်မှာကွာ.."

လူကို'မ'ထူပေး၍ ဆံနွယ်ဖျားတို့ကိုဆွဲယူကာ နှမျောတသခြင်
နှင့် သပ်ခါချရင်း.. ।

"ဘာဖြစ်လို့လဲ..ကိုယ့်ကိုကြည့်.."

သုက ကိုင်ထားသည့်ဖုန်းကို သူ့လက်ထဲထည့်ပေးလိုက်သည်
ကိုင်ပြီး မျက်မှောင်ကုတ်သွားမိကာ.. ।

"ဘယ်သူဆက်လို့လဲ.."

သိချင်စိတ်နှင့် ဖွင့်ကြည့်လိုက်မိတော့ နောက်ဆုံးဝင်ထားသည့်
ခေါ်ဆိုမှုကို ပြန်ခေါ်တာဦးဇင်မျိုး။ အချိန်ကိုကြည့်ပြီး ဘာဖြစ်တာလဲဆိုတာ
ပြန်တွေးမိသွားသည်။ သူ့ဆေးတွေမယူဘဲ ထွက်လာခဲ့မိလို့ အိမ်ကိုလှမ်းဆက်
ခေါ်ခြင်းဖြစ်မည်။

"ကိုယ်က ဂရုတ်သီးစားပြီဆို အလွန်အကျွံတွေစားပစ်မိတာ..အဲ့ဒါ
ကြောင့် အဲ့လိုဖြစ်တိုင်း ဆေးခန်းပြေးရတာလေ၊ မင်းနဲ့ဘာဆိုင်လို့လဲ..ကျွတ်
ပါနဲ့ကွာ.."

သု ပခုံးလေးကိုဖက်၍ မွေ့ရာအစပ်မှာ အတူထိုင်မိကြရင်း သု သူ့အ
ခန်းထဲဝင်ပြီး ဖုန်းကိုင်တာကို သတိထားမိလိုက်သည်။ သူမ ကိုယ့်ကိုရင်း
ကြောပြီပဲ..။ စိတ်ထဲမှာ ကျေနပ်သွားသည်။ ဒါပေမဲ့ စိုးရိမ်စိတ်ကလည်း
ပေါ်တွဲပါခဲ့လျက်.. ।

"ကိုယ်တို့အမြဲတမ်းအတူရှိလာပြီဆိုရင် မင်းအသည်းငယ်လို့မဖြစ်ဘူး
..ကိုယ်မကြိုက်လို့ပြောတာမဟုတ်ဘူး၊ မင်းခံစားရမှာစိုးလို့..ကိုယ်ဆေး
ရောက်ရတာလေးတောင် မင်းဒီလောက်ခံစားနေရရင် ကိုယ့်အလုပ်ကအ
ကြောက်အခံအထိအခိုက်တွေ အမြဲရှိတယ်..ကြမ်းတမ်းတဲ့စကားနဲ့ ဆိုးရွားတဲ့
ရောက်တွန်းမှုတွေ တစ်ခါတလေ ကိုယ်ကိုယ်တိုင်ဗီလိန်လုပ်ရတယ်..ကိုယ်
ကိုယ်လူကြမ်းဖြစ်သွားတာလည်း ရှိတယ်၊ တစ်ခါတလေကျတော့ ဂိုဏ်းစ
ကားကြီးလိုပေါ့.."

သုက မော့ကြည့်တော့ ပါးပြင်ထက်က မျက်ရည်ကြောင်းလေးကို
ပြောပေးလိုက်သည်။ ပြီးတော့ ထူနက်သည့်မျက်တောင်တို့မှာ ခိုတွဲနေသည့်
မျက်ရည်တို့ကို သူ့လက်ချောင်းတို့ဖြင့် ထိကပ်တို့သုတ်ပေးရင်း.. ।

"ဘယ်လောက်ကြမ်းတမ်းတဲ့ယောကျ်ားဖြစ်ဖြစ် သူမြတ်နိုးတဲ့မိန်းမ
ကိုယောက်မျက်ရည်ကျနေရင် နှလုံးသားထဲကနာတယ်..အဲ့ဒီမျက်ရည်က
ကြောင့်ဆိုရင် ကိုယ့်ကိုယ်ကိုအပြစ်ပေးချင်တယ်၊ တခြားလူကြောင့်ဆို
ရင်တော့ မင်းတွေးကြည့်လေ.."

တွေးကြည့်ဖို့လိုမလား..ဒေါ်ထားအိတို့အပေါ် သူ့ဒေါသတွေ ဘယ်လို
ကြီးပြောက်သွားခဲ့လဲဆိုတာ ပြန်တွေးမိတာနဲ့တောင် ရင်တုန်လာသည်။ ဒါပေ

မဲ့ အချစ်ဆိုတာ တစ်ဖက်တည်းမှာပဲရှိတဲ့အရာမှမဟုတ်ဘဲ.. ।

"အဲ့ဒါကြောင့် စိုးရိမ်ကြီးတတ်တာတွေ မင်းလျှော့ရမယ်..ပြီး
ကိုယ့်ယောကျ်ားစိတ်ကိုနားလည်ရင် မျက်ရည်မလွယ်မိစေနဲ့၊ ကိုယ့်
က လစ်မစ်မရှိဘူး..မင်းမျက်ရည်ကိုမြင်ရင် ကိုယ်ဘယ်လိုမှရမှာမဟုတ်
နားလည်လား.."

သုက သူမဘာသာမျက်ရည်သုတ်လိုက်ပြီး ခေါင်းလေးညိတ်ပြ
ဆံပင်ရှည်ကြီးတလွဲလွဲနှင့် နူးညံ့သိမ်မွေ့လွန်းသည့် ကောင်မလေးသည်
သို့ချစ်ဖွယ်သောကလေးဆန်မှုလေးတွေလည်း ရှိနေခဲ့လျက် သူမမျ
လေးကို နမ်းလိုက်တိုင်း စက္ကန့်လေးတွေနည်းနည်းမှအကျော်မခံတတ်
တွန့်တိုခြင်းသည်လည်း..

"ကိုယ့်ကိုချစ်တယ်ဆို.."

အနမ်းတို့ကိုစည်းခြားကန့်သတ်ခြင်းတွေနှင့် ခေါင်းခါငြင်းဆန်
သည်လည်းရှိလျက်.. ।

"နည်းနည်းလောက်လိုက်လျောပေးကြည့်ပါလား.."

သူ့မျက်နှာထပ်တိုးလိုက်တိုင်း သုကခေါင်းခါရှောင်လွှဲနေတ
သူမကိုအထင်လွှဲသွားမှာလည်း စိုးရိမ်ရှာသည်။ ရင်ခွင်ထဲကနေ သူ့
ကြည့်ပြီး သူမမျက်ဝန်းလေးတွေကို သေချာကြည့်ပါလို့ပြောနေသည်
မင်းမြတ်စည် ကလေးဆိုးကြီးလို မျက်နှာတစ်ချက်မဲ့သွားရင်း.. ।

"ကိုယ်နားလည်တယ်..ဒါပေမဲ့ကွာ မင်းရဲ့အားငယ်မှုတွေကို ကိုယ
လည်း လွှဲပြောင်းတာဝန်ယူချင်တာလေ၊ မင်းကိုခေါ်လာတည်းက တစ်
လုံးရိုးမြေကျပေါင်းကြဖို့ပဲ..ကိုယ်လိုအပ်နေတာမင်းပဲဆိုတာလည်း
ဘာသာသေချာနေတာ၊ အဲ့ဒါ ကိုယ်ကဘယ်လောက်ထိ နားလည်
မှာလဲ.."

သု ပါးပြင်လေးတွေ ရဲတက်သွားသည်။ ပြီးတော့ သူမငြင်း
ခွန်အားမဲ့ပြီမှန်းသိကာ ပြေးပေါက်ရှာသည့်မျက်ဝန်းလေးတွေဖြစ်လာခဲ့
မင်းမြတ်စည်က ပြုံးလိုက်ပြီး.. ।

"အိုခေ..ဒီညကိုယ်တို့ရဲ့ မဂ််လာဦးည.."

ဟင့်အင်း..ဘယ်သူကအိုခေတယ်ပြောလို့လဲ..

ခါးကိုဖက်ပြီး မွေ့ရာနုနုပေါ် အတူလဲလိုက်လျှင် သုတစ်ကိုယ်လုံး
ခဲ့တုန်ခါသွားသည်။ ထို့နောက် မြတ်နိုးစွာကြွေဆင်းလာသည့်အနမ်း
ကို ရှက်ရွံ့ကာ မျက်ဝန်းတို့ကိုမှိတ်ပစ်မိသည့်နောက်..

နေ့နဲ့ညအလင်းအမှောင်တွေအားလုံး ပျောက်ဆုံးသွားသည်။

အေးစက်ခြင်းအားလုံးကို ချုပ်ငြိမ်းစေခဲ့သော နူးညံ့နွေးထွေးသည့်
ရှားသစ်တစ်ခုမှာ..

အချစ်သည် ကိုယ်ပိုင်ကမ္ဘာဖြင့်ခမ်းနားစွာ..

♥♥♥♥♥

အခန်း(၃၄)

သူမရဲ့ကိုယ်သင်းနံ့ကို ရနေသည်။ သတိဝင်လာတာနဲ့ ရင်ခုန်သံ
က အသစ်တွေပဲဖြစ်နေ၏။ ထိုအခါ မျက်လုံးမဖွင့်ရသေးခင် သူမကိုယ်
ကို ပွေ့ဖက်ဖို့လက်ကရောက်၏။

ဟင်..

အေးစက်စက် မွေ့ရာ၏အထိအတွေ့ကြောင့် မင်းမြတ်စည်မျက်
တွေပွင့်သွားသည်။ နီကျင်ကျင်ညမီးရောင်အောက်မှာ သုကသူ့ဘေး
ဟုတ်ဘဲ ခြေရင်းနားမှာဝုတ်တုတ်လေး..။ ဆံနွယ်တို့သည် ပခုံးနှစ်ဖက်
လွှမ်းခြုံကာ မွေ့ရာပေါ်ထိ ဖားဖားဝေဝေကျနေကြသည်။ မျက်တောင်
တို့မှာ တစ်ထောက်နားသွားသည့်အလင်းရောင်က သူမရဲ့ပါးမို့လေး
ထက်မှာ မျက်တောင်တို့၏အရိပ်ကို ဖြာဆင်းနေစေလျက်.. ।

"သု ဘာထိုင်လုပ်နေတာလဲ.."

သူထထိုင်လိုက်တာနှင့် သုကခေါင်းခါပြီး မျက်နှာငုံ့ချပစ်သည်။ မျ
ရည်သုတ်နေတာမှန်းသိလိုက်လျှင် သူမကိုယ်လေးကို ရင်ခွင်ထဲဆွဲယူ
ထားမိရင်.. ।

"ဘာဖြစ်တာလဲကွာ..ဘာဖြစ်လို့ငိုတာလဲ၊ ကိုယ်ဆန္ဒစောသွားတာဆို
တောင်းပန်ပါတယ်..အဲ့ဒါ ကျွတ်.."

သူမှားပြန်ပြီလား..သူမပခုံးလေးကို တင်းနေအောင်ဖက်ထားမိရင်း
ယ်လိုစကားနဲ့ တောင်းပန်ရမှန်းမသိ။ ထိုစဉ် သုကသူ့ရင်ခွင်ထဲမှာ မျက်
လေးကပ်လာရင်း ခါးကိုသိုင်းဖက်ထားလိုက်သည်။ ပြီးတော့ သူ့ကိုမော့
ကြည့်ပြီး ပါးသိုင်းမွေးတို့နှင့် မေးဖျားကို သူမလက်လေးနဲ့ ဖွဖွလေးထိကိုင်
ည်။ မင်းမြတ်စည်က ထိုလက်ဖဝါးလေးကို ထပ်ကိုင်ထားလိုက်ကာ.. ।

"ကိုယ့်ကိုစိတ်မဆိုးဘူးဆိုရင် ဘာဖြစ်လို့ငိုနေတာလဲ..ကိုယ်မင်းကို
တယ်ဆိုတာ မယုံနိုင်တာလား.."

သူမက ခါးကိုတိုးဖက်ထားလိုက်ပြီး ခေါင်းခါသည်။ သူမအားငယ်
ကောလိမ့်မည်။ သူဘာလုပ်ပေးရမလဲ.. ।

ထိုစဉ် ဘယ်အချိန်တည်းက ထရေးထားမှန်းမသိသည့် စာအုပ်လေး
စာမျက်နှာတစ်ခုကို သူမကဖွင့်ပြခဲ့၏။

ကိုကြီးကို သိပ်ချစ်တယ်..ဒါပေမဲ့ သုအိမ်ထောင်သည်မဖြစ်ချင်သေး
ဘီလိုဘဝနဲ့ ကိုကြီးရဲ့ဇနီးမဖြစ်ချင်ဘူးကိုကြီးရယ်..သုကိုကြီးနားမှာနေ
ကိုကြီးရဲ့ဝေယျာဝစ္စတွေကိုပဲ လုပ်ပေးသွားချင်တာ..ကိုကြီးတခြားမိန်းမ
ကိုသွားရင်လည်း ကျေနပ်ပေးနိုင်တယ်..ပြီးတော့....

"ကျွတ်..သုကွာ.."

စာဖတ်နေရင်း သူကျွတ်ခနဲဖြစ်သွားတော့ သူကသူ့ရင်ခွင်နဲ့မျက်နှာ
ကွယ်ထား၏။

ကိုကြီးအတွက် ပါရမီဖြည့်ဘက်ဇနီးကောင်းမဖြစ်နိုင်ဘဲနဲ့ ကိုကြီးရဲ့
ဖြစ်ချင်ဘူး..ဒေါ်ဒေါ်ထားတို့နဲ့ဖြစ်ရသလိုမျိုး သုကပါရမီမဖြည့်နိုင်တဲ့
ကြောင့် ကိုကြီးရန်များရမယ်..သုနဲ့လည်းကိုကြီးဘယ်တော့မှပွဲ
ကောင်းတင့်မှာမဟုတ်ဘူး..

"ပွဲလယ်တင့်တာ မတင့်တာကို ဘယ်သူကဆုံးဖြတ်ပေးမှာလဲသု..
ကိုယ်တစ်သက်လုံး ကိုယ်ဖြစ်ချင်တာပဲလုပ်လာခဲ့တာ၊ ဘယ်သူဘယ်လိုထင်
ကြတာပြောကြမလဲ၊ ဘာတွေဖြစ်ကျန်ခဲ့မလဲ..ဘယ်တုန်းကမှ မတွေးဘူး၊
ကြည့်ပြီး မတွေးဘူး..နောက်လည်းတွေးမှာမဟုတ်ဘူး.."

ပြောရင်းဖြစ်လာသည့် ကရုဏာဒေါသ၏လေသံကြောင့် ကိုယ်
ကို ပြန်လျှော့ချရသည်။ ပြီးတော့ သူမဆံစလေးတွေထဲမှာ မျက်နှာဖိန
လိုက်ရင်း.. ၊

"ပါရမီဖြည့်ဘက်ဆိုတာ ဘာကိုပြောတာမို့လို့လဲသုရယ်..မင်းခ
ကိုယ့်စိတ်ချမ်းသာနေတယ်ဆိုရင် အဲ့ဒါမင်းကကိုယ့်ရဲ့ပါရမီဖြည့်ဘက်
ဇနီးမယားတစ်ယောက်ကို ဘယ်လိုပေတံတွေနဲ့ တိုင်းတာရွေးချယ်
လဲ၊ ကိုယ့်ကမ္ဘာမှာ ကိုယ်ချစ်တဲ့မိန်းမနဲ့အတူနေထိုင်ရခြင်းက အေးချ
ယာတဲ့အိမ်ထောင်တစ်ခုကို တည်ထောင်နိုင်ခြင်းပဲ..ကိုယ်စိတ်နှလုံး
ဖို့ ကိုယ်ပဲလုပ်နိုင်တယ်၊ ဘယ်သူမှလာလုပ်ပေးလို့မရဘူး..ကိုယ်လေ
သိတတ်စအရွယ်တည်းက ခုချိန်ထိဆင်းရဲတယ်ဆိုတာ ဘာမှန်းတော
ခဲ့ဘူး..နှစ်ဖက်မိဘတိုးဘွားတွေက ချမ်းသာကြတယ်၊ ဒါပေမဲ့ အ
ချမ်းသာတာထက် ကိုယ်ပိုင်ထူထောင်နိုင်တဲ့စီးပွားရေးကို လိုချင်တဲ့

ထိုမှအစချီပြီး သူ့ရဲ့ငယ်ဘဝကို ပြောပြနေမိသည်။ သုကို ရင်
မှာမြုပ်နေအောင် ပွေ့ဖက်ထားရင်း ကလေးတစ်ယောက်ကို ပုံပြင်
သလိုရှိခဲ့လျက်.. ၊

"အဲ့ဒါကြောင့် မိန်းမယူဖို့ဆိုတာလည်း မစဉ်းစားခဲ့ဘူး..ချစ်
ဖို့တွေလည်း ခေါင်းထဲမရှိဘူး၊ အဖေနဲ့အမေတို့လောက် ချစ်ကြတဲ့လ
တွေတောင် အဖေ့ကိုအမေနားလည်မပေးခဲ့ဘူး..သက်ရှိထင်ရှားရှိနေ
သာယာပျော်ရွှင်မှုမပေးခဲ့ဘဲ အဖေဆုံးသွားကာမှ သေလောက်အော
သွားခဲ့တာ..အဲ့ဒီအချစ်တွေကို ကိုယ်မလေးစားဘူး၊ အမေကစပြီး အိ
ဘက်ဆိုတာတွေကို မယုံတော့တာ.."

ဒီလိုရှုပ်ရည်ရှုပကာနဲ့ ဒီလောက်ချမ်းသာတဲ့လူမှာ နှလုံးသား
မရှိခဲ့ဘူးဆိုတာ ဟုတ်ပါ့မလားလို့ သူမတွေးခဲ့ဖူးသည်။ ဒေါ်ဒေါ
တဲ့စကားတွေကိုယုံပြီး သူ့ကိုအထင်လွဲခဲ့မိသည်။ ခုတော့ နားလည်
ပါပြီ။ ကိုကြီးမှာလည်း နာကျင်စရာတွေရှိခဲ့တာပဲ။ ထို့ကြောင့် ပိုရှ
လေးစားမိရင်း ကြည်နူးစိတ်လေးလည်းကပ်ပါခဲ့သည်။ သူများဘဝ
ခဲ့ရတာကို ကြည်နူးဖို့မသင့်ပေမယ့် ကိုကြီးချစ်ခဲ့တာ ကိုယ်တစ်
တည်း.. ၊

ဘေးမှာ ဒီတိုင်းချထားလိုက်သည့်စာအုပ်ကို ကိုကြီးပြန်မကြည့်ခင
အသာလေးလှမ်းပိတ်ထားလိုက်သည်။ မပြီးဆုံးသေးသည့်စာတွေထဲမှာ
သေးသည်။

ဒီလိုဘဝနဲ့ သုကလေးမမွေးချင်ဘူး..သားချော့တေးကိုတောင်မဆိုနိုင်
ခင်ဖြစ်လာရမှာ သုရင်မဆိုင်ရဲဘူး..ဆိုတဲ့စာကြောင်းတွေကို ကိုကြီးမ
စေနဲ့တော့..။ ဘာပဲဖြစ်ဖြစ် သူမရင်ဆိုင်မည်။ စိတ်မြန်လက်မြန်
ကြီးတတ်သည့်လူကြမ်းကြီးက သားချော့တေးကို ဆိုလိမ့်မည်။ သုကို
သားကိုပိုက်ထားလိမ့်မည်။

သူမယုံကြည်သည်။ ကိုကြီးရှိနေသရွေ့ သူမဘဝအားလုံးပြီးပြည့်စုံ
ဆိုတာ..

♥♥♥♥♥

အခန်း(၃၅)

"ငြိမ်းချမ်းနဲ့ဖိုးထောင်တို့ကို ဆားဗစ်မှာထားလိုက်..မင်းနဲ့စိုးသူ
ကုတ်ကိုပြန်၊ ငါပြောတာတွေ အားလုံးပြီးမှဖားကန့်ကိုပြန်မယ်.."

"....."

ဖုန်းပြောနေရင်း စီးကရက်ရှိုက်နေသည်။ ပြီးတော့ စတီးတန်
လက်တင်၍ လက်ညှိုးနဲ့ထောက်ပြီး ပြာခြွေလိုက်ရင်း.. ।

"ဟုတ်တယ်..ပြီးရင် ဒုရဲအုပ်ဦးစိုးမောင်ကို ငါပြောတဲ့ပစ္စည်း
လိုက်.."

"....."

"အဲ့ဒါ မင်းပူစရာမလိုဘူး..လကုန်လောက်ငါရောက်မယ်.."

ခြံထဲကပန်းစင်လေးအောက်မှာ သုပန်းတွေသီနေတာ လှမ်းမြင်
ကာ ဖုန်းပြောရင်း အောက်ထပ်ကိုဆင်းလာခဲ့သည်။ အနားရောက်
သုက ကိုယ်လေးလှုပ်ရွှေ့ပေးသည်။ နှစ်ယောက်ထိုင်မျက်နှာချင်းဆိုင်ခုံ
နှစ်ခုရှိပေမယ့် အနားမှာပဲပူးကပ်ထိုင်လိုက်သဖြင့် လှုပ်ရှားရတာ ကျပ်
သည်။ သူဖုန်းပြောနေတာကို စိတ်ကရောက်ကာ ပန်းသီနေသည်အ

ကိုစွပ်ခနဲ..

သုကိုယ်လေးတွန့်သွားတော့ မင်းမြတ်စည်က လှည့်ကြည့်သည်။

"ကျုပ်က ယုံကြည်ပါလို့ ခင်ဗျားကိုပြောခဲ့ဖူးသလား.."

ဖုန်းပြောနေရင်း အပ်စူးသွားသည့် သူမလက်ချောင်းလေးကို သူ့လက်
ဆုပ်ထားလိုက်ပြီး.. ।

"ခင်ဗျားပြောတာကို ကျုပ်စိတ်မဝင်စားဘူး..ကျုပ်ပြောတာကို စိတ်
ထားရင် ခင်ဗျားစဉ်းစားဖို့ သုံးနာရီအချိန်ရတယ်.."

"....."

"မစောင့်နိုင်ဘူးဦးစိုးလင်း..အလုပ်လုပ်တဲ့နေရာမှာ လူရင်းလူဖျား
ခဲ့ဘူး၊ ဒီပရောဂျက်ဘယ်အချိန်စမယ်ဆိုတာ ကျုပ်ကြေညာခဲ့တာ တစ်
ကျော်သွားပြီ..ဒီ့ထက်မြန်မြန်စရမှာကို ခုမှစရတာ ကျုပ်ဘက်ကအချိန်ပို
နိုင်တော့တဲ့ အကြောင်းပြချက်ပဲ.."

ဖုန်းကို bluetoothဖွင့်လိုက်ပြီး သုလက်ထဲကသီလက်စပန်းကုံး
ကိုပြောင်းယူသည်။ ပြီးတော့ ပန်းသီနေရင်း.. ।

"အဲ့ဒါမျိုးလုံးဝမရှိဘူး.."

"....."

"ဟုတ်တယ်..မိုးကုတ်မှာလုပ်မှာ.."

"....."

"ဟား ဟား ဟား.."

သရော်လှောင်ပြောင်သည့်ရယ်သံနှင့်မျက်နှာကို သုထိုင်ငေးခဲ့၏။
ပြီးနေသည့်လက်ချောင်းတို့သည် မသွယ်မသေး အနေတော်တင့်တယ်
ကြွက်ရှသည့်မွေးညင်းတချို့ ဖေးတင်နေတာလည်းရှိ၏။ ထိုလက်တို့
ပန်းတွေကိုသီရင်း.. ।

"သတ်ပစ်သင့်တာပေါ့..ကျုပ်ဆိုက်ဒ်ထဲမှာဆိုရင် တစ်ယောက်မှအရှင်
ဘူး၊ နောက်ပြဿနာနောက်ရှင်းပဲ.."

သု မျက်လုံးပြူးသွားသည်။ အေးစက်ခက်ထန်နေသည့်မျက်ဝန်းတွေ
ဘက်လှုကိုစိုက်ကြည့်သလို တစ်နေရာမှာစူးစိုက်နေတာလည်းရှိကာ
ပြီးနေရင်း လူသတ်ခိုင်းနေသည့် မင်းမြတ်စည်သည် ဖုန်းချလိုက်တော့

သူမဟုတ်ခဲ့သလို.. ।

"ကိုယ်တို့လျှောက်လည်ရအောင်.."

ဖြေသံမကြားတော့ ပန်းကုံးအတွက်နောက်ဆုံးပန်းတစ်ပွင့်ကို
လိုက်ရင်း မျက်လွှာပင့်ကြည့်မိကာ.. ।

"မေးနေတာကွာ.."

သုက ခေါင်းခါပြမှ.. ।

"ဘာဖြစ်လို့လဲ..လကုန်ရင် ကိုယ်အလုပ်တွေပြန်လုပ်ရမှာ၊ အ
တို့မင်္ဂလာမဆောင်ခဲ့ရဘူး..အဲ့ဒါက မင်းကိုင့်ပြီးတော့လေ၊ ဟန်
ထွက်ခဲ့ရဘူး..အဲ့ဒါက ကိုယ့်မှာအဲ့လောက်အချိန်မရှိလို့၊ ဒါတွေကြောင့်
မင်းအတွက် အချိန်ပေးနေတာ..အမှန်အတိုင်းပြောရရင် ကိုယ်မင်
ခွာရက်လို့.."

သူမကို စိတ်မချပါ။ သူထွက်သွားတာနဲ့ သူမအားငယ်
တမျှော်မျှော်ရှိနေရင်း သူပြန်မလာနိုင်သေးသမျှ ငိုချင်လည်းငိုနိုင်
ဘဝမှာ တခြားသူတစ်ယောက်အတွက် စိုးရိမ်ပူပန်ခဲ့ရတာလည်း
ပါပဲ။ သူမကိုချစ်မိကာမှ ဘဝတစ်ခုလုံးပြောင်းပြန်လှန်သလို ပြောင်
ရင်တောင် သူကျေနပ်နေမည်သာ.. ।

"ဆံပင်တွေဖြည်ချလိုက်ပါကွာ..ရော့ ပန်းကုံးလေးတင်ပြီး
ပြုံးပြ.."

သူဓာတ်ပုံရိုက်ဖို့ စိတ်ကူး၍ ပန်းကုံးလေးကိုသူမခေါင်းပေါ်
ပြင်လျှင် သုကခေါင်းလေးငဲ့ရှောင်လိုက်ပြီး လက်အုပ်ချီ၍ အိမ်
ဆတ်ပြသည်။

"ဘုရားပန်းကပ်ဖို့လား..နောက်တစ်ကုံးကောင်မလေးတွေ
ကွာ.."

သူအတင်းခေါင်းပေါ်တင်ပေးဖို့ လုပ်သေးသည်။ ပြီးမှ သူ
လေးကို ပုတ်ပစ်လိုက်ပြီးရယ်ကာ.. ।

"မင်းကကိုယ့်ရဲ့ဆရာမကြီး.."

♥♥♥♥♥

အခန်း(၃၆)

"ပြော.."

"ဆောရီးပါကိုစည်ရာ..မင်းလက်ထပ်ပြီးစ အနားယူနေတာကိုကြား
အရမ်းအရေးကြီးလို့ပါ.."

"ဆောရီးလုပ်မယ့်အစား မြန်မြန်ပြောလိုက်ပါလားဦးမြတ်မော်..ကျုပ်
ခင်ဗျားတာထဲရောက်နေတယ်.."

"ကျွန်တော်နောက်ဆုံးနေပြီကိုသိကာ သု သူ့လက်မောင်းကိုလက်လေးနှစ်
ဆုပ်ကိုင်ထားလိုက်သည်။ သူကဖုန်းပြောရင်းငုံ့ကြည့်ပြီး ခေါင်းခါပြ
ပြီးတော့ စက်လှေကားဘက်ကို မေးဆတ်ပြပြီး ခြေဦးလှည့်၍.. ।

"ဘယ်လောက်များလို့လဲ.."

"အရင်တစ်ခါထက် သုံးဆတောင်..အဲ့ဒါကြောင့်လက်ထဲမှာ ကြာကြာ
လို့ပါ၊ အရောင်းအဝယ်ကိစ္စက ဘယ်အချိန်မှာဖြစ်ဖြစ် မင်းလက်ထဲ
ရောက်သွားရင် ပြီးတာပဲ.."

"အင်း..ဝယ်လက်နဲ့ချိတ်ပြီးရင် အကြောင်းပြန်မယ်.."

ကျော်လည်းမဆက်။ တစ်ဖက်လူစကားကိုလည်း မစောင့်ဘဲ ဖုန်းကို

အိတ်ထဲပြန်ထည့်သည်။ ပြီးတော့ သုလက်လေးကိုဆုပ်ကိုင်လိုက်ပြီး

"ဒီဘက်ကအတက်.."

စက်လှေကားခြေရင်းကိုရောက်တော့ သုကင့်ကြည့်ပြီး မော

ဘေးလူတွေ သတိမထားခင် မင်းမြတ်စည်က သုရဲ့ခါးလေးကိုဆွ

မလိုက်ကာ ခြေနင်းပေါ်တက်ရပ်လိုက်သည်။ သုလန်ဖျန့်ကာ သူ့ခါ

ဖက်ထားမိ၏။ လှေကားကိုခြေမချရဲသဖြင့် ခြေဖျားကလည်းခေါ

ဟိုဘက်လှေကားကနေ လှမ်းကြည့်နေကြသည့်လူတွေကိုလည်း ရုတ်

တစ်ကိုယ်လုံးလေထဲဆွဲတင်ခံရသလို အထူးအဆန်းကြီးဖြစ်နေကာ

ထိပ်ရောက်သွားမှ ခြေထောက်နဲ့မြေကြီးထိခဲ့ရပြီး.. ।

"နောက်တစ်ခါ ကိုယ့်လက်ကိုကိုင်ပြီးတက်ရမယ်.."

ဟင်..

သုမျက်လုံးပြူးသွားတော့ ငုံ့ကြည့်ပြီး သူကပြုံးလိုက်ကာ..

"ကိုယ်ရှိနေတာ မင်းဘာမှမဖြစ်ဘူး..လှေကားကရွှေ့နေတော

လိုက်ရင် နည်းနည်းယိုင်သွားလိမ့်မယ်၊ ဒါပဲ..ဘေးမှာလက်ရမ်းပြီ

ကိုယ့်လက်ကိုကိုင်ထားလို့ရတယ်..ဘာကြောက်စရာရှိလဲ.."

အခုက လူတွေရှေ့မှာသင်ပြမနေချင်တာလား..သူဖုန်းပြောတ

အတွက် မသင်လိုက်ရလို့လား..။ နောက်တစ်ခါ သူမအရဲစွန့်ရတော့

ကာ သုတ်တွေးမျိုချမိ၏။ ပြီးတော့ လှေကားဆီနောက်ပြန်လှည့်

သည်။ သူများတက်ဆင်းနေကြတာ အေးဆေးပဲ..ဟုတ်တယ် ငါ

လုပ်နိုင်ရမှာလဲ..။ နင်လုပ်ရမယ်..ကိုကြီးက ကြောက်နေတာကိုကြ

ဟုတ်ဘူး..။ ခြေလှမ်းတို့သည် ရှေ့ကိုလှမ်းနေခဲ့လျက် စိတ်ကလေ

မှာ ကျန်ခဲ့ရာ သုခြေလှမ်းတွေမှား ခလုတ်တွေတိုက်..ဒါတွေလည်း

နေပြန်ကာ.. ।

"ဒီတိုင်းဆို အလုပ်ဖြစ်မှာမဟုတ်ဘူး..လာပြန်သွားမယ်.."

ဟင်..

သူ့လုပ်ပုံကြောင့် သုဟင်ခနဲ့ဖြစ်ရတာ ခဏခဏ။ သူမစိတ်

ကျန်ခဲ့သည့်စိုးရိမ်ခြင်းက သူ့ကိုအပူဟပ်သွားသည့်နှယ်။ သုဘာမှ

ဘဲ လက်ကိုဆွဲ၍ လှေကားဆီတောက်လျှောက်သွားသည်။ ပြီးတော

"ကိုယ်ပြောတာကိုယုံကြည်တယ်မို့လား..ဒါကြောက်စရာမှမဟုတ်တာ၊

လေးတွေတောင် ခုနှစ်ပေါက်တက်နေကြတာ.."

ပထမတစ်ခါ ရင်ထဲမှာအေးခနဲ။ နောက်တစ်ခါလည်းတုန်ယင်နေ

သည်။ သုကိုအတက်အဆင်းတွေလုပ်ပေးနေတာ သတိထားမိတဲ့လူ

ကငုံ့ကြည့်လာကြသည်။ မင်းမြတ်စည်က ဂရုမစိုက်ပါ။ အတူတွဲပြီး

ကိုက်ဆင်းလိုက်နှင့် သုကျေနပ်ပျော်ရွှင်လာတဲ့အထိ.. ।

"ရပြီလား.."

သုမျက်ဝန်းလေးတွေ ကြည်နေသည်။ နှုတ်ခမ်းလေးတွေက ပြုံးနေ

ကြသော် နဖူးစပ်လေးတွေနဲ့ နှုတ်ခမ်းဖျားတို့မှာ ချွေးလေးတွေစို့လျက်..

"ခိုက်ဆာသွားပြီကွာ..ပြီးမှစျေးဝယ်မယ်၊ မုန့်သွားစားရအောင်.."

"ကွေ့သယိုစားမလား..ဒီဆိုင်မှာ ဒါကောင်းတယ်.."

သုက ဘာမှန်းမသိသေးခင် သူကလှမ်းမှာကာ ပင်လယ်စာအစပ်သုပ်

ပါ၏။

"တူကိုလက်ခွဲထဲမှာလဲ့ထား..ဒီမှာ ဒီလို၊ လက်ခလယ်နဲ့လက်ညိုးက

သွားရတယ်.."

သုလက်လေးကိုကိုင်ပြီး သေချာသင်ပေးသည်။ ဘေးလူတွေကြည့်နေ

လို့တွေးမိပြီး သုမျက်လုံးရောက်သွားတာလည်း သူမကြိုက်.. ।

"ဘယ်သူမှလည်း ကြည့်မနေဘူးမင်းကို..ကြည့်နေလည်းဂရုမစိုက်နဲ့၊

ကြည့်နေတာကိုသိတာ ကိုယ်ကကြည့်လို့..မကြည့်ရင် ဘာမှမသိဘူး"

စားမယ်ဆိုပြီး စားစရာတွေလည်း ဒီတိုင်းကျန်ခဲ့သည်။ တူဘယ်လို

ပါ။ ဘယ်သွားရည်စာကို ဘယ်လိုစားပါဆိုတာတွေ သူမှာပေးသမျှမုန့်

ကို ဓားလေးနဲ့လှီးပါ။ ခပ်ရင်းလေးနဲ့ခပ်ပါ စသဖြင့် သူစိတ်ရှည်နေတာ

ကြည့်၍ သုရင်ထဲမှာပီတိတွေဖြစ်နေမိသည်။ တစ်လောကလုံးမှာ သူ့အ

ကသုတစ်ယောက်တည်းရှိသလို ဂရုစိုက်အရေးပေးနေခြင်းက မိန်းက

လေးတစ်ယောက်အတွက် ရင်ခုန်တိမ်းမူးဖွယ်ပါ.. ।

"ဒီမှာ မိန်းကလေးအဝတ်အစား အတိုအထွာကအစ ရှိမယ့်ပုံပဲ.."

သူမဘာမှမပြောနိုင်သည်မို့ သူပဲဝင်မေး ဗာယီရက္ခိစိကွစတွေပါသူပဲ

ဝယ်သူပဲအတိုင်းအတာတွေပြောပြ။ အတွင်းခန်းထဲဝင်ပြီးဝတ်ကြည့်တာ

တောင် အကျီလက်နဲ့ခေါင်းပေါက် ဘယ်လိုခွဲရမှန်းမသိလို့ သူ့လက်ကို
သေးသည်။ လူတွေကိုဂရုမစိုက်နဲ့ပြောနေရင်း ဘယ်မျက်နှာကိုမှလည်
ကြည့်ဘဲ ပူပူထူထူကြီးဖြစ်လာတာ သူပဲဖြစ်ကာ.. ।

ကမ်းကုန်အောင်ကွဲလေသည်..အရှက်..

♥♥♥♥♥

ဘစ်မနက်လုံးဖုန်းပြောနေရင်းနှင့် ခေါင်းမဖော်နိုင်။ သူ့အတွက်ဖွယ်
ရာဖြစ်အောင် ချက်ပြုတ်နေရင်း မကြာခဏထွက်ကြည့်ဖြစ်ကာ
ကြိုတ်တိုင်းဖုန်းပြောနေသည်ချည်းမြင်လျှင် 'ကိုကြီးငါ့ကြောင့်အလုပ်
ပျက်ပြီး အိမ်မှာနေနေတာ'လို့တွေးမိပြီး စိတ်မကောင်း။ ပြီးတော့ ထွက်
ကြိုင်းပဲ မင်းမြတ်စည်ဖုန်းပြောနေသည့်ပုံစံကို သုခဏတော့ရပ်ငေးနေ
မိ။ အိမ်မှာနေပေမယ့် စွပ်ကျယ်အတိုအပြတ်တွေနဲ့ နေတတ်တာ
ကျေ။ အကျီအကျပ် ဘောင်းဘီရှည်ကျပ်ကျပ်တွေလည်း ဘယ်တော့မှ
ဝတ်သည်ကပ်ဆွယ်တာfittingတွေဝတ်ရင်လည်း ကုတ်အကျီအပါး
ကလေးအမြဲပါသည်။ အထူးသဖြင့် မင်းမြတ်စည်ဝတ်သမျှကုတ်အကျီတွေ
ကတော့သိပ်မရှိဘဲ လောင်းကုတ်လည်းမဟုတ်သော ပုံမှန်ထက်ပိုရှည်
သည့် ကုတ်အကျီတွေပဲများ၏။ ဒါမှလည်း သူ့အရပ်ကြီးနဲ့အတော်ပဲနေ
ပါသည်။ သူမတွေးမိခဲ့သေးသည်။ ဘာပဲဖြစ်ဖြစ် မင်းမြတ်စည်၏အသွင်
ပြင်ချင်းများကို သုတစိမ့်စိမ့်ကြည့်မိတိုင်း တသိမ့်သိမ့်ရင်ခုန်သည်။
ကျန်တာတွေကို သူမမြတ်မြတ်နိုးနိုးချစ်မိပါ၏။

သုလာလာကြည့်နေတာကို မင်းမြတ်စည်ကမသိ။ ဧည့်ခန်း
ရင်းကနေ လိုက်ကာတွေဆွဲပြီး မှန်ရှေ့ရပ်လိုက် ဝရန်တာဘက်ထွ
နှင့် သူ့မှာစိတ်ရှုပ်စရာတွေက ဆီးကြိုနေကာ.. ।

"ဦးခေတ်ချောင်းပြန်ရောက်လာတာ ငါကဘာလုပ်ရမှာလဲ.."

"....."

"မလိုဘူး..လုပ်စရာရှိတာလုပ်၊ သူနဲ့ငါ့အကန့်ကပြီးပြီ.."

လိမ်လည်သူများအုပ်စုလို့ သူမှင်နီသားထားသည့်လူတွေအ
သွားပြီ။ အပြစ်ကိုအပြစ်အတိုင်း ပေးဆပ်စေခဲ့တာမှာ သူ့ဘက်ကာ
သလဲ..။ သူတို့တင်မက တစ်လောကလုံးလက်နှက်ကြီးငယ်တွေနဲ့
ပါစေ ကိုယ်ရစရာရှိတာကို ပြန်ယူခဲ့တဲ့အတွက် တုံ့ပြန်ချင်တယ်
တိတ်ကိုပြန်ဆွဲပြီး တစ်ကနေပြန်စပေးဦးမည်။

"ဘယ်လို.."

ဦးကျော်ဖုန်းဆက်တုန်း ဒါကိုပြောပြလိုက်တော့ စိတ်တိုင်
ကြီးထွက်လာသည်။ လက်တုံ့ပြန်တတ်တဲ့အကျင့်ကို ဘယ်သူထ
တာလဲ..

"ငါပဲထင်တယ်..ဒါပေမဲ့ ငါဖြစ်စေချင်တာထက် မင်းပိုခဲ့
တရားမှုကနေ မတရားမှုဖြစ်သွားခဲ့တာက မင်းတုံ့ပြန်တာများတယ်
အားလုံးဘဝပျက် အသက်သေတွေဖြစ်ကုန်ကြတာ.."

"ဘဝပျက်တာအသက်သေတာက သူတို့စိတ်မခိုင်တာ
တော်က ရစရာရှိတာယူရုံပဲ၊ သူများပစ္စည်းခိုးစားတုန်းက သူများ
ခဲ့မလဲ တွေးခဲ့သင့်မှန်း အခုသိသွားပြီ.."

"မင်းကလည်းဇွတ်.."

"ကျွန်တော်အခု အေးအေးချမ်းချမ်းနေတော့ဖို့ ဆုံးဖြတ်ထ
ကျော်..လုပ်ငန်းအားလုံးကို ကျွန်တော့်ကောင်တွေနဲ့ လွှဲထားလို့ရ
တာတွေကိုဖြုတ်ပစ်မယ်.."

"လုပ်သင့်တာကြာပြီလေ..မင်းအတွက် ဘာမှမှမလိုဘဲ၊ အလ
စွယ်များအောင် လုပ်နေသလိုပဲ..ကိုမင်းနောင်က သူမလုပ်နိုင်တာတွ
ဖို့ ဘီလူးတစ်ကောင်ချန်ထားရစ်တဲ့အတိုင်း.."

ဦးကျော်ကလည်းပြောသည်။ မင်းမြတ်စည်ကလည်း ဦးကျော်ဘာ
ပြော ပန်းနဲ့ပေါက်နေတဲ့အတိုင်း.. ।

"သတိတော့မလစ်စေနဲ့ဖိုးစည်..လူမိုက်လုပ်ရတာလွယ်တယ်၊ လူ
ပြန်ဖြစ်ဖို့က ခက်တယ်..ကိုယ့်အတွက်တိုးရင်တစ်လှမ်း ဆုတ်ရင်
လှမ်းပဲ၊ ဒါပေမဲ့ မင်းချခဲ့တဲ့ခြေရာက မပျောက်ဘူး..အနားယူတော့မယ်
စိတ်အေးလက်အေးမနေနဲ့..မဖြစ်သေးပါဘူး၊ မင်းအလုပ်တွေလုံးဝ
နားတော့မယ်ဆိုရင် ငါ့ကိုပြောဦး.."

"ကျွန်တော်ကခုမှပုခက်ထဲက ဆင်းလာတာလား.."

"ပုခက်ထဲကပဲဆင်းဆင်း တာဝတီသာကဆင်းဆင်း မင်းအကျမ
ကစိုးလို့ဟေ့..ဒါပဲ.."

ဖုန်းချသွားတော့ သူပြုံးလိုက်မိသည်။ အလုပ်ကိစ္စတွေနဲ့ ဆက်သွယ်
ပြီဆို ဒီတိုင်းဖြစ်မှာကိုသိလို့ ဘယ်သူမှဖုန်းလာမခေါ်နဲ့လို့ပြောခဲ့တာ
ရှိတစ်ချက်ငုံ့ကြည့်မိရင်း ဗိုက်ဆာလာတာကို သတိရသည်။ သူထ
ခန်းဘက်ထွက်လာတော့ ဟင်းနဲ့ကမ္မားပျံ့ကျီစယ်နေတာ ဗိုက်ထဲက
ည်သံပေးလာတဲ့အထိ.. ।

"သု..ကိုယ်ဗိုက်ဆာပြီကွ.."

နဲ့သာရောင်လက်ရည်ခါးတိုကိုယ်ကျပ်လေးနှင့် အဖြူချိတ်ပါသော
ရောင်ထမီလေးက သုကိုယ်ပေါ်မှာကပ်ကပ်ချပ်ချပ်လေးရှိနေတာ
ကြောင်းဆွဲထားတဲ့အတိုင်း။ သူ့အသံကြားပြီး နောက်လှည့်ကြည့်
တော့ ခေါင်းစည်းကွင်းအဖြူလေးနဲ့ ကျောထက်မှာစည်းထားသည့်ဆံ
ည်တွေက လွန်ခန့်ဝေခါသွားသည်။ ထို့ပြင် ဖြူနုသည့်မျက်နှာလေး
သာရောင်လေးဝတ်ထားတော့လည်း နဲ့သာရောင်ညက်ညက်လေးဖြစ်
ကျ သူ့မျက်လုံးထဲမှာ ရှုတိုင်းယဉ်.. ।

"ဘာတွေချက်နေတာလဲ.."

သုဝင်လာတာနှင့် ဝိုင်းကူနေကြသည့်မိန်းကလေးတွေ အလျှိုအလျှို
သွားကြသည်။ သုက ဟင်းအိုးဖုံးပေါ် ယောက်မလေးချကာ သူ့ဘက်
ကားပြောဖို့လှည့်လိုက်လျှင် နောက်ကနေသိုင်းဖက်ထားလိုက်သဖြင့်
ကတ်တွေကိုဖယ်ချရင်း ရယ်နေမိကာ.. ।

'ဖုန်းပြောလို့ပြီးပြီလား'ဆိုတာကို လက်လေးနဲ့လုပ်ပြပြီး ...
ဖြင့်.. ।

"ပြီးပြီလေ..လာခေါ်မလားလို့စောင့်နေတာကို ယောက်ျား...
ချက်မှမလာဘူး၊ အဲ့ဒီဟင်းတွေ စားချင်ပါတယ်လို့ ခင်ဗျားကိုပြောမိလို့...

သုက ခေါင်းလေးညိတ်ပြီး သူမလာကြည့်ခဲ့တာကိုပြောမလို့၊ ...
မအောင်မြင်။ ခါးကိုဖက်ထားပြီး နားသပ်စပ်လေးတွေကို ငုံ့နမ်း...
ရှက်လည်းရှက်နေသည်။ သူနမ်းလိုက်တိုင်း ရင်တွေတုန်နေတာ...
လို့ကုတ်ရဲ့လား.. ।

အနားမှာဖိအားပေးနှိမ့်ချနေတဲ့ သူတွေလည်းမရှိတော့သည်...
ပူလောင်ရှုပ်ထွေးမှုတွေအစား နာရီတိုင်းမိနစ်တိုင်းက ရင်ခုန်သံတွေ...
နေခဲ့ပြီး.. ।

"ဟာ..သေ.."

မျက်နှာချင်းဆိုင်ရပ်ပြီး သူ့မျက်နှာကိုငေးကြည့်နေချင်လို့ ...
သည်တွင် သုမျက်လုံးထဲမှာ ပြာခနဲဖြစ်သွားသည်။ ကိုယ့်ကိုယ်ကို...
ခင် သူ့လက်ထဲမှာ သူမပျော့ခွေမေ့မျောသွားခဲ့သည်။

အပျော်တွေပျောက်ဆုံးသွားမှာလား..ရှေ့ဆက်ခွင့်ရှိပါ့မလား...

♥♥♥♥♥

အခန်း(၃၈)

...သူအထဲဝင်လာတော့ ဆရာဝန်ကတစ်ချက်မော့ကြည့်သည်။ သို့သော်...
...ပြောဘဲ ပစ္စည်းတွေသိမ်းနေတော့ သူမျိုးသိပ်မနေနိုင်တော့.. ।

"အန်ကယ်လင်ဗြိမ်း..ကျွန်တော့်အမျိုးသမီး ဘာဖြစ်တာလဲ၊ သူကအစ...
...အသည်းငယ်တတ်တဲ့သူ..ခဏခဏမေ့လဲနေတာ ဦးနှောက်နဲ့အာ...
...ကား တစ်ခုခုပြဿနာရှိနေလို့လား.."

"အဲ့လိုမဟုတ်ပါဘူး.."

...ပြောပြီး ပစ္စည်းသိမ်း လက်ဆွဲအိတ်ပိတ်၍ သုကိုတစ်ချက်ပြန်ကြည့်...
...ဘာတွေပြောရခက်နေတာလဲ.. သုဘာဖြစ်နေပြီလဲ..။ ခုထိ သတိမ...
...ည့်လူနာကို ဆေးတစ်လုံးတောင်မထိုး။ သောက်ဆေးလည်းမပေး...
...နိုင်တော့ဘူးလို့ ပြောတော့မှာလား.. ।

"အန်ကယ်လင်ဗြိမ်း.."

"ဟ..လန့်လိုက်တာကွာ၊ ခုပဲ မင်းသိချင်နေမှာလို့ တွေးနေတုန်း.."

"သိချင်ဘဲနေမလားဗျ..ဘာစကားမို့လို့ မပြောနိုင်မဆိုနိုင်ဖြစ်နေ...
..."

စိတ်မရှည်လာပြီဆို သူ့လေသံအထွက်ဆိုးတာကို အကြောင်းသိ
သိတွေမို့ ဆရာဝန်က ဆတ်ခနဲခေါင်းညိတ်ပြီး နေရာမှထရပ်လိုက်
"လူနာကြားမှာစိုးလို့..ဒီကိုတိုး.."
ရင်ထဲမှာ ပူလောင်သွားသည်။ ပြောမည်ဆိုတော့ မကြားချင်
သွားသည်မို့ အနားတိုးဖို့လည်း တွန့်ဆုတ်သွားခဲ့၏။ ဆရာဝန်ကပဲ
ဘက်နားပိုကပ်လာပြီး.. ।
"မင့်မိန်းမကိုယ်ဝန်ရှိနေပြီ.."
ဟင်..
မျှော်လင့်မိတာနှင့်ဆန့်ကျင်ဘက် မဂ်ီလာစကား..။ မင်းမြ
ကြောင်တောင်တောင်ကြီး ငြိမ်ကျသွားတော့ ဆရာဝန်က ရင်ဘက်
ခနဲပုတ်ပြီး အားပါးတရရယ်၏။ ပြီးတော့ ဆေးအိတ်ကိုကောက်
ပြီး.. ।
"သိချင်ကိုယ်တိုင်မေးကြည့်လေ..သူသတိရနေပါပြီ.."
တခြားကိစ္စဆို သူဒေါသထွက်မှာပေမယ့် ဆရာဝန်ထွက်
နောက် ခြေလှမ်းကျဲကြီးများနှင့် အပြေးတစ်ပိုင်းလိုက်သွားခဲ့ပြီး..
"အန်ကယ်လင်ငြိမ်း..အန်ကယ်လင်ငြိမ်း သေချာလား.."
ဆရာဝန်ကပြန်လှည့်ကြည့်ပြီး လက်မနဲ့လက်ငါးချောင်
ကာ.. ।
"ခြောက်ပတ်ရှိနေပြီ..သေချာတယ်၊ ဘာမှမဖြစ်လို့ ဘာမှ
ခဲ့တာ..တော်ကြာနိုးလာလိမ့်မယ်.."
"ဟား.."
ပျော်ရွှင်ကြည်နူးသွားခဲ့ခြင်းကို ဘာနဲ့နှိုင်းစာဖွဲ့ပြရမှန်း
ရန်သူဆိုတာတွေကို ဘယ်လိုပုံစံပဲရင်ဆိုင်ရပါစေ သူရင်တစ်ခု
အရောင်းအဝယ်တစ်ခုအကွက်ကောင်းမိလို့ သိန်းတွေသောင်းနဲ့
လည်း ရင်ခုန်လောက်အောင်မဖြစ်ခဲ့ပေ။ ဒါပေမဲ့ အခု လက်ဖဝါး
နေသလိုပင်။ ကတုန်ကယင်ကြီးဖြစ်သွားတာလည်း ငယ်ငယ်ကလို
ဆေးရွက်ကြီးငုံတာ အားကျပြီး လိုက်ငုံလို့မူးတာနဲ့လည်း နည်း
မတူ.. ।

သူကယောင်ကတမ်းတွေဖြစ်ကာ ဆံပင်တွေထဲလက်ထည့်၍ အထပ်
အခါခါ ထိုးသိပ်နေမိရင်း အထဲပြန်ဝင်ခဲ့သည်။ သုကပက်လက်ကလေး
ပျော်နေဆဲ။ သူအနားမှာဝင်ထိုင်ပြီး သုနဖူးလေးကိုသပ်သည်။ ပြီးတော့
ဖဝါးလေးကိုထွေးဆုပ်နေရင်း အသံထွက်အောင်ရယ်ရင်း ကိုယ့်အသံ
မျက်နှာပူသွားမိသည်။ သုနဲ့သူမိသားစုဘဝလေးတစ်ခုကိုရခဲ့ပြီ။ ပျော်
ခြင်းကထိုင်မရ ထမရ။ ဦးကျော်ဆီချက်ချင်းဖုန်းခေါ်ပြီး ဒီသတင်းပြော
ချင်လျှင်.. ।
"ဟေ.."
ဟေသံကြီးက ဖုန်းထဲကနေ Vibrationနဲ့ခုန်ထွက်လာသည်။ ပြီး
တော့.. ।
"ဟေ့ကောင်..ဟေ့ကောင် မင်းပြောတော့ ဘာလေးညာလေးနဲ့.."
"အဟွန်း..ဟွန်း.."
"ခွေးသူခိုးလေး.."

♥♥♥♥♥

အခန်း(၃၉)

"ဗိုက်ဖုံးအကျီလေးနဲ့ ချစ်ဖို့ကောင်းတယ်.."

သုပျော်သွားသည်။ သူမကိုယ်ဝန်ရလာပြီဆိုမှ ကိုယ့်ကလေး[illegible]
သိပ်ချင်တဲ့ဆန္ဒတွေနဲ့ ကိုကြီးကိုပူဆာခဲ့သည်။ ဆရာဝန်ကြီးတွေနဲ့[illegible]
တော့ 'ဒါကကုလို့ရသည်'လို့ ပြောလာသည်။ ခုတော့ သူမကိုယ်ဝန်[illegible]
မာနှင့် မိခင်ကောင်းတစ်ယောက်ဖြစ်နိုင်ခဲ့ပြီ.. ।

"အရမ်းပျော်နေတယ်ဟုတ်လား.."

"ကိုကြီးကိုကျေးဇူးတင်လို့.."

"အဲ့ဒီတော့ဘာပေးမလဲ.."

သုဘာပေးရမလဲလို့ စဉ်းစားလိုက်မိသည်။ ကိုကြီးလက်မောင်[illegible]
ဖက်တွယ်မှီနွဲ့ရင်း ကိုကြီးရဲ့ရင်သွေးလေးကို လွယ်ထားရတာ ဂုဏ်[illegible]
သည်။ ပြီးတော့ သူမစကားပြောနိုင်ခဲ့ပြီ။ ပြီးရင် ကိုကြီးနဲ့ရင်သွေး[illegible]
အတိုးချပြီး ပြုစုပေးတော့မည်။ ဝမ်းသာခြင်းသည် သုမျက်ရည်စက်[illegible]
ပါ ဖြစ်ထွန်းစေခဲ့လျက်.. ।

"ကိုကြီးကိုအရမ်းချစ်တာပဲ.."

[illegible]င်းမြတ်စည်က ရယ်နေသည်။ ပြီးတော့ သူမပခုံးလေးကို တင်းခနဲ
[illegible]ကိုင်ပြီး ပါးလေးတစ်ဖက်ကို နမ်း၏။ ပြီးတော့ သုရဲ့ဗိုက်ဖောင်းဖောင်း
[illegible]ကိုပွတ်၍ သူ့မျက်နှာပါငုံကျလာကာ နားနဲ့ကပ်သည်။ ပြီးတော့.. ।

"[illegible]ကြားတယ်နော်ချာတိတ်..မင်းအမေက ဖေကြီးကိုပဲချစ်တာ၊ မင်း[illegible]
[illegible]ရင် နေတတ်အောင်နေ..မင်းနောက် ငါကျန်ခဲ့လို့ကတော့ မလွယ်
[illegible]"

"ဟယ်..ကိုကြီး ဘာတွေပြောနေတာလဲ.."

"သေဘူး...ရင်ထဲရှိတဲ့အတိုင်းပဲ.."

သူ့ရင်ဘက်ကိုထု၍ နှစ်ယောက်သားရယ်နေမိကြသည်။ ပြီးတော့
[illegible]သည်ပင်းကိုနမ်းလိုက်မိကာ ကိုကြီးရဲ့ခါးကို ကလေးဖက်သလိုသိမ်း
[illegible]ထားလိုက်သည်။ ထိုစဉ် မိုးစက်တွေတဖွားဖွားကျလာကြစဉ် မိုးဖွား
[illegible] ခပ်စိပ်စိပ်သည်းလာလျှင်.. ।

"သုထလေကွာ..မိုးမိပြီး ဖျားတော့မှာပဲ.."

"ချောပါဘူးကိုကြီးကလည်း...ခဏနေချင်သေးလို့.."

"[illegible]...မရဘူး၊ မင်းလွတ်လပ်ချင်သလို မရတော့ဘူး...ကလေးလေးရှိ
[illegible]ယ်၊ ထကွာ..ကိုယ်ပွေ့သွားမှာနော်.."

"ကိုကြီးကနိုင်လို့လား...အဟွန်း.."

သူမရယ်နေတာတောင် မပြီးသေးခင် ကိုကြီးက သူမတစ်ကိုယ်လုံး
[illegible]ထားလေးပွေ့ချီလိုက်သည်။

"တွေ့လား...ဒီကအချီခံချင်လို့ တမင်ညစ်လိုက်တာကို၊ ဟွန်း...ကိုကြီး
[illegible]ထိပြီ.."

"အညာခံပြီးချစ်နေတာ ဒီကောင်က.."

ကိုကြီးရင်ခွင်ထဲကနေ ပန်းခင်းတွေကို ပြန်လှည့်ကြည့်မိသည်။ ကို
[illegible]ည်ပင်းကို လှမ်းဖက်ထားရင်း စူဖြိုးနေသည့်ကိုယ်ဝန်ကိုမေ့နေကာ
[illegible]တွေခိုစီးသလို သုခြေထောက်လေးတွေလှုပ်၍ တခစ်ခစ်ရယ်နေ၏။
[illegible]ာလေးနဲ့ သူမအမြဲတမ်းပျော်နေရပါစေ.. ।

"သု..လွတ်လေ.."

"အပေါ်ထပ်ထိခေါ်သွားပေး.."

"ကိုယ်မရတော့ဘူး...လွတ်တော့.."

"ဟင့်အင်း.."

"ဟေ့..လွတ်ဆိုကွာ.."

သူ့အကျီရင်ဘက်ကို သုအတင်းဆုပ်ထားမိသည်။ ကိုကြီး[illegible]
ကျွာပဲ နေချင်နေသည့်ဆန္ဒက အတိအလင်းကြီးကြီးထွားနေ၏။ သို့[illegible]
မြတ်စည်ရဲ့ချော့မော့သည့်အပြုံးတွေပျောက်ကွယ်သွားသည်။ သု[illegible]
ဆောင့်ခနဲဆွဲဖြုတ်၍ ရင်ဘက်ကိုပါဆောင့်တွန်းပစ်သည်။

"ကိုကြီး.."

သု ကြေကွဲစွာခေါ်ရင်း အတင်းပြန်လူးလဲထမိ၏။ ထိုစဉ် [illegible]
သာသည့် ခေါ်သံ.. ।

"သု..သုအိပ်မက်မက်နေတာလား၊ သု.."

ဟင်..

နှာခေါင်းထဲမှာ စီးကရက်နံ့။ မျက်လုံးဖွင့်ကြည့်လိုက်တော[illegible]
မျက်နှာ။ သူမအိပ်မက်မက်နေခဲ့တာလား.. ဒါဆို သူမစကားပြော[illegible]
အိပ်မက်ထဲမှာလား...။ ဘာဖြစ်လို့နှိုးလိုက်တာလဲကိုကြီးရယ်..သူ[illegible]
ချင်ခဲ့သည့်ဘဝလေးက အိပ်မက်ထဲမှာပဲ ပျောက်ကွယ်ခဲ့ပါပြီ..

"ဟာ..လုပ်ပြန်ပြီကွာ၊ ကိုယ်ရေခပ်ပေးမယ်..ရေနည်းနည်[illegible]
လိုက်.."

မင်းမြတ်စည်က စီးကရက်ညှပ်ထားသည့်လက်နှင့် ဖန်ခွ[illegible]
ရေချိုင့်ထဲက ရေယူသည်။ သုက ရေကိုမမြင်ဘဲ သူ့မျက်နှာကိုသာ[illegible]
၏။ ရေညှိစိမ်းရောင်ဂျာကင်ပျော့နှင့် ဆံပင်ရှည်ကိုမသိမ်းစဖူး အာ[illegible]
ဖြီးထားသည့် မျက်နှာက ပေါ်လွင်သည့်နှာတံကြောင့် မီးရောင်[illegible]
ကြည့်လို့ကောင်းနေသည်။ ကိုကြီးအပြင်ထွက်သွားတာလား...ခ[illegible]
သေးတာလား...။ နာရီကြည့်လိုက်တော့ ညဉ့်တစ်နာရီခွဲ..။ သူ[illegible]
နေပြီဆိုတာ သိလိုက်သည့်အချိန်မှာတည်းက ဝမ်းသာလွန်းလို့ [illegible]
သောက်လို့မရချင်။ သို့သော် ဆက်တွဲပါလာခဲ့သည့် ကြေကွဲခြင်း[illegible]
ကိုယ်ဝန်လွယ်ခဲ့ပြီပေမယ့် စကားမပြောနိုင်သည့်ဒုက္ခတာဘဝက ဒီ[illegible]

"ဘာဖြစ်လို့လဲသုရယ်..ကိုယ့်ရင်သွေးကို လွယ်ရတာ ဘာ[illegible]

[illegible]ဟုတ်ဘူး..

[illegible]ကြီးစကားကြောင့် သုအထိတ်တလန့်ခေါင်းခါရင်း ရင်ခွင်ထဲတိုး[illegible]ည်။ ပြီးတော့ စိတ်ရှိလက်ရှိရှိက်ငိုမိလေသည်။

"ကိုယ်သိပြီ.."

[illegible]ခွက်ကို ဒီတိုင်းပြန်တင်ထားလိုက်ရပြီး စီးကရက်ကိုလည်း ခွက်[illegible]ည့်..।

"အားငယ်စရာတွေ ဘာလို့တွေးနေတာလဲ..ဒီမှာကိုယ့်ကိုကြည့်.."

[illegible]စကားပြောချင်ပြီဆို သုမျက်နှာလေးကိုမော့ခိုင်းသည်။ သူကိုယ်[illegible]ကပ်ခေါ်းလေးနှစ်ဖက်နဲ့ကိုင်ပြီး မော့ယူတာလည်းရှိကာ မျက်လုံးချင်း[illegible]ထာ..।

"ကိုယ်အရမ်းဝမ်းသာပြီး နည်းနည်းလေးမှာအိပ်ချင်စိတ်မရှိဘူးဖြစ်[illegible]..အပြင်ထွက်ပြီးဘာရယ်မဟုတ်ဘဲ ဟိုဒီကားလျှောက်မောင်းတယ်၊ [illegible]ထွက်ပြီး စီးကရက်သောက်တယ်..မင်းအိပ်နေတာကိုထိုင်ကြည့်နေ[illegible]ကိုယ့်ရင်ထဲအတွေးထဲမှာ မင်းကိုချစ်တဲ့စိတ် မင်းအတွက်ဖြည့်ဆည်း[illegible]ခဲ့ဆန္ဒ..အရာရာက မင်းပဲဖြစ်နေတာ မင်းအတွက်ဘာမဆိုကိုယ်[illegible]ည်းပေးနိုင်တယ်၊ မင်းတစ်ဘလုံးကို ကိုယ်ချစ်သွားမယ်..ဘာလိုသေး[illegible]ဆားလူတွေ ပတ်ဝန်းကျင် ဘယ်သူ့ကိုမှမင်းဂရုစိုက်ဖို့ မလိုဘူး.."

[illegible]သိပါတယ်..ဒါပေမဲ့ သုကလည်း ကိုကြီးကိုဖြည့်ဆည်းပေးချင်တာ[illegible]ကိုနှာလည်ပေးနေပေမယ့် သုတို့ရင်သွေးလေး လူတောထဲရောက်[illegible]အခါ ကိုကြီးနဲ့သားလေးအတွက် ကြီးမားတဲ့ဆုံးရှုံးမှုကြီးတွေဖြစ်လာ[illegible]..အဲ့ဒါခဏလေးမဟုတ်ဘူးသိလား သုတို့အနာဂတ်တစ်လျှောက်လုံး[illegible]ရှိသိပ်ခံစားရမယ့် နာကျင်မှုတွေ.. ।

"မင်းကိုယ့်ကိုအထင်သေးနေပြီ.."

[illegible]သုမဘာတွေပြောနေမှန်း ကိုကြီးနားလည်သွားပြီကို သိလိုက်သည်။ [illegible]စည်မျက်နှာမှာ တည်ငြိမ်မှုတွေ ဖြစ်ထွန်းသွားခဲ့လျက် သုရဲ့ပခုံး[illegible]ကိုဖက်ထားလိုက်ပြီး.. ।

"မင်းခံစားနေရတာကို ကိုယ်သိတယ်..ဒါကြောင့် မင်းကိုဆေးကုပေး[illegible]ကိုယ်မကြိုးစားခဲ့တာ.."

သူဘာပြောမှန်း ရှုတ်တရက်နားမလည်။ မင်းမြတ်စည်က [illegible]
သူမပါးလေးကို ခပ်ဖွဖွပွတ်သပ်ရင်း.. ।

"မင်းပြန်ကောင်းလာမလား မကောင်းနိုင်ဘူးလား မသေ[illegible]
ကဲမစမ်းချင်ဘူး..ဒါကကိုယ်လုပ်ပေးနိုင်တဲ့ကိစ္စလည်း မဟုတ်ဘူး[illegible]
၍ ပြန်ကောင်းမလာခဲ့ရင် မင်းခံစားရမှာတွေကိုယ်ကြိုသိနေတယ်[illegible]
ပြီး မင်းစိတ်ချမ်းသာဖို့ ကိုယ်ကကြိုးစားပေမယ့် ကိုယ်စိတ်ချ[illegible]
ထင်ခဲ့ရင်လည်း မင်းပဲစိတ်ဆင်းရဲရဦးမှာ..ဒါကြောင့် ဆေးကုသ[illegible]
ရေခမ်းကြိုးစားမယ့်အစီအစဉ်ကို ကိုယ်လုံးဝဖျက်ပစ်ခဲ့တယ်။ [illegible]
တိုင်းပဲ ကိုယ်တစ်သက်လုံးချစ်သွားနိုင်တယ်..မင်းကိုမှချစ်နေမိ[illegible]
ကိုယ်ဘယ်တော့မှနောင်တရမှာမဟုတ်သလို ငြီးငွေ့ရှောင်လွှဲသူ[illegible]
လည်း ကိုယ့်ဘက်ကလုံးဝဖြစ်မှာမဟုတ်ဘူး...အဲ့ဒါကြောင့်.."

သုကိုယ်လေးကို ရင်ခွင်ထဲမှာဖက်ထားလိုက်ပြီး ပါးချင်[illegible]
ရင်း.. ।

"ဒီရောဂါကိုမေ့လိုက်ပါ..မင်းမျက်လုံးတွေနဲ့ ကိုယ်စကား[illegible]
မင်းတုံ့ပြန်နိုင်သလောက်နဲ့ပဲ ကျေနပ်မယ်..ခုကစပြီး တွေးလိုက်[illegible]
တာမျိုးတွေ မလုပ်နဲ့တော့.."

သုခေါင်းညိတ်သည်။ ပြီးတော့ မျက်ဝန်းထဲမှာ လက်ကျန်[illegible]
ရှိနေသေးသည့်မျက်ရည်တွေကို မှိတ်ချပစ်ရင်း ကုန်စင်စေလိုက်[illegible]
ပြင် နူးညံ့နွေးထွေးသောသူ့အနမ်းတို့သည် သုပါးပြင်ထက်က မျက်[illegible]
ကို အပြီးသတ်ခြောက်သွေ့စေခဲ့လျက်.. ।

"ဒီရက်ပိုင်းကိုယ်ခရီးထွက်ရမယ်.."

သုမျက်နှာပျက်သွားတော့ သူကပြုံးကာ.. ।

"ပြည်တွင်းခရီးပါ..နောက်ပြီး မင်းကိုခေါ်သွားမှာ.."

ဟင်..

မယုံနိုင်ခြင်းသည် တလုပ်လုပ်ကြည်နူးခြင်းကိုပါ ဖြစ်လာ[illegible]
ခုနခံစားနေခဲ့ရသည့် ကြေကွဲဖွယ်အလိလိတို့ကိုလည်း မေ့၏။

"မိဝေနဲ့သီတာလည်း ပါမယ်..ဟိုမှာ ကိုယ်အလုပ်လုပ်နေရင်[illegible]
ဖော်ရအောင်၊ ကျန်တဲ့အလုပ်သမားတွေတော့ အိမ်မှာပဲနေခဲ့လိမ့်[illegible]

[illegible]ဖြစ်လို့ ကိုယ့်ကိုခေါ်ဖို့ဖြစ်သွားတာလဲ.. သူဘယ်လိုလူဆိုတာ
[illegible]ည်းပြောပြခဲ့ဖူးသည်။ နောက်ဆံတင်းတင်းနဲ့ အလုပ်လုပ်တတ်
[illegible]ည် မင်းမြတ်စည်မဟုတ်.. ।

"မင်းကိုစိတ်မချလို့ပေါ့ကွာ..ဘာတွေလျှောက်တွေးနေတာလဲ၊ ပြီး
[illegible]ကိုယ်နည်းနည်းကြာမယ်ထင်တယ်..မင်းမျှော်နေရမှာစိုးလို့.."

[illegible]လေးတစ်ယောက်ပျော်သွားသလို သူ့ရင်ခွင်ထဲတိုးဝင်ပြီး တအား
[illegible]လိုက်လျှင် မင်းမြတ်စည်က ရယ်ကာ.. ।

"ချော်သွားတာလား...ဒါဆို ကိုယ့်ကိုလည်းပျော်အောင်လုပ်ပေးလေ.."

[illegible]ာင်..

"အပြန်အလှန်ပေါ့.."

[illegible]ုကရယ်လိုက်ပြီး မျက်နှာကွယ်ပစ်သည်။ သူက မရမကပြန်ခွာပြီး
[illegible]ကာ.. ।

"ဒီမှာ လူကိုကြည့်..ရယ်ကျဲကျဲနဲ့လျှော်ပစ်ဖို့ မစဉ်းစားနဲ့မရဘူး.."

[illegible]စ်ယောက်အတူရယ်မိကြကာ သုကမျက်ဝန်းလေးတွေမှိတ်ထားပေ[illegible]
[illegible]ချင် အနမ်းသည်နူတ်ခမ်းလွှာလေးတွေပါ နွေးခနဲတစ်ချက်ဖြစ်သွား
[illegible]

"ကိုယ့်ကိုနမ်း.."

[illegible]အယ်..

[illegible]သုမျက်လုံးတွေအလန့်တကြားပွင့်သွားသည်။ ပြီးတော့ ချက်ချင်း
[illegible]ဆုတ်၏။ မင်းမြတ်စည်က နောက်ဆုတ်မရအောင် ဖမ်းကိုင်ထား
[illegible]ပြီး.. ।

"မရဘူး...ဒီတစ်ခါကိုယ်နိုင်မှဖြစ်မယ်.."

[illegible]ုခေါင်းခါသည်။ သူ့လက်ထဲကရုန်းသည်။ သို့သော် ကလေးဆိုး
[illegible]ကို အတင်းအကျပ်ဂျီကျနေသည့်သူ့မျက်နှာကို ဘယ်လိုရှောင်လို့မှမ
[illegible]ခြောက်နိုင်.. ।

ထိုအခါ အချစ်သည် အပြန်အလှန်အားဖြင့် ဤသို့ရှိတတ်ခဲ့ပြီး တစ်
[illegible]ရံတွင်မူ..

♥♥♥♥♥

အခန်း(၄၀)

ခရီးသွားတဲ့နောက်ကို လိုက်ပါကြရမည်ဆိုတာ မိဝေတို့အ
မက်ပဲဖြစ်လျက် တကယ်လိုက်ပါကြရမည့်အရေးသည် ထီဆုကြီ
ကဲ့သို့.. ।

"မမလေး ဒါလေးပါထည့်လိုက်မယ်နော်..လမ်းမှာမမလေး
အညာပြေ လမ်းလေးဘာလေးလျှောက်ရင် နုနုလေးစီးရအောင်"

သုက လှမ်းကြည့်လိုက်တုန်း သီတာကပြေးဝင်လာကာ..

"မမလေးအတွက် သိုးမွေးကွင်းထိုးလေးသုံးရံတောင် ငါ
တာ..ခုမြင့်လေးအဖြူလေးရော၊ သူ့ဌေးဝယ်ပေးထားတဲ့ဖိနပ်
လိုက်ကိုထည့်ထားတာ.."

ငြင်းခုံသလိုပြောပြီး မိဝေဘေးမှာအိခနဲထိုင်ချ၍ နားနား
"ကားကြီးက အကြီးကြီးပဲသိလား..အိပ်ရာလည်းပါတယ်
လည်း အခန်းတွေပါသေးတယ်..တစ်ကားလုံးအိစက်နေတာပဲ.."

"ဟုတ်လား..ခိ ခိ၊ ငါတို့တော့ပွတာပဲ.."

"ခစ် ခစ်..ကားအကောင်းစားကြီးလည်း စီးရဦးမယ်၊ ခရီးလည်

ယ်..ဘယ်လောက်တောင်ကဲတွေကောင်းနေတာလဲဆိုတာ..မမလေး
ရှုး မမလေးကျေးဇူး.."

ခေါင်းချင်းဆိုင်ပြီး ပခုံးလေးတွေလှုပ်နေအောင် ကြိတ်ရယ်နေကြ
ည်။ သု ဒီတိုင်းကြာဝေးနရလျက် သူမတို့လိုပဲ ကိုယ်လည်းပျော်နေမိတာ
ုံးမိသည်။ ကိုကြီးအလုပ်လုပ်ဖို့ထွက်သွားတိုင်း အားငယ်ကျန်ရစ်ခဲ့ပေ
တစ်နေ့နေ့တော့ ငါ့ကိုခေါ်မှာပါလို့ တစ်ခါမှမတွေးခဲ့ဘူးတာအမှန်။
ကြောင်းပေါ်လာတော့ ကိုကြီးဖုန်းပြောနေတာကို သတိရသွားသည်။
ကြောင့် ဟိုရှာဒီရှာနှင့် အပေါ်ထပ်ဝရန်တာကို ရောက်လာခဲ့လျှင်.. ।

"ဟေ့..ဟေ့ နေဦး၊ ဆက်မတူးနဲ့..အပေါ်ကပြိုကျတော့မယ်.."

တစ်ယောက်တည်း ခုံတစ်လုံးနဲ့ထိုင်နေပြီး လှမ်းဆွဲတော့မလို ကြွခနဲ
သွားတော့ သုခြေလှမ်းရပ်သွားမိသည်။

"တောက်..လူဖြစ်ဖြစ် နတ်ဖြစ်ဖြစ် သေနေကာမှ ဘာဖြစ်လို့ဒီလောက်
ကဆွဲထုတ်ချင်နေတာလဲ..နှစ်ယောက်ကိုဆွဲထုတ်နေတာနဲ့ အဲ့ဒီကလူ
ယ်လောက်ထပ်ပြီးမြေစာပုံပိဦးမယ်.."

သူ ဘယ်သူ့ကိုပြောနေမှန်းမသိသဖြင့် ရှေ့တိုးကြည့်လိုက်တော့ မင်း
ည်ရှေ့မှာ လက်ပ်တော့ပ်ကပွင့်လျက်သားရှိကာ အထဲမှာဗီဒီယိုဖွင့်
သည်။ အလုပ်ထဲကတစ်ယောက်နဲ့ ဗီဒီယိုကော်လ်ချက်နေမှန်းသူမမ
သို့ကြောင့် မြေစာပုံကြီးနှင့်လူတွေတစ်ပြုတစ်မကြီး ရုတ်ရုတ်သဲသဲဖြစ်
ကြတာကို ဗီဒီယိုကြည့်နေသည်ပဲထင်ကာ မင်းမြတ်စည်ကတိုက်ရိုက်
နေသဖြင့် နားမလည်ရင်းရှေ့တိုးမိရင်း မြင်ကွင်းကပိုရှင်းလာသည်။
ပါးဖဲ့သလို မြေစာပုံကြီးက ဟီးထနေကာ အပေါ်ထပ်မှာလည်း လူတွေ
ကိုဝင်တစား မိုးတိုးမတ်တပ်။ အောက်ခြေမှာဘာတွေရှာဖွေနေကြမှန်း
ားသာလူတွေက နှစ်ဆယ်ကျော်လောက်ရှိမည်ထင်သည်။ ပြီးတော့ ပတ်
ကမှာပြောဆိုငြင်းခုံနေကြတာတွေလည်း ရှိကာ မြင်ကွင်းထဲကိုဝင်လာတာ
မြေကြီးတူးသည့်အဝါရောင်ဂေါ်ကြီးက ထွန်ခြစ်လိုသွားကြီးတွေ ပြူးတူး
နှင့် လူတွေပေါ်မှာတဝဲဝဲ.. ।

"ကိုဦး...အဲ့ဒီနေရာကိုဂေါ်နဲ့ကပ်ပိတ်ထားလိုက်စမ်း၊ အောက်ကအ
ားလိုက်တူးနေတာ မြေပြိုကျတော့မယ်.."

မင်းမြတ်စည်အားမလိုအားမရတွေဖြစ်ကာ တက်ခေါက်လိုက်
ဖွလိုက်ဖြစ်ခဏ။ မကြည့်ဖြစ်ရင်လည်း အကောင်းသား။ မြင်
အမြင်မတော်တာနဲ့ ဒီပါးစပ်ကမနေနိုင်။ မြေစာပုံမှာရေမဆေး
ဒီလိုခဏခဏဖြစ်သည်။ ဖြစ်ပြီဆိုလည်း အုန်းခနဲဆိုခဏသာ။
တာနဲ့ ဒီမြေစာပုံထဲပဲ ဝင်တိုးကြ သေကြ။ ရှေ့ကိုလောဘနဲ့သည်
နေတုန်း ခေါင်းပေါ်ကသေမင်းကိုသတိမထား။ ဒီတစ်ခါ နှစ်
ဆုပ္ပမ္ဘက ပိုပြီးကြီးမားနေသည်။ ကိုဦးသေချာချိန်ပြထားသည်
တွေရှုပ်အသံတွေဆူကာ မြင်ကွင်းကမကောင်း။ အခြေအနေလည်
တော့ပေ.. ।

"ကိုဦး..အဲ့မှာဦးသိန်းထွန်းရှိတယ်မို့လား၊ ငါသူနဲ့ပြောမယ်"

ဦးသိန်းထွန်းက ကျောက်စိမ်းတူးဖော်မှုကြီးကြပ်ရေးဌာနခွဲ
ရဲစခန်းက တာဝန်ရှိသူဖြစ်ကာ သူပြောချင်သည်ဆိုတော့ ချက်ချင်
လာ၏။

"ဟေ့ ကိုစည်..မင်းမြင်တဲ့အတိုင်းပဲကွာ၊ တော်သေးတယ်..
နေလို့ မဟုတ်ရင် အဲ့ဒီအပုံကြီးပြိုကျတော့မှာကို လက်ခုပ်နဲ့ပြေး
မလား ပခုံးနဲ့ပြေးထမ်းရမလား ငါဖြင့်ချွေးပြန်ရောဟေ့..ကြည့်
ယောက်တောင် ခြေထောက်ဖျားလေးပဲပေါ်သေးတယ်..ဂလိုင်ကြီး
နောက်ထပ်ဂေါ်တစ်ချက်ထပ်ပိတ်ထားရင် ကောင်းမလား..."

ဦးသိန်းထွန်းက လူကြီးမို့သူ့အနီးပတ်ဝန်းကျင်မှာ ဗီဒီယိုရိုက်
တာတွေ သတင်းနားစွဲနေတဲ့လူတွေ စုဝေးလာကြသည်။ ပို၍ဆူညံ
ဖြင့် စကားပြောလို့မကောင်းတော့သော်လည်း.. ।

"ဆက်မတူးနဲ့တော့ဦးသိန်း..ဒီနေ့သိမ်းလိုက်တော့၊ လူတွေအ
ထုတ်လိုက်ပါ.."

"ဟေ.."

"သူဌေး အဲ့ဒါအဆင်မပြေလောက်ဘူး..သေတဲ့မိသားစုတွေ
ပေးဖို့ပဲ အော်နေတာ၊ မရမချင်း မသွားဘူးတဲ့.."

"အေးဟ..ငါလည်း အဲ့လိုလုပ်ဖို့ပြောလိုက်သေးတယ်၊ တစ်
ကြီးဆူညံလာကြတာ ဘယ်ပထွေးအဖေခေါ်ရမှန်း မသိဘူး..ပြော

လိုက်ပြီး သူတို့ကျေနပ်အောင် ဘယ်လိုပြောရမလဲ.."

"ဒါဘယ်သူ့မှာမှတာဝန်မရှိဘူး..ဘယ်သူကျေနပ်ဖို့မှလည်း မလိုဘူး၊
ခန့်လောင်းနဲ့လူသုံးဆယ်လောက်လဲရမယ့်အဖြစ်ထပ်ဖြစ်လာမှ ဦး
ရှင်းရခက်မှာ.."

"ဟုတ်တယ်.."

"ဟေ့လူ..ခင်ဗျားဘာပြောလိုက်တာလဲ.."

အဆီပြန်ပြန် မျက်နှာမည်းမည်းကြီးတစ်ခု ဘွားခနဲပေါ်လာသည်။
တွန်းပစ်လိုက်ပုံပေါ်ကာ ဖြုတ်ခနဲပြန်ပျောက်သွားသည်။ ပြီးတော့
လာတာ ထိုသူမဟုတ်တော့ဘဲ.. ।

"မင်းလားကွ သူဌေးမင်းမြတ်စည်..ဒီမှာဟေ့ ငါ့ညီကိုလိုချင်တယ်၊
သမားကိစ္စ သူဌေးတွေနဲ့ဆိုင်တယ်..မင်းတို့ပေးတာနဲ့စားမလောက်လို့
ငါတို့သေကြေပျက်စီးပြီး မင်းတို့ကောင်တွေပဲ ချမ်းသာတာ..သေ
ကြတာတွေကို တာဝန်မယူလို့ရမလား.."

မင်းမြတ်စည် မျက်နှာတင်းသွားကာ ကျိခနဲအံကြိတ်သည်။ ပြီးတော့..

"ကိုဦး..ခုနကောင်ကို ပေးပြောလိုက်စမ်း.."

ကောင်မရာက ဗရုတ်ဗရက်တွေကြားထဲက ခုနပြောတဲ့လူတွေဆီရောက်
ချင်.. ।

"ငါတို့လူကိုခုထုတ်ပေး..မရရင်မပြန်ဘူးဟေ့လူ.."

"ဟိတ်ကောင်တွေ မင်းတို့တော်မလား..ဒီနားကနေ ငါဆွဲထုတ်ရမ
"

ဦးသိန်းထွန်းကလည်း တားဆီးဖို့ကြိုးစားသည်။ သို့သော် မင်းမြတ်
အေးဆေးကြည့်နေပြီးမှ.. ।

"မင်းတို့အလောင်းပြန်လိုချင်ရင် မင်းတို့ဆင်းသွားပြီးဆင်းထုတ်..
ကလူတွေကို အကုန်ပြန်တက်ခိုင်း.."

"ဟမ်..ဘာပြောလိုက်တယ်.."

"ဟိတ်လူ ကျယ်ကျယ်ပြောစမ်းပါ.."

မင်းမြတ်စည်က ကိုဦးကိုပဲခိုင်းလိုက်ကာ ကိုဦးကဦးသိန်းထွန်းဆီသ
ပြီသည်။ အခြေအနေသည် ရုတ်ရုတ်သဲသဲတွေထဖြစ်ကုန်ကာ အောက်

ကလူတချို့တစ်ဝက်ပြန်တက်လာကြ၏။ အလောင်းပိုင်ရှင်တွေ
လက်မောင်းတန်းကုန်၏။ သူတို့လည်း အောက်ဆင်းမတူးရဲကြ။
ပြန်တက်လာဖို့အမိန့်ပေးသည့်ဦးသိန်းထွန်းနဲ့ကိုဦးတို့ကိုလည်း
နိုင်။ ထိုအခါ ကိုဦးကိုင်ထားသည့်ဖုန်းကို မည်းခြေတင်ကုန်ကာ..

"ဟိုကောင် အမိန့်ပေးနေတာ..လူကြီးကတောင် သူပြောသလို
တာ၊ ဒီကောင်ကဘာမို့လဲ.."

"အဲ့ကောင်က ချမ်းသာတာကို.."

"ဘာလဲ..အစိုးရထက်ချမ်းသာနေလို့လား.."

"ခြေထောက်ပေါ်နေပြီပဲဗျာ..ထုတ်ပေးပါ.."

"ဘယ်နေ့ထုတ်ပေးမှာလဲ.."

"အရိုးဆွေးမှလားဟ.."

"အရာရှိကြီး ဘာလို့ရပ်လိုက်တာလဲ.."

"ဟေ..တော်ပြီ၊ အားလုံးထွက်သွားကြ..အားလုံးသိမ်.."

ဆူညံသံမျိုးစုံကို နားမထောင်ချင်တော့ဘဲ နားကျပ်ပါဖြုတ်
၏။ ပြီးတော့ လက်ပ်တော့ပ်ပိတ်၍ နေရာမှထရပ်လိုက်သည်။

"သု.."

သူ့နောက်မှာ ရပ်နေခဲ့လျက် အားလုံးကိုလည်း ကြားခဲ့ပြီးဖြစ်
မင်းမြတ်စည်မျက်နှာတစ်ချက်ပျက်သွားသည်။ သို့သော် ရှေ့တိုး
လိုက်ပြီး.. ।

"မင်းအားလုံးကြားတယ်မို့လား.."

သုကခေါင်းညိတ်လျှင် သူမနဖူးဆံစလေးတွေကို ညင်သာ
ဖယ်ပေးရင်း.. ।

"ကိုယ့်မှာအဲ့လိုပြဿနာလေးတွေရှိတယ်..ဒါကြောင့် ဒီတစ်
စီအစဉ်ကို ပြင်ရတော့မယ်.."

သူမနားလည်လိုက်သည်။ ဒါပေမဲ့ သူမလည်းသူ့ကိုစိတ်မ
သူချည်းပဲစိတ်ပူတာဘ်တာလား.. ကိုယ်ဘာမှမတတ်နိုင်ရင်တောင်
တွေဖြစ်နေနေ သူ့ဘေးမှာပဲရှိနေလို့မရဘူးလား..။ မင်းမြတ်စည်က
ကောင်းသည့်မျက်ဝန်းတို့နှင့်.. ।

"ဒီတစ်ခေါက်မလိုက်နဲ့ဦး.."

ဟင့်အင်း..

သုက ခေါင်းခါနေသည်။ ပြီးတော့ သူ့ရင်ခွင်ထဲဝင်၏။

"ကိုယ်ပြောတာက.."

သုက ခေါင်းပဲခါပြနေသဖြင့် ပခုံးလေးကိုခပ်ဖိဖိဆုပ်၍ သတိပေးသ
ခဏက.. ।

"ဟိုရောက်ရင် ကိုယ်မင်းဘေးမှာ နေနိုင်မှာမဟုတ်ဘူး..အလုပ်တွေကို
ထားခဲ့တာလည်း ကြာပြီ၊ ခုလည်း ပြဿနာတစ်ခုက ကိုယ့်ကိုလာ
ယ်..အဲ့ဒါကြောင့် လိုက်လာရင်လည်း.."

ဘာဖြစ်ဖြစ်ရပါတယ်လို့ တောင်းပန်နေသည့်နှယ်။ သူ့ကိုမော့ကြည့်
အတင်းပူဆာနေသဖြင့် မင်းမြတ်စည်မပြောရက်တော့ဘဲ ခေါင်းညိတ်
သည်။

"အိုခေ..ဒါဆို စီစဉ်ထားတဲ့အတိုင်းပဲ သွားကြတာပေါ့.."

♥♥♥♥♥

အခန်း(၄၁)

"အစီအစဉ်ကိုဖျက်လိုက်တော့ဖိုးစည်..ငါသတင်းအတိအကျ[illegible]
နော်.."

"ခုထွက်လာတာ ရောက်တောင်ရောက်တော့မယ်.."

"ဘာမှမဖြစ်ပါဘူးလို့ မင်းကပြောချင်တာလား..အခုဘယ်[illegible]

နဂါးညီနောင်အတက်နားမှာလို့ ပြောမလို့ပေမယ့် ရှေ့မှာ[illegible]
နေတာလားဆိုသည့် စူးစမ်းစိတ်ကြောင့် မပြောဖြစ်လိုက်.. ।

"မင်းကဘယ်အချိန်တည်းက ကောက်ကပ်ထွက်နေတာလဲ[illegible]
..လူနှစ်ယောက်မြေစာပုံပိတဲ့ကိစ္စကြီးကို မင်းကအဲ့ဒီကနေ ကွန်ထရိုး[illegible]
တယ်ဆိုပြီး ရေမဆေးသမားတွေက မကျေနပ်ကြဘူး...အဲ့ဒီကောင်[illegible]
နောက်ကွယ်ကဖိအားပေးနေတဲ့လူတွေက အကြံကြီးကြံနေတယ်၊ [illegible]
သေကြောင်းကြံမှာနော်ဖိုးစည်..ဒီခရီးကို သူတို့မည်းခြေတင်နေကြတာ[illegible]
တာ ငါအတိအကျသတင်းရထားတာ..နောက်ပြန်လှည့်လို့မရတော့ဘူး[illegible]
လည်း သတိကြီးကြီးထား.."

"စိတ်မပူပါနဲ့ဦးကျော်ရာ..ကျွန်တော်သူတို့ကို ဂရုမစိုက်လို့ သ[illegible]

[illegible]ရဲ့ လက်ပ်တော့ပ်ပိတ်ပြီး ချက်ချင်းထွက်လာတာ.."

"ခက်ပါလား...ဒီကောင်လေး.."

[illegible]ခန်းပြောနေရင်း ကားကရှေ့ဆက်တိုးလို့မရတော့သဖြင့် ရပ်လိုက်ရ[illegible]
[illegible]နောက်ခန်းထဲကနေ သုအားလုံးကြားနေရသည်။ ရှေ့ကိုလည်းမြင်နေ[illegible]
[illegible]ရ သူ့အတွက်စိတ်ပူနေမိ၏။ ဦးကျော်ပြောတာကိုမကြားရပေမယ့်
[illegible]ပတ်သက်ပြီး တစ်ခုခုစိတ်ပူနေတာမှန်းသိသည်။ တွင်းပိနေသည့်လူ
[illegible]ပတ်သက်နေမှန်းလည်း သိလိုက်ရသောကြောင့် သူနာမည်ကိုခေါ်ပြီး
[illegible]ခေါ်နေကြသည့်လူတွေရဲ့ ဒေါသမျက်နှာကြီးတွေကို မြင်ယောင်လာ၏။
[illegible] အဖြူရောင် Alphard ကားတစ်စီး လမ်းပေါ်ကိုဖင်လွှဲပြီးရပ်ထား[illegible]
[illegible]ဘာကားဆိုတာ သုကမသိပါ။ သူမသိတာက အဖြူရောင်အလုံပိတ်
[illegible]ကြီးပဲဖြစ်ကာ ကားပျက်လို့နိုင်ကျွတ်နေကြပုံပေါ်လျက် လူတွေရဲ့မျက်
[illegible]ကတော့ ဒီဘက်ကိုပဲအာရုံရောက်နေကြတာနှင့်တူ၏။ ထိုစဉ် လူလေး
[illegible]ကလေး ဂျိုက်တွေဒေါက်တွေကိုင်လျက် ဒီဘက်ကိုလျှောက်လာကြ၏။

"မင်းအခု ဖားကန့်ရောက်နေပြီမို့လား...တိုက်စံတို့ကို ငါအကြိုလွှတ်
[illegible]ယ်၊ ဖိုးစည်မင်းမပေါ့ပါနဲ့...လူတစ်ယောက်ယောက်ရဲ့သဘောထား
[illegible]ရေးမပါပေမယ့် တစ်သင်းတစ်ဖွဲ့ဖြစ်လာရင် လူထုအသံကိုအစိုးရ
[illegible]ရှုစိုက်ရတယ်ကွ..မင်းကိုအကြောင်းအမျိုးမျိုးနဲ့ ဒုက္ခပေးချင်နေကြ
[illegible]တွေအတွက် ဒီလူတွေက လက်ကိုင်တုတ်ဖြစ်သွားနိုင်တယ်.."

[illegible]ဦးကျော်ကို သူဘာမှမပြောနိုင်တော့ပေ။ ဦးကျော်စကားမှန်တာမမှန်
[illegible]ည်း အကြောင်းပြန်ချိန်မရှိတော့ပေ။ ထိုစဉ်.. ।

"သူ့ဌေးမဆင်းနဲ့.."

[illegible]ဘယ်လိုမှမထင်မှတ်လိုက်သည့်စကားသံသည် သူ့ကားထဲကဖြစ်ကာ
[illegible]လန့်တကြားအော်ပြီးမှ လန့်ဖျန့်ခေါင်းငုံ့၏။ သူ့ဌေးကိုအမိန့်သွားပေး
[illegible]ဆိုသည့် အပြစ်တင်ပုံမျိုးနှင့် သီတာကမိဝေကို တံတောင်နဲ့ခပ်ကြိတ်
[illegible]တွန်းသည်။ မိဝေဆီရောက်သွားသည့်မင်းမြတ်စည်၏အကြည့်တွေက
[illegible]ကြားသည်။ အန္တရာယ်ဆိုသည့်သတိပေးခေါင်းလောင်းသံတွေ ခေါင်းထဲ
[illegible]ရောက်ည်လာသလို တစ်ခုခုကိုသိလိုက်သည့်အချိန်သည် သူ့အတွက်ဘာမှ
[illegible]ဖြစ်နိုင်တော့သော.. ।

"ဒေါက်.. ဒေါက်.."

မှန်ကိုခပ်ကျယ်ကျယ်ခေါက်သည်။ မျက်နှာတွေက လှမ်
သည့်ဟန်ပန်တွေနဲ့ဖြစ်ကာ ပျက်ချင်ယောင်ဆောင်ပြီး ပိတ်ရပ်
ကားထဲကနေ နောက်ထပ်ထွက်လာကြတာ ခြောက်ယောက်ခန
ထိုပြင် အဝေးကကြားလိုက်ရသည့်ဆိုင်ကယ်လ်သံတွေက
ကျယ်လာကာ သိပ်မကြာခင် သူ့ကားနောက်မှာလာရပ်ကြ၏။
ကယ်ငါးစီးလူကရှစ်ယောက်.. ।

"ဒေါက် ဒေါက် ဒေါက်.."

မှန်ကိုထပ်ခေါက်တော့မှ ဖုန်းပိတ်လိုက်ပြီး သူဆင်းဖို့ပြင်
က သူ့အကျီကိုနောက်ကနေ လှမ်းဆွဲထားကာ ခေါင်းခါပြနေ
"ကိုယ်ဆင်းမှဖြစ်မယ်..မင်းတို့ကားထဲမှာပဲနေ ဘာအခြ
မထွက်နဲ့.."

ဟင့်အင်း..

သုက ခေါင်းခါနေပြီးမလွှတ်။ မင်းမြတ်စည်က လက်ထ
ပြီး ကားထဲကထွက်သည်။

"မင်းဆင်းလာတာ ကံဆိုးသွားပြီမင်းမြတ်စည်..ဒီနေ့ မင်း
သွားတာ သေချာပြီ.."

"ငါ ဒီနေ့သေနေ့စေ့တာဆိုလည်း အုပ်စုဖွဲ့ပြီး မဟောင်ရဲ
ဝိုင်းကိုက်လို့တော့ မသေဘူး.."

"ဘာကွ.."

တစ်ယောက်က ရှေ့တိုးလာလျှင် ဝွရှည်ကြီးကိုင်ထားသည့် မ
နှင့်လူက ထိုသူရှေ့ကနေ လက်ဆန့်တန်းပြီး ကာထားလိုက်၏။

"ပြောပါစေ..သေရမယ့်လူဆိုတာ အခွင့်ထူးခံပဲ၊ ဟွန်း ဟွန်
သု ရှေ့ခန်းကိုကုန်းကွလာပြီး မှန်ဟထားလိုက်သဖြင့် ပြော
ကုန်ကြားနေရသည်။ ထိုစဉ် နောက်ကဆိုင်ကယ်လ်သမားတွေ ဆင်
ကာ သူမတို့ကားကိုရော မင်းမြတ်စည်တို့ပါ နှစ်ထပ်သုံးထပ်ဝန်း
လိုက်ကြပြီး.. ।

"ငါတို့မင်းကိုသတ်ချင်နေတာ..ဒီနေ့တော့ မင်းကို့လည်းသတ်

မင်းကိုသတ်တဲ့အတွက် ပိုက်ဆံလည်းရဦးမယ်၊ ဟား ဟား ဟား
ခွေးရူးသတ်တာပဲကွာ၊ တစ်ယောက်တည်းကပဲသတ်သတ်အုပ်စုနဲ့ပဲ
သတ်သတ် အဲ့ဒီခွေးရူးသေဖို့ပဲ မဟုတ်ဘူးလား၊ မင်းကလည်းခွေးရူး
ကောင်လို ကြောက်စရာကောင်းတဲ့ကောင်ပဲကွ..ဘယ်နယ့်လဲ၊ မသေခင်
ဘယ်သူတွေက သတ်ခိုင်းလဲဆိုတာ သိချင်သေးလား.."

ပြောပြမလိုလိုနှင့် လက်ဝါးငါးချောင်းထောင်၍ တစ်ချောင်းပြီးတစ်
ချီးချနေတာ အပြန်ပြန်အလှန်လှန်။ ပြီးတော့ ရှဲ့မဲ့သွားလျက်.. ।

"မင်းကိုသတ်ခိုင်းတဲ့လူရော သတ်ချင်နေတဲ့လူတွေရော များလွန်းလို
ကုန်ပြီ..ဟေ့ကောင်တွေ ငါတို့ကိုပိုက်ဆံပေးတာ ဘယ်သူတွေလဲ..မှတ်
"

"ငါမှတ်မိတယ်.."

မင်းမြတ်စည်ကပြောပြီး ထိုလူ၏ မျက်နှာတည့်တည့်ကို ဒိုင်းခနဲထိုး
ကသည်။ လူဦးရေများပေမယ့် လက်နှက်အားကိုးကြသည်။ တချို့က
ယောက်ခံသွားရပြီဆိုတာနှင့် နောက်ကိုခြေလှမ်းဆုတ်ဖို့ပြင်သည်။ တစ်
လေ အရေအတွက်ထက် အရည်အချင်းကသာ အဆုံးအဖြတ်ပေးသွား
သည်ရှိရာ မင်းမြတ်စည်ရဲ့လူပ်ရှားမှုတွေအောက်မှာ အထိနာကုန်ကြ
။ သို့သော် လူငါးယောက်သည် ဓားမြောင်တွေအသီးသီးထုတ်လိုက်
ထပ်တိုးလာကြလျှင် သုဘယ်လိုမှမနေနိုင်တော့ဘဲ တံခါးဖွင့်ဆင်း
သည်။ ထိုအခါ မိဝေတို့ပါလိုက်ဆင်းကြ၏။

"သတ်..အဲ့ဒီကောင်ကိုသတ်ပစ်.."

သု ဟင်ခနဲဖြစ်သွားသည်။ ဒါ ဒေါ်ထားအိအသံပဲ..။ တိုက်ခိုက်ခြင်း
ခဏရပ်သွားကာ ဓားတဝင်းဝင်းဖြစ်လာချိန်တွင် ဒေါ်ထားအိသွေးကြ
သည်။ မင်းမြတ်စည်ဘယ်လိုမှ အနိုင်မယူနိုင်တော့မှန်း သိလိုက်သဖြင့်
ကိုက်တံခါးကို အနည်းငယ်ဟလိုက်ပြီး အသံပြာအောင်အာခေါင်ခြစ်အော်
။

"နင့်ကိုယ်နင်တော်လှပြီထင်နေသလား..နင်ပဲသိ နင်ပဲတတ်တယ်မှတ်
သလား၊ နင့်ကိုနောက်ကျောကနေ ဓားနဲ့ထိုးလိုက်တာ ငါလေ..ဟား ဟား
..နင့်အိမ်မှာငါမနေပေမယ့် နင်ဘာလုပ်လုပ် ဘယ်လမ်းသွားသွား ငါသိ

နေတာ ဘာကြောင့်လို့ထင်လဲ..”

မင်းမြတ်စည် မျက်နှာတစ်ခုလုံး ရဲတွတ်သွားသည်။ ရှေ့တည့်
က ဓားမြောင်ကိုင်ထားသူ၏ လက်ကောက်ဝတ်ကို ဖောင်းခနဲပတ်
လိုက်၏။ စိတ်သည် ဒေါ်ထားအိဆီအရောက်သွားဖို့သာ အဓိက
လျက် ဒီမိန်းမကြီးရဲ့ရယ်သံပြောသံတွေက သူ့စိတ်ကိုလေမှာလွင့်
တိုင်း.. ।

“ဒုတ်..”

“အား..”

နောက်ကပြေးထိုးသည့်ဓားကို ခါးလှည့်ရှောင်လိုက်ပြီး ထို
ဖမ်းကိုင်ကာ ရှေ့ကဝင်လာသည့် ဗိုက်ဆီတည့်ပေးလိုက်သည်။
တည်းထိုလူ၏လက်ကို ဒူးနဲ့တိုက်ချိုးပစ်ကာ တအားဆွဲရမ်းပစ်လို
လူခန္ဓာကိုယ်သည် လက်နှက်သဖွယ်ဖြစ်လျက် လူနှစ်ယောက်သည်
ဘေးတစ်ဖက်ကိုင်းတောထဲသို့ အမှိုက်ထုပ်တွေကဲ့သို့.. ।

ကိုကြီးဘာမှမဖြစ်ရဘူး...ဘာမှမဖြစ်ပါစေနဲ့! ရန်သူတွေနဲ့
ယောက်တည်း ရင်ဆိုင်နေရသည့်အပြင် ကိုယ့်အတွက်ကိုကြီးစိတ်ပူ
ကို သိနေသည်။ ကားနဲ့ဝေးရာကို ဆွဲထုတ်သွားသည့်ကိုကြီးရဲ့ရည်ရွယ်
က သူမကိုကာကွယ်ဖို့။ ဒါပေမဲ့ သူမကတော့ ကိုကြီးအတွက် ဘာမ
ပေးနိုင်။ ထိုစဉ် မထင်မှတ်သောမြင်ကွင်းက သူမမျက်စိရှေ့မှာတင်

မဟုတ်ဘူး...ကိုကြီးကိုမလုပ်ရဘူး..

သုမျက်လုံးတွေ ပြာသွားသည်။ တစ်ကိုယ်လုံးအကြောတွေဆုံ
သလို တုံ့ဆွဲတုန်ခါသွား၏။ ဓားနဲ့ထိုးခံလိုက်ရပြီး လဲကျသွားသူသည်
ကဓားကိုနှုတ်ယူပြီး ကိုကြီးခြေထောက်ကို စိုက်ချဖို့ မြေကြီးပေါ်ကခေ
လဲကြိုးပမ်းနေလျက်.. ।

ဟင့်အင်း...မလုပ်ရဘူး မလုပ်နဲ့..

“ကိုကြီး..”

သု တအားကျိုးအော်လိုက်သည်။

“ကိုကြီး...အောက်မှာ အောက်မှာ..”

ခေါ်လိုက်ကာလား..

မင်းမြတ်စည်အာရုံတွေ လွင့်ပါးသွားသည်။ ခြေရင်းက ရန်ကိုရှောင်
ရှောင်သော်လည်း သုကိုလှည့်ကြည့်လိုက်သည့်ခဏ.. ।

“အင့်..”

“ကိုကြီး..”

“ဘုန်း..”

“ကိုကြီးကိုမလုပ်ပါနဲ့..”

“သုမလာနဲ့..”

ရင်ဘက်မှာ ဓားဒဏ်ရာတစ်ချက် နက်ရှိုင်းစွာတိုးဝင်သွားသည်။ သု
ပေါ်မှာ လုံးလုံးလျားလျားစိတ်ရောက်သွားခဲ့သဖြင့် ထိုးနှက်ချက်တွေ
သူ့ကိုယ်ပေါ်ကို ထိထိမိမိကျရောက်လာခဲ့ပြီး.. ।

“သေစမ်း...ဟား ဟား ဟား! ငါ့ရှေ့မှာတင် နပ်နပ်စင်းပေးစမ်းပါ..
အကုန်လုံးကို ငါ့မှာရှိသမျှ အကုန်ပေးမယ်..သတ်စမ်း..”

ဒေါ်ထားအိအသံကြီးက ဟားတိုက်ရယ်သံနှင့် ကတုန်ကယင်ပေါ်လာ
အစိမ်းသရဲပူးနေသည့်နှယ်။ မင်းမြတ်စည်လက်နှက်တွေကြားထဲမှာ
ကျသွားသည်။ သု သူ့ဆီပြေးလာသည်။ တစ်ယောက်က ဖမ်းချုပ်
လိုက်၏။

“ကိုကြီး...ကိုကြီးဘာမှမဖြစ်ရဘူး! လွှတ်..လူယုတ်မာတွေ..”

ထိုစဉ် မိဝေသည် သုမနောက်ကနေ ဒေါ်ထားအိတို့ဘက်ကို ပြေး
လာလျှင်.. ।

“လောက်ကောင်မ..နင်မပြေးနဲ့..”

သုစိတ်တွေ အစွမ်းကုန်ပြင်းထန်ကာ ချုပ်ထားသည့်လူကို ဆောင့်ရှန်း
ကသည်။ ပြီးတော့ မိဝေကိုဆံပင်ဖမ်းဆွဲကာ ပါးကိုဖြောင်းခနဲရိုက်
လိုက်၏။ မိဝေယိုင်သွားရုံမက မြေပြင်ပေါ်ပက်လက်လန်ကျသွား
။ မင်းမြတ်စည်မျက်လုံးတွေကြာလာသည်။ သို့သော် သုအော်ဟစ်နေ
ကြားနေရ၏။ ရှုန်းကန်ငိုယိုနေတာကိုလည်း မြင်နေရသည်။ သို့
ဝေဝေါ်ဝါးနှင့် တစစပျောက်ကုန်၏။

“အဲ့ဒီကောင်ကို သေအောင်သတ်..မြောင်းထဲဆွဲချပစ်! အဲ့ဒီဟာမကို
အကုန်လုံး မုဒိန်းကျင့်ပစ်လိုက်..သောက်အ‘အ’မက အသံထွက်လာ

သေးတယ်၊ အလွတ်မပေးကြနဲ့..အဲ့ကောင်မကို နင်တို့သဘော.."

မရဘူး...ငါရှိနေသရွေ့ သုကိုထိလို့မရဘူး...

မင်းမြတ်စည်အသံတွေ ကြားနေရသည်။ ပြန်ထဖို့ကြိုးစား

သို့သော် သူ့ခန္ဓာကိုယ်အနည်းငယ်မှ မလှုပ်နိုင်တော့တာကို သူ

"ဟား ဟား ဟား...ငါ့ကိုသွေးကျအောင်လုပ်ခဲ့တဲ့ကောင်၊

လူရမ်းကား၊ ဟား ဟား ဟား..."

ဒေါ်ထားအိရဲ့ ရယ်သံကြီးက နားထဲမှာစွဲကျန်ရစ်၏။ ပြီး

ဘယ်လိုမှမထင်ခဲ့သည့်မိဝေ.. ၊

မိန်းမယုတ်တွေ

မသေသောဆေးဆရာ

သားကောင်မဖြစ်ဘူးသောမုဆိုး

မရှိကောင်းသော ထိုသူတို့အနက် မင်းမြတ်စည်သည်လည်း

♥♥♥♥♥

အခန်း(၄၂)

ဘဝတစ်ခုဟာ မနေ့ကဒီနေ့၊ ဟိုလနဲ့ဒီလ ရက်ပိုင်းနာရီပိုင်းလေးအ

ပြောင်းပြန်ပြောင်းလဲသွားလိမ့်မည် ဘယ်တုန်းကမှ တွေးမကြည့်

အိပ်မက်ဆိုရင်တောင် မက်ခဲ့တဲ့အိပ်မက်ဆိုးကြောင့် နိုးထတဲ့အ

ရင်တုန်မပြေဘဲ ကျန်ခဲ့နိုင်သည်။ သု ကိုယ်လည်းမက်ခဲ့ဖူးသည်။

သည်။ သို့သော် အပြင်မှာတကယ့်လက်တွေ့ကြီး ရင်ဆိုင်ကြုံတွေ့

သည့်အခါ.. ၊

"ကိုကြီး...ဘာဖြစ်သွားပြီလဲဟင်၊ ကိုကြီးဘယ်မှာလဲ..သုကိုကြီးဆီ

ရောဝေ.."

အားနေသည့်သူမသည် နှုတ်ခမ်းထောင့်မှာ ဒဏ်ရာတစ်ချက်။ မျက်

ခမ်းမည်းညိုနေခဲ့ပြီး ညိုမောင်းသန်မာသည့်ဆံနွယ်ရှည်တို့၏ ဖရိ

ကြောင့် သူမတစ်ကိုယ်လုံး၏သရုပ်သည် သောကမီးတို့ ဝိုင်းဝိုင်း

သော.. ၊

"သုကိုပြောပြကြပါ..ကိုကြီးဘာဖြစ်သွားပြီလဲ.."

"သူမရှိတော့ဘူး.."

ဟင်..

သူမအသံတွေ တိတ်ကျသွားသည်။ ပူလောင်ပြေးလွှားနေ[illegible]
ဝန်း။ တတွတ်တွတ် တောင်းဆိုနေသည့်နှုတ်ခမ်း။ လူနာခုတင်[illegible]
ကုန်းရှုန်းဆင်းထဖို့ပြင်ခဲ့သော ခြေလက်လှုပ်ရှားမှုများ အားလုံး[illegible]
ပြီးဆုံးသွား၏။ ဦးကျော်မျက်နှာမသာမယာနှင့် ခေါင်းငိုက်စိုက်[illegible]
သည်။ သူမစကားပြောနိုင်ခဲ့ပြီ။ မင်းမြတ်စည်ကို တမ်းတခေါ်ဝင်[illegible]
သို့သော် ဒါတွေကိုဝမ်းသာပျော်ရွှင်စွာ ဆီးကြိုနှားဆင်မည့်သူကမေ[illegible]
မှာ ရှိနေကြသည့် ဆရာဝန်ဆရာမတွေ လှည့်ထွက်သွားကြသည်။ [illegible]
မျက်ရည်အရွှဲသားနှင့် လက်ပိုက်လေးရပ်နေ၏။ ပြီးတော့ မင်းမြ[illegible]
အားထားရသည့် လူယုံနှစ်ယောက်နှင့် တခြားလူတွေ။ သူတို့ကသ[illegible]
ချက်ကြည့်ပြီး ထွက်ခွာသွားကြ၏။

"ညည်းကိုဆေးရုံခေါ်သွားခဲ့ကြပေမယ့် ဖိုးစည်ကိုလုံးဝရှာ[illegible]
ဘူး...တွေ့ကြတော့လည်း.."

မပြောဘဲလည်း ပြီးသွားမှာမဟုတ်။ မပြောရက်ပေမယ့်လည်[illegible]
တော့မှာဖြစ်သည်။ ဦးကျော်က အံကြိတ်ထားရသည့်လေသံဖြင့်..

"ဘယ်သူမှမထင်ခဲ့တဲ့အချိန်..ဘယ်လိုမှသတိမထားလို[illegible]
ချောင်ပိတ်တိုက်ခိုက်တာကို ခံလိုက်ရတာ၊ ဖိုးစည်ကသတိလက်[illegible]
တတ်တဲ့ကလေးမဟုတ်ဘူး...ကိုယ့်အိမ်ထဲမှာ သစ္စာဖောက်တစ်[illegible]
ခါးပိုက်ထားမိတဲ့ ယုကျိုးမရစိတ်က သူ့ကိုသတ်သွားတာ.."

နောက်မှာလည်းသူတာဝန်ယူရမည့် လူတွေရှိနေသည်။ [illegible]
ရန်သူတွေဝိုင်းနေခဲ့သည်။ ထို့ပြင် သုရဲ့ဘေးမှာရပ်နေသည့်လူက [illegible]
ဖောက်တစ်ယောက်ဖြစ်နေခဲ့သည့်အတွက် သူ့စိတ်တွေလွတ်[illegible]
တိုက်ခိုက်သည့်အဖြစ်မှာ မှင်တက်မိခဲ့ခြင်း.. ।

"ညည်းတို့ဖြစ်ပျက်နေတာတွေကို အစအဆုံးမြင်နေရတဲ့တစ်[illegible]
က အကုန်လုံးကိုဗီဒီယိုရိုက်ယူထားတယ်..အသံတွေအားလုံးရသည့်[illegible]
တဲ့လူတွေအကုန်လုံးကိုလည်း တွေ့ထားပြီးပြီ၊ သူတို့က ဖိုးစည်[illegible]
လုပ်ကြဟာ..နောက်ပြီးမြောင်းထဲပစ်ချတယ်..ဖျောက်ဖျက်ဖို့ကြိုး[illegible]
လူတွေတွေ့တာ အရမ်းနောက်ကျသွားတဲ့အတွက်.."

"တော်ပါတော့ ဦးရယ်.."

သု ကိုယ်လေးနောက်ပြန်ထိုင်ကျသွားသည်။ ထို့နောက် ပြည့်သိပ်[illegible]
ဟော မျက်ရည်တို့က မျက်ဝန်းထဲမှာ အေးခဲသွားသည့်နှယ် လှုပ်လို[illegible]
ခိုတွဲနေခဲ့လျက် ပါးပြင်ထက်သို့ စီးကျမလာခဲ့ပေ.. ।

"သု ကိုကြီးကိုကြည့်ချင်တယ်.."

"မဖြစ်ဘူး.."

"သုစိတ်ခိုင်ပါတယ်..စိတ်မခိုင်လည်း ဘာဖြစ်သွားမှာလဲ၊ ဘာဖြစ်ဖြစ်[illegible]
ကို သုကြည့်ရမှာဖြစ်မယ်.."

ပြောနေရင်း မွေ့ရာပေါ်ကနေ ဇွတ်ဆင်းသည်။

"မမလေးမှာ ဒဏ်ရာတွေနဲ့.."

သီတာပြေးလာပြီးတွဲသည်။ ခေါင်းထဲမှာတဆစ်ဆစ်ကိုက်ခဲခြင်းနှင့်
သူမမျက်နှာတစ်ခုလုံး နာကျင်နေသည်။ ပြီးတော့ ကျောထဲကအောင့်[illegible]

"အဲ့ဒီကောင်မကို ချစမ်း..အောင်မယ်လေး နှစ်ကောင်စလုံးကိုသတ်[illegible]
နင်ပြန်ချလေ.."

"ကျုပ်တို့က မိန်းမတစ်ယောက်ကိုတော့ ရိုက်သတ်မှာမဟုတ်ဘူး.."

"အဲ့ဒီမိန်းမက ကျုပ်တို့ကိစ္စထဲမှာ မပါဘူးနော်.."

ဆောက်ချားတွေက ပြောနေကြသည်။ ဒေါ်ထားအိက ပြေးဆင်းလာ[illegible]
ပြီးတော့.. ।

"ငါ့ကိုပြန်ခံချတယ်ပေါ့..မိဝေ ကိုင်ထားစမ်း.."

"မမလေးကို မလုပ်နဲ့.."

ဒေါ်ထားအိ အားပါးတရရိုက်နှက်ဖို့ ပြေးဆင်းလာသည့်ရည်ရွယ်ချက်[illegible]
ထားလက်တွန့်နေသည်။ သုက နည်းနည်းမှမခံ။ သီတာက လမ်း[illegible]
ကျောက်ခဲတွေပြေးကောက်ပြီး အသားကုန်အော်၏။ တကယ်ပစ်[illegible]
ကို သိနေသဖြင့် အားပါးတရရိုက်နှက်ခြင်းက ပြီးဆုံးတဲ့အထိ အ[illegible]
ကောက်ခဲ့။ ထို့ပြင်.. ।

"ကားလမ်းကိုကြာကြာပိတ်ထားဖို့ မလွယ်ဘူး..ခင်ဗျားကိစ္စနောက်မှ[illegible]

စကားသံတွေ ပုံရိပ်တွေ..။ သုအားလုံးကိုကျော်လွှားပြေးထွ
တော့ ကိုကြီးကိုသူတို့ဆွဲသွားကြတာ မြေပြင်ပေါ်မှာ ခွေးသေ
ဆွဲသလို.. ၊

"ကိုကြီး.."

သုအတင်းပြေးလိုက်သည်။ ဖြောင်းခနဲလက်ပြန်ရိုက်ပစ်လို
ရကာ ခေါင်းထဲမှာမီးပွင့်သွားသည်။ ဒေါ်ထားအိ ရိုက်နှက်ကုတ်ခဲ
ထက် ယောကျ်ားတစ်ယောက်၏ရိုက်ချက်က သုကိုခွေခနဲပြိုကျသွ
ကျောက်တုံးတစ်တုံးပေါ် ခေါင်းကျသွားခဲ့ပြီး.. ၊

"ကိုကြီး.."

သူမဘာလို့ သတိလစ်သွားခဲ့တာလဲ.. ကိုကြီးကိုသူမဘာ
လိုက်နိုင်။ မင်းမြတ်စည်ဆိုသော မင်းသားတစ်ပါးလို တင့်တယ်
နေခဲ့သူတစ်ယောက်ဟာ သူမရှေ့မှာတင် တိရစ္ဆာန်တစ်ကောင်ကဲ့
ဆိုးစွာ.. ၊

"သုမနော.."

"မမလေး..မမလေး.."

သု အိပ်ရာပေါ်ကနေ ဝှမ်းစိုက်ကျလာလျှင် ဦးကျော်အ
ပြေးထိန်းလိုက်ရကာ ဆရာဝန်ပြေးခေါ်ခြင်း စမ်းသပ်ခြင်းတွေ
ကြိမ်ဖြစ်သွားခဲ့ရပြီး.. ၊

"သူ့မှာကလေးရှိတယ်ဒေါက်တာ..ဘယ်လိုနေလဲဟင်။
စိုက်ပေးပါခင်ဗျာ.."

"ကိုယ်ဝန်ကိုမထိခိုက်ပါဘူး...ဒါပေမဲ့ သူစိတ်ထိခိုက်
ကိုယ်ဝန်မှာ အန္တရာယ်ရှိလာလိမ့်မယ်ဗျ.."

♥♥♥♥♥

အခန်း(၄၃)

"ဘယ်လိုပြောလိုက်တာလဲသမီး..ညည်းဗိုက်ထဲမှာ ဗိုးစည်ရဲ့ရင်သွေး
ရှိတယ်နော်.."

"ကလေးဆိုတာ မိခင်ကလွယ်ထားသရွေ့ သူ့မိခင်သွားတဲ့နောက်
ကျပါနေမှာပဲဦး..သုဘယ်သွားသွား ကိုကြီးရဲ့ရင်သွေးက ရင်သွေးပါပဲ.."

ဟ..ဘယ်လိုမိန်းကလေးလဲ..

မင်းမြတ်စည်ရှိနေတုန်းက စကားမပြောနိုင်ခဲ့လို့ဆိုတာထား..။ ဒီလို
ခေါင်းမာမာ ပြောရခက်သည့်မိန်းကလေးတစ်ယောက်ပုံစံတော့ နည်းနည်း
ဟုတ်ခဲ့ဘူးထင်သည်။ သူမမျက်ဝန်းတွေက အေးစက်တည်ငြိမ်နေကာ
ရှုလျားလှုပ်ခတ်နေတာပဲရှိကာ မျက်တောင်မခတ် နှုတ်ခမ်းလွှာတို့ကတင်း
တင်းစေ့နေသည်။ ရှည်နွဲ့သောဆံနွယ်တို့ကို တစ်ပတ်လျှိုရစ်ပတ်ကာ ရင်စေ့
ကျီခါးကျလက်ပြတ်လေးကို ဝတ်ထား၏။ ပန်းနုရောင်လေးဝတ်ထား
သည့် သူမအသားရောင်တို့က နှင်းဆီပွင့်ဖက်ကဲ့သို့ နုညက်ဝင်းစိုနေလျက်
ရှိပုံစံလေးနဲ့ဘဝကို ဘယ်လိုအံတုရင်ဆိုင်မှာလဲ..။ အပျိုစင်ဘဝမှာတောင်
ကြေတွေပင်လယ်ဝေခဲ့ရတာ။ တစ်ခုလပ်ကလေးတစ်ယောက်နဲ့ဘဝကို သူမ

ဘာထင်နေလို့လဲ.. ।

"သုမနောက မင်းမြတ်စည်ရဲ့မိန်းမပဲဦး...ဘဝကိုဘယ်လိုရင်ဆိုင်
လဲဆိုတာ ငုတ်တုတ်ထိုင်တွေးနေရင် အချိန်ကုန်ပါတယ်၊ သုဒီမှာမနေ
ပြီးတာပဲ.."

"ညည်းက တောကိုပြန်ဖို့ အားမာန်တွေပြနေတာလား.."

"မပြန်ပါဘူး...ဒါပေမဲ့.."

"ခဏနေပါဦး...လက်ထဲက အထုပ်ကိုချထားပါဦး၊ ကျွတ်..ခက်
တာပဲ.."

သုက အထုပ်ကိုပြန်ချလိုက်ပေမယ့် နည်းနည်းတောင်ထိုင်ဖို့
စား။ ဦးကျော်ကတော့ ဆိုဖာမှာဝင်ထိုင်လိုက်ကာ သူမပြင်ဆင်ထားသည်
ထုပ်ကိုပဲ စိုက်ကြည့်နေမိသည်။ တစ်အိတ်ကို နှစ်ထောင်သုံးထောင်
နှင့် ဝယ်လို့ရသော ရောင်စုံစပ်ကြားအရုပ်တွေနှင့် ပလပ်စတစ်အိတ်ကြီး
လုံးပြီးတော့ သူမပခုံးမှာအဖြူရောင်ဆလင်းဘက်ခ်လေးနှင့် ဘယ်ဘက်
တောင်စိတ်မြန်လက်မြန်တွေ ဆုံးဖြတ်လိုက်တာလဲ..။ သူဘယ်လိုတာ
ရမလဲ.. MMSကုမ္ပဏီပေါင်းများစွာရဲ့ပိုင်ရှင်။ နန်းတော်လိုတိုက်ကြီး
လုံးထဲမှာ နေလာခဲ့သော အိမ်ရှင်မ။ သူမအိမ်ပေါ်ကနေ ထွက်သွား
အဆောင်အယောင်က ဒါလား.. ।

"မဟုတ်မှလွဲရော..ညည်းတစ်ခုခုကို မကျေမနပ်ဖြစ်နေတာမျိုး
နေလား၊ ဒါမှမဟုတ် ကျုပ်ကို.."

"ကိုကြီးကို သုလုံးဝမြင်ခွင့်မရခဲ့တာကလွဲရင် မကျေနပ်စရာမရှိ
ဘူး.."

မကျေနပ်စရာမရှိတာကို ဝန်ခံတာကလည်း ခဲ့ပါလား..။ သုမျက်
မှာ မျက်ရည်တွေဝေ့နေသည်။ သူမဒီရက်ပိုင်းတွေမှာ ငိုတာယိုတာ
နေတာလည်းမတွေ့။ သူအပြင်ကပြန်လာတိုင်း အနားရောက်လာသည်
ကြာကြီးနေမှမေးသည်။ 'ကိုကြီးနာရေးကဘယ်တော့လဲ'တဲ့။ နောက်ပိုင်
မမေးတော့ပေ။ သူမနာရေးတောင်လိုက်ပို့ခွင့်မရှိခဲ့ပါလားလို့ထင်သူ
သေချာ၏။ ဆေးစိမ်ထားတဲ့ရုပ်အလောင်းမှမဟုတ်တာ။ လနဲ့ချီပြီး
ဂြိုဟ်ဘဲထားပါ့မလား..။ သူမကိုဖြေရခက်နေရင်း 'ဒီမိန်းကလေး

ကောင်တောင်ဖြစ်သွားပြီလား'လို့တောင် တွေးမိခဲ့၏။ ခုတော့ သူမရဲ့စိတ္တဇ
ဘယ်ကိုအရှားရင့်နေပြီမှန်း သိလိုက်ရကာ.. ।

"ဖိုးစည်နဲ့မင်းကို.."

"အခုသိပါပြီ..သူ့ကိုလုံးဝမြင်ခွင့်မရှိတော့ဘူးဆိုတာလည်း သိပြီ၊ သု
မနေသင့်တော့မှန်းလည်း နားလည်ပြီ..သုက ဘယ်တုန်းကမှ ကိုကြီး
ကိုမမဟုတ်ခဲ့ဘူး.."

"အဲ့လိုမဟုတ်ဘူးလေ.."

"သုဘယ်သူ့ကိုမှ အပြစ်မတင်ပါဘူး...အစတည်းက သုကကိုကြီးနဲ့မ
ကိုက်ညီတဲ့သူပါ.."

မိန်းကလေးတစ်ယောက်၏ ငိုသံပါသောစကားလုံးတို့၏ လက်နှက်
ဘယ်လောက်ထိပြင်းထန်ထိရောက်သည်မသိ။ ဦးကျော်မျက်နှာကြီး၌
ကား ဘယ်လိုမှပြောဆိုမကောင်းတော့သည့်အဖြစ်ကို ဘယ်လိုနည်းနဲ့
ဆက်ပြောရမှန်းမသိတော့ဘဲ ခေါင်းခါရင်းလက်ကာရင်း သူပဲမပြောနိုင်
အောင်ဖြစ်နေခဲ့ရပြီး.. ।

"ဦးကျော်ပြောပြမယ်..ညည်းသူ့ကိုချစ်ရင်.."

"ချစ်လို့သွားမှာပါ..သူ့ကိုဘယ်နေရာကနေပဲဖြစ်ဖြစ် ချစ်လို့ရတယ်၊
ကနေပဲလွမ်းလွမ်း..လွမ်းလို့ရတယ်၊ သုဘယ်လောက်ချစ်တာ သုကိုယ်
ကိုပို့လိုတာပါ..သူ့အရိပ်တွေချည်း ပြည့်နှက်နေတဲ့ဒီအိမ်မှာ သုမနေချင်
ဦးက ကိုကြီးရဲ့ကလေးကို သုနဲ့ပါသွားမှာစိုးရိမ်နေတာဆိုရင်တော့
သုကလွယ်ထားတာဖြစ်နေတဲ့အတွက် မတတ်နိုင်ဘူးပဲပြောရမှာပါ.."

"ညည်းစကားတွေထဲမှာ ကျုပ်ကိုအထင်မြင်လွဲနေတဲ့ သဘောတွေပါ
ဘယ်သုမနော..ခုချိန်မှာ သူ့ဦးလေးဖြစ်တဲ့ကျုပ်က သူ့ဇနီးအိမ်ကထွက်
ပြေးတာကို ကြည့်နေနိုင်မလား၊ ပြီးတော့ ညည်းကိုသူဘယ်လောက်ဂရုစိုက်
ခဲ့ပြီးတယ်ဆိုတာ ကျုပ်ကအကုန်သိနေတယ်..ဒါကြောင့်တားနေတာပါ၊
ဒီအပေါ်မှာ စေတနာထားပါတယ်လို့ပြောတာ မယုံနိုင်ရင်တောင် ငါ့ဘူ
ကိုမှာ ငါတာဝန်ကျေချင်တယ်..ရင်သွေးဆိုတာက ညည်းလွယ်ထားရ
ဘူး ညည်းသွားရင်ပါသွားမှာဖြစ်သလို မွေးဖွားပြီးရင်လည်း သားသမီး
ကိုမြင်ကပဲစောင့်ရှောက်ခွင့်ရှိတာပါ..ပြောချင်တာက ကျုပ်ညည်းရဲ့က

လေးကို ဘယ်လိုအင်အားဘာအာဏာနဲ့မှ လုမယူဘူးဆိုတာပဲ..နောက်
သွားမှာပဲဆိုရင်တောင် မွေးဖွားပြီးမှသွားပါ၊ ညည်းတို့သားအမိအ
ကျုပ်အားလုံးစီစဉ်.."

"နေပါစေဦးရယ်..သုကို ကိုကြီးပေးခဲ့တာတွေနဲ့တင် ဖူလုံနေ
ဒီအိမ်ကြီးထဲမှာ သုကိုကိုကြီးဂရုစိုက်ခဲ့တာ..သုရဲ့ချို့ယွင်းချက်ပေါ်
စွာ ဘာမှမရှိခြင်းအဖြာဖြာကို နားလည်ယုယပေးခဲ့တာလည်း ကိုကြီ
သုဘက်ကကိုကြီးကို ဘာမှမပေးခဲ့ဘူး...မျက်စိအောက်မှာ သူများ
စော်ကားနေတာ တွေ့ရက်နဲ့တောင်.."

"သုမနော.."

သု ကိုယ်လေးယိုင်သွားလျှင် ဦးကျော်ခြေမကိုင်မလက်မကိုင်
သွားသည်။ သုက ဆိုဖာကျောမှီကို တင်းကျပ်နေအောင် ဖမ်းဆုပ်ကိုင်
လိုက်ပြီး တွဲကူမခံ။ သူမငိုမနေခဲ့ပေမယ့် မိုက်ခနဲစိုက်ခနဲတွေ ခဏခဏ
တာမြင်နေရသည်။ ထို့ကြောင့် သူမဘယ်လောက်ထိအုံ့ဖွဲ့.မျိုသိပ်နေ
ဆိုတာကို ဦးကျော်စိုးရိမ်နေမိပြီဖြစ်သည်။ ခံစားရသလောက် ဝိုချင်
လား...။ ဘာလို့မငိုဘဲနေနိုင်တာလဲ..။ ရင်ထဲမှာရှိတာတွေကို ခံစား
တိုင်း ပြောချလိုက်ပါ။ မေးကြည့်လိုက်ပါလား..။ ဘာမှမပြောဘဲ ကြိတ်
နေခဲ့သည်။ အထုတ်ဆွဲပြီး ထွက်သွားတော့မယ်ဆိုမှ သိရတဲ့အခြ

"ကျုပ်နောက်ထပ်မေတ္တာရပ်ခံပါတယ်..ညည်းဒီမှာပဲနေပါ.."

သုက စူးစူးရဲရဲလှည့်ကြည့်သည်။ ပြီးမှ တစ်စက်လေးမှာ
သည့်လေသံသည်.. ।

"ဦးရဲ့မေတ္တာရပ်ခံမှုမှာ ဘာတွရင်းနှီးထည့်ဝင်ထားရသလဲ
သိဘူး..ဦးမေတ္တာရပ်တာကို လက်ခံလိုက်ရင် သေသွားနိုင်တယ်၊ ဒါ
ရှူးသွားမလား..အဲ့ဒါကြောင့် ကိုကြီးပြောနေကျအတိုင်းပြောရရင် မ
လဲလှယ်မှုကို ဦးမတောင်းဆိုပါနဲ့.."

သုက ပြတ်သားစွာထွက်သည်။ ဒီအိမ် ဒီအဆောင်အယောင်
သူမနည်းနည်းမှ မမက်မောဘူးလား..။ ဒီကလေးနဲ့ပတ်သက်ပြီး
ရေးဘယ်လောက်တောင်ရလာမလဲဆိုတာ ထည့်မတွေးဘူးလား ဒါ
ကလေးရှိနေရင်ရမှာပဲလို့ တွက်နေတာလား ဒါပေမဲ့ သူမဒီတိုက်

ကောင်အယောင်တွေကို ဘာလို့ပစ်ခဲ့နိုင်တာလဲ..။ ဦးကျော်ရဲ့လွန်ဆွဲနေသော
ပြတ်ချက်တို့ ဝေဝါးနေဆဲမှာ သုကပေါ်တီကိုအောက်ရောက်သွားပြီဖြစ်
သည်။

"သုမနော..နေဦး.."

ဦးကျော် ခြေလှမ်းကျဲများနှင့် ထွက်လိုက်သွားမိကာ ကျောပေးမ
ရပ်
နေသည့် သုရဲ့ပြတ်သားမှုကို အရှုံးပေးတော့ဖို့ ဆုံးဖြတ်လိုက်ရင်း..၊

"ဖိုးစည်မသေဘူးဆိုရင်ရော.."

သုကိုယ်လေး နည်းနည်းမှမလှုပ်။ အသက်ရှူနေရဲ့လားထင်ရလောက်
ပိ ပို၍ငြိမ်သက်ခြင်းကိုဖြစ်စေလျက်.. ।

"ဒါမှသွားမှာပဲဆိုရင်တော့ ညည်းသဘောပါ.."

သူမ ဒရွတ်ဆွဲချသွားသည့် အိတ်ကြီးကို လွှတ်လိုက်ပြီး နောက်ကို
ခဲ့လှည့်လာသည်။ မျက်ဝန်းတို့သည် အလွန်အမင်းထိတ်လန့်တုန်လှုပ်
ခြင်းကွင်းကို တွေ့လိုက်သကဲ့သို့.. ।

"ဦးဘာပြောလိုက်တာ.."

♥♥♥♥♥

"ကိုကြီးမသေဘူးနော်..ဝမ်းသာလိုက်တာကိုကြီးရယ်.."

သူ့ရှေ့မှာရပ်လိုက်တော့ မျက်နှာမော့လာသည်။ ဝဲဘက်မျက်ခုံးအ[illegible]မှာ အရှက်လိုက်ရှိနေသောဒဏ်ရာက ခုထိပလာစတာရှိနေတုန်း.. ।

"ကိုကြီး..သုလေ သုကိုမသိတော့ဘူးဟင်၊ သုစကားပြောနိုင်ပြီသိ[illegible]"

သူ့မျက်လုံးတွေက တလက်လက်ဖြစ်လာသည်။ ပြီးတော့ မျက်ခုံး[illegible]ခ်ိန်ဖက်က မသိမသာစုကျုံ့လာသည်။

"သူ့မှတ်ဉာဏ်တွေပျောက်နေတယ်..ညည်းသူ့ကိုမြင်ရင်လည်း စိတ်[illegible]ရမှာမဟုတ်ဘူး၊ သူလည်း စိတ်ချမ်းသာမှာမဟုတ်တာသေချာတယ်[illegible]ဖြစ်လို့လဲဆိုတော့ သူဘယ်သူ့ကိုမှ စကားမပြောဘူး၊ အထူးသဖြင့်[illegible]ဆို သူနာပြုတွေတောင် သူ့ရှေ့လာတာမကြိုက်ဘူး.."

ဦးကျော်ပြောထားတာ သူမသိပြီးခဲ့ပြီဖြစ်သည်။ ဒါပေမဲ့ ကိုကြီးကို[illegible]ခေါ်မှာပဲလို့ စိတ်ထဲမှာတေးထားခဲ့သည်။ သုကို ကိုကြီးကအချစ်[illegible]ကိုကြီးရဲ့တစ်ဘဝလုံးမှာ သူ့ထက်အရေးကြီးတာမှ မရှိတာ။ ကိုကြီး[illegible]သတွေဥပေက္ခာတွေက သုအတွက်ဘယ်လိုမှမဖြစ်နိုင်။ ဤသို့ယုံ[illegible]ခဲ့ရင်း သူမရှေ့တိုးဖို့သာ ဆုံးဖြတ်ထားကာ.. ।

"သုနဲ့ကိုကြီးတို့ ဖားကန်ကိုသွားကြ.."

"ဦးကျော်..ဦးကျော်ဘယ်မှာလဲ.."

"ဟေ.."

ဦးကျော် ရင်တထိတ်ထိတ်နဲ့ကြည့်နေရင်း အပြေးတစ်ပိုင်းဝင်လာခဲ့[illegible]င်းမြတ်စည်နေရာမှ ထရပ်လိုက်ကာ.. ।

"အဲ့ဒီမိန်းမကို ခင်ဗျားလွှတ်ထည့်လိုက်တာလား.."

"မဟုတ်ပါဘူး.."

"မဟုတ်ရင် မောင်းထုတ်လိုက် ခင်ဗျားပါထွက်သွား..ကျက်သရေ[illegible]ဦးမိန်းမတွေ၊ အလကားကူလီကူမာတွေ..ကျုပ်ရှေ့ကို'မ'ဆို ခွေးမ[illegible]မတောင် မလာစေနဲ့..တောက်.."

သုကို လိုက်ခဲ့ဖို့ခေါ်ပြီး သူလှည့်ထွက်လာခဲ့သည်။ ပြန်ကြည့်လိုက်[illegible]သုကပါမလာ။ ဦးကျော်ကမန်းကတန်းပြန်ဝင်သွားကာ သုလက်လေး

အခန်း(၄၄)

ကိုကြီး..

သုရင်ထဲမှာ လှပ်ခနဲအေးသွားအောင် ပျော်သည့်အပျော်သည်[illegible]တော့မှပျောက်သွားမှာမဟုတ်သော အေးမြခြင်းမျိုးဖြစ်ကာ ရုတ်တ[illegible]လှမ်းတွေလည်း ရပ်သွားမိလျက် ကျင်ခဲသွားသည့်လက်ချောင်းတို့[illegible]ထားမိတဲ့အထိ။ မင်းမြတ်စည်သည် အပြာနုရောင်ချည်သား[illegible]ပွပွကြီးနှင့် ဆံပင်တွေ ဖားလျားကျနေတာ ဖရိုဖရဲ။ ဟိုအရင်ဒီဆံပင်[illegible]ဖြန့်လျက်သားမြင်နေရခြင်းက သူ့ခန္ဓာကိုယ်နှင့်လိုက်ဖက်စွာ သေ[illegible]သပ်။ ခုကျတော့ တွန့်သည့်ဆံပင်က ကောက်ကွေ့နေသည်။ မျက်[illegible]ဖရိုဖရဲဖြတ်ဆင်း၏။ လူနာခုတင်ပေါ်မှာ ခြေချထိုင်နေပုံက တစ်[illegible]လေးအနက်တွေးနေတာလား ဒါမှမဟုတ် တစ်ခုခုကိုစူးစိုက်တွေ[illegible]တာလား.. ।

"ကိုကြီး.."

ဟေ့..

ဦးကျော်တားဆီးချိန်မရလိုက်မီ သုကလှမ်းဝင်သွားပြီဖြစ်[illegible]

ကို သွားဆွဲခေါ်ရတော့သည်။ မင်းမြတ်စည်သည် သုကိုမြင်လိုက်ရ[illegible]
တစ်ခုခုပေါက်ခွဲဖျက်ဆီးပစ်ချင်နေသလို ဟိုဘက်လှည့်သွားပြီး ဆံ[illegible]
ထဲ လက်နှစ်ဖက်စုံထည့်၏။ ပြီးတော့ ကိုယ့်ခေါင်းကိုကိုင်ထားပြီး [illegible]
တွေပါမှိတ်ထားခဲ့သည်။ ထို့နောက်..

"ဟာ..ကဲကွာ.."

"ခွမ်း..ချွင်.."

"ဟာ.."

ဦးကျော်ပြန်ပြေးဝင်သွားလျှင် ဒရစ်တိုင်ကိုဆွဲယူကာ အ[illegible]
ရှိုက်ချပစ်နေသော မင်းမြတ်စည်လက်ထဲတွင် ဗီရိုပုလေးပေါ်မှာရှိ[illegible]
ဆေးဝါးပစ္စည်းများနှင့် ဆေးရုံးသုံးစက်ကရိယာတွေအားလုံး ကွဲ[illegible]
ကုန်လျက်.. ।

"အဲ့ဒီမိန်းမတွေကို ရိုက်သတ်ရမှာ..သတ်ပစ်သင့်တာ.."

သူ့အသံတွေ သုကြားနေရသည်။ ဖောက်ခွဲဖျက်ဆီးပစ်နေသ[illegible]
ရုံဝန်ထမ်းတွေနဲ့ လုံခြုံရေးသမားတွေ ပြေးဝင်သွားတဲ့အထိ သူ[illegible]
နေခဲ့၏။ အခြေအနေအားလုံး တိတ်ကျဉ်မ်သက်သွားတဲ့အထိ သ[illegible]
ရပ်နေဆဲရှိလျှင် ပြန်ရောက်လာသည့်ဦးကျော်တအံ့တသြဖြစ်သွား[illegible]
တော့ ပခုံးကိုအသာပုတ်၍.. ।

"ပြန်နှင့်ကြ..သူ့ကိုသွားပို့ပြီးမှ.."

"ဘယ်ကိုပို့မှာလဲဟင်.."

"သူပိုင်တဲ့ကွန်ဒိုတွေရှိတယ်..အဆင်ပြေမယ့်တစ်နေရာပေါ့.."

"အိမ်ကိုခေါ်ခဲ့ပါဦးရယ်..ကိုကြီးကိုသုပြုစုပါရစေ.."

"ဘာ.."

"ကိုကြီးကိုတခြားခေါ်သွားလည်း သုကလိုက်မှာပဲ.."

"ဟာ..ဒီကောင်ဘယ်လောက်ပြင်းထန်နေလဲ ညည်းမြင်တာပဲ [illegible]
လို့မဖြစ်နိုင်တာတွေ.."

"ဘာလို့မဖြစ်နိုင်ရမှာလဲ..သူဒေါသထွက်ပါစေ၊ သုကိုကြိ[illegible]
ပေါက်ကွဲပါစေ..နောက်ဆုံးသုကိုသေသွားတဲ့အထိ သူနှိပ်စက်လည်[illegible]
တယ်၊ ဒီတစ်ခါ သုကိုအလှည့်ပေးပါဦးရယ်နော်..ကိုကြီးမသေဘူး[illegible]

[illegible]ကျော်ရတဲ့အချိန်မှာ သုဘဝကိုပြန်ရလိုက်သလိုပဲ၊ အဲ့ဒီကြည်နူးချမ်းမြေ့မှု
[illegible]ပြန်မဆုံးရှုံးပါရစေနဲ့..သုတောင်းပန်ပါတယ်၊ ကိုကြီးကိုသုကိုပေးပါနော်"

ဦးကျော် စိတ်ညစ်သွားသည်။ ဒီတိုင်းပဲလည်း ဖြစ်သင့်တာမှန်ပေမယ့်
[illegible]ချင်တဲ့သူက သေလောက်အောင်ခါးသီးနေသည်။ စိတ်ရောဂါအထူးကု
[illegible]ဝန်၏ ပြောပြချက်အရဆိုလျှင် အစွန်းရောက်စိတ်ရှိနေတဲ့လူတွေ သတိ
[illegible]ပြီဆို နူးညံ့ကြတာ ရှားသည်တဲ့။ ထို့ပြင် သူတို့စွဲလမ်းတာတစ်ခုကိုပဲ
[illegible]ကောဖော်ထုတ်ဖို့ ကြိုးစားနေတတ်သောကြောင့် အမြဲတမ်းဖိစီးမှုရှိနေ
[illegible]သည့်စိတ်က ထွက်ပေါက်မရှိ.. ।

"သူထိခိုက်မှုမဖြစ်ခင် တစ်ခုခုအပေါ်မှာ အငြိုးတကြီးစွဲလမ်းသွားတာ
[illegible]လိမ့်မယ်..ဘာကြောင့်အငြိုးလို့ပြောနိုင်တာလဲဆိုတော့ သူအသိစိတ်ဝင်
[illegible]တည်းက သူ့မှာဒေါသကလွဲပြီး ဘာမှမရှိဘူး..မိန်းမတိုင်းကို သူဒေါသ
[illegible]ကနေမှာပဲ.."တဲ့.. ।

"အဲ့ဒါကြောင့် သူ့ကိုမရှိတော့ဘူးလို့ ငါပြောခဲ့တာပေါ့..ညည်းတို့တွေ
[illegible]ရင် ဒီလိုဖြစ်မှာပဲဆိုတာ ငါသိတယ်၊ သူ့ရောဂါမပျောက်ခင်အထိ တခြား
[illegible]မှာထားဖို့ ဒါကြောင့်ငါဆုံးဖြတ်ခဲ့တာ.."

ဦးကျော် ကိုယ့်အတွေးတွေကိုဖျောက်၍ သုနားလည်အောင်ရှင်းပြမိ
[illegible]။

"ဆရာဝန်ရဲ့တွေ့ရှိချက်နဲ့ကြည့်ရင် သူဒေါ်ထားအိနဲ့မိဝေကြောင့် ဒီ
[illegible]တစ်ဖက်စောင်းနင်းဖြစ်သွားတာ..လူယုံသတ်တာခံရလေခြင်းဆိုတဲ့ယူကျုံး
[illegible]ကိုတ်ရယ် မိန်းမတစ်ယောက်ကြောင့် သူပက်ပက်စက်စက်ခံလိုက်ရတဲ့မာန်
[illegible]နေမီ.."

"အဲ့ဒါကြောင့် သုနားလည်ပေးနိုင်တယ်.."

"ညည်းနားလည်ပေမယ့် သူကနားလည်ဖို့မလွယ်ဘူး..ကိုယ်ထိလက်
[illegible]ကတ်တွေဖြစ်လာရင် ညည်းမှာကိုယ်ဝန်နဲ့လေ၊ နောင်တစ်ချိန်မှာ သူ့ကိုယ်
[illegible]သတ်သေချင်စိတ်ပေါက်အောင် နောင်တရစရာကိစ္စမျိုး.."

"မဖြစ်ဘူး..အဲ့ဒါမျိုးလုံးဝဖြစ်မှာမဟုတ်ဘူး.."

သုက မျက်နှာလေးမော့ကာ လက်သီးနှစ်ဖက်ဆုပ်ကပ်ထားရင်း ယုံ
[illegible]ကြည်ချက်တွေအပြည့်နှင့်.. ।

"သုကိုရော သုဗိုက်ထဲကကလေးကိုရော ကိုကြီးဘယ်တော့မှထ
အောင်လုပ်မှာမဟုတ်ဘူး..ဘာဖြစ်လို့လဲဆိုတော့ ကိုကြီးမုန်းနေတာ
မှမမဟုတ်တာ.."

"ခက်ပါလားသုမနော..ရောဂါပျောက်ဖို့ထက် လောလောဆ
စိတ်ငြိမ်သက်ဖို့ကို ငါတို့တော်တော်ကြိုးစားကုရဦးမှာ၊ ဘယ်သူ့ကို
ခိုက်မခံနိုင်တဲ့ အချိန်မို့လို့ပါ..နားလည်စိတ်ထားပြီး အခု သူနဲ့ဝေး
ပဲနေဖို့ ကြိုးစားပါ.."

"ဒါဆို သုက ကိုကြီးကိုဘယ်လောက်တောင်မမြင်မတွေ့ရဘဲ
လဲ.."

"သူမရှိတော့ဘူးဆိုတုန်းကတောင်.."

"အခု သူရှိနေတယ်လေ..ကိုကြီးသတိရလာအောင် နီးနီးကပ်
ဘဲ သုဘယ်လိုကြိုးစားရမှာလဲ၊ ချွေးထွက်များမှ သွေးထွက်နည်းမှာ
ဘူးလား..ကိုကြီးသတိရလာမယ်ဆိုရင် သုဘယ်ဘဝရောက်သွားသွား
လောက်ထိခိုက်နစ်နာပါစေ.."

"ဒါလည်းဖြစ်သင့်တဲ့ကိစ္စပဲဦးကျော်ကျော်.."

အနားကို ဘယ်တုန်းကရောက်လာခဲ့မှန်းမသိသော ဒေါက်တာ
ယောက်စလုံးနဲ့ မျက်နှာချင်းဆိုင်မှာ လာရပ်ကာ.. ၊

"သူတို့ချင်းနီးစပ်နေမှ အတိတ်ကိုသတိရနိုင်ချေ ပိုရှိလာမှာ
ပူကြီးနေတာနဲ့ ကိုယ်ပူကျဆေးဖမ်းထိုးလို့လည်း မရဘူး၊ ဟုတ်တယ်မို့
ဆရာဝန်တွေလည်း ရောဂါရှာရင်း စမ်းသပ်ကုသရတာပါ..သူ့စိတ်
ရကဘာလဲဆိုတာ ဒီလိုပဲပေးတွေ့ကြည့်သင့်တယ်လေ၊ ကျွန်တော်
ဖွန့်စားကြည့်သင့်တယ်လို့ အကြံပေးချင်တယ်.."

ဦးကျော် ငေးငိုင်သွားသည်။ သူစိုးရိမ်နေတာက အစတည်း
စက်နေခဲ့တဲ့ မင်းမြတ်စည်ရဲ့နှလုံးသားနဲ့ သူ့ရင်သွေးကိုလွယ်ထား
တဲ့သုမနော။ ဒီကောင်လေးထိန်းချုပ်နိုင်ပါ့မလား.. သူ့ရင်ထဲကဒေါ
တွေကို ဖောက်ခွဲပစ်ချင်နေသည်။ ဒါပေမဲ့ သူမုန်းနေတဲ့မိန်းမဘယ်
တာ သူ့စိတ်ထဲမှာရှုပ်သဏ္ဌာန်အမှန်မပေါ်။ ဒီဒေါသကို သုဆီမှာ
ခဲ့ရင်.. ၊

"သူ့ရဲ့စိတ်ဓာတ်ကာရိုက်တာကို ကျွန်တော်အသိဆုံးဒေါက်တာ..သူ
အစတည်းက မာကျောတဲ့လူ.."

"သူ့ဇနီးကိုတော့ ချစ်ရဲ့မို့လား.."

ဦးကျော် ခေါင်းညိတ်တော့ ဆရာဝန်ကပြုံးကာ.. ၊

"ခက်တာတစ်ခုပဲရှိတယ်ဦးကျော်ကျော်..ဒီလိုဖြစ်ရပ်တွေမှာ ဝေဒနာ
တွေက သူတို့ချစ်တဲ့သူတွေကိုပဲ ကွင်းကွက်မေ့နေတတ်ကြတာများ
.. သို့သော် မိသားစုက နားလည်ပြီး အဲ့..ကာယကံရှင် အချင်းချင်း
ခံနားလည်မယ်ဆိုရင် ဒါကြောက်စရာမဟုတ်တော့ပါဘူး.."

"သုအဆုံးစွန်ထိ သည်းခံနိုင်တယ်.."

သူမသည် ရဲရဲတောက်သတ္တိများနှင့်..

♥♥♥♥♥

အခန်း(၄၅)

ဒီနည်းအတိုင်း ရှေ့ဆက်ကြဖို့စီစဉ်ကြပေမယ့် သုနဲ့သီတာ[illegible]
လေးတွေ သီးသန့်တစ်အိမ်ခွဲထားလိုက်ရသည်။ မင်းမြတ်စည်ကို[illegible]
နဲ့ရင်းနှီးပြီးသား ဆိုက်ဒ်ထဲကလူငယ်လေးတစ်ယောက်ကို [illegible]
လိုက်သည်။ သူ့ကိုယ်သူဘယ်လိုလူဆိုတာ နားမလည်ခင် ငြေ[illegible]
ရှယ်က သူလိုအပ်သမျှကားမောင်းပေးတဲ့အထိ အားလုံးလုပ်ပေး[illegible]
တော့ သူ့ကိုမြင်သာတဲ့နေရာကနေ ရပ်ငေးချောင်းကြည့်ရင်း..

"ကိုကြီး ဒီစိတ်ဝေဒနာကြီးနဲ့ အရူးလိုထုံထိုင်းငေးမှိုင်နေတာ [illegible]
လောက်ထိကြည့်နေရမှာလဲသီတာ..ငါဒီတိုင်း ဘယ်လောက်ထိ[illegible]
လဲ.."

"မမလေး ဆရာဝန်လာပါတယ်ရှင်.."

သူမစိတ်တွေပူလောင်နေသည်။ ဆရာဝန်အပတ်စဉ်[illegible]
လည်း စောင့်ရှောက်ခံနေရသည်လို့ မမြင်ဘဲ ကိုယ့်ကိုယ်ကိုအ[illegible]
ခံနေရသည့်အတိုင်း..

"ဒေါက်တာ့ကို တစ်ခုလောက်မေးလို့ရမလားဟင်.."

"ဟင်..မေးလေ ရပါတယ်.."

"စိတ်ဝေဒနာရှင်တစ်ယောက် သူစွဲလမ်းနေတဲ့အရာကို စိတ်ထင်သလို[illegible]
ခွင့်ပြုလိုက်ရင် သူ့ဝေဒနာပျောက်သွားနိုင်မလားဟင်.."

"ဟေ.."

ဆရာဝန်သာမကဘဲ သီတာပါမျက်လုံးပြူးသွားသည်။ သဘော[illegible]
ကြပုံချင်းတော့ ကွဲလွဲနေကြကာ.. ।

"ဘာကိုမေးတာလဲသူဌေးကတော်..စိတ်ဝေဒနာရှင်တစ်ယောက် စွဲ[illegible]
နေတဲ့အရာတစ်ခုခုဆိုတာ ကြောက်စရာကြီး၊ စိတ်ပညာကဏ္ဍကို သိပ်[illegible]
လိုက်စားဘူးပေမယ့် ဒါတော့ ခွင့်မပြုသင့်ဘူးထင်တယ်နော်..အရမ်း[illegible]
ယ်များတယ်.."

ဆရာဝန်က ဒီအိမ်ကတစ်ယောက်သောသူ ဘာရောဂါခံစားနေရ[illegible]
ဆိုတာကိုမသိ။ သိနေသည့်လူတွေပဲ အထိတ်တလန့်ဖြစ်ကုန်ကြကာ..

"ဟင်း.."

သုမေးတာကိုရော ဆရာဝန်ပြန်ဖြေတာကိုပါ ကြားလိုက်သည့်ဦး[illegible]
ခေါင်းတရမ်းရမ်းဖြစ်သွားလေသည်။ သူ ဒီအခန်းရှေ့ကိုရောက်လာ[illegible]
ကြာသေးပါ။ ဒါပေမဲ့ အားလုံးကိုကြားလိုက်သည်။ သူမဘယ်လိုရည်[illegible]
ကန့်နဲ့မေးတာမှန်း ရိပ်မိလိုက်သဖြင့် သူထင်သလိုမဟုတ်ပါစေနဲ့လို့ပဲ[illegible]
ဆောင်းလိုက်မိသည်။ ဆရာဝန်ပြန်ထွက်လာကာမှ.. ।

"ညော်..ကိုကျော်ပါလား၊ လူကြီးရော ကလေးရော ကျန်းမာပါတယ်[illegible]
အားလုံးအိုခေတယ်နော်.."

မေးစရာမလိုဘဲ ပြောသွားသည်။ သူအထဲဝင်လာတော့ သုကလည်း[illegible]
ရာတွေအပြည့်နဲ့ ဆီးကြိုနေကာ.. ।

"သု ဒီနေ့ကိုကြီးနဲ့စကားသွားပြောမယ်.."

"ဘာထူးမယ်ထင်လို့လဲ..ညည်းကိုမောင်းထုတ်မှာပဲရှိတယ်၊ အခန့်မ[illegible]
ရင် လက်ပါလိမ့်မယ်..ညည်းမှာကိုယ်ဝန်နဲ့.."

ဒါပဲပြောနေကျမို့ ဒီတိုင်းကြားရမှာပဲဆိုတာ သိပြီးသားပါ..သူမကိုယ်[illegible]
လေးလပဲရှိသေးသည်။ ဆရာဝန်တွေမိန်းမဖော်တွေနဲ့ ဘုရင်မတစ်ပါး[illegible]
နေရသည်။ သူမလိုချင်တာတွေ ဒါတွေလား..။ ကိုယ်လိုချင်ဆုံးယု

ယမ္ဘက ကိုယ်ချစ်တဲ့သူဆီကပါ။ သုကိုချစ်တဲ့ ယောကျ်ားဆီက ချစ်ခင်
မ္ဘကလွဲပြီး တစ်လောကလုံးရှိသမျှ ဆရာဝန်တွေပတ်လည်ဝိုင်းနေပါ
တွေရှိသမျှ သုအတွက်ရံရွှေဖော်တွေဖြစ်ကုန်ကြပြီပြောပြော တောင့်
အရာဆိုတာ တစ်ခုပဲရှိသည်။

"အခု သုရည်ရွယ်တာက ကိုကြီးကိုပြုစုခွင့်ရဖို့ပါ..ကိုကြီးက
ကပ်ခံပြီဆိုရင် ကိုကြီးအတွက် တစ်သက်လုံးကျွန်ဖြစ်သွားပေ့စေ
မိတ်ဆွေလိုပဲ ဆက်ဆံသွားရင်လည်း မိတ်ဆွေအဖြစ်နဲ့ နေသွားနိုင်
ဒီလိုမှမဟုတ်လို့ ဦးကျော်ဆက်တားနေဦးမယ်ဆိုရင်တော့ သုအခု
ကြိုးစားမနေတော့ဘူး.."

ဦးကျော် ရင်တုန်ပန်းတုန်မျက်နှာနှင့် စိုက်ကြည့်နေ၏။

"ကိုကြီးဝေဒနာပျောက်ဖို့အတွက် သုကိုယ့်ကိုယ်ကို စမ်းသ
မယ်.."

"တော်..တော် မဟုတ်တမ်းတရားတွေ လျှောက်တွေးနေတာ
တယ်.."

"မဟုတ်တမ်းတရားမဟုတ်ဘူး...တွေးရုံပဲတွေးနေတာလည်း
ဘူး၊ သုအဲ့လိုပဲဆုံးဖြတ်ထားတာ၊ ကိုကြီးက သူမုန်းနေတဲ့မိန်းမတစ်
ကို ပေါက်ကွဲဖို့ပုံဖော်လို့မရဘူးဆိုရင် အဲ့ဒီပုံစံဖြစ်အောင် သုက
ပေါက်ကွဲလာမယ့်စကားတွေ.."

"သုမနော.."

ဦးကျော် ဒေါသထွက်လွန်းသဖြင့် နံရံကိုပါ လက်သီးဆုပ်နဲ့
ထုချပစ်လိုက်သည်။ ဒီလောက်တောင်မိုက်မဲရသလား.. အချစ်ကို
တပ်ပြီး ဘာလုပ်လုပ်သူရဲကောင်းဖြစ်သွားမယ်ထင်နေတာလား...မိန်
လေး..

လူထက်စိတ်ကပိုကြီးကာ ဘယ်ကစပြီး အပြစ်ဖို့စကား
တောင်မသိ။ မင်းမြတ်စည်က သူ့စိတ်နဲ့သူ့ကိုယ်ရှိနေတာ မဟုတ်
လည်း လွတ်လွတ်လပ်လပ်ပေါ့ပေါ့ပါးပါးမဟုတ်ဘဲ ဟိုကဒေါသ
လောက် မှန်တစ်ချပ်လိုပေါက်ခွဲပစ်မှာကို ဘယ်လိုအကျိုးအမြတ်
မှာမို့လို့ ဘယ်သူ့အတွက် အသေခံချင်တာလဲ.. ।

"တောက်.."

ခါးထောက်တက်ခေါက်မိရင်း သူမရှေ့မှာပဲ ခေါက်တုံ့ခေါက်ပြန်
ကေမိသည်။ ပြီးတော့ သုဘက်ကိုဖျတ်ခနဲလှည့်၍.. ।

"တစ်ခုပဲရှိတော့တယ်..ညည်းကိုတိုက်တံခါးပိတ်ထားဖို့.."

"အဲ့လိုလုပ်မယ်ဆိုလည်း သုကိုတစ်ခါတည်းသတ်ပစ်လိုက်ပါ.."

သုမျက်ရည်တွေဝေ့လာကာ ဦးကျော်ရှေ့ရောက်အောင်သွားသည်။
ကော့ ခြေရင်းမှာတအိအိခူးထောက်ကျသွားခဲ့ရင်း.. ।

"ဒီလိုဘဝမျိုးနဲ့ သုမနေနိုင်လို့ပါ..သုကိုကြီးနဲ့တွေ့နေပါရစေ၊ ကိုကြီး
ပြုစုခွင့်ရအောင် သုကိုကြိုးစားခွင့်ပေးပါ..ခွင့်မပြုနိုင်ဘူးဆိုရင် ခုသတ်
ပါ၊ သုကိုယ်တိုင်တောင်းဆိုပါတယ်.."

♥♥♥♥♥

အခန်း(၄၆)

သူ့ကိုထမင်းစားဖို့ လာခေါ်ပြီဆို ငြေပဲအားလုံးပြင်ဆင်[illegible]
အနားမှာပဲရှိနေကျ။ သူဝင်လာတည်းက ထမင်းစားခန်းထဲမှာ [illegible]
မနေခဲ့ခြင်းကို သတိထားမိလိုက်သည်။ စားပွဲပေါ်မှာ ပြင်ဆင်[illegible]
ဟင်းအမယ်တွေကလည်း ငြေပြင်ပေးနေကျ အရောင်အဆင်းမျိုး[illegible]
နေ၏။ သူနောက်ထပ်မီးဖိုဘက်ကို ငဲ့ကြည့်လိုက်မိလျှင် မီးဖိုပေါ်[illegible]
နေသောဒန်အိုးတစ်လုံးက အိုးဖုံးကြားကနေ ရေနွေးငွေ့တွေတိုးထွ[illegible]
မီးဖိုပေါ်ကနေ ခုန်ပေါက်ထွက်လာတော့မယ့်အတိုင်း.. ।

"ငြေ..ဒီမှာ ဘာအိုးတင်ထားတာလဲ.."

လှည့်မကြည့်ဘဲ လှမ်းအော်လိုက်ကာ ကိုယ့်ဘာသာပန်း[illegible]
ထမင်းထည့်လိုက်သည်။ ပြီးတော့ သူပထမဆုံး သတိထားမိလို[illegible]
ပုဇွန်ထုတ်ကြီးတွေနဲ့ အနှစ်တစ်ခုခုနယ်ထားသည့်ပန်းကန်။ ဟင်း[illegible]
ကြည့်ရင်း လက်ကရောက်သွားသည်။ ပုဇွန်ထုတ်ဟင်းဆိုရင် [illegible]
ဒါမှမဟုတ် အနီရောင်ဆီပြန်ပဲတွေဖူးတာမို့ ဒါကဘာဟင်းလဲဆို[illegible]
ဝင်စားမှုက ဟင်းကိုခပ်ယူပြီး စားလိုက်မိတဲ့အထိ.. ।

အားလား..

စပ်လိုက်တာဆိုသည့်အသိမှာ သူစားမိပြန်ပြီဆိုသည့် အတွေးတစ်ခု[illegible]
ပေါ်လျက်ပါ၏။ သို့သော် ဖျတ်ခနဲ..

"ဟား.."

မျိုချတော့စပ်သည် ဝါးနေတာကို ပြေးထွေးလိုက်ပါလားဆိုတော့ ဒါ[illegible]
ကိုစိတ်ကနှစ်သက်လက်ခံနေမှန်း သူ့ကိုယ်သူတောင်မသိ။ လက်က ရေချိုင့်[illegible]
ဆီလှမ်းလိုက်လျှင် သူ့ထက်ဦးသော ဖွေးနုသည့်လက်လေးတစ်စုံက ရေတစ်[illegible]
ကျက်ငှဲ့လိုက်ပြီး.. ।

"ရော့..ကိုကြီး.."

သူလက်တွန့်သွားသည်။ ရေလှမ်းပေးနေသည့်သူမက မျက်တောင်[illegible]
ကားတို့ကော့တက်နေတဲ့အထိ သူ့ကိုငေးစိုက်ကြည့်နေသည်။ ထောင့်ချိုးလေး[illegible]
ဆွဲပေါ်အောင် ဖူးလုံးနေသည့် နှုတ်ခမ်းလေးတစ်စုံ။ ပြီးတော့ ရွှန်ကော့နေ[illegible]
သည့် နှာတံလုံးလုံးလေး။ ပြီးတော့ သူမဝတ်ထားသည့်ပန်းနုရောင်လည်[illegible]
ပင်ကိုယ်ကျပ်လေးက သူမလေးနဲ့တစ်သားတည်း။ မျက်လုံးချင်းငေးခနဲ[illegible]
ဆုံသွားခဲ့သည်။ သို့သော် ရေခွက်ကိုသူ့လက်နဲ့ရိုက်ထုတ်ပစ်လိုက်ပြီး.. ।

"မင်းကိုဘယ်သူခေါ်လို့လဲ.."

နှုတ်ခမ်းလေးပွင့်ဟနေတဲ့အထိ ငေးစိုက်နေခဲ့သည့် သူမမျက်နှာလေး[illegible]
တည်သွားသည်။ နှုတ်ခမ်းသားလေးတွေ တင်းကပ်စေ့ပိတ်သွားပြီးမှ.. ।

"ရှင်ခေါ်မှလာရအောင် ကျွန်မကအိမ်ဖော်လား.."

"ဘာပြောတယ်.."

သုရင်ထဲမှာ သိမ့်ခနဲတုန်သွားသည်။ နဂိုတည်းက ချစ်ခင်လေးစား[illegible]
ခဲ့ရသည့် လင်ယောကျ်ား၏အမျက်ဒေါသသည် သူမ၏ရင်ခုန်သံတွေကို[illegible]
ထပ်တီးသလို ရိုက်ပုတ်နှိပ်စက်၏။ ဒါပေမဲ့ သူမတုံ့ပြန်နိုင်ရမည်။ ညီးငယ်[illegible]
ဆောင်းပန်နေတော့ ကူလီကူမာမာယာများတဲ့မိန်းမ ကောက်ကျစ်ယုတ်မာ[illegible]
သည်နှင့် ဆင်တူသောစကားကိုဆိုမိလျှင် ကြံ့စည်ခံခဲ့ရသည့် နာကျည်းချက်[illegible]
ဆွဲနဲ့ ဒေါသအိုးကွဲလိမ့်မည်။ ထို့ကြောင့် သူမည့်သက်ပြီးဆက်ဆံနေလို့မ[illegible]
ပြီ။ မရိုးမသားကြံ့စည်နေခြင်းအလျင်းကင်းသည့် ကိုယ့်မျက်လုံးကိုယ့်စ[illegible]
ကားသံတွေကို သူသိရမည်။ ဒီနေရာကိုလာပြီဆိုတည်းက သူမပုံစံကို ထိုနှစ်

မျိုးနှစ်စားသော မိန်းမတို့၏ ပုံစံနှင့်ခြားနားရမည်ဆိုတာ ဆုံးဖြတ်ခဲ့ပြီး

"မင်းပြန်ပြောလိုက်စမ်း.."

"ကျွန်မက ရှင့်မိန်းမ.."

"တောက်.."

သူ့တက်ခေါက်သံကြောင့် ရင်ထဲမှာ နင့်ခနဲဖြစ်သွားသည်။ ဒါ

ဒါကကိုကြီးရဲ့စိတ်ရင်းမဟုတ်။ တကယ်တမ်းကျတော့ ကိုယ်ချစ်ရတဲ့

အမျက်ဒေါသကို အပြုံးမပျက်ရင်ဆိုင်နိုင်ဖို့ဆိုတာ မလွယ်။ သူပြောရ

အကြောင်းကို နားလည်နိုင်ပေမယ့် အပြောခံရခြင်းက ပန်းနဲ့ပေါက်

ဟုတ်။ သုမျက်ရည်ဝေ့လာသည်။ သို့သော် အံကြိတ်ပြီး ပြန်မော့၏

"ရှင်ကဝေနာရှင်ဖြစ်နေပေမယ့် ယောကျ်ားကောင်းတစ်ယောက်

မမှတ်မိတာတွေ မလိုလားတာတွေ ရေရွတ်ပြီး ကိုယ့်ဇနီးမယားကို

မောင်းသလိုမောင်းထုတ်တာ မကောင်းပါဘူး.."

"ခွေးလိုပဲမောင်းမောင်း..ဂဠုန်လိုပဲပျံပျံ ကြိုက်တဲ့ပုံစံနဲ့ထွက်

ထုတ်တာမခံချင်ရင် အစတည်းကမလာနဲ့.."

သူက သူ့ရှေ့မှာခြေချဲခါးထောက်လိုက်ပြီး မျက်နှာချင်းနီးသွား

ငုံ့ကြည့်၍.. ।

"ငါကယောကျ်ားကောင်းဖြစ်ဖို့အတွက်နဲ့များ မိန်းမတွေကို ငုံ့ကြည့်

နာရမယ်ဟုတ်လား..မင်းဘယ်သူဖြစ်ဖြစ် ငါစိတ်မဝင်စားဘူး၊ ငါ့ကို

စိတ်မဝင်စားနဲ့..အဲ့ဒါကြောင့် ထပ်ပြောမယ်၊ ငါ့မိန်းမဖြစ်ကြောင်း သ

ထူပြီး နောက်ထပ်လုံးဝမလာပါနဲ့.."

"ဒါဆို သုကဘာလုပ်ရမှာလဲ.."

သူမမျက်ဝန်းမှာ မျက်ရည်တွေပြည့်အိုင်နေသည်။ အပေါ်

မျက်တောင်ဖျားတို့၏ သိပ်သည်းမှုပေါ်မှာ မျက်ရည်ထုကမထိုးဖောက်

ဘဲ လှုပ်ခတ်ယိမ်းနွဲ့ရင်း ပြိုးပြက်လက်နေသည်။ ထိုအခါ ပန်းချီ

သလို လှသောသူမမျက်ဝန်းတို့မှာ သူမှင်တက်မိုးငေးငိုင်သွားခဲ့ပြီး..

"သုမှာ ရှင့်ကိုယ်ဝန်ရှိတယ်."

ဟင်..

တစ်ကိုယ်လုံးလှပ်ခနဲတုန်ခါသွားသည်။ သူ့မျက်နှာပျက်ကျသွား

ပေါ် သုရဲ့မျှော်လင့်ချက်တွေ ပြည့်သိပ်ဝေဆာခဲ့၏။

"အဲ့ဒါကြောင့် ရှင်ဘယ်လိုလူဖြစ်နေနေ ကလေးရဲ့အဖေပဲ..ဘာဝေဒ

ကတွေရှိနေနေ သုရဲ့ယောကျ်ား၊ အဲ့ဒါကြောင့် ရှင်သုနဲ့ပြတ်တောက်ဖို့စကား

ထပ်မပြောပါနဲ့..သုနဲ့ဝေးကွာသွားအောင်လည်း မကြိုးစားပါနဲ့..ရှင့်နားက

ဝေးဝေးမသွားနိုင်ဘူး၊ ရှင်ထွက်သွားရင်လည်းလိုက်မယ်..ရှင်ဘယ်

ရောက်နေနေ လိုက်ရှာမယ်၊ အဲ့ဒါကျွန်မကလေးအတွက်ပဲ.."

သူပြောလာမှာကို မကြားရဲတော့သဖြင့် သုဖျတ်ခနဲကျောခိုင်းသည်။

ဒီတော့ မီးဖိုပေါ်ကနေ ရေဆူအိုး၏အဖုံးကိုဖွင့်ဖို့ လက်နီးဝတ်ရှာ၏။ မျက်

ရည်စက်ပတ်လောက်ဝေ့လိုက်ပြီးမှ စိတ်မရှည်ခြင်းဖြစ်ကာ လက်နဲ့ဒီတိုင်းအ

ကြိုလှမ်းဆွဲလိုက်သည်။ သို့သော် မင်းမြတ်စည်က သူမလက်ကိုဖမ်းဆွ

ထားလိုက်ပြီး မီးဖိုမီးကို ပိတ်ပစ်လိုက်၏။

"ဒါဘာအရေးကြီးနေလို့လဲ..နေရာတကာပါချင်တာ..မင်း.."

လက်ကိုဆောင့်လွှတ်သွားတော့ သုအရှုပ်လေးလိုငြိမ်သက်ကျန်ရစ်

ပြီးတော့ ထိန်းချုပ်ထားခဲ့ရသည့် မျက်ရည်စက်တို့ ပေါက်ခနဲလိမ့်ဆင်း

ကျလေသည်။

ကိုကြီးကို ချစ်တယ်..

♥♥♥♥♥

ရှိက်ပါလား၊ စတူရီယိုမှာ သွားရိုက်လည်းရတာကို.. "ဆိုတော့.. ।

"မလိုပါဘူးဦးကျော်ရာ..ကျွန်တော့်ဘာသာရိုက်လည်း ရပါတယ်၊ အ
ကြက်ဆုံးတစ်ပုံ ရွေးကူးလိုက်ရင် ပြီးတာပဲ..ချစ်ခြင်းမေတ္တာဆိုတာ ဓာတ်ပုံ
မှာရှိတာမဟုတ်ဘူး.. "လို့တောင် ပြောခဲ့သေးသည်။ ထိုစဉ်က သုပုံစံ
ကလည်း ပြုံးပြုံးရွှင်ရွှင်မရှိခဲ့ပေ။ ဒါကြောင့်ပဲ မင်္ဂလာကိစ္စအတွက်
မြတ်စည်ဘာတစ်ခုမှ ခမ်းနားကြီးကျယ်ဖို့ မကြိုးစားခဲ့တာလည်း ဖြစ်နိုင်

"ကျုပ်က သက်သေရှိသလား..မေးတာမဟုတ်ဘူးဦးကျော်၊ အဲ့ဒါတွေ
ကျွန်တော့်ကို ဘာမှမပြောခဲ့ဘူး.."

"မေးမှပြောလို့ရတာလေ..မင်းကဖုန်းတောင်မကိုင်ခဲ့တာ ငါဘယ်လို
ရမလဲ၊ ဒီမှာဖိုးစည်..ငါပြောတာကို မင်းနည်းနည်းအာရုံစိုက်နားထောင်
ပါ.."

မင်းမြတ်စည်က စားပွဲပေါ်လက်တွေတင်ထားရင်း ဘာမှမမေးတော့
ကြည့်နေသည်။ မျက်ရည်တွေပြည့်သိပ်နေလျက် သူ့ကိုရဲရဲတောက်စွပ်
ကြည့်ခဲ့သော သူမနဲ့ပတ်သက်လာကာမှ ကိုယ့်ကိုယ်ကိုသိချင်စိတ်ဖြစ်လာ
သော သူရဲ့ပထမဆုံးစိတ်ဝင်စားခြင်းသည်..

"မင်းကမင်းစွဲနေတဲ့ပုံရိပ်တစ်ခုကိုပဲ..ဒါမှမဟုတ် ဖြစ်ရပ်တစ်ခုလိုပဲ
ယူဆနေတယ်၊ ဒါကိုပဲ မရမကဖော်ထုတ်ဖို့ ကြိုးစားတယ်..အခု မင်း
ကြည့်နေတာက မင်းကိုယ်မင်းဘယ်သူဆိုတာ သိဖို့.."

ငါဘယ်သူလဲလို့ သူမတွေးခဲ့ဘူးတာအမှန်ပင်။ ကိုယ့်ကိုယ်ကိုမေးဖို့
ကောင်းလိုမျိုး ဒါမှမဟုတ် မင်းမြတ်စည်ဆိုတဲ့လူနဲ့သူတစ်ထပ်တည်းကျနေ
ပါမျိုးလား..

"မင်းမြတ်စည်ဆိုတာ မင်းပဲ..မင်းမြတ်စည်ဘယ်လိုလူဆိုတာ မင်းနား
ထဲသွားရင် အခုဘာတွေမှားနေသလဲဆိုတာ အားလုံးသိပြီးသားဖြစ်သွား
မယ်.."

"ကျွန်တော်မှားနေတယ်လို့ ပြောတာလား.."

"သေချာတာပေါ့.."

မင်းမြတ်စည်မျက်နှာတင်းသွားသည်။ သူဘယ်သူဖြစ်ဖြစ် သူ့ခန္ဓာ

အခန်း(၄၇)

ကြားလိုက်ရသည့်စကားတွေကြောင့် ဦးကျော်လှစ်ခနဲပြုံးမိသည်
မင်းမြတ်စည်ကလည်း မျက်စိလျင်သည်။

"ခင်ဗျားဘာပြုံးတာလဲ.."

"မပြုံးပါဘူးကွာ..မင်းမေးတာကို တွေးမိလို့ပါ.."

"ခင်ဗျားကိုတွေးဖို့မေးတာမဟုတ်ဘူး...မေးရင်ဖြေရုံပဲ.."

မင်းမြတ်စည်က ခင်ဗျားနဲ့ကျုပ်နဲ့ပြောနေခြင်းအတွက် သူ့ကွေ
ဒါပေမဲ့ ဒဏ်ရာတွေနဲ့ မျက်စိနှစ်လုံးပွင့်လာတဲ့အချိန် ပထမဆုံးမြင်
သည့်ဆွေမျိုးသားချင်းအဖြစ် အသိအမှတ်ပြုရုံ စိမ်းသက်သည့်အ
ပြောတွေက နည်းနည်းတော့ကသိကအောက်နိုင်၏။

"အဟမ်း...သူပြောတာတွေအားလုံးဟုတ်တယ်၊ မင်းလုံးဝကိုင်
ခဲ့တဲ့ မင်းရဲ့ဖုန်းထဲမှာ မင်းတို့လက်ထပ်တဲ့နေ့က ဆယ်ဖီပုံတွေရှိ
မင်းမြတ်စည်ဖုန်းထဲကပုံတွေပြတော့တောင် သူအမြင်မတော်
မိသေးသည်။

"ဒီ့ထက်အမှတ်တရယူသင့်တာ မရှိဘူးလေ..မင်္ဂလာစုံတွဲပုံ

ကိုယ်မှာ နုပ်နုပ်စင်းခံထားရသည့်ဒဏ်ရာတွေနဲ့ နိုးထလာခဲ့ရသည်[illegible]
ဆရာဝန်တွေက အသက်ရှင်လာတာ သိပ်ကံကောင်းတယ်တဲ့..။ သူ[illegible]
သလို ထိုးနှက်စော်ကားသွားခဲ့သည့်ဒီခန္ဓာကိုယ်က ကံကိုမှီပြီးမှအ[illegible]
သန်ခွင့်ပြန်ရခဲ့တဲ့အဖြစ်က ဘယ်သူ့ကြောင့်လဲ..။ ဒါဘယ်သူ့ကြောင့်[illegible]
သူမသိချင်ရတော့ဘူးလား.. သိဖို့ကြိုးစားခဲ့တာ ဘာမှားခဲ့သလဲ..

"ဘာမှားခဲ့သလဲဆိုတော့ မင်းကအတိတ်မေ့နေတယ်..ကိုယ့်[illegible]
ကိုသတိရဖို့ မကြိုးစားဘဲ မင်းခန္ဓာကိုယ်ပေါ်က ဒဏ်ရာတွေကြောင့်[illegible]
တဲ့ပြန်ချင်နေတာ မင်းစဉ်းစားကြည့်လေ..လေ့ပေါက်နေရင် လေ့ခ[illegible]
ဖာရမှာမဟုတ်ဘူးလား၊ မင်းကလော်နေတဲ့လေ့ကိုမှောက်ပြီး ဖင်ကတ[illegible]
စားနေတာ.."

ဒီစကားမှာ မင်းမြတ်စည်မျက်နှာလွှဲသွားသည်။ ပြီးတော့ [illegible]
ရုပ်ပြီး လျှောက်ထွက်သွားသည်။ ဦးကျော်ကလည်း လိုက်ပါသွ[illegible]

"မင်းနဲ့သက်ဆိုင်သမျှ ကောင်းကျိုးဆိုးကျိုးတွေက ငါတို့နဲ့လည်[illegible]
တယ်ဖြိုးစည်..မင်းနာကျင်ရသမျှ ငါတို့နာကျင်ရတယ်၊ ဒါပေမယ့် [illegible]
ဒဏ်ရာအတွက် ခံစားနေလို့မဖြစ်သေးဘူး..မင်းစိတ်အခြေအနေ[illegible]
ဖို့ အရေးကြီးတာ မင်းကိုယ်မင်းသိလာတဲ့အချိန်မှာ တရားခံဘယ်[illegible]
တာလည်း သိလာမှာပဲ..တစ်ခုပြောဖို့ရှိတာက တရားခံက သူ့အဖြစ်[illegible]
ပြီ.."

မင်းမြတ်စည်မျက်နှာ ရဲတက်သွားသည်။ မေးရိုးနှစ်ဖက်လှုပ်[illegible]
ခြင်းကိုကြည့်၍ ဦးကျော်စိတ်ပူသွားမိကာ.. ।

"မင်းကိုယ်မင်းလည်း မသိဘူး..သူတို့ကိုလည်း မင်းမသိ[illegible]
အခု အဲ့ဒီလူတွေမင်းရှေ့ရောက်လာရင်တောင် ဒါမင်းကိုထိုးနှက်ခဲ့[illegible]
ပါလို့ပြောတိုင်း မင်းထသတ်နိုင်လား.."

ဒါကျတော့ အသံတိတ်နေ၏။ ဘာပဲဖြစ်ဖြစ် စကားပြောလို့[illegible]
မို့ ဦးကျော်ဝမ်းသာနေမိသည်။ ဒီနေ့ သုနဲ့တွေ့မိသည့်အဖြစ်ကြော[illegible]
အကြောင်းသူစတင်မေးမြန်းလာခြင်းက မျှော်လင့်ချက်တစ်ခု။ ထို[illegible]
သုရဲ့ဇွတ်တရွတ်ဆန်မှုကိုပါ ကျေးဇူးတင်မိလေသည်။ ရာဇဝင်တွင်ခဲ့[illegible]
မည်ဟုဆိုတာကိုလည်း တကယ့်ကိုလေးစားမိပါ၏။ မင်းမြတ်စည်[illegible]

[illegible]ကလျှင် ငိုယိုခြေသလုံးဖက်မှာလား..သူမသည်ဇနီးမယားဖြစ်ကြောင်း[illegible]
[illegible]ခဲ့ဖူးနဲ့ မထတမ်းပြောနေမှာလားလို့သာ သူတွက်ထားခဲ့သည်။ ခုကျတော့[illegible]
[illegible]ဟုတ်..

"သုမနောဆိုတဲ့မိန်းမကို ကျုပ်ကိုတိုက်ခိုက်ဖို့ တမင်လွှတ်လိုက်တာ[illegible]
[illegible]" လို့ ဒေါသတွေနဲ့မေးလာတော့ အံ့ဩသွားမိသည်။

"ပြောသွားတာစုံနေတာပဲ..ကျုပ်ဘာကောင်ဖြစ်ဖြစ် သူဝေဖန်ဖို့မလို[illegible]
[illegible]"တဲ့..

ဒီနေ့တော့ ဦးကျော်အပျော်ဆုံးနေ့ပါ။ သို့သော် ကျေနပ်ပျော်ရွှင်ခြင်း[illegible]
[illegible]ခန်လုပ်ဖုံးဖိ၍.. ।

"အခု မင်းထွက်နေတာ ဒေါသအစစ်တွေမဟုတ်သေးဘူးဖိုးစည်..မင်း[illegible]
[illegible]ကျေနပ်စရာတွေ ပြည့်နှက်နေတဲ့ ဒီခန္ဓာကိုယ်ကြီးကလည်း မင်းမြတ်[illegible]
[illegible]ကိုတဲ့အခွံကြီးပဲ..အဲ့ဒါတွေက မင်းကိုယ်မင်းသိဖို့သာအဓိက အရေးကြီး[illegible]
[illegible]ပြနေတဲ့ သက်သေတွေပဲ..မင်းကျန်းမာဖို့ အရင်ကြိုးစားပါကွာ၊ ပြီး[illegible]
[illegible]ခြင်းအတွက်ရန်သူဆိုတာ မင်းငယ်ငယ်က ဓားပေါက်မြားပစ်လေ့ကျင့်[illegible]
[illegible]ပစ်ကွင်းထဲကပစ်မှတ်တွေပါ..ကြောက်စရာကောင်းတဲ့ရန်သူတွေမ[illegible]
[illegible]ဘူး၊ အသေအကြေချေမှုန်းဖို့လည်း မလိုဘူး၊ တကယ်တော့ မင်းခွေး[illegible]
[illegible]ခံရတာ.."

ဦးကျော် သွေးတိုးစမ်းပြောကြည့်ရင်း တဖြည်းဖြည်းအဖြစ်သနစ်တွေ[illegible]
[illegible]ပြောပြလိုက်သည်။ မင်းမြတ်စည်မျက်ခုံးတွေ တွန့်ကုတ်စူးစိုက်နေခဲ့[illegible]
[illegible]ကြာလာတော့ မျက်နှာတစ်ပြင်လုံးကို လက်ဖဝါးတွေနဲ့ ဖိပွတ်ပစ်[illegible]
[illegible]ထိုလက်တို့သည် ဆံပင်တွေထဲကို ထိုးသွင်းမွှေနှောက်သွားခဲ့ပြီး..।

"အား...ကျွတ် ကျွတ်.."

"ဖိုးစည်.."

ဦးကျော်လက်လှမ်းလိုက်တာနှင့် သူကခေါင်းငဲ့ရှောင်ပြီး လက်ကာ[illegible]
[illegible]ထစ်ခနဲဆို ပျာယာခတ်သွားကြတာကိုမကြိုက်။ ဒါကြောင့်ဘာမှမ[illegible]
[illegible]လိုနေတာတောင် ဖြစ်နေတာကို ဖုံးထားလို့မရသည့် ကိုယ့်ကိုယ်ကို[illegible]
[illegible]နုပ်ချင်။ ခေါင်းတွေအဆမတန်ကိုက်ခဲလာပေမယ့် ဦးကျော်ပြောသည့်[illegible]
[illegible]တွေထဲမှာ ကိုယ်ကဘယ်နေရာမှာလဲဆိုတာ သူရှာဖွေနေမိသည်။ ဘယ်

လိုကြိုးစားရာသော်လည်း ပုံရိပ်တွေကဝေဝါးနေသည်။ ဖျတ်ခနဲသိလိုက်
လိုလို မြင်လိုက်သလိုလို ရှင်းရှင်းကြီးပေါ်လာပါလျက် ဖြုတ်ခနဲပြန်
သွားတာ ဆုပ်မရဖမ်းမမိ.. ।

"ကျွတ်..ကျွတ်.."

အိပ်ရာထဲမှာလဲ့နေရင်း တွေးလို့ကိုက်နေတာမှန်းသိပေမယ့်
ဘဲမနေနိုင်။ တွေးလေကိုက်လေ..

"အား..'

"ကိုကြီး.."

"ဟင်.."

သူကိုယ်တွေပူနေသည်။ မျက်မှောင်ကုတ်ရင်း ငြိမ်နေတာ
ခံစားနေရမှန်းသိသာ၏။ ခေါ်လိုက်လို့ပြန်ထူးလိုက်တာကြောင့် ပိုပြီး
သွားမိသည်။ သူသတိရှိနေရဲ့လား.. ।

"ငြေ..ငါ့ကိုဆေးနဲ့ရေပေး.."

ဆေးမှန်မှန်သောက်ဖို့မပြောနဲ့ ဝေဒနာခံစားနေရရင်တောင်
သောက်ရမှန်းမသိ။ ဒါကို ဦးကျော်လည်းမတတ်နိုင်။ ငြေဆိုတာ
တောင်ကြည့်ရဲတဲ့သူမဟုတ်။ ထို့ကြောင့် သူအခန်းထဲဝင်သွားပြီး
မလာတည်းက ဦးကျော်က ငြေနဲ့ခေါ်ခိုင်းလိုက်တာဖြစ်သည်။

"ကိုကြီးထ..ဆေးသောက်ရအောင်.."

"ဟင်.."

"ထပါကိုကြီးရယ်..ခေါင်းတွေကိုက်နေတာ ဆေးသောက်
ပျောက်သွားမှာ.."

သူဘာမှမပြော။ ငြင်းလည်းမငြင်း။ သူ့လက်မောင်းတစ်ခု
တွဲထူဖို့လုပ်တော့ သူ့ကိုယ်အနည်းငယ်ကြွလာသည်။ ခေါင်းကိုက်
ဆေးတကယ်သောက်ချင်တာလား.. ဖျားနေလို့မျှား ဘာမှမသိဘဲ
နေတာလား.. ।

"အား.."

"ကိုကြီး.."

"ကျွတ်..ကျွတ်.."

လက်ထောက်ထပြီးမှ တုံးခနဲပြန်လဲသွားသဖြင့် သုလန်ဖျန့်အော်မိ
ရင်း ပျာယာခတ်သွားသည်။

"ငြေလုပ်ပါဦး..ကိုကြီးဘာဖြစ်သွားတာလဲ.."

"သူ့ဌေးကျောမှာ ဓားဒဏ်ရာတွေ တော်တော်နက်တာတွေရှိသေး
တယ်မမလေး..သေကွင်းသေကွက်နဲ့နည်းနည်းလွတ်လို့သာ အသက်ရှင်လာ
ခဲ့တာ၊ ရင်ဘက်တွေမှာရောပဲ၊ မမလေးလှန်ကြည့်ပါလား.."

သုလက်လေးတွေတုန်နေခဲ့သည်။ မျက်ရည်တွေက ပိုးပိုးပေါက်
ဆါက် ခုန်ဆင်းနေခဲ့ကြပြီး.. ।

"ကိုကြီးရယ်.."

သူ့လက်မောင်းတစ်ဖက်မှာ နဖူးလေးနဲ့တိုက်၍ ကလေးလိုရှိုက်ငိုပစ်
သည်။ ဒီလိုယုတ်မာတဲ့လူစားတွေနဲ့ ကိုကြီးရန်ငြိုးဖွဲ့ခဲ့တာ သူမကြောင့်..
ရန်ငြိုးတွေနဲ့ဖြစ်လာခဲ့တဲ့ လုပ်ကြံပွဲကြီးကလည်း သူမကြောင့်ပါ။ ကိုကြီး
သာ တကယ်သေသွားခဲ့ရင် သူမ..

"မင်းဘာလုပ်နေတာလဲ.."

ဟင်..

ရုတ်တရက်စကားသံကြောင့် လန့်သွားသည်။ မော့ကြည့်လိုက်တော့
ခုန်ကုတ်ကုတ်မျက်လုံးတွေနဲ့ ဆုံမိကာ.. ।

"ဖယ်.."

သုကိုင်ထားသည့် သူ့လက်မောင်းကိုတိုတောင်းစွာရုတ်ဖယ်ပစ်၏။
ပြီးတော့ နေရာမှထဖို့ပြင်သည်။ ဒါပေမဲ့ မအောင်မြင်။ လက်ထောက်အား
ပေးတာနှင့် ကိုယ်ခန္ဓာနေရာအနဲ့ကနာကျင်မှုသည် သတ္တဝါတစ်ကောင်
ကောင်ကုတ်ဖြဲထားသလို တင်းခဲပူလောင်နေကာ.. ।

"အား.."

အိပ်ရာထဲ ပြန်လဲ့ချလိုက်ရင်း အံကြိတ်မိ၏။ ဒီမိန်းမ ဘာလုပ်တာလဲ.
ခိုင်စိုးပိုင်နင်း..। သူ့အကျီရင်ဘက်ကြယ်သီးတွေ အကုန်ဖွင့်ထားသည်။ ရင်
ဘက်က ဒဏ်ရာတချို့မှာ ဂွမ်းနဲ့ပလာစတာတွေ လှန်ထားပြီးဖြစ်လျက်..।

"မင်းကို ငါ့အခန်းထဲဘယ်သူသွင်းလိုက်တာလဲ.."

"သုက.."

"မင်းဘယ်သူဖြစ်ဖြစ် ငါ့အခန်းထဲကို ငါခွင့်မပြုဘဲ မလာရဘူး...သူ
ခုချက်ချင်းထွက်.."

"ဦးလည်းမရှိဘူး...ငသြက ဆရာဝန်သွားပင့်တယ်၊ ရှင့်ကိုဘယ်သူ
ဂရုစိုက်မှာလဲ.."

"ဘယ်သူမှဂရုစိုက်ဖို့မလိုဘူး...သွားဆိုသွား.."

သု နည်းနည်းလေးတောင် ဒေါသမထွက်နိုင်ပေ။ လူကို သ
သဟမ်းလုပ်နေပြီး ကိုယ်တိုင်ကျတော့ မျက်နှာမဲ့လောက်အောင် ခံစား
တာမြင်နေရလျက် သူမသည်သာမျက်ရည်တွေဝေ့ဝဲလာရကာ.. ।

"သုကို ရှင်ဘယ်လိုထင်နေသလဲတော့ မသိဘူး..ဒါပေမဲ့ ခုခို
တော့ ဒဏ်ရာတွေအကင်းမသေလို့ ဖျားနေတဲ့လူနာတစ်ယောက်ကို
နာသန့်သန့်နဲ့..."

"ဘာစေတနာလဲ..အကျင့်ယုတ်တဲ့မိန်းမတွေ၊ ဘယ်မိန်းမမှငါမယုံ
..မျိုသိပ်တယ် ဟန်ဆောင်နိုင်တယ်၊ အလစ်ငိုက်ကျမှ လက်နှက်ပုန်းနဲ
တယ်..ထွီ.."

"ကိုကြီးဒါတွေကျတော့ ခံစားမိနေတယ်..သုနဲ့ကိုကြီးဘယ်လော
ချစ်ခဲ့ကြသလဲဆိုတာတွေ.."

"တိတ်စမ်း.."

သူခေါင်းအုံးမှာမှီနိုင်အောင် မရမကထထိုင်သည်။ ထိုအခါ
ဘက်ဝမ်းဗိုက်အစပ်က ဒဏ်ရာမှစိမ့်ထွက်လာသည့်သွေးတို့သည်..

"သွေး...သွေးထွက်နေပြီကိုကြီး.."

"ဟေ့..မင်း.."

သုအတင်းရှေ့တိုးပြီး ဒဏ်ရာကိုကိုင်လျှင် သုလက်ကိုဖျန်းခနဲ
ထုတ်ပစ်လိုက်ကာ.. ।

"မင်းလူစကားနားမလည်ဘူးလား.."

ပြီးတော့ တက်ခေါက်သည်။ ထို့ပြင် အိပ်ရာထက်ကခြေချဖို့ပြင်
သုပျာပျာသလဲဖြစ်သွားကာ.. ।

"ကိုကြီးဘာလုပ်မလို့လဲဟင်.."

သူဘာမှမပြောဘဲ ထရပ်လိုက်သည်။ ဒဏ်ရာကနာကျင်မှုနှင့် ဖျား

သည့်အရှိန်ကြောင့် မတ်တပ်ရပ်ရတာ ခြေထောက်ရပ်နေသည်လို့တောင်မ
ခင်။ တစ်ကိုယ်လုံးနုံးချိနေကာ ယိုင်ခနဲဖြစ်သွားလျှင် သူ့ခါးကိုသူမကအ
ကင်းထဖက်ထားလိုက်ပြီး.. ।

"မင်း.."

"ကိုကြီးနေမကောင်းဘဲနဲ့ ထွက်မသွားပါနဲ့..သုသွားပါ့မယ်၊ ပြန်လဲ
ပါနော်.."

ပြောပြီးမှ လက်ကိုလွှတ်သည်။ မျက်ဝန်းတို့သည် မတူညီသောစူး
ခြင်းတို့ဖြင့် ငိုတွယ်သွားခဲ့ပြီး သုကမျက်နှာလွှဲ၏။ ထိုအခါ မျက်ရည်
လေးတွေ လက်ခနဲစင်ထွက်သွားကြသည်။ မင်းမြတ်စည်က မမှိတ်မ
နိုက်ကြည့်နေဆဲ။ သူ့ရင်ထဲက ခါးသီးခြင်းတို့သည် ဒီမိန်းမရဲ့မျက်ရည်
ပြည့်သိပ်သော မျက်ဝန်းတို့ကို မြင်လိုက်ရတိုင်း တုံ့ဆိုင်းတွေဝေသွား
တာကို မကျေနပ်.. ।

အလကား...အကောက်ကြံ့တတ်တဲ့ မိန်းမဥာဏ်တွေ..

♥♥♥♥♥

အခန်း(၄၈)

မျက်ဝန်းတို့ငေးနေပေမယ့် မျက်ရည်တွေပြည့်လျှမ်းနေသည်။ [illegible] မထွက်သော်လည်း သူမဝိုင်ကြွေးနေတာကိုသိနေသဖြင့် စိတ်မ[illegible] မိရသည်။

"ညည်းပဲ သူ့အတွက် ဘယ်လိုဖြစ်ဖြစ် ပေးဆပ်ချင်တယ်[illegible] ညည်းလုပ်နေတာ မှန်တယ်သုမနော၊ သူညည်းကို သူ့မိန်းမအဖြစ်[illegible] မှတ်ပြုတယ်..ဒါကြောင့် သူအိပ်ခန်းထဲဝင်တာကို လက်ခံခဲ့တာပါ[illegible] တွေအပေါ် သူခါးသီးနေတဲ့ပုံနဲ့ဆိုရင် သူ့မျက်စိရှေ့ရောက်လာတာနဲ့[illegible] ကိုင်ပေါက်ပစ်နိုင်တယ်..ညည်းခွင့်တောင်းတော့ အဲ့လိုဖြစ်ကုန်ကြမှာ[illegible] ငါခွင့်မပြုနိုင်ခဲ့တာ.."

သုကတိတ်ဆိတ်နေခဲ့လျက် ဘာမှပြောချင်တဲ့ပုံလည်းမရှိ။ ကိုကြီ[illegible] ဝေဒနာခံစားနေရတာ သူမမကြည့်ရက်ပါ။ ကိုယ့်ကိုမမှတ်မိတော့တာ[illegible] နားလည်နိုင်သည်။ နင့်သီးတဲ့စကားတွေနဲ့ မောင်းထုတ်တာလည်း[illegible] သည်။ မခံစားနိုင်တာက ကိုကြီးသူမကြောင့်ဒေါသတွေထွက်နေရမှာ[illegible] နာတွေပိုတိုးလာမှာ နောက်ဆုံးသူမမျက်စိအောက်ကနေ ထွက်ပြေးလျှော[illegible]

[illegible]ကားမှာကို..

"တကယ်သည်းခံနိုင်တယ်ဆိုရင် နောက်ဆုတ်ဖို့မစဉ်းစားပါနဲ့သမီး [illegible]ညည်းက သူ့ဇနီး၊ ပြောပြောဆိုဆိုနဲ့ပဲ သူ့ကျန်းမာရေးအတွက် သမီး[illegible]ပေးပါ..ရန်ဖြစ်လိုက် ပြန်တည့်လိုက် သူနဲ့နီးနီးနေနိုင်မယ့်သူက[illegible] သမီးပဲရှိတာ.."

သုက မလှုပ်။ သူမမျက်စိထဲမှာ မွေ့ရာပေါ်ကနေ ဆင်းထွက်သွားဖို့ [illegible]ကြိုးစားနေသည့် မင်းမြတ်စည်ရဲ့ပုံစံကိုပဲမြင်ယောင်နေသည်။ ဒီမိန်း[illegible]လာနေတဲ့အိမ်မှာ ငါမနေဘူးဆိုပြီးများ ဘယ်သူမှမသိအောင်ထွက်[illegible]ရင် ဘယ်လိုလုပ်မလဲ.. ၊

"ညည်းသိသာမြင်သာအောင်ပြောရရင် သူနဲ့ညည်းတွေ့ကြချစ်ကြတဲ့[illegible]က အခုပြဿနာဖြစ်ရတဲ့အချိန်နဲ့ဆိုရင် ကြားခုလတ်ကြားလေးပဲရှိ[illegible]အရမ်းကိုတိုတောင်းနေတယ်သမီး၊ သူ့တစ်ဘဝလုံး သူ့အမေရဲ့သူ့အ[illegible]ပေါ်ရက်စက်မှုတွေ လူတွေကိုမုန်းတဲ့အမုန်းတွေနဲ့ပဲ လုံးထွေးကြီးပြင်း[illegible]..ရုပ်ရည်ချောမောတယ် အရည်အချင်းရှိတယ်..စည်းစိမ်ဥစ္စာအ[illegible]ပြီးတော့ မိဘအသိုင်းအဝိုင်းမရှိတော့တဲ့လူပျိုမ..အဲ့ဒီလိုယောက်ျား[illegible]ယောက်အတွက် ချစ်သူအိမ်သူမိန်းကလေးမရှားပါဘူး၊ ဒါပေမဲ့ သူ့ရင်[illegible] မေတ္တာစိတ်ရှိသေးရဲ့လားလို့ ထင်ရလောက်အောင် သူစိတ်ကမာ[illegible]တယ်..သူ့နှလုံးသားက အေးစက်ခဲတယ်၊ အချစ်ဆိုတာ သမီးနဲ့တွေ့မှ[illegible]တာ..ဒါပေမဲ့ခုကျတော့ အဲ့ဒီအချိန်တိုလေးက အိပ်မက်ဖြစ်သွား[illegible] တောက်လျှောက် သူရှင်သန်ခဲ့တဲ့ဘဝစာမျက်နှာအဖွင့်က အဲ့ဒီနောက်[illegible]မှာပဲပြန်ပိတ်သွားတယ်..အဲ့ဒီအကျိုးရလာဒ်က သမီးနဲ့ဆုံခဲ့တဲ့အချိန်[illegible]ကာလလေးကို မေ့သွားခဲ့တာပဲ.."

သု ကြေကွဲသွားသည်။ အချစ်အတွက် အချိန်ကာလတစ်ခုခုသတ်[illegible]သေချာထားဖို့ လိုသလား.. ဘဝပေး၍အသက်နဲ့ထပ်တူချစ်ခဲ့ကြတဲ့သူ[illegible]အချိန်ကာလအားဖြင့် တိုတောင်းခဲ့လို့ မေ့သွားခဲ့တာလား..။ သုမျက်ရည်[illegible]တာတော့ ဦးကျော်က သက်ပြင်းချကာ.. ၊

"အခု သူကစိတ်ရောဂါခံစားနေရတဲ့ ဝေဒနာသည်ပါ..သူများနဲ့မတူ[illegible] သူ့အသိစိတ်တွေမပျောက်ခင်မှာ ဒေါ်ထားအိရဲ့ကြင်စည်ယုတ်မာမှု

ကို သူအတော်ခါးသီးသွားခဲ့တဲ့အဖြစ်ပဲ..ဒါကြောင့် မိန်းမတစ်ယောက်
အမှန်းမှာ ဘယ်မိန်းမဖြစ်ဖြစ် သူမှန်းနေမှာပဲ၊ သူမှန်းတဲ့မိန်းမ ဘယ်
တာ သတိမရှိမချင်း မိန်းမတိုင်းကိုမှန်းနေလိမ့်မယ်..ဒါပေမဲ့ ညည်
ရမှာက သုမနောကို သူမှန်းတာမဟုတ်ဘူး.."

"အဲ့ဒါတွေကို သုနားလည်ပါတယ်ဦးရယ်..ဒါပေမဲ့ သုဘယ်
ကပ်ရမှန်းမသိတော့ဘူး၊ အတိုက်အခံတွေပြောပြီး သူစိတ်ဆိုးစေမယ်
တွေနဲ့ပြောတော့ သူနဲ့စကားပြောခွင့်ရသွားတယ်..ဒါပေမဲ့ သူစိတ်ဆိုး
သုမမြင်ချင်ဘူး.."

"ဒါကြောင့်ပဲ ညည်းကသူ့ဇနီးပါလားဆိုတာ သူသိသွားတာ
သူ့ကိုပြောပြဖို့ ကြိုးစားတာ ရမှမရခဲ့ဘဲ၊ သူ့အကြောင်းတွေသူနဲ့ပ
တဲ့လူဆိုးလူကောင်းတွေအကြောင်း သူချစ်တဲ့ခင်တဲ့သူတွေအကြောင်
လည်း ညည်းပဲရှိတာဆိုတော့ညည်းနဲ့သူပတ်သက်ခဲ့တာတွေပေါ့..မိန်
ယောက်အကြောင်းမပြောနဲ့၊ သူဘယ်လိုပြဿနာတက်ပြီး ဒီဘဝ
တယ်ဆိုတာတောင် သူနာကျင်နေရတဲ့အရာတွေလောက် စိတ်မဝင်
သူ့ကိုယ်မှာ ဒဏ်ရာတွေဗလပွနဲ့ နာကျင်နေခဲ့သည်။ မိန်
ယောက်..ပြီးတော့ လူတစ်စုရဲ့ပုံရိပ်တွေကို သူမြင်ယောင်နေသည်။ ပ
က သူ့နားထဲမှာစွဲနေတာ မိန်းမတစ်ယောက်၏အောင်နိုင်စွာဟစ်
သောရယ်မောသံကြီး။ ဒီအသံပဲသူစွဲနေသည်။ သူ့ကိုနာကျင်စေခဲ့
မနှင့်ဒီရယ်သံ။ သူဘာဖြစ်ခဲ့တာလဲဆိုတာထက် ဖြစ်ခဲ့တာကို ဘ
ပြန်မလဲဆိုတာက သူ့အတွက်အရေးကြီးဖြစ်နေသည်။ ကိုယ့်ကိုယ်
ဝေဒနာသည်ဆိုတာလည်း မတွေး။ ဘာမှမသိတော့သည့်အဖြစ်
ညှိုးငယ်မနေ။ သူတို့ပြန်ချင်တာတစ်ခုကို အချိန်တိုင်းတွေးနေပြီး ထ
တည့်သွားဖို့သာ.. ।

"သူ့လိုလူမျိုးဘယ်မှာရှိနိုင်မလဲ စဉ်းစားကြည့်..လူကကြ
စိတ်ကမနှုးညံ့တတ်ဘူး..သူ့ဘက်ကအပြစ်လို့ယူဆရင် ဘယ်တော
လွှတ်ဘူး၊ သူ့ကိုစိတ်ဓာတ်စရိတ္တမြင့်မားအောင် ငါမနည်းစည်းရုံ
ခဲ့ရတာ..အတ္တအဆိပ်သင့်နေတဲ့ အမျက်ဒေါသဆိုတာ တစ်ခုခုအ
တစ်ချက်လေးကျိုးပေါက်သွားတာနဲ့ ထိန်းသိမ်းဖို့ခက်တယ်..အခု

ကျိုးပေါက်သွားပြီ၊ ဒီထဲမှာ နှုးညံ့မှုကိုပြန်ရှာဖို့ဆိုတာ ညည်းက
ပြီး တခြားသူမတတ်နိုင်ဘူးသမီး.."

"ရက်စက်လိုက်ကြတာ..ရန်ငြိုးရှိရင်တောင် သေအောင်သတ်ဖို့ကြိုး
ရင် တစ်ချက်ပေါ့၊ လူတစ်ယောက်ကို **သစ်သီးတစ်လုံးလို နုပ်နုပ်စင်း**
တဲ့အတိုင်း.."

သုကပြောနေရင်း ငိုသည်။ သူမငိုဖြီပဲ..။ ဦးကျော်က စူးစိုက်ကြည့်
ပြီးမှ.. ।

"တစ်ချက်ကောင်းဆိုရင် ပွဲချင်းပြီးသွားမှာပေါ့..နောက်တစ်ခုက သူ
စည်ကိုရှိန်နေကြတယ်၊ သူတို့အထင်ကြီးလာခဲ့တဲ့သူ၌..အောင်မြင်နေ
ရည်အချင်းကောင်းတွေရဲ့အရှိန်အဝါ၊ ပြီးတော့ ဖိုးစည်လဲကျမသွားခင်
သူတို့လူတစ်ဝက်လောက်ကို ကျိုးကန်းကုန်အောင်တုံ့ပြန်ခဲ့သေးတယ်
ကြောင့် သူတို့အင်အားနဲ့အနိုင်ရပေမယ့် ရဲရဲမကပ်ဝံ့ကြဘူး၊ ဒေါ်ထား
ယ်..မိဝေရယ် ပြီးတော့ ညည်းရယ်၊ အဲ့ဒီရှုပ်ထွေးမှုတွေနဲ့သာ ဖြေန်းခနဲ
လိုက်ရရင် ဒီလောက်အင်အားကို ဖိုးစည်ဂရုစိုက်မှာမဟုတ်ဘူး.."

ပြောလိုက်တော့ သုမျက်လုံးထဲမှာ ပြန်မြင်ယောင်လာသည်။ ဒေါ်
အော်ဟစ်ကြိမ်းဝါးပြီး ထွက်လာတာ..မိဝေပြေးပေါက်ပိတ်သွားသည့်
စ်ကောင်လို မျက်ကလဲဆန်ပြာဖြစ်သွားတာ ပြီးတော့ သူမအော်လိုက်
အသံကြောင့် ရန်သူတွေနဲ့ရင်ဆိုင်နေတုန်း သူလှည့်ကြည့်လိုက်တာ..

"ဟုတ်တယ်..ကိုကြီးဖြစ်ရတာ သုကြောင့်.."

"ပြီးခဲ့တာကို ပြန်တွေးခိုင်းနေတာ ငိုနေဖို့မဟုတ်ဘူးသုမနော..သူ့အ
ညည်းနားလည်ပေးဖို့၊ သူ့အတွက်ဘာလုပ်ပေးရမလဲဆိုတာ သတိရဖို့
တ်ဆုံး ညည်းကိုမမြင်ချင်ဘူးဆိုပြီးထွက်သွားရင်တောင် ညည်းလိုက်
မယ်.."

ဦးကျော်က အမိန့်ချမှတ်နေသည့်နှယ်.. ।

"အခုငါသေချာနားလည်သွားပြီ...ဒါကြောင့်စိုးလည်းမစိုးရိမ်တောဘူး၊
ကိုသူဘယ်လောက်စိတ်ဆိုးစိတ်ဆိုး နာကျင်အောင်လုပ်မှာမဟုတ်
ဒါသူ့မသိစိတ်က ညည်းအပေါ်ထားတဲ့ချစ်ခြင်းတရားကြောင့်ပဲ"

♥♥♥♥♥

"ဗျာ.."

ငြေြလန့်သွားသည်။ မင်းမြတ်စည်က စိတ်တိုင်းမကျတာကို ပါးစပ်
ပြောတာ မဟုတ်။ ဒါပေမဲ့ သုကလည်းပြောထားသေးသည်။ 'သူအ
ကြောက်တယ်..ဒါလေးကငရုတ်ရည်ပါပေမယ့် နည်းနည်းလေရယ်၊ မစပ်
'တဲ့။ ဟင်းအမယ်တွေစီစဉ်နေရင်း တစ်ခုချင်းရှင်းပြသွားသည်။ ထို့ပြင်
ချာမှတ်ထား..သူကမေးရင်တန်းဖြေမှကြိုက်တာ'ဟု သတိပေးသွားသေး
သည်။ ခုတော့ တစ်မျိုး.. ।

"စပ်တာတစ်ခုခုသွားလုပ်ခဲ့.."

"ဗျာ..အဲ ဟုတ် ဟုတ်ကဲ့..သူ့ဌေး.."

မင်းမြတ်စည်က တစ်လုတ်နှစ်လုတ်စားပြီး ဒီတိုင်းငုတ်တုတ်ထိုင်နေ
သည်။ ငြေြမတ်တပ်ကြီးကနေ ချွေးပြန်လာကာ ဘာလုပ်ပေးရမှန်းလည်း
မသိ။ မလုပ်ပြန်ရင်လည်း သေဦးမည်။ စီးကရက်ထုတ်၍ မီးညှိတာမြင်လိုက်
သဖြင့် အသက်ရှူချောင်သွားခဲ့၏။ ဖုန်းထုတ်ပြီး ချောင်ပြေးကပ်ကာ..।

"မမလေးလုပ်ပါဦး.."

ပြဿနာကိုပြောပြတော့ သုစိုးရိမ်သွားသည်။ တစ်အိမ်သပ်သပ်နေ
ကမို့ ကိုယ်ကပြေးသွားပြီးလုပ်ပေးဖို့ကလည်း မလွယ်.. ।

"သူက ထမင်းစားတုန်းလုပ်ခိုင်းတာ..ဘယ်မှလည်းထမသွားဘူး.."ဆို
တာ့.. ।

"ဟင်းတွေက ခုမှအစပ်တွေကောက်ကပ်ထည့်လို့ မရတော့ဘူး..ပုဇွန်
ကိုသုပ်လေးပဲလုပ်လိုက်၊ သူအဲ့ဒါကို.."

ပြောနေကာမှ သတိရသည်။ သူဒါကိုမသိစိတ်က သတိရနေတာများ
ကား.. ဖြစ်နိုင်ချေနည်းပေမယ့် ဒါလေးတွေးမိပြီး အတိုင်းအဆမဲ့ပျော်သွား
ခဲ့၏။ ပြီးတော့ ငြေြသေချာကောင်းအောင်လုပ်နိုင်ပါ့မလားလို့လည်း စိတ်
ပူသွားမိသည်။ သို့သော် ထမင်းစားပွဲမှာ သူရှိနေလျှင် ကိုယ်သွားကာမှ မ
ဖြစ်ကားတော့ဘူးထဖြစ်ဖို့လည်း ရှိနေသဖြင့်.. ।

"ဝပိစိမ်းစားပေါင်းထားတာလေး ရှိသေးတယ်..အဲ့ဒါလေးထုတ်ပြီး
ကြက်ခရိုဝေ့ဗ်ထဲခဏထည့်ထားလိုက်၊ ငရုတ်သီးစိမ်းမလုပ်နဲ့တော့..သူအ
ရသာမိလိမ့်မယ်၊ အမွှေးအကြိုင်တွေလည်း သုမကြိုက်ဘူး..ဘာမှလျှောက်

အခန်း(၄၉)

"ငြေြ..ဒါတွေဘယ်သူချက်တာလဲ.."

"ဗျာ..ဟို.."

"ငါ့ကိုမညာနဲ့.."

"မမလေးသုမနောပါ.."

ဆိတ်ရိုးနဲ့ပဲကို ပင်စိမ်းလေးအုပ်ပြီး ချက်ထားတာ မွှေးပျံ့
စားကြည့်တော့လည်း နည်းနည်းလေးမှမညီ။ ပြီးတော့ ကြက်သား
လိုတုံးတစ်ပြီးချက်ထားတာလဲ..သူကြည့်လိုက်တော့ ငြေြက ခါး
ပြီး ရှေ့တိုးကာ.. ।

"အဲ့ဒါ ကြက်ကချင်ချက်သူ့ဌေး..ဒါပေမဲ့ အစပ်လုံးဝမပါဘူး
က ပုဇွန်ထုပ်မီးကင်လေး..မွှေးအောင် အခွံအကုန်မခွာဘဲထားတာ
ရာရည်လေးလည်း ညှစ်ချထားသေးတယ်..မွှေးနေတာပဲဗျ ဟဲ ဟဲ..
တော့ ငရုတ်ရည်လေး နည်းနည်းပါတယ်တဲ့၊ ဟိုဘက်က ငါးခူ
အဲ့ဒါလည်း ဆီအရောင်တောင်မပါဘူး၊ အချိုချက်ပဲ..ဟိုဘက်က.."

"အကုန်လုံးအချိုချက်ပဲချက်ရအောင် ငါကလူမမာလား.."

မထည့်နဲ့နော်၊ ငရုတ်သီးအကျက်မှုန်လေးသင့်ရုံရှိန်းရုံထည့်ပြီး သံပုရာ
လေးညှစ်ချပြီး အားလုံးရောနှယ်..”

“မမလေး ငပိက ငရုတ်သီးအကြမ်းဖက်နဲ့ မကောင်းဘူးလား..”

“နင်မရှည်ပါနဲ့ငသြရယ်..ငါပြောသလိုလုပ်၊ မြန်မြန်လုပ်လိုက်..သူ
မင်းစားပျက်သွားလိမ့်မယ်..”

ဖုန်းပြောရင်း တိုက်ကြီးဘက်ကို ခလုတ်တိုက်မတတ် ထွက်လာ
သည်။

“အစပ်စားချင်လို့ သွေးတောင်းပေမယ့် သူမစားနိုင်ဘူးနော်ငသြ
ပိစော်နံ့ရင်လည်း မကြိုက်ဘူး၊ ကြက်သွန်နံ့ဆိုပိုဆိုး..ဟဲ့ နင်လုပ်နေပြီ
ဖုန်းပြောရင်း ဘေးတံခါးနားကျမှ ခဏရပ်ပြီး အသံကိုနှိမ့်ကာ..

“ငသြ..ဖုန်းချလိုက်တော့လေ၊ အဲ..နေဦး ငရုတ်သီးမစပ်ခဲ့
အဲ့ဒါဂရုစိုက်..နားပူတယ်မထင်နဲ့၊ အစပ်နဲ့သူတည့်တာမဟုတ်ဘူး..”

ပြောနေရင်း တံခါးကိုလက်တစ်ဖက်နဲ့ မကြည့်ဘဲတွန်းလိုက်ပြီး

“အစပ်တွေစားပြီးတာနဲ့ သူ..အယ်..”

သူမတွန်းလိုက်တာ တံခါးချပ်မဟုတ်။ လှည့်ကြည့်လိုက်ပြီး သူ
လုံးအဝိုင်းသားဖြစ်သွား၏။ သူမဒီနားမှာ ရပ်လိုက်တဲ့ထိ ဒီတံခါးပိတ်
တာပါ။ ခဏလေးမျက်နှာလွှဲလိုက်တုန်းမှာ ဘယ်လိုဖြစ်ပြီး တံခါးချပ်
မင်းမြတ်စည်ဖြစ်သွားတာလဲ.. ဘယ်လိုဖြေရှင်းရမှန်းမသိဖြစ်သွားသည့်
မျက်နှာကို သူကသူခိုးဖမ်းသလို စိုက်ကြည့်နေ၏။ မျက်နှာသည် တစ်
နှုးညံ့စာနာဟန်မရှိခဲ့ဘဲ.. ।

“နောက်ကို ငါစားဖို့သောက်ဖို့ မင်းဘာမှချက်ပြုတ်ပေးဖို့ မလို
ဒါနောက်ဆုံးပြောတာ..”

ရင်ထဲမှာ ဖျင်းခနဲဖြစ်သွားသည်။ နောက်ဆုံးဆိုသည့်အမိန့်က
ဖြစ်ရုံပြောတာမဟုတ်မှန်းသိထားသဖြင့် နောက်ထပ်တကယ်ပဲပြုစုခွင့်
ခွင့်မရှိတော့မှာကို စိတ်ပူပန်သွားမိသည်။ မင်းမြတ်စည်က သူမကို
ပြီး လှေကားထစ်ကျော်ဆင်းဖို့ ပြင်လိုက်လျှင်.. ।

“ရောဂါအခြေအနေကြောင့်လားဘာလား သုမသီဘူး..တွေးမိ
အတိုင်းပြောရရင် ရှင်ကသုနဲ့ကင်းကင်းရှင်းရှင်းဖြစ်ဖို့ ကြိုးစားနေတာ

သူထွက်သွားလို့မရအောင် သုကမသိမသာပိတ်ရပ်ထားလိုက်ပြီး
ကလေးပိုက်ကာ.. ।

“ကျွန်မကတော့ မကင်းရှင်းနိုင်ဘူး..လင့်ဝေယျာဝစ္စကို မယားလုပ်
ရမှာ တာဝန်ကြီးတစ်ရပ်လည်း မဟုတ်ဘူး၊ နောက်ပြီး ရှင့်ကိုသုကနှောင့်
ကနေလို့လား..ဟင်းဝင်ချက်လိုက်တာရော ရှင်မြင်ရသလား၊ တစ်အိမ်စီ
ပေးတဲ့အထိ ယောက်ျားအလိုလိုက်နေရတဲ့မိန်းမကို ရှင်တစ်ခုပြီးတစ်ခု
ထာတွေပြနေတာ ပြီးပဲမပြီးနိုင်တော့ဘူး..ဒီမှာ ကျွန်မမှာမပေါ့မပါးကြီး
ကိုတာလည်း သတိရဦး..”

သုပြောလိုက်လျှင် မင်းမြတ်စည်အကြည့်က ဗိုက်ဆီတန်းခနဲရောက်
သုမျက်နှာလေးနီသွားကာ ဗိုက်ကိုလက်လေးနှစ်ဖက်နဲ့ ပြန်ကွယ်လိုက်
။

“ဗိုက်ကနသေးလို့မပူတာ..”

သူ့မျက်နှာမချိုမချဉ်ဖြစ်သွားတော့ ရှက်လိုက်သည့်ဖြစ်ခြင်း။ သုချက်
ပြန်လှည့်သည်။ သို့သော် ပြောချင်တာလည်း မကုန်သေးသဖြင့်.. ।

“ရှင်သုကိုထားခဲ့ပြီး ကမ္ဘာပတ်ပြေးလည်း သုကရအောင်လိုက်မှာပဲ..”

စကားသည် ပြောလို့ကောင်းနေပေမယ့် သွားမည်ပြင်လိုက် မသွား
ဖြစ်နေသည့်ခြေထောက်တွေက လှေကားထစ်လေးပေါ်မှာ အထာမကျ
ကာ.. ।

“အမလေး..”

ခြေချော်သွားကာ သုကိုယ်လေးနောက်ပြန်လန်ကျသွား၏။ အပေါ်နဲ့
ကပ်ဖြစ်နေသောကြောင့် မင်းမြတ်စည်လှမ်းဆွဲလိုက်နိုင်ပေမယ့် သုလက်
ပင်းလည်သွားမှာစိုးကာ သူမကိုရင်ခွင်ထဲရောက်လာအောင် ဆောင့်ဆွဲ
လိုက်သည်။ ပြီးတော့ နှစ်ယောက်လုံးယိုင်လဲမသွားအောင် သူ့ကိုယ်ကို
ကမ်းလိုက်ရလျှင် သူမကိုယ်လေးကို ပွေ့ဖက်ထားလျက်နှင့် မျက်နှာနှစ်ခု
ကြား..

ဆုံဆည်းနေသည့်မျက်ဝန်းတို့ကို ရုတ်ဖယ်မပစ်ချင်။ ဒါပေမဲ့ သူ
ကတွန်းလွှတ်ပစ်မှာပဲဆိုတာ သိနေသည့်အတွက် သုချက်ချင်းရှုန်း
ထသည်။ သို့သော် လှေကားထစ်လေးပေါ်မှာမို့ သူမကမန်းကတန်းရှုန်း

တာကို မင်းမြတ်စည်ကလွှတ်မပေးလိုက်ဘဲ လက်ကိုပြန်ထိန်းထား[illegible]
လက်လေးကိုဆွဲနှုတ်ပြီး သူမဆင်းထွက်သွားလျှင် သူ့ရှေ့မှာကျကျန်[illegible]
တာ ခေါင်းစည်းထားသည့် လက်ကိုင်ပဝါလေး..။ သူလှမ်းကြည့်တော့ [illegible]
နှောင်ထားသည့်သုရဲ့ဆံနွယ်တို့ ကျောပြင်ထက်မှာ ဖားလျားပြန့်ဝဲကျ[illegible]
လက်ကိုင်ပဝါကို သုင့်ကောက်မိရင်း ကျန်ရစ်ခဲ့သောဝဝတက်[illegible]
မှ တင်းကျပ်ဆာလောင်ခြင်းသည်.. ।

"ငြေ..."

"ဗျာ သူဌေး.."

နှစ်ခါမခေါ်ရသည့်ငြေက ထူးသံနဲ့မရှေးမနှောင်း ပြေးလွှား[illegible]
လာသည်။ မင်းမြတ်စည်က တံခါးအောက်ကလှေကားထစ်သုံး[illegible]
လက်ညိုးထိုးပြကာ.. ।

"အဲ့ဒီလှေကားထစ်တွေ ဖြိုချပစ်.."

"ဗျာ.."

"ခြံထဲကနေ အိမ်ကိုဝင်တဲ့တံခါးပေါက်က ဘယ်လှေကားထစ်[illegible]
ချင်ဘူး.."

"ဟုတ်ကဲ့သူဌေး.."

ဘာအတွက်မှန်းမသိပေမယ့် ငြေကမန်းကတန်းခေါင်းညိတ်[illegible]
ရသည်။ မင်းမြတ်စည်က ခြံထဲဆင်းပြီးမှ လှေကားကိုပြန်ကြည့်လိုက်[illegible]

"အဝင်ဝကနေ ဒီနေရာထိ အလျှောလေးဆင်းမယ်..စိုစိုပြေ[illegible]
ခြောက်ခြေမချော်အောင် ကွက်စိတ်တွေချ၊ မိုးတွင်းကျခေါင်မိုးလွတ်[illegible]
ရာတွေ ရေညှိတက်တယ်..ကုန်းလျှောအတိုင်း မှန်ခုံးနဲ့အလှမိုးမယ်..

ခေါင်မိုးကို ဘယ်ကနေဘယ်အထိ သူပဲပြကာ ငြေ'ဟုတ်ကဲ့[illegible]
ချိန်မရဘဲ သူချည်းပဲပြောသွားခဲ့ပြီး.. ।

"တံခါးရှိသမျှ အားလုံးဒီတိုင်းလုပ်မယ်..ကွန်ကရစ်အတွက်[illegible]
ဖိုးအတွက်ပါ မနက်ဖြန်မိုးမချုပ်ခင်အပြီး.."

ငြေမျက်လုံးပြူးသွားသည်။ မင်းမြတ်စည်က လှည့်မကြည့်ဘဲ [illegible]
ပြန်ဝင်၏။ ထိုအခါ မားမားကြီးရပ်နေသည့် ဦးကျော်နဲ့မျက်နှာချင်း[illegible]
သွားခဲ့လျက်.. ।

"ဘာအတွက်လဲဖိုးစည်..လှေကားထစ်တွေဖြုတ်ပြီး ကုန်းလျှောလုပ်[illegible]
 က.."

"သူဌေးရယ်..ကျွန်မ.."

"မင်းကိုဆင်းခိုင်းနေတာနော်..ကိုယ့်ဘာသာဆင်းခွင့်ရတုန်းဆင်း
လိုက်၊ မဟုတ်ရင် အကျလှမှာမဟုတ်ဘူး.."

မိဝေလန့်သွားသည်။ သို့သော် သူ့မဆင်းကျန်နေခဲ့ရမှာလည်း
ကြောက်နေကာ.. ।

"ကျွန်မ..ကျွန်မကိုလေ လူတစ်ယောက်စနှစ်ယောက်စလေးဖြစ်ဖြစ်
ရှိတဲ့နေရာထိ.."

မင်းမြတ်စည်မဲ့လိုက်တော့ သူ့မဆက်မပြောရဲတော့ပေ.. ।

"ငါ့ကိုရှူးအောင်လုပ်ပြီး ငါ့မိန်းမကိုပါ ဘာလုပ်ကြမယ်မှန်းမသိတဲ့
လမ်းကိုခေါ်ထုတ်ပေးဖို့ မင်းရောက်လာတာလေ..အဲ့ဒါကိုငါက မိန်းမသား
ဖို့ ညှာတာပေးသင့်သလား.."

ကြောက်လည်းကြောက် မပြောရင်လည်းသူမကျန်ခဲ့မှာကို ပိုကြောက်
နေကာ.. ।

"ကျွန်မတို့က အခြေမဲ့အနေမဲ့ စားရမဲ့ပါသူဌေးရယ်..အူမတောင့်
သီလစောင့်တာပါ.."

"အဲ့ဒါဆိုလည်း အူမတောင့်မှပြန်လာခဲ့.."

"ဒုတ်.."

"အား.."

ဒီလိုလုပ်နိုင်သည်လို့ တွေးမထားခဲ့တာ သူမမှားခဲ့လေသည်။ ပေ
မြတ်စည်ကပြောပြီးတာနှင့် ဖျတ်ခနဲလှည့်ထိုင်လိုက်ကာ သူမကိုယ်ကို
ထုတ်ပစ်လိုက်၏။ သတိလက်လွတ်ထိုင်နေတာမို့ မိရာဆွဲဖို့တောင် အချိန်
မရလိုက်ပေ။ မိဝေတစ်ကိုယ်လုံး ပွင့်နေသည့်တံခါးကနေ အဝတ်ထုတ်ထား
ထုတ်ကဲ့သို့.. ।

"ဂျိမ်း.."

တံခါးဆွဲပိတ်ပစ်လိုက်ပြီး နေရာမှာပြန်ထိုင်တာ အိခနဲ။ ပြီးတော့
ကားကိုဝေါခနဲဆောင့်ထွက်လိုက်သည်။ စိတ်က ကားထက်ပြေးနေသည်။
ကားကမြေပြင်ထက်မှာ ပြေးနေပေမယ့် သူ့စိတ်တွေက မီးပုံကြီးထက်မှာ
လွင့်နေ၏။ အခြေမဲ့ခြင်း ပူလောင်ခြင်းတို့သည် ချွန်းထိန်းမရတော့သော
ဆင်ရှိုင်းကဲ့သို့။ စိတ်ဆင်ရှိုင်းက ဘာမဆိုပေါက်ကွဲဖို့ တွန်းအားပေးနေ၏
ဦးကျော်ပြောခဲ့တုန်းက တရားခံအစစ်က ဒေါ်ထားအိနောက်က တွန်းအား
ပေးသူတွေတဲ့။ နောက်ကွယ်က လက်တွေဘယ်နှစ်စုံ ဘယ်နှစ်ရာရှိနေပါ
ရင်ဝကိုဝင်လာသည့်ဓားကသာ ကိုယ့်ကိုသေစေနိုင်သည့်လက်ဖြစ်သည်။
ချမ်းသာမပေးနိုင်.. ।

ပိုးဟပ်လေးတစ်ကောင်ဖြစ်ဖြစ် ကြွက်ဖြစ်ဖြစ် ကိုယ့်ကိုထိခိုက်အောင်
လုပ်လာရင်တော့ ဘွဲ့ဖြူလက်နှက်နဲ့ဖြစ်ဖြစ် ဝရဇိန်လက်နှက်နဲ့ဖြစ်ဖြစ် သ
ဘ္ဘဝါနဲ့လက်နှက်မျှချင်မျှ မမျှချင်နေ.. ।

♥♥♥♥♥

အခန်း(၅၆)

"ဘာတွေဖြစ်ကုန်ကြတာလဲ ငါ့ကိုပြောကြစမ်းပါ..သိပ်မကြာတော့
ငါပါရူးတော့မယ်.."

ဦးကျော် တကယ်ငိုချတော့မလို လက်နှစ်ဖက်နဲ့ ခေါင်းကိုဖိ၍အော်
လူကြီးတစ်ယောက်တည်ငြိမ်တယ်ဆိုတာထက် ပိုခဲ့သော ဦးကျော်ရဲ့
ငြိမ်ရင့်ကျက်မှုတွေ ခဏတာပျောက်ဆုံးနေခဲ့လျက် သုမနောအိမ်က
ထွက်သွားပြီဆိုသည့်အသိတစ်ခုကြောင့် ကမ္ဘာပျက်မတတ်ဖြစ်သွားခဲ့ပြီး..।

"ကျွန်တော်တို့လည်း..ဟို.."

"ကျွန်မတို့လည်းလေ.."

ယောင်နနထစ်အအအသံတွေ ပြိုင်တူထွက်လာခဲ့ကြပြီး သူဆက်ပြော
ဖို့လို ငါဆက်ပြောရမလိုလို သူ့ကြည့်ကိုယ့်ကြည့်.. ।

"မမလေးက ငြိမ်ငြိမ်လေးဖြစ်သွားတော့ အဲ့..အဲ့လိုဖြစ်လိမ့်မယ်လို့
တွေးမိလို့.."

"ဟုတ်ပါတယ်.."

"ဟုတ်ပါတယ်ဘဘကြီး..အဲ့ဒါကြောင့် ခဏစိတ်အေးသွားတုန်း

ဘယ်သူမှမထင်မှတ်လိုက်ဘူး..."

"ဒါဖြင့် သီတာကတော့ ကြိုတင်ထင်မှတ်နေလို့ပါသွားသ[illegible]

တန်းစီနေသည့်လူတွေအားလုံးရှစ်ယောက်။ တစ်ယောက်မှ[illegible]

ထွက်။ ခေါင်းရှစ်ခေါင်းသည်လည်း တစ်ခေါင်းမှမော့မလာခဲ့။ အိမ်[illegible]

ပေါင်းက အလုပ်သမားတွေကို ခေါ်ယူစုရုံးခဲ့ပေမယ့် သူလိုချင်သည့်[illegible]

ဘယ်သူမှမပေးနိုင်ဘဲ စိတ်တိုရခြင်းသည်သာ တဆုံးထက်လွန်[illegible]

"တောက်.."

ဒေါသကြောင့် တက်မခေါက်ဘူးခဲ့တာလည်းကြာပါပြီ။ [illegible]

တေးနည်းပြဆရာကြီးဖြစ်သည့်အလျောက် ကြပ်မတ်ရသည်။ [illegible]

သည်။ ဒေါသကြီးသည်ဖြစ်စေ မကြီးသည်ဖြစ်စေ အော်ဟစ်ဆူပေါ်[illegible]

ရတာ တစ်သက်လုံးချစ်သူရှိသလို မုန်းသူတွေရှိသည်။ ထို့ကြောင့် [illegible]

အခိုက်အသတ်အပုတ်တွေလည်း ရှိခဲ့သေးသည်။ သို့သော် ဒါတွေကတော့[illegible]

ပြီးသွားပါပြီ။ ကိုယ့်အသက်အရွယ်ကလည်း ဒေါသကိုထိန်းသင့်နေ[illegible]

ရွယ် ဒီနေ့ကျမှ ထိန်းချုပ်ဖို့တောင် စဉ်းစားချိန်မရလိုက်ဘဲ ဒေါသ[illegible]

ထက် တစ်လဲတစ်ထွာမက ရှေ့ရောက်နေကာ.. ।

"စိတ်ရှိလက်ရှိသာကိုင်ပေါက်ပစ်နေရင် အကုန်လုံးကားနဲ့ သယ်[illegible]

ရတော့မယ်နင်တို့.."

ရှိနေတဲ့လူတွေကို ကြိမ်းမောင်းရင်း ထွက်သွားတဲ့လူတွေဆီ စိတ်[illegible]

ရောက်သွားမိသည်။ မိဝေတုန်းကလည်း နူးညံ့ကြောက်ရွံ့တတ်လိုက်[illegible]

တစ်နေ့နေ့ဒီလိုလုပ်မယ့်သူဆိုတာ ထင်ရက်စရာတောင်မရှိဘူးလို့ဆို[illegible]

ပိုပြီးမထင်စရာဖြစ်တာက သူမကိုခေါ်လာခဲ့သည့်ဒေါ်ထားအိစ[illegible]

တောင် နားမထောင်ဘဲ သုဘက်ကကာကွယ်ခဲ့သည်တဲ့။ တကယ်တမ်[illegible]

ချလိုက်တော့ အိမ်ခေါင်တက်ပြီး မီးနဲ့ရှို့တာမျိုး။ ခုပြန်လာတာရော တ[illegible]

ကြားညပ်မြောပင်ဖြစ်နေရတဲ့ဘဝဟုတ်ပါ့မလား..။ 'သူများအခိုင်းခံနေ[illegible]

ဘဝပါ'ဆိုတဲ့ စကားတစ်ခွန်းကဖြစ်နိုင်ချေရှိဆုံး ကာကွယ်သည့်စကား[illegible]

သည်။ သို့သော် ဒီလိုလူတွေကပဲ ခြေသလုံးဖက်ကိုက်တတ်တာ ဒုနဲ့[illegible]

ဦးကျော်မျက်လုံးထဲမှာ သီတာ့ကိုမြင်နေသည်။ သူမသည်လည်း လို[illegible]

လေးမရှိအောင် သုအပေါ်ကောင်းလွန်းနေတဲ့သူပင်။ ခုထွက်သွားတာ သ[illegible]

[illegible]တစ်ခုတည်း ဟုတ်ရဲ့လား..။ သီတာ့ကို ဘယ်လောက်ထိယုံနိုင်မလဲ..

မဖြစ်ဘူး..ငါလူတွေဖြန့်ပြီး အမြန်ဆုံးရှာခိုင်းမှ..

ဦးကျော်ကိုယ့်ဘာသာဆုံးဖြတ်၍ ဘယ်သူ့ကိုမှဘာမှမပြောဘဲ လှည့်[illegible]

[illegible]ထွက်လာခဲ့သည်။ ထိုစဉ် သူ့အိတ်ထဲက ဖုန်းမြည်လာသဖြင့် ကမန်းကတန်း[illegible]

[illegible]..।

"ဟလို.."

"ဘဘကြီး..ကျွန်မသီတာပါရှင့်.."

"ဟေ..အေး ပြောစမ်း..ပြောစမ်း၊ အခုဘယ်မှာလဲ..သုရော သုနင်နဲ့[illegible]

[illegible]ကလား၊ နေကောင်းရဲ့လား..နင်တို့မှာသုံးစွဲဖို့လောက်ငအောင် ပါသွားရဲ့[illegible]

[illegible]။ ဘာမှမယူသွားဘဲ အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့.."

သူချည်းပဲဆက်တိုက်မေးလိုက်ရင်း တစ်ခုကိုသတိရသွားကာ.. ।

"အခု သူကတားထားရင် မပြောနဲ့ရတယ်..ဘယ်ရောက်နေတယ်ဆို[illegible]

[illegible]ပြောနဲ့ဦး၊ ပိုက်ဆံလိုရင် သုံးလို့ရအောင် 'သင့်ဘဏ်'ရှိတဲ့နေရာတိုင်းမှာ[illegible]

[illegible]ထုတ်လို့ရတယ်နားလည်လား..ငါဖုန်းဆက်ထားလိုက်မယ်၊ ဘာမှအစစ်[illegible]

[illegible]ဆီးမရှိ ထုတ်ပေးလိမ့်မယ်..သုကိုသာခေါ်သွားလိုက်၊ ကြိုက်သလောက်[illegible]

[illegible]ထုတ်လို့ရတယ်.."

ငွေကြောင့် အန္တရာယ်ရှိလာနိုင်ပေမယ့် သုမျက်နှာပြမှ ငွေထုတ်လို့ရ[illegible]

[illegible]ဖြစ်သည့်အတွက် အသက်အန္တရာယ်တော့ စောင့်ရှောက်ဖော်ရလိမ့်မည်။

[illegible]ဘလောဆယ်ကိုယ်ဝန်အရင့်အမာနှင့် သုရဲ့ကျန်းမာရေးအတွက် ငွေရှိမှ..

[illegible]ကြည့်တော့ သင်းလေးလည်း ခေါင်းကြောမာသည်ပဲ..

ဩော်.. မင်းမြတ်စည်မိန်းမပါလား..

♥♥♥♥♥

အခန်း(၅၇)

"မင်းမြတ်စည်က ရူးနေပေမယ့် ခင်ဗျားကောင်မလေးက မရူးဘူး... ဒေါ်ထားအိ..ဒီကောင့်အသံကြားရင် ယော်ကျားချင်းတောင် အသက်ရှူ... အောင်ကြောက်တာ.."

"ဟုတ်တယ်..အလုပ်ရှင်သူဌေးကလည်းဖြစ်သေး၊ သူ့အကြောင်း... ပြီး ကြောက်လန့်ထားခဲ့တဲ့အရှိန်နဲ့ မင်းမြတ်စည်ကသူ့ကိုသိသိမသိ... မျက်နှာမြင်လိုက်တာနဲ့ ခင်ဗျားကောင်မလေးခြေတုန်လက်တုန်ဖြစ်မှာ..."

"ကျုပ်တော့ထင်တယ်နော်..မင်းမြတ်စည်က အတိတ်မေ့နေတာ... တာမဟုတ်ဘူး၊ လူတစ်ယောက်ရဲ့စိတ်အခြေအနေ ဘယ်အဆင့်ထိလှုပ်... ပျက်ပြားနေနေ သူ့ရဲ့ပင်ကိုယ်စိတ်စွမ်းအားကတော့ ပျောက်မသွားတတ်... ..မင်းမြတ်စည်ရှေ့မှာ ခင်ဗျားရဲ့မိဝေ ခြေတုန်လက်တုန်သွားဖြစ်ရင် ... လွယ်မှာမဟုတ်ဘူး.."

"စိတ်ချရပါ့မလား ပြန်တွေးပါဦးဗျာ..ကောင်မလေးက ခင်ဗျား... တာလုပ်ဖို့ သွားတာလား၊ ဟိုမှာဝန်ချပြီး ပူးပေါင်းမှာလား...အစတည်... ဟိုဘက်က ခပ်ပါပါဆို.."

စားပွဲဝိုင်းကြီးမှာ လူငါးယောက်ရှိသည်။ ရှိသမျှလူတွေကတစ်... ...ယောက်တစ်ခွန်းပြောနေကြသဖြင့် ဒေါ်ထားအိက အောင်နိုင်သူလိုအပြုံးမျိုး... ...ရင့် မျက်နှာတွေကိုဝေ့ကြည့်လိုက်ကာ.. ।

"ဟွန်..သူ့ရဲ့ရှေ့ကြောင်းနောက်ကြောင်း ကျွန်မဘယ်လိုကိုင်ထားသ... ...ဝေ စောင့်ကြည့်ပေါ့ရှင်..မင်းမြတ်စည်ကို ကျွန်မကရှင်တို့လို အကျိုးအမြတ်... ...တွက်ပဲမဟုတ်ဘူး၊ ရိုးတွင်းချဉ်ဆီထဲကနေ မုန်းတာ.."

သင်းတို့ရော ဟိုအစတုန်းက ကိုယ့်ကိုဘယ်လိုတုံ့ပြန်ပြောခဲ့ကြသလဲ။... ...င်းမြတ်စည်ကိုဖြိုလဲ့ဖို့အတွက်လေးများ မြင်းမိုရ်တောင်ကို ခေါင်းနဲ့ပြေး... ...ကိုက်ရတော့မယ့်အတိုင်း။ ဒါကိုကိုယ်ပဲဦးဆောင် ကိုယ်ပဲဓားရှေ့ပြေးဝင်ခဲ့... ...တာ.. ।

သိပ်ကိုသတ္တိကောင်းတယ်မိထားအို..ယောကျ်ားရင့်မာကြီးတွေအ... ...တယ်မှာ ဦးဆောင်လမ်းပြနေတဲ့မိန်းမတစ်ယောက်အဖြစ် ကိုယ့်ကိုယ်ကိုဂုဏ်... ...ယူလိုက်စမ်း..

စားပွဲမှာလက်တင်၍ ခါးတောင်ပိုကော့ထားလိုက်မိသည်။ မျက်နှာ... ...ကိုဟန်ပါပါပြုံးထားလိုက်ပြီး တစ်ခုပြီးတစ်ခုရောက်လာနေသော စားစရာ... ...တွေထဲက နောက်ဆုံးလာချသည့် ငါးဆီဖောင်းသုပ်ပန်းကန်ကို စားပွဲပေါ်... ...ခင် လှည့်ယူလိုက်ထားလိုက်ပြီး.. ।

"သိပ်မကြာဘူး...နားထောင်နေလိုက်၊ ကျွန်မပြောတဲ့နေရာ ကျွန်မ... ...ပြောတဲ့အချိန်မှာ မင်းမြတ်စည်လူ့လောကထဲက ပျောက်သွားလိမ့်မယ်..သုံး... ...စ်ပဲစောင့်..ဟွန်း ဟွန်း ဟွန်း.."

"မင်းမြတ်စည်က ခေါက်ဆွဲဆိုရင်လည်းကောင်းသား.."

ဦးခေတ်ဆန်းက ရတက်မအေးသလို ပြောနေသေးသည်။ ပြီးတော့... ...ရီပင့်ကြည့်သည်။ ဒေါ်ထားအိဆိုတဲ့မိန်းမ ဘယ်လိုမာန်တွေတက်နေတာ... ...ကိုသိသည်။ သို့သော် အသုံးချနေတာလား ဆရာတင်နေတာလား မသိ... ...တတ်ဆိုးရွားသည့်လူစားမျိုးနဲ့ နေရာလုယှဉ်ပြိုင်နေဖို့မလို။ သူတို့အားလုံးပဲ... ...မိန်းမနဲ့မဆက်ဆံချင်ဘဲ ဆက်ဆံနေကြရသည်။ မင်းမြတ်စည်ကို အ... ...ကျော်ရှင်းတာပထမတစ်ခါမအောင်မြင်ခဲ့သဖြင့် သူမလွတ်မြောက်ဖို့ အမျိုး... ...လှည့်ပတ်ကြိုးပမ်းပေးခဲ့ရသည်။ ဒါကပွဲသိမ်းတိုက်ပွဲအတွက် ရန်သူကို

သေစေမယ့်လက်နက်အဖြစ်သာ။ သူတို့မင်းမြတ်စည်အပေါ် မကျေနိုင်သည့်
ရန်ကြေးတွေရှိကြသည်။ နာကျည်းလောက်သည့်အမုန်းငြိုးတွေ မဟုတ်
ပေမယ့် ကိုယ့်အကျိုးစီးပွားထိခိုက်အောင်လုပ်ခဲ့သမျှ ပြိုင်ဆိုင်လာတဲ့
သင်းပဲအနိုင်ယူသွားခဲ့သမျှ မကျေနိုင်ပေမယ့် အားမတန်မာန်လျှော့နေလို့
ရှုံးသာ။ ဒါပေမဲ့ သင်းကဥပဒေဘက်တော်သားဖြစ်ခဲ့ဖူးသည့် အကြောင်း
သေချာသိလိုက်ရသည့်အတွက် မင်းမြတ်စည်ဆိုတာရှိနေသမျှ သူတို့ဘက်
လုပ်လုပ်ခြေလှမ်းတိုင်းမှာအန္တရာယ်ကြီးနေပြီဖြစ်၏။ ဒီကောင်ဘာကောင်လဲ

ဒီလိုလားဆို မဟုတ်။ ဟိုလိုလည်းမဟုတ်ပြန်။ သင်းဘာလုပ်
နေမှန်းမသိ။ ဘာကောင်မှန်းမသိသည့်အဖြစ်က သတ်ကိုသတ်မှဖြစ်
မည့်ရှေ့ရေးဖြစ်သည်။ ဒီလိုမှမဟုတ်ရင်လည်း ရှိခဲ့သမျှအားလုံးကို ခေါ်
ဒါမှမဟုတ်ရင် ကိုယ်ကပဲလွတ်အောင်ရှောင်။ ဒါလည်းဒီကောင့်ဘက်က
နာကျည်းမှုက အတောမသတ်ဘူးဆိုရင် ပြေးလို့တောင်လွတ်ပါ့မလား
မင်းမြတ်စည်တို့မိသားစုအပေါ် သူတို့လုပ်ခဲ့သမျှ မကောင်းမှုသည် ထိုဇာတ်
ဘာမှမဟုတ်ခဲ့သည့် ကိစ္စသေးသေးလေးလို့ ထင်ခဲ့သော်ငြား..

"ဦးခေတ်ဆန်း.."

စောမူသာက သူ့နားနားကပ်ကာ.. ।

"ခင်ဗျားလန့်ဖျားဖျားနေတာတော့ မဟုတ်ပါဘူးနော်.."

နှစ်ကိုယ်ကြားလေသံဆိုပေမယ့် မသက်ာသည့်ဒေါ်ထားအိအကြည့်
တွေ ဒိုင်းခနဲရောက်လာသည်။ ဦးခေတ်ဆန်းတိုးတိုးကြိတ်ကြိတ်မပြောနဲ့
တော့ဘဲ သက်ပြင်းချကာ.. ।

"ကျုပ်စိုးရိမ်နေတာက ဒီတစ်ခါမှ သူ့ကိုမသတ်နိုင်ရင် အားလုံး
ထက်ရှုပ်ကုန်မယ့်ကိစ္စပဲ..ကျုပ်တို့ကလည်း ဂိုဏ်းစတားကြီးတွေမဟုတ်ကြ
သူကလည်းမင်းမြတ်စည်.."

"မင်းမြတ်စည်က အခုရှူးနေပြီလေဦးခေတ်ဆန်း..ရှင်ဘာကိုစိုးရိမ်
တာလဲ၊ ခုနကပဲ သူတို့ပြောတယ်မို့လား၊ ရှူးပေမယ့် ပင်ကိုယ်စွမ်းရည်
ပျောက်ဘူးဆို အဲ့ဒီလိုသိသလိုလို မသိသလိုလို အမှန်တရားပျောက်ဆုံး
တဲ့သူက ဒါကိုအစဖော်ပေးမယ့်သူနောက်ကို ပါလာမှာပဲ..မိဝေကိုသူတို့လက်
ပြန်ခံဖို့က နှစ်ရာနှုန်းလောက်ပဲရှိတာပါ၊ သံသယကတော့ ဝင်လာမှာပဲ

ပိုချင်တာလည်း အဲ့ဒါပဲလေ..မိဝေကြောက်လန့်သွားတဲ့ပုံကိုတော့ သူဘယ်
လောက်လျင်ပါစေ အရူးတစ်ယောက်က ဘယ်လိုနည်းနဲ့မှ ရိပ်မိစရာမရှိဘူး၊
ဒီလောက သူ့လူကိုယ်ဘက်သားလုပ်ပြီး ကြောက်ကြောက်လန့်လန့်နဲ့ပြောပြ
ပေမဲ့မယ်..ပြီးရင် အဲ့ဒီနေရာကို သူလာမှာပဲ၊ ဒီတစ်ခါ ကျွန်မဘယ်လောက်ထိ
ကြိုးစားရမလဲဆိုတာ ရှင်တို့စောင့်ကြည့်စမ်းပါ.."

ပြောလိုက်ရင်း ရှေ့မှာချထားသည့် ငါးဆီဖောင်းသုပ်ကို ကိုင်ဖိုပြင်
သည်။ ပြီးမှ သူမအတွက်ဝိုင်ထည့်ထားသည့်ဖန်ခွက်ကို ကောက်ယူပြီး..၊

"စားကြမယ်လေ..ပူပင်သောကတွေ ဘာမှထားမနေကြနဲ့၊ အဟွန်း..
ကိုမျိုးဝေဆို ဘုန်းကြီးတောင်ဝတ်သွားပြီလေ၊ အပူမခံနိုင်ဘူးဆိုရင်တော့
ခဲ့လိုလုပ်လို့ရတယ်နော်.."

ခနီးခနဲ့ပြောပေးလိုက်တော့ ယောကျ်ားသားတွေ မျက်နှာပျက်ကုန်
သည်။ ပြီးမှ ဘာမှမဟုတ်သလို ကိုယ့်ဖန်ခွက်တွေကို အသီးသီးကောက်ကိုင်
ပြီးကြပြီး.. ।

"မင်းမြတ်စည်ဖြိုလဲရေး.."

"အောင်ပြီ.."

စောမူသာက အောင်မြင်ခန့်ညားသည့်အသံနှင့် ခပ်ကြိတ်ကြိတ်
ခေါ်ပြ၍ ဖန်ခွက်ငါးလုံးကအားလုံးအလယ်သို့ မြှောက်တက်လာကြ၏။
ပြီးသော်.. ।

"ဖြိုလဲရေးကအောင်မြင်မှာမဟုတ်ဘူးဆိုတော့ ဘယ်လိုလုပ်မလဲ.."

ဟင်..

ဒေါ်ထားအိနဲ့စောမူသာရဲ့ဘေးကခုံ ဒုန်းခနဲရွှေ့သွားသည်။ မင်းမြတ်
စည်သူတို့နားကိုဘယ်လိုရောက်လာတာလဲ.. ဖန်ခွက်တွေကိုင်ထားလျက်
ကတ်တွေပြန်ချဖို့ပါ မေ့သွားကြသည်။ ထိုင်ခုံကိုခြေချိတ်ရွှေ့လိုက်ပြီး ထို
နေရာမှာ ဝင်ရပ်လိုက်ပြီး.. ।

"အဲ့ဒီတော့ ဒါတွေကိုမျက်စိနောက်တယ်.."

"ချင်..ခွမ်း..ဒေါက်.."

ဖန်ခွက်တွေကို သူလက်ဝါးနှစ်ဖက်နဲ့ သိမ်းရိုက်ချလိုက်လျှင် အစိပ်
ပြီးအမှာမှာကွဲကြေသွားခဲ့ပြီး.. ।

"ကျုပ်ကရူးနေပေမယ့် ရဲဆိုတော့..ဟွန်.."

လက်အိတ်တွေစွပ်ထားသည့်လက်နှစ်ဖက်ကို လှလှပပပွတ်သပ်ခဲ့ရင်း စားပွဲကိုပတ်လျှောက်နေသည်။ စောမူသာဘေးရောက်မှ စားပွဲနားမှာ ရပ်ကာ.. ।

"ခင်ဗျားတို့အသံတွေ ကျုပ်ဖမ်းထားတယ်.."

ဖမ်းရအောင် ဒါသီးသန့်ယူထားတဲ့အခန်း..။ သူဘယ်လိုဝင်လာတာလဲ.. အားလုံးခေါင်းထဲမှာ ထိုအတွေးကတစ်ပြိုင်နက်ဝင်၏။ သို့သော် ချက်ချင်းတွေးမိသွားကြသည်။ စားပွဲနားကို စားစရာတွေလာပို့နေတဲ့ဝိတ်တာ ပထမတော့ လှည့်ကြည့်မိကြပေမယ့် နောက်တော့အမှတ်တမဲ့။ သူတို့ကိုတာတွေကများသည်။ ဝိတ်တာက နှစ်ယောက်ပူးဝင်လာလိုက် တစ်ယောက်တည်းဖြစ်သွားလိုက် သူတို့ကိုမျက်လှည့်ပြသွားခဲ့ပြီဖြစ်သည်။ ဒေါ်ထားသီ ကိုလှမ်းကြည့်လိုက်တော့ သူမသာမျက်လုံးအပြူးဆုံး။ သို့သော် သူမနေရာမှ ဝုန်းခနဲထရပ်လိုက်တာ ဘာလုပ်ဖို့မှန်းမသိ။ မင်းမြတ်စည်ကလည်း မြင်သည်။

"ဖောင်.."

"အမလေး.."

လက်မောင်းကို လက်ပြန်ရိုက်ချပစ်လိုက်လျှင် ခုံရောလူပါ ဒေါ်ထားသီ အကြမ်းပေါ်ဒုန်းခနဲပစ်လဲသွား၏။ ပြီးတော့ ဖန်ကွဲစကိုလှမ်းကောက်လိုက်သည့် ဦးခေတ်ဆန်း၏ လက်ခုံပေါ်ကို ခပ်ရင်းနဲ့စိုက်ချပစ်လိုက်ကာ ခုံကြားထဲကမန်းကတန်းထွက်ပြေးဖို့ပြင်လိုက်သည့် စောမူသာမျက်နှာကို ခြေထောက်ပတ်ကန်ပစ်လိုက်၏။

"အား.."

"ဒုန်း...ဝုန်း.."

"ဟိတ်ကောင်တွေ သေကုန်ကြပြီလား.."

အပြင်မှာ သူတို့ရဲ့သက်တော်စောင့်တွေရှိကြသည်။ တစ်ယောက်မေ့ပေါ်မလာ။ ဦးခေတ်ဆန်း ခပ်ရင်းစိုက်နေသည့်လက်ကို တစ်ဖက်ကကိုင်ရင်း စွေ့စွေ့ခုန်လှမ်းအော်၏။ ထိုစဉ် ရိပ်ခနဲဝင်လာသည့်ကန်ချက်က ခေါ်နေသည့်ပါးစပ်ကို တည့်တည့်ထိလျက်.. ।

"အား.."

အဆမတန်နာကျင်သွားကာ ငံကျိကျိအရာတွေ ပါးစပ်ထဲမှာတစ်လုံးပြည့်သွား၏။ သူသိလိုက်တာ သွားတွေကျိုးကုန်ပြီ။ အားလုံး ဒဏ်ရာတွေရကာ ကြမ်းပေါ်မှာလဲကွဲကုန်ကြပေမယ့် မုန်တိုင်းလိုပြင်းထန်နေသည့် မင်းမြတ်စည်ဒေါသက မငြိမ်သက်။ စားပွဲပေါ်ကအခင်းကို အဖျားကကိုင်ပြီး ခွဲလှန်ပစ်လိုက်လျှင်.. ।

"အောင်မလေး...အား.."

အင်္ဂေတထောင်းထောင်းနှင့် ပင်လယ်စာဟင်းရည်အိုးကြီး သူတို့ခြေထောက်ကြားထဲ ကျကွဲလေသည်။ အားလုံးဆတ်ဆတ်ခါရှောင်ရှားကြရင်း မင်းမြတ်စည်လက်ထဲက ပျံလာမည့်လက်နှက်တစ်ခုခုကိုလည်း ရှောင်ရှားနေရကာ.. ।

"ခွပ်.."

"အား.."

ဦးခေတ်ဆန်းခေါင်းကို ကြွေကရားအိုးလေးနှင့် လွှဲပေါက်ပစ်လိုက်ပြီး ဦးထွန်းပါးကိုခပ်ရင်းနဲ့ ဆွဲခြစ်ပစ်လိုက်လျှင်.. ।

"အား...မင်း မင်း...အား လုပ်ကြပါဦး၊ ဒီကောင်ဘီလူးစီးနေပြီ.."

တစ်ခန်းလုံးဖိတ်စင်ကွဲကြေမှုတို့ဖြင့် မြင်မကောင်းဖြစ်ကုန်ကာ အားလုံး၏ကိုယ်ခန္ဓာအနှံ့မှာ ခပ်ရင်းနဲ့ဖန်ကွဲစကြောင့် ခံထားရသည့်ဒဏ်ရာမှာ ကြီးသံရဲရဲ.. ।

"အဲဒါမှတ်ထား...ကျုပ်လူသတ်မိမှာစိုးလို့ အခုအာသာဖြေလိုက်တာ"

သူ့ဆံပင်တွေ မျက်နှာပေါ်မှာတချို့ ဘေးနှစ်ဘက်မှာဖရိုဖရဲရှိကာ တစ်ခုခုကို လွှဲကန်လိုက်တိုင်း တစ်ခုခုကိုလွှဲပေါက်လိုက်တိုင်း ကြမ်းတမ်းတက်ထန်နေသည့် သူ့ပုံစံကို မော့ကြည့်ပြီး ဒဏ်ရာရကုန်တာတောင် မလျှပ်ကြသည့် ဦးခတ်ဆန်းတို့မှာ ဖုန်းမြည်သံကိုတောင် တုန်ခါသွားအောင်ကန့်သွားကြ၏။ မင်းမြတ်စည်က မျက်နှာမော့၍ ဆံပင်တွေခါပစ်လိုက်သည်။ ပြီးတော့ ဖုန်းထုတ်ယူရင်း နောက်ပြန်နှစ်လှမ်းခန့်ဆုတ်သွားကာ..।

"အပြင်မှာ ခင်ဗျားတို့ဘော်ဒီဂတ်တွေရော ခင်ဗျားတို့ကိုရော အခုကျုပ်မသတ်သေးဘူး.."

ဖုန်းမြည်နေတာကို မကိုင်သေးဘဲ ဖုန်းကိုင်ထားသည့်လက်နှင့် လက်
ညှိုးထိုးလိုက်ရင်း.. ।

"ဒါပေမဲ့ ခုကစပြီး ကျုပ်ရဲ့ဒတ်ဒ်နုပ်တ်ထဲမှာ ခင်ဗျားတို့နာမည်ကျော
ပါသွားပြီဆိုတာ မမေ့နဲ့.."

အားလုံးမျက်နှာတွေ ပျက်ကုန်ကြသည်။ မင်းမြတ်စည်ဆိုတဲ့ကောင်
က မိဘလက်ထပ်ကရာဇဝင်ကြွေးကိုတောင် အတိအကျအရပြန်ယူခဲ့တာ
သူ့ဘဝကို ရူးသွပ်အောင် တစ်စစီဖျက်ဆီးခဲ့တဲ့လုပ်ရပ်အပေါ် ဒီလောက်အ
ထိအတိအကျ ပြန်ယူတော့မယ်ဆိုတာ နားလည်လိုက်သည်။ သူတို့ဘာ
ပြေးစရာမြေမရှိတော့ပေ.. ।

နီရဲနေသည့်မျက်နှာမှာ တလက်လက်စူးတောက်နေသည့်မျက်ဝန်
းတွေက အားလုံး၏မျက်နှာဆီ ကူးလူးနေခဲ့ပြီး.. ।

"မနက်မိုးလင်းတိုင်း ကိုယ့်ခေါင်းကိုစမ်းကြည့်..ကျုပ်မသတ်သေးရင်
မျက်နှာသစ်ခွင့်ရမယ်၊ မျက်နှာသစ်စရာမရှိတော့ရင် သေပြီ.."

ဟွန့်ခနဲ မဲ့လိုက်ပြီး ဖုန်းဖွင့်သည်။ သူဖွင့်လိုက်သည်နှင့် တစ်ဖက်က
စကားသံသည်..

"ဖိုးစည်..မင်းဘယ်မှာလဲကွ.."

လူပ်ရှားမှုတွေ ရပ်တန့်သွားသည်။ သူ့မျက်ဝန်းတွေ ခန္ဓာကိုယ်ကနေ
လွင့်ပြေးသွားသည့်အခိုက်ကို ဒေါ်ထားအိအကဲခတ်မိလိုက်ကာ သူမလဲကျ
သည့်နေရာနှင့် လက်တစ်ကမ်းမှာ ဆလင်းဘက်ခ်အိတ်ကို ယူလိုက်သည်
ပြီးတော့ အထဲကဓားကိုထုတ်ယူလိုက်၏။ ခြေထောက်နားမှာပေမယ့် ဖိုး
မြတ်စည်ကမသိ။ တစ်ချက်တည်းရိုက်ချလိုက်ပြီး သတိလစ်သွားပြီထင်ကာ
တာလား ဂရုမစိုက်တာလား..။ ဖုန်းပြောနေရင်း သူဖျတ်ခနဲလှည့်ထွက်သွား
ခဲ့လျှင်.. ।

"မင်းမြတ်စည် အယုတ်တမာကောင်..ငါခွေးဖြစ်မယ့်အတူတူ နင့်ကို
ကောင်ကို ချန်မထားဘူး၊ ကဲဟာ.."

ရူးသွားသူကဲ့သို့ ဒေါ်ထားအိတဆားအော်ပြီး ဓားနဲ့လှမ်းပေါက်သည်။
သူမလည်း ဒါမျိုးတွေလုပ်တတ်တာမို့ ဓားက မင်းမြတ်စည်ကျောပြင်ကျယ်
ဆီ တန်းခနဲ။ သို့သော် သိုင်းသမားတစ်ယောက်ဟာ နောက်မျက်စိအာ

ကောင်းသည်ဆိုသည့်စကားအတိုင်း ဓားကကျောပြင်ကိုတောင် ဝင်ခွင့်မရ
လိုက်ဘဲ ရှောင်တိမ်းဖမ်းယူလိုက်သည့် မင်းမြတ်စည်လက်ထဲမှာ.. ।

"တောက်..အဲ့ဒီကောင်ကို သတ်ပစ်စမ်းပါ၊ ငါ့လိုမိန်းမကတောင်
နောက်ကျောကနေဓားနဲ့မထိုးဘူး..နင်တို့ယောက်ျားတွေဖြစ်ပြီး ရင်ဆိုင်
ချရဲဘူးလား၊ ဝင်ချကြ ဝိုင်းသတ်ကြ.."

လဲကျနေသည့်ယောကျ်ားတွေကို ဒေါ်သထွက်လွန်းသဖြင့် ဒေါ်ထား
အိအာခေါင်ခြစ်အော်သည်။ အပြင်ကလူတွေရှိနေရင်လည်း ဒီသတ္တဝါကိုလာ
ဝင်ဖမ်းအောင်လို့ပါ..။ သို့သော်.. ।

"သူ့ကိုယ်သူတော်လှတတ်လှပြီထင်ပြီး မာန်တက်နေတာ..ထသတ်
ကြပါ၊ သေအောင်သတ်စမ်းပါ.."

ဒေါ်ထားအိရဲ့စကားသံကြောင့် မင်းမြတ်စည်မျက်လုံးတွေ စူးစူးရဲရဲ
ဖြစ်သွားသည်။ ပြီးတော့ ကျဉ်းမြောင်းသွားခဲ့၏။ ဒီအသံကိုသူသိနေသည်။
စကားလုံးတွေကို တစ်နေရာမှာသူကြားခဲ့သည်။ အသံတူ စကားလုံးတူ..
ပြီးပြင် ဆက်တိုက်အော်နေသည့်စကားသံတို့က အတိတ်ကဖြစ်ကြောင်းတို့
ကို ရုပ်ရှင်ပြကွက်တွေကဲ့သို့.. ।

ဒေါ်ထားအိပဲ..

မထင်မှတ်သည့်အသံစူးစူးတစ်ချက်က သူ့စိတ်တွေကို ပစ္စုပ္ပန်နဲ့အ
တိတ်ကို ပြန်လည်ချိန်ညှိပေးလိုက်သကဲ့သို့.. । နာမည်တွေနောက်ကို လိုက်
တခဲ့ရသည့်မှတ်ဉာဏ်တွေထဲမှာ ဖြစ်ရပ်တွေ မျက်နှာတွေကအစ အားလုံး
ကို သူမှတ်မိသွားခဲ့သည်။ ခြေလှမ်းတို့သည် ဒေါ်ထားအိထံတစ်လှမ်းချင်း
ချဉ်းကပ်သွားခဲ့ပြီး.. ।

"ကျေးဇူးတင်တယ်.."

ပြောပြီး အနားမှာရပ်လျှင် ဒေါ်ထားအိက ကမန်းကတန်းထရပ်လိုက်
ပြီး ခြေလှမ်းရွှေ့၏။ ထိုစဉ် သူကိုင်ထားသည့်ဖုန်းက ထပ်မြည်လာလျှင်
ဒေါ်ထားအိက အိတ်ထဲထည့်ထားသည့် သူမလက်ကိုဖျတ်ခနဲထုတ်၍.. ।

"ကဲဟာ.."

"တောက်.."

သူစိတ်တိုသွားသည်။ ဒီမိန်းမကြီး သေပန်းပွင့်နေပြီ။ ကျိခနဲအံကြိတ်

ကာ သူမလက်ကိုဆွဲလိမ်ပစ်လိုက်သည်။ အသာလေးလွတ်ကျလာသည်ကို
ကိုမှ လက်ပြန်ဆုပ်ကိုင်လိုက်ပြီး လည်ပင်းဆီသို့.. ।

"ဆရာ..ဆရာမလုပ်ပါနဲ့.."

"ကိုစည်..မလုပ်လိုက်နဲ့.."

အရပ်ဝတ်နဲ့ရော ရဲဝတ်စုံတွေနဲ့လူတွေပါ သီးသန့်ခန်းထဲကို ပြေးဝင်
လာကြသည်။ ပြီးတော့ ဒေါ်ထားအိလည်ပင်းနဲ့ထိကပ်ထားသည့် မင်းမြတ်
စည်လက်ထဲကဓားကို ပဝါနဲ့အသာလေးကပ်သိမ်းလိုက်ပြီး.. ।

"ဒေါ်ထားအိကို တမင်လွှတ်ပေးပြီး သူတို့လူစုမယ့်အချိန်ကို ပါးပါး
စောင့်နေကြတာကိုစည်..မင်းကိုလုပ်ကြံခဲ့တဲ့ အမှုတွဲရော သူတို့ရဲ့တရား
ဝင်ရောင်းဝယ်မှုတွေအတွက်ရော ဒီနေ့အဆုံးသတ်ပြီ..ဒီလိုလူတွေအတွက်
မင်းလက်ကိုသွေးစွန်းမခံပါနဲ့၊ ဒီဓားမှာ သူ့လက်ဖွေရာရှိတယ်.."

"ဆရာ ကျန်းမာလာတာ ဝမ်းသာတယ်ဗျာ.."

"ဟိတ်ကောင်..ဘယ်သူ့ကိုဆရာခေါ်နေတာလဲ၊ ကိုစည်စိတ်ဆိုးတယ်
မယ်..မင်းတော့.."

"အာ..ဆောရီးပါ ဆောရီး.."

သူတို့ပြောနေကြတာတွေ မြင်နေပေမယ့် စိတ်ကရှုတ်တရက်စုဝေ
လို့မရ။ ရဲဝတ်စုံနဲ့လူတွေ သူ့ကိုစနောက်နေကြသည်။ ဒီလူတွေက ဘာမှ
လုပ်ဖော်ကိုင်ဖက်တွေပါ။ ဒါပေမဲ့ သူဘယ်နေရာရောက်နေတာလဲ..။ ကျွန်
သံရဲရဲနဲ့ လူးလွန့်ရှန်းကြွနေကြတဲ့သူတွေရော သူတိုက်ခိုက်နေရတာမျိုး
သည်။ ဒါပေမဲ့ အခန်းတစ်ခုထဲမှာ မဟုတ်။ ဖားကန့်မြစ်ကြီးနားလေး
တဲ့တား ညီနောင်အတက်နားမှာ..။ သူဖြစ်ခဲ့တာ အဲ့ဒီနေရာမှာ..

ပြဿနာကြီးတစ်ရပ်ထဖြစ်သွားသဖြင့် ရဲတွေ လူတွေ စားသောက်
ဆိုင်ဝန်ထမ်းတွေ ရှုပ်နေပေမယ့် မင်းမြတ်စည်ရဲ့စိတ်တွေ ပစ္စုပ္ပန်နဲ့အတိတ်
ကို ရင်ကြားစေ့နေရဆဲ။ ရဲတွေက သူ့ကိုလှမ်းကြည့်ပြီး ပြုံးစိစိ။ ပေါ်
သာ ခေါင်းချင်းဆိုင်လျက်..

"မြင်တယ်မို့လား..မှတ်ထားလိုက်၊ အဲ့ဒါ မင်းမြတ်စည်.."

"ဟုတ်တယ်..ကျွန်တော့်ဆရာ.."

♥♥♥♥♥

အခန်း(၅၈)

"ဒိန်း...ဒလိန်း.."

လျှပ်စီးတန်းတို့၏ နောက်မှာကပ်ပါလာသည့် မိုးခြိမ်းသံက နားကွဲ
ထွက်။ မိုးတွေရွာနေပေမယ့် လေကပိုများနေသည်။ လျှပ်စစ်မီးတွေပျက်
ကွက်သဖြင့် ပတ်ဝန်းကျင်သည် လျှပ်ရောင်အားကိုးပြီး လှုပ်ရှားနေရသည့်အ
ခြေအနေသို့ ရောက်ကာ.. ।

"မမလေး...မမလေး.."

"ဟင်.."

"အရမ်းနာနေလားဟင်.."

"ရတယ်.."

"ကျွန်မမီးထွန်းဖို့ ဖယောင်းတိုင်ဖြစ်ဖြစ် လိုက်ရှာလိုက်မယ်နော်.."

သုဆီက စကားပြန်မရသဖြင့် သီတာမျက်ရည်ဝဲသွားသည်။ မမလေး
ဆောက်တော်ဗိုက်နာနေပြီဆိုသည့်အသိက ဟိုစမ်းဒီစမ်းရှာဖွေနေရသည့် လက်
ကြီးကိုတုန်ယင်လာစေကာ.. ।

ဘုရား သိကြား'မ'လို့ ဘဘကြီးအချိန်မီရောက်လာပါစေ..။ တကယ်

ဆို ဖုန်းသာပျောက်မသွားခဲ့ရင် ဘာဘကြီးတို့ကို နေရာလေးပြောပြပြီး
ခေါ်ခိုင်းရုံသာ။ ခုတော့ ဖားကန့်ရောက်နေမှန်းသာပြောခဲ့နိုင်ပြီး နေရာ
တိအကျ မပြောနိုင်သေးခင်မှာ ဖုန်းပျောက်သွားခြင်းဟာ ခုလိုကံဆိုးဖို့လား

ထွက်လာတော့မည်ဆိုတည်းက ဘယ်လိုမှတားလို့မရ။ 'ကိုကြီး
ကန့်ကိုသွားမှာ..အစတည်းက သူအဲ့ဒီကိုသွားဖို့လုပ်နေတာ..ဦးကျော်တား
လို့'ဆိုပြီး ဇွတ်ထွက်သည်။ တားမရလွန်းလို့ လိုက်ခဲ့ရပေမယ့် သူ
လည်း လည်လည်ဝယ်ဝယ်လူမဟုတ်ပေ။ ထို့ပြင် ပိုက်ဆံလေးနည်း
နှင့် ဖားကန့်ကိုရောက်လာခဲ့ကြပြီး မင်းမြတ်စည်မိန်းမအဖြစ်လည်း
ညာရဲ့ လူမြင်လည်းမခံ့ဝံ့။ သူ့ဌေးရဲ့လုပ်ငန်းခွင်ဘယ်နားမှာမှန်းမသိ
သူကလူယုံ ဘယ်သူကလူမိုက်ဆိုတာ မခွဲခြားနိုင်။ ပိုဆိုးသည့်အခြေ
ဖားကန့်ရောက်လာပြီဆိုတည်းက သုဗိုက်ကဘာလိုလို..

"အား...ကျွတ် ကျွတ်.."

"မမလေး.."

ညည်းသံသဲ့သဲ့လေးကြောင့် ငုတ်တုတ်ထိုင်မျက်ရည်ကျနေသည်
တာဆတ်ခနဲဖြစ်သွားသည်။ ရှာတွေ့ထားသည့် ဖယောင်းတိုင်ကိုကိုင်
သုအခန်းထဲကိုမန်းကတန်းဝင်တာ ဟိုတိုက်ဒီတိုက်.. ।

"နင်ဖယောင်းတိုင်မတွေ့ဘူးလား.."

"တွေ့တယ်မမလေး..ဒါပေမဲ့ မီးခြစ်ကမတွေ့ဘူး.."

"ဒီန်း...ဖျန်း ဖျန်း.."

မိုးခြိမ်းသံနှင့်အတူ လေပြင်းတစ်ရိုက်မှာ အိမ်ထရံတွေ လှုပ်ခါ
၏။ သူမလက်ကိုစမ်းမိသွားတာနှင့် သုကအားကိုးတကြီးဆုပ်ကိုင်လိုက်
"ငါမွေးတော့မယ်ထင်တယ်..ကျွတ် ကျွတ် အား...နာတယ်.."

"ဟုတ်လား.."

မမလေးအနာကြမ်းလာပြီထင်သည်။

'ခဏလောက်အောင့်ထားလိုက်ပါဦးမမလေးရယ်'လို့ ပြောမရ
'မမွေးပါစေနဲ့ဦး'လို့ ဆုတောင်းနေရမလား...။ တစ်ယောက်လက်တစ်
ဆုပ်ကိုင်ထားကြရင်း ဘာလုပ်ရမှန်းလည်း မသိကြ။ လုံးခင်းရောက်
ခရီးသွားတွေပါလို့ ပြောခဲ့ရသည်။ ဈေးသည်တစ်ယောက်ကို အ

တောင်းပြီး ဒီအိမ်လေးမှာ တည်းခိုခွင့်ရခဲ့သည်။ သူ့ဌေးကိုရှာမည့်အစီအစဉ်
လည်း မစနိုင်။ သူ့ဌေးရဲ့လူယုံတွေရှိတယ်လို့ပြောပြီး ဆက်သွယ်ဖို့ဆုံးဖြတ်
ခဲ့ပေမယ့် ရန်သူရှေ့မှောက်လျက်လဲမှာစိုးသဖြင့် ဘယ်သူ့ကိုမှမဆက်သွယ်
နိုင်။ ဗိုက်ကလည်းရစ်လာလိုက် ပျောက်လိုက်နှင့်.. ।

"သီတာ..ငါ ငါ.."

"မမလေးရယ်..ဒေါ်အင်တုံကြီး ဆရာဝန်သွားခေါ်နေပါတယ်၊ ခဏ
လေးပါနော်..မိုးရွာနေလို့ ကြာနေတာနေမှာ.."

"မိုးတွေလေတွေနဲ့ ရမှာမဟုတ်ပါဘူး..ငါ့ကိုလက်သည်တစ်ယောက်
ယောက်ပဲခေါ်ပေးပါ၊ ငါနာနေပြီ.."

"နာနေပြီ.."

သီတာ ခေါင်းကြီးသွားသည်။ ကိုယ့်ရဲ့မှန်နန်းတော်ကြီးထဲမှာ အထူး
ကုသမားတော်တွေ ဝိုင်းဝိုင်းလည်နှင့် ယုံကြည်စိတ်ချစွာမွေးဖွားရမည့်အစား
ခနိမိုးထရံကာ အိမ်လေးထဲမှာ လူကြီးသူမမရှိ။ ဆရာဝန်မလာ.. ।

"ဂျိမ်း...ဒလိန်း.."

"အမေ့.."

ဝင်းထိန်သွားသည့် လျှပ်စီးရောင်သည် မိုးခြိမ်းသံကို တစ်ပါတည်း
ခေါ်လာသဖြင့် သီတာလန့်ဖျန့်သွားသည်။ မိုးသက်လေပြင်းကျရောက်ခြင်း
ကို အလွန်မတန်ကြောက်ရွံ့တတ်သည့်ကိုယ့်အဖြစ်ကိုလည်း မပြောရဲဘဲ သီ
တာဘုရားစာတွေဆိုနေမိ၏။

"မမလေး...ဒီဆန္ဒင်းလေး နည်းနည်းရှုနေလိုက်နော်၊ ကျွန်မမီးခြစ်ရှာ
လိုက်ဦးမယ်.."

"မသွားနဲ့.."

သုက သူမလက်ကိုဆွဲထား၏။ ထိုစဉ် လက်နှိပ်ဓာတ်မီးရောင်ဝင်းခနဲ
ကျလာပြီး ခဏအတွင်း.. ।

"သီတာရေ.."

"ရှင်..မီးပျက်သွားလို့ဒေါ်လေး.."

"အေးဟေ့..ငါလည်းပြန်လှည့်မလာချင်ကာနဲ့ ဒီမှာဆရာဝန်ကတော့
ခေါ်လို့မရဘူး၊ ရွာဆေးခန်းက သားဖွားဆရာမပါလာတယ်..ဆရာမတက်

သွားပါ၊ သူတို့ကညည့်သည်တွေပါ..မပေါ့မပါးနဲ့မို့လို့ ခရီးတစ်ထောက်နား
ရင်း ဝမ်းနာလာလို့..”

“အင်တုံရေ..ဘာလုပ်နာတုံးဟ၊ ချောင်းရေတွေတက်လာတာ အော
တိုက်ပဲ..”

“ဟုတ်လား..ရေတိုးရုံပဲမဟုတ်ဘူးလား..”

“ရေများတယ်..သိမ်းစရာရှိတာသိမ်း၊ အောက်ရောက်နေပြီရေက..”

မိုးသံကိုထွင်းဖောက်၍ စကားသံတွေကိုကြားလာရသည်။ ဒေါ်အင်
တုံက မီးထွန်းပေးခဲ့ပြီး ပျာယီပျာယာဆင်းသွားလျှင် ဆရာမကပါ မျက်စိ
မျက်ပါပျက်လျက် ထိုင်တော့မလို ထတော့မလို အသက်ကလေးဆယ်ခန့်
ရှိကာ မျက်နှာပုံကလည်း ဆိုးလွန်းသည့်ပြင်.. ।

“ဒုက္ခ သုက္ခထဲကျမှ ဗိုက်ကလည်းလာနာရတယ်လို့အေ..မွေးချင်ကို
နာတာရော ဟုတ်ရဲ့လား၊ ဘယ်နှစ်လလဲ..”

“ရှစ်လ..”

“ဘာ..”

“ဂျိမ်း..”

“အောင်မယ်လေး..ဘုရားကြီးနဲ့မိုးကြိုးကြီးနဲ့..”

“မဟုတ်ပါဘူး..ရှစ်လနဲ့လေးရက်ပါ..”

ဖယောင်းတိုင်မီးက ဟူးဟူးဟဲဟဲယိမ်းနွဲ့နေသည်။ လျှက်စီးလက်
လိုက် မှောင်ကျသွားလိုက်နှင့် မိုးသည်းညမှာ ယိမ်းခါနေသည့်ဖယောင်း
တိုင်မီးက ဘယ်နေရာမှလည်း မပေါက်ရောက်။ သင်ဖြူးဖျာပေါ်မှာ ကော
ခေါက်လေးခေါင်းအုံးလျက် ခွေဝိုက်ပုံကျနေသော ဆံနွယ်ရှည်ကြီးတွေ ရေ
ဖရဲနှင့် သုမျက်နှာလေးသည်။

“မမလေး..မမလေးရေ..”

သူမငြိမ်ကျသွားတိုင်း ပြေးလှုပ်ခေါ်ရင်း သီတာငိုသံပါ၏။ အောက်
ကရေသံတစ်ချက်တစ်ချက်ကြားလာရခြင်းသည်လည်း ကောင်းသည်အ
လား အလာမဟုတ်သည်ရှိရာ..

“ကလေးက အထဲမှာ အနေအထားမမှန်ဘူး..”

“ဟင်..ရှင် ဘယ်လို..”

“ဒုန်း..”

“အောင်မလေး.. ပြိုပြိုဟဲ့..”

တဲအိမ်သည် ဖျန်းခနဲခါထွက်သွားကာ သီတာငုတ်တုတ်ကနေ
မှောက်လျက်လဲသည်။ ဆရာမဘေးတိုက်ပုံလဲသွားကာ ကမန်းကတန်းပြန်
ကျုံးထလိုက်ပြီး.. ।

“ငါမွေးပေးလို့မရဘူး..ကလေးကခွဲထုတ်ရမလားမသိ၊ ငါပြန်တော့
မယ်..”

ဆရာမ..ဆရာမရယ် နေပါဦး....

သု ဆရာမကို အတင်းလှမ်းဆွဲထားမိသည်။ သို့သော် ဆရာမလက်
ကိုမဆွဲမိ။ သုအားမလျှော့ဘဲ တောင်းပန်နေမိသည်။

ကျွန်မယောကျ်ားလာတော့မှာပါ..သူလာရင် ဆရာမကိုပိုက်ဆံတွေ
ပုံပေးမှာပါ၊ ကျွန်မကိုမထားခဲ့ပါနဲ့နော်..မလုပ်ပါနဲ့၊ ကျွန်မအရမ်းနာနေလို့
ပါ.....

သု..

ဟင်..ကိုကြီး..

သုအတင်းထဖို့ပြင်သည်။ သို့သော် သူမရှေ့ရောက်လာသည့် မင်း
ခြေတစ်စည်သည်လက်နှစ်ဖက်နှင့် ရင်ဝကိုဖိထားကာ ထိုနေရာတွင် နီရဲကြီး
မားသော သွေးကွက်ကြီးနှင့်.. ।

ကိုကြီး.. ကိုကြီး ဘာဖြစ်တာလဲ..

ကိုယ်..ကိုယ်မနေရတော့ဘူး ဟိုလူတွေကြောင့်၊ ကိုယ်မှားသွားပြီ..
ကိုယ့်ရင်သွေးလေးကို မမြင်ရတော့ဘူး..

ဟင့်အင်း..

သုခေါင်းခါရင်း ကိုကြီးလက်ကို လှမ်းဆွဲလိုက်သည်။ ဒါပေမဲ့ မမိ။
ကိုကြီးဆီသွားဖို့ အားတင်းရင်းထပေမယ့် ဘယ်လိုမှထလို့မရ။ ငါဘာဖြစ်
သွားတာလဲ..

သုထံမှ ဘာသံမှမကြားရတော့ပေ။ အနည်းငယ်လှုပ်ရှားမှုလည်း မရှိ
သောကြောင့် သီတာဘာလုပ်ရမှန်းမသိဖြစ်နေသည်။ ဆရာမကလည်း
ခေါင်းပဲခါနေ၏။

"ငါမွေးပေးလို့မရဘူး...ကလေးကခွဲထုတ်ရမလားမသိ၊ ငါပြန်[illegible]
မယ်.."

"ဆရာမရယ်..အဲ့လိုမလုပ်ပါနဲ့၊ ဆရာမကသားဖွားဆရာမ...ဒီမှာ[illegible]
မွေးလူနာပါ၊ ဒုက္ခရောက်နေတာလည်း ဆရာမမြင်သားနဲ့.."

သု သူမတို့ပြောနေတာတွေ ကြားနေသည်ထင်၏။ မှိတ်ထား[illegible]
မျက်ဝန်းထောင့်ကနေ စီးကျလာသည့်မျက်ရည်စက်တွေကြောင့် သီ[illegible]
လက်ဖဝါးချင်းထပ်ဆုပ်ပြီး အားပေးသလိုဖျစ်ညစ်ထားမိကာ.. ।

"ခွဲမွေးရမှာဟုတ်လား မဟုတ်လားသေချာစမ်းပေးပါဆရာမရယ်..
ရာသီဥတုကြောင့် လူနာကိုပစ်ပြေးတာ မကောင်းပါဘူး.."

"အဲမယ်..ညည်းကငါ့ကို အမိန့်ပေးချင်တာလား...လူနာဖြစ်ဖြစ်[illegible]
လင်ဖြစ်ဖြစ် ကိုယ့်အသက်နဲ့ယှဉ်ရင်တော့ ထားသင့်ရင်ထားရမှာပဲ..."

သီတာ ဒီတိုင်းကျန်ခဲ့ရင်း တဖျောဖျောရွာနေဆဲမိုးနှင့် သိမ့်သိမ့်[illegible]
သည့် အိမ်ထဲမှာ.. ।

"မမလေး...မမလေး.."

လှလှပပလေး ပိတ်ယှက်နေသည့်မျက်တောင်တွေက နည်းနည်း[illegible]
တောင် လှုပ်ခတ်မလာ။ သို့သော် မျက်ဝန်းထောင့်ကစီးနေသည့်မျက်[illegible]
တွေကိုမြင်နေရသဖြင့် မမလေးအခြေအနေအားလုံးကိုသိနေတာလား... [illegible]
တွေတွေးပြီး ငိုပါသလဲ..။ သီတာမျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျ[illegible]
သည်။ ဒီအိမ်ကလူနေတဲ့အိမ် မဟုတ်ဘူးထင်သည်။ ပစ္စည်းပရိဘောဂ[illegible]
ဘာမှမရှိ။ စုတ်လည်းစုတ်နေသည်။ လူတစ်ယောက်ခြေလှမ်းကျဲကျဲ[illegible]
လာရင်တောင် တသိမ့်သိမ့်ခါသွားတတ်သော.. ।

"မမလေး ဘာလို့စကားမပြောတော့တာလဲ..မျက်လုံးလေးတစ်ချ[illegible]
လောက်ဖွင့်ပါဦးမမလေးရဲ့၊ မမဖိုက်ထဲကကလေးလေးရှိသေးတယ်လေ...[illegible]
ဌေးရဲ့ရင်သွေးလေးလေမမလေး.."

လက်ဖဝါးလေးကို ဆုပ်ဖျစ်၍ခေါ်မိသည်။ မေးဖျားလေးကိုကိုင်[illegible]
မိသည်။ ပြီးတော့ ဖိုက်ဖောင်းဖောင်းလေးမှာ ဖွဖွလေးလက်တင်ထား[illegible]

"မမလေးသိနေပါတယ်..ဘာတွေဖြစ်နေနေ စိတ်မလျှော့လိုက်ပါ[illegible]
ကျွန်မ မမလေးနဲ့အတူတူရှိတယ်လေနော်..မမလေးသိနေတာလေး မျက်[illegible]

[illegible]ကောင်လေးတစ်ချက်လောက်ပဲ လှုပ်ပြပါမမလေးရဲ့.."

သုကြားနေရသည်။ ဒါပေမဲ့ မျက်လုံးတွေဖွင့်လို့မရ။ ဖွင့်ဖို့လည်း[illegible]
[illegible]ကြိုးစားချင်။ သွေးသံရဲရဲနှင့်မင်းမြတ်စည်ကိုမြင်လိုက်ရသည့်နောက်မှာ ဒါ
[illegible]သူမရှိတော့တဲ့နမိတ်ပဲဆိုတာ သူမတပ်အပ်သိလိုက်သည်။

မျှော်လင့်ချက်မဲ့သည့်ရှင်သန်ခြင်းက ဘာအတွက်လဲ..ကိုကြီးမရှိတော့
[illegible]ဲ့ သူမကျန်းမာနေတော့ ဘာလုပ်ရမှာလဲ.. မဟုတ်ဘူး...အဲ့လိုမဟုတ်သေး
[illegible]သုမနော..နင့်ဗိုက်ထဲမှာ ကလေးရှိတယ်၊ ကိုကြီးရဲ့ရင်သွေးလေး..နင်နဲ့
[illegible]မြတ်စည်တို့မရှိတော့ရင်တောင် နင်တို့ရဲ့မျိုးဆက်သွေးလေးကတော့ ရှင်
[illegible]နိုင်ရမယ်...

သူ ကိုယ့်ကိုယ်ကိုပြန်နှိုးဖို့ ကြိုးစားသည်။ ကိုကြီးကိုမြင်လိုက်ရလို့
[illegible]တ်ခမ်းသွားသည့် အင်အားတွေ ဘယ်ရောက်ကုန်ပြီလဲ..သူမဘယ်လိုပြန်
[illegible]ပါလို့မှမရ။ ကျွန်မကလေးကို မွေးခွင့်ပေးပါ..ကိုကြီးရဲ့ရင်သွေးလေးလူဖြစ်
[illegible]ခွင့်ရပါစေဘုရား..

"မမလေး.."

သီတာလှုပ်နှိုးနေတာကို သူမကြားနေရသော်လည်း မျက်ဝန်းထောင့်
[illegible]မျက်ရည်အင်အားသည် မျက်တောင်ခြေတို့ပါ စိုစွတ်လာခဲ့၏။ သူမအရှုံး
[illegible]ပေးရတော့မည်။

"မမလေး...မလုပ်ပါနဲ့၊ ထပါမမလေးရယ်.."

မစဲသောမိုးနှင့်အတူ သီတာရှိုက်ငိုသံတို့သည်..

♥♥♥♥♥

"ဒီမှာအစ်ကိုကြီး..ဆံပင်ပေါင်လောက်အရှည်နဲ့ ကိုယ်ဝန်ဆောင်အ
ိုးသမီးတစ်ယောက်များ မတွေ့မိဘူးလားဗျာ၊ သူ့မှာအဖော်မိန်းကလေး
ည်းပါတယ်လေ.."

ကားတစ်စီးဘေးမှာ ခါးထောက်ရပ်နေသည့် ခပ်ဝဝလူတစ်ယောက်
ိုမေးလိုက်လျှင် သူ့ကိုလက်ခါပြသည်။ သို့သော် တစ်ခုခုစဉ်းစားမိသလို
ုတ်ခနဲလှည့်လာကာ.. ၊

"ဟင်းဆိုင်တစ်ဆိုင်မှာ ထိုင်နေတာတွေ့တယ်ဟ..မနှေ့ညနေကမှ..ဒီ
ာနေ တော်တော်ဝေးသေးတယ်၊ ဟင်းဆိုင်နာမည်က 'အင်တုံကြီး'တဲ့.."

သတင်းအစလေးရလိုက်တာနှင့် ကားဆီပြန်ပြေးကာ တံတားဘက်
ို ဦးတည်လိုက်သည်။

"ဟေ့..မင်းအဲ့ဒီဘက်မှာ ရေတွေကြီးနေတယ်.."

သူလက်ပြခဲ့သည်။ ရေပဲကြီးကြီး မီးတောင်ပဲကွဲနေနေ သူသွားမှာပဲ
ုစ်သည်။ သု ဖားကန့်ကိုသွားနေသည်။ ကိုယ်ဝန်ကမွေးရက်မဟုတ်သေး
ဲ နာနေသည်လို့ ဦးကျော်လှမ်းပြီးသတင်းပေးခဲ့သည်။ ထိုအချိန်မှာ သူအ
ိုတ်ကိုမှတ်မိနေပါပြီ။ အတိတ်နဲ့ပစ္စုပ္ပန်ကို ခွဲခြားနိုင်စွမ်းမဲ့နေခဲ့သည့်စိတ်
ကြောင့် သူဘယ်လောက်တောင်ရက်ရက်စက်စက်ပစ်ထားခဲ့သလဲ..။ သူ့ရဲ့
ောက်ဆုံးအသိစိတ်မှာ 'ကိုကြီး'ဆိုတဲ့သုရဲ့ခေါ်သံကို ကြားခဲ့သည်။ သူမ
ားပြောနိုင်ပြီဆိုသည့် တွေဝေခြင်းကြောင့် အတိတ်မေ့ဝေနာသည်ဖြစ်ရ
ုံအထိ။ ဒါနဲ့တောင် ကိုယ်အချစ်ရဆုံးမိန်းကလေးကို သူဘာကြောင့်ရက်
ောက်နိုင်ခဲ့တာလဲ..

"ဖားကန့်ကိုမင်းသွားမှာပဲထင်ပြီး သူမပေါ့မပါးကြီးနဲ့ ဇွတ်ထွက်လိုက်
ုသွားတာဖိုးစည်..ငါဖုန်းထပ်ခေါ်တာ မရဘူး၊ မိန်းကလေးတွေဒုက္ခရောက်
ုနေပြီထင်တယ်.."

ဦးကျော်ရဲ့သတင်းပေးခြင်းအဆုံးမှာ သူ့အတွက်အရေးကြီးသည်ထင်
ုသည့်အရာရာကို လွတ်ချထားခဲ့ပြီး.. ၊

"ကျွီ.."

စိတ်နဲ့လူကမကပ်။ ကားရှေ့ကဖြတ်သွားနေသည့် နွားနှစ်ကောင်
ကြောင့် ကမန်းကတန်းဘရိတ်အုပ်လိုက်ရသည်။ နောက်ထပ်ရှုပ်လျက်သွား

အခန်း(၅၉)

"ဒီမှာ..ဒီနားမှာ ဇည့်သည်အမျိုးသမီးနှစ်ယောက်တည်းခိုနေတာ
တွေ့မိသေးလား.."

"မသိဘူး.."

"ဒီမှာဗျာ..ဆံပင်အရှည်ကြီးနဲ့ ကိုယ်ဝန်ဆောင်အမျိုးသမီးနဲ့ အ
မိန်းကလေးတစ်ယောက် တည်းခိုနေတာများ ကြားမိကြလား.."

"မကြားပါဘူးတော်..ရာသီဥတုမကောင်းရတဲ့အထဲ.."

လျှပ်ရောင်တွေ ဝင်းဝင်းလက်လက်ဖြစ်နေသည်။ မိုးက တဒိန်
ခြိမ်းနေ၏။ ညကိုးနာရီထိုးတော့မည်မို့ ညဉ့်၏ဒဏ်ရာက အလူးအလ
နေသည်။ မင်းမြတ်စည် ဒီတိုင်းလိုက်မေးနေရင်း စိတ်ကစောလာသ
ကားကိုတစ်နေရာမှာရပ်ကာ အောက်ဆင်းလိုက်သည်နှင့် မိုးစက်တွေတ
ဖျောပြေးစင်လာကြ၏။ ခဏအတွင်းမှာ သူ့ဆံပင်တွေရေစိုရွှဲလေသည
သုဘယ်မှာလဲ.. ဖားကန့်မှာရှိနေပြီး သူနဲ့ပတ်သက်သည့်လူတွေ
လုပ်ဆိုက်ဒ်တွေထဲ ဘယ်မှာမှမရှိသည့်အဖြစ်က သူ့ရဲ့ပူလောင်ခြင်း
မြို့ကျခံနေရသည့်နှယ်.. ၊

လာဖြတ်သန်းနေကြသည့် လူတွေလှည်းတွေကြောင့် ကားကိုဘေးကပ်
လိုက်ပြီး သူဒီတိုင်းဆင်းလျှောက်လာခဲ့သည်။ မိုးကရွာနေဆဲ လျှပ်စီး
တဝင်းဝင်းနှင့် မိုးခြိမ်းသံတွေက ကြာကြာအဆက်ပြတ်နေတယ်လို့ခံစား

"ဒီမှာချာတိတ်.."

အဝတ်ထုပ်ကြီးထမ်းလာသည့် ဆယ်သုံးလေးနှစ်အရွယ်ကောင်လေး
တစ်ယောက်ရှေ့ကနေ တားထားလိုက်ရင်း.. ।

" 'အင်တုံကြီး'ဟင်းဆိုင် ဘယ်နားမှာလဲသိလား.."

"ဟင်းဆိုင်ကမြောက်ပိုင်းမှာဗျ..ခေါ်အင်တုံကြီးက ဒီလမ်းကြားထဲမှာ
သူ့အိမ်က ဟိုးနောက်ပိုင်းရေစပ်ဘက်မှာ..ခုလောက်ဆိုရေနစ်နေလောက်ပြီ

သူလှမ်းကြည့်လိုက်တော့ ဖယောင်းတိုင်မီးရောင်တွေရယ် ဓာတ်မီး
ရောင်တွေရယ်ပဲရှိကာ လမ်းတိုင်းအိမ်တိုင်းက မှောင်နေသည်။ သုဘာ
လို့ ဒီမှာပဲရပ်တန့်နေတာလဲ.. ဘာဖြစ်လို့ MMS ကုမ္ပဏီကို ရောက်
မသွားခဲ့တာလဲ..

ဖုန်းတွေခေါ်ထားတာ အများကြီးပါ။ ဒါပေမဲ့ မိဝေကိုစစ်မေးနေသည့်
အချိန်ကစပြီး သူ့စိတ်ဇောကရန်ကြွေးဆိုတာတစ်ခုပဲ ကြီးစိုးနေခဲ့သည်
ဘယ်ဖုန်းဝင်လာလို့မှမကိုင် ဖွင့်လည်းမကြည့်ဖြစ်။ ကိုယ်ကပြန်ခေါ်ပြီး
တော့မှ ဖုန်းကဖြေမည့်သူမရှိခဲ့ရာ.. ।

"ကိုဦး...သူရစိုးတို့ကိုမင်းဖုန်းဆက်လိုက်၊ မြောက်ပိုင်းကိုပြန်ခေါ်
လို့...ချောင်းဘက်ကမလာနဲ့...ရေတွေများနေပြီ၊ ဒေါက်တာတို့ပါတဲ့ကား
မင်းလိုက်ခဲ့..ငါဆင်းခဲ့တဲ့လမ်း မင်းသိတယ်မို့လား၊ အဲ့အတိုင်းအမြန်ဆုံး
..ဆယ်မိနစ်အတွင်း.."

နေရာပြောပြလိုက်ပြီး သူလမ်းထဲပြေးဝင်ခဲ့သည်။ ရေတွေကိုတဖွဲ
ဖွမ်းနင်းခဲ့ရင်း ခြေထောက်ကရေထဲက မတက်နိုင်တော့တာကို သတိထား
လိုက်သည်။ ငုံ့ကြည့်လိုက်တော့ ရေကဒူးထိနေပြီ.. ।

"အစ်မ..ခေါ်အင်တုံအိမ်က ဘယ်အိမ်လဲ.."

"မတုံက ဟင်းဆိုင်မှာနေတာ..သူ့အိမ်ကြမ်းခင်းတောင် ရေထိနေပြီ
အဲ့ဒီကဝင်သွားရင် နောက်ဆုံးအိမ်ပဲ.."

"အဲ့ဒီအိမ်မှာ ကိုယ်ဝန်ဆောင်ဇည့်သည်မိန်းကလေး ရှိနေတာမျိုး

တွေ့မိသေးလားမသိဘူး.."

"ရှိတယ်..ဖိုက်ကြီးသည်က ရေကြီးကာမှ ဖိုက်ထနာတာ၊ မမွေးနိုင်
လို့ ဆေးရုံပို့လိုက်တယ်ဆိုလားမသိပါဘူး..ခုတော့ ဘယ်သူမှမရှိတော့ဘူး
ထင်တယ်၊ အိမ်ကရေနစ်နေပြီကို.."

သူတွေခန့်ဖြစ်သွားသည်။ မမွေးနိုင်လို့ ဆေးရုံပို့လိုက်တယ်ဆိုသည့်
စကားက နလုံးအိမ်တစ်ခုလုံးကို ဆုပ်ညှစ်ပစ်လိုက်သည့်နယ်။ သုဒုက္ခ
ရောက်နေပြီ..။ အချိန်မီလိုက်နိုင်အောင် သူဘာလုပ်ရမလဲ..။ ဆေးရုံကိုအ
မြန်ဆုံးလိုက်ဖို့ နောက်ကြောင်းပြန်ပြေးခဲ့မိသည်။ သို့သော် တစ်စုံတစ်ခုကို
တွေးလိုက်မိပြီး တုံ့ခနဲပြန်ဖြစ်၏။ မှောင်နဲ့မည်းမည်းရှိနေသော လမ်းကြား
အဆုံးဆိုသည့်နေရာကို နောက်ပြန်လှည့်ကြည့်မိကာ သူ့စိတ်ထဲမှာ ထိုနေရာ
ကို ဘာလို့နောက်ဆံတင်းနေမိမှန်းမသိ။ လူသူအရိပ်အယောင်လည်းမမြင်
ခေါ်သံအော်သံလည်းမကြားတော့သည့် တလက်လက်လျှပ်စီးကြောင်းတို့
အောက်ကလမ်းကြားအဆုံးကအိမ်ကို သူသံသယဝင်နေသည်။ သူရပ်နေ
သည့်ပတ်ဝန်းကျင်မှာတောင် လူတစ်ယောက်မှမရှိတော့ဘဲ ရေမြုပ်နေသည့်
အိမ်တစ်လုံးထဲမှာ သုတို့ရှိနေသေးသလို သူဘာဖြစ်လို့ထင်နေတာလဲ..။ ဒူး
အထက်ထိရောက်နေသည့်ရေတွေကိုငုံ့ကြည့်လိုက်ရင်း ဆုံးဖြတ်ချက်တစ်
ခုကို ချက်ချင်းချသည်။ လမ်းကြားဆိုတဲ့အထိ ရေကိုခွင်း၍ တဝုန်းဝုန်းသွား
လိုက်မိသည်။

"ဒိန်း...ဒလိန်း...ဂျိမ်း.."

သူအိမ်ရှေ့ရောက်သွားတာနှင့် လျှပ်ရောင်ဝင်းခနဲဖြာဆင်းသွားသ
ဖြင့် လမ်းကြားအဆုံးက ခြေတံရှည်အိမ်လေးတစ်လုံးကို သေချာမြင်လိုက်
ရသည်။ မည်းမှောင်သိပ်သည်းသွားသည့်အချိန်မှာ သေချာမှတ်ထားလိုက်
သည့်ပုံစံအတိုင်း သူခြေထဲတိုးဝင်ခဲ့သည်။ ခြေတံရှည်ဖြစ်သည့်ပြင် အိမ်က
သိုင်နေသည်။ အိမ်နောက်ပိုင်းတိုင်တွေသာ နောက်ဖေးကသစ်ပင်ကြီးနဲ့ကပ်
ငြိမနေခဲ့လျှင် ရေကြောင့်လဲကျသွားမှာ သေချာ၏။ နောက်ထပ်တစ်ခါ လျှပ်
စီးလက်သွားစဉ် သူလှေကားရှာတွေ့လိုက်၏။ သို့သော် ရေမြုပ်နေသည့်လှေ
ကားနားမှာရပ်၍ နားစွဲလိုက်ရင်း.. ।

"သု...သုအထဲမှာရှိလား၊ သီတာ.."

အထဲက မည်သည့်တုံ့ပြန်သံမှမကြား။ သို့သော် ရှိုက်သံသဲ့သဲ့နှင့် ဝင်လာသဖြင့် သူစူးစိုက်နားထောင်လိုက်မိသည်။ ရှိုက်သံအမှန်ပဲဖြစ်သည်နှင့် အိမ်ပေါ်ပြေးတက်လိုက်မိကာ ဖုန်းထုတ်၍မီးဖွင့်လိုက်လျှင်.. ।

ဟင်..

သူရုတ်တရက်ဆွံ့အသွားခဲ့သည်။ သုသည် ဆံပင်တွေဖျာပေါ်ကျဲ့ကျ ပြေကျနေကာ သိမ်းကျုံးဖက်ထားသည့် သီတာ့ရင်ခွင်ထဲမှာ.. ।

"သု.."

သူ့အသံတွေတုန်နေသည်။ လက်တွေပါတုန်နေ၏။ သုဘာဖြစ်ခဲ့ရပ်ကို သိလိုက်ပေမယ့် လက်မခံနိုင်။ ထို့ပြင် သူ့ကိုတင်းနေအောင်ဖက်ထား နှတ်ပူးသလိုင့်တ်တုတ်ယိမ်းခါနေသည့် သီတာ့လက်ထဲကနေ သူ့ကိုအတော်ဆွဲထုတ်ရကာ.. ।

"ဟေ့..ဖယ်စမ်း.."

"သ..သူဌေး.."

မင်းမြတ်စည်အသံကြားတော့ သီတာတုန်ခနဲဖြစ်သွားသည်။ သူမသည် သတိလွတ်လောက်အောင် ကြောက်စိတ်ကြီးနေခြင်းဖြစ်ကာ သုကို လည်းထားမသွားနိုင်ဘဲ.. ।

"သူဌေး..မမလေး မမလေးလေ.."

"တိတ်စမ်း.."

သူ့ကိုယ်လေးကို ဖျာပေါ်ပြန်ချကာ နှာခေါင်းဝနဲ့လက်ကောက်ဝတ်လေးကို စမ်းကြည့်ကာ သူ့လက်တွေတုန်နေသည်။ သုတစ်ကိုယ်လုံးအေးခဲကာ နည်းနည်းလေးတောင် မလှုပ်တော့.. ।

"သုရာ..တောက်.."

လက်ဖဝါးချင်းကပ်ပွတ်နေရင်း မင်းမြတ်စည်မငိုပါဘဲ မျက်ရည်စက်တွေ တပေါက်ပေါက်ကျလာကြသည်။

"သု..ကိုယ့်ကိုကြည့်စမ်း၊ ကိုယ်မင်းနားမှာလေ..သု.."

နှုတ်ခမ်းသားလေးတွေမှာ သူ့နှုတ်ခမ်းနဲ့ကပ် ပါးနဲ့ပါဖိကပ်ပွတ်ရင်း အတင်းခေါ်နေမိသည်။ ပြီးတော့ ပြန်ချပြီး လက်ဖဝါးလေးကိုနှိပ်လိုက် ပွတ်နေမိလိုက်.. ।

သူမတကယ်ပဲ သူ့ကိုထားသွားပြီလား..မဖြစ်နိုင်ဘူး..

"မင်းအဲ့လိုသွားလို့မရဘူးနော်သု..မင်းအဲ့လိုလုပ်လို့မရဘူး။ ပြီးတော့.. ဆက္စာ.."

သုမေးဖျားလေးကို လှုပ်ရှိုးနေမိစဉ် သုပခုံးလေးတွန့်ခနဲဖြစ်သွားကာ သုမြင်လိုက်ရကာ.. ।

"သု.."

ဝမ်းသာပျော်ရွှင်ခြင်းက တင်စားပြစရာပင်မရှိ။ သူဖုန်းကိုတန်းကောက်ကိုင်ကာ ကိုဦးဆီခေါ်လိုက်သည်။ ပြီးတော့ သုကိုယ်လေးကိုဖုန်းတင်လိုက်ကာ သူမကိုယ်ကိုပွေ့ချီလိုက်ပြီး.. ।

"ကိုဦး.."

"ဟုတ်ကဲ့..သူဌေးဘယ်မှာလဲ၊ ကျွန်တော်တို့သူဌေးကားနားမှာ.."

"ဦးဒီပါပါလာလား.."

"ပါတယ်သူဌေး..နေရာပါအဆင်သင့်လုပ်ထားတယ်၊ သူဌေးဘယ်မှာလဲ..ကားထိုးလာခဲ့မယ်.."

"မွေးလူနာပါတယ်..လိုအပ်တာပြင်ထားပါလို့၊ ဆေးရုံကြီးတန်းသွားရမယ်ထင်တယ်.."

သူ့စိတ်တွေ လှုပ်ရှားနေမိသည်။ သုကိုပြန်ရပြီးကာမှ ဆုံးရှုံးမခံနိုင်။ ယောက်ျားမတန်မယ့် ငိုကြွေးနေမိတဲ့အထိ သူမသည်ကိုယ့်ဘဝ..'မင်းပြန်လာခဲ့ပါ..ကိုယ့်အမှားတွေအတွက် အခွင့်အရေးထပ်ပေးဖို့ ပြန်လာခဲ့ပါ..'

အရာရာကို သူရအောင်ယူနိုင်ခဲ့ပေမယ့် ချစ်ရသူအသက်ကိုတော့ ဘယ်သူ့ဆီမှာသွားတောင်းရမယ်ဆိုတာ မသိ။ ဘယ်လိုအရာနဲ့တိုက်ခိုက်ယူရမလဲဆိုတာ မမြင်မစမ်း.. ।

မင်းမြတ်စည်ဆိုသည့် ရမ်းကားသူတစ်ယောက်ထံမှ ပထမဆုံးသတိရခဲ့သော ကံတရားနဲ့လူ့ဘဝကြမ္မာ..

♥♥♥♥♥

အခန်း(၆၀)

"ယောက်ျားလေးမွေးတယ်..မိခင်ရော ကလေးပါစိတ်ချရပါပြီ.."

ရင်ထဲမှာဆို့ကျပ်နေသည့် အပူလုံးကြီး ဝုန်းခနဲပြုတ်ကျသွားသည်။ ကျွင်ခဲသွားသည့် လက်တွေကို ဖိဆုပ်ထားမိရင်း မျက်လုံးတွေပါ ခဏမှိတ်ထားလိုက်မိ၏။ ခွဲခန်းတံခါးဖွင့်လိုက်တာနှင့် ကလေးကိုခဏလေးပဲလာပြပြီး ဆေးကုသမှုလုပ်ရပါ့မယ်ဆိုပြီး ခေါ်သွားကြသည်။

"ဒီမှာခဏလေး..လူနာက.."

"ခဏမှနေလို့မရဘူး...သူကျွန်တော့်ကိုလိုအပ်တယ်.."

မင်းမြတ်စည်က ဆရာဝန်တားသည့်ကြားကနေ အထဲကိုဇွတ်ဝင်သွားသည်။ လူနာဆောင်ကို ထုတ်ဖို့ပြင်ဆင်နေကြသည့်ဆရာမတွေ မျက်လုံးပြူးနှင့် လှည့်ကြည့်ကြတာကိုလည်း မမြင်ချင်ယောင်ဆောင်လိုက်သည်။

"သု.."

သုရဲ့နဖူးဆံစပ်တွေမှာ ချွေးစလေးတွေရှိနေကြသည်။ သူခေါ်လိုက်တော့ မှေးစင်းနေသည့်မျက်တောင်ဖျားတို့ တလှုပ်လှုပ်ပွင့်သွားခဲ့ပြီး.. ।

"ကိုကြီး.."

"သု မင်းနေသာရဲ့လား..တစ်ခုခု တစ်နေရာရာမှာမကောင်းတာ တစ်ခုခံစားနေရသေးလား.."

သုက သူ့ကိုငေးကြည့်နေပြီး မျက်ရည်တွေစီးကျလာ၏။ ပြီးတော့ခေါင်းခါပြကာ သူဆုပ်ထားသည့်လက်ကို ပြန်၍ဆုပ်ကိုင်ထားလိုက်ပြီး..।

"ကိုကြီးကို..ကိုကြီးကိုလေ ကိုကြီးမရှိတော့ဘူးလို့.."

"မငိုနဲ့..မငိုရဘူး၊ မွေးဖွားခါနီးမို့ စိတ်ကယောက်ကယက်ဖြစ်တာ.. မင်းယောက်ျားက ဘယ်တော့မှသူများလက်နဲ့မသေဘူး.."

သုမျက်ရည်တွေကို မျက်တောင်တို့နှင့် ဖိပိတ်ပြီးဆင်းစေလိုက်ရင်းခေါင်းညိတ်မိ၏။ ထိုယောက်ျားသည် သူမမြတ်နိုးအားကိုးရပါသော.. ।

"ကိုကြီးကို သုအရမ်းချစ်တယ်.."

သူကြည်နူးစွာ ပြုံးလိုက်မိသည်။ သူမလက်လေးကို ဆုပ်ကိုင်ဖျစ်ထားမိရင်း.. ।

"မင်းရော ကိုယ့်ကိုခွင့်လွှတ်နိုင်ရဲ့လား..ကိုယ့်ကိုအားနာပြီး ဒါမှမဟုတ်ကြောက်လို့ မျိုသိပ်လိုက်ရတာလား၊ ကိုယ်မင်းကိုအများကြီးရက်စက်ခဲ့တယ်.."

သုက ပြုံးလိုက်ပြီး ခေါင်းခါ၍.. ।

"ကိုကြီးက သုမနောကိုရက်စက်တာမှမဟုတ်တာ..တကယ်လို့ သုမဟုတ်ဘဲ တခြားမိန်းမတစ်ယောက်ဆိုရင် ကိုကြီးကကြင်နာနေရင် သုဘယ်လိုလုပ်ရမလဲ.."

သူမနဖူးလေးကို ငုံ့နမ်းမိတော့မလိုဖြစ်ပြီးမှ ပြန်ထိန်းလိုက်ရကာ..।

"သိလား..သုလေ ကိုကြီးကိုချစ်တယ်လို့ အရမ်းချစ်တယ်လို့တအားပြောချင်တာ၊ သုပါးစပ်ကနေ ပြောပြချင်တာ..သုပြောနိုင်ကာမှ ကိုကြီးက.."

"တော်ပြီကွာ..အဲ့ဒါတွေပြောရင် မျက်ရည်တွေကျလိမ့်မယ်၊ ကိုယ်ကမင်းပြောပြောမပြောပြော မင်းကိုလည်းနားလည်တယ်..ကိုယ်ကလည်းချစ်တယ်၊ နောက်ဆို ကိုယ်ရယ် မင်းရယ် သားလေးရယ်..ဘာအနှောင့်အယှက်မှလည်း မရှိတော့ဘူး၊ ပျော်စရာတွေပဲတွေးနော်.."

သုက ခေါင်းလေးညိတ်လိုက်ပြီးမှ.. ।

"မိဝေကို ကိုကြီးဘာလုပ်လိုက်သေးလဲဟင်..သူ[illegible]

"မဟုတ်ဘူး..ဒေါ်ထားအိလွှတ်လိုက်တာ.."

"ဟင်.."

"မင်းကိုခေါ်ထုတ်ပြီး ကိုယ့်ကိုမင်းနဲ့အကျပ်ကိုင်မယ်..ကိုယ့်ဆီကလို ချင်တာတောင်းမယ်၊ အဲ့ဒီလိုအကြံနဲ့.."

ဘယ်လိုမှမထင်ခဲ့တဲ့ ဖြစ်ရပ်ပါလား.. မိဝေကြောက်တတ်လွန်းတာ သူမသိသည်။ ပထမတစ်ခါ အပြစ်လုပ်သွားတာလည်း ဒေါ်ထားအိကို ကြောက်လို့ပဲဆိုတာ နားလည်သည်။ ဒါကြောင့် ငိုယိုတောင်းပန်နေတာကို သုစိတ်မခိုင်အောင်ဖြစ်သွားခဲ့တာပါ။ ဒီလောက်ကြောက်တတ်တဲ့သူက နောက်တစ်ခါလိမ်ဖို့တဲ့.. ၊

"ကိုယ်ဘာမှမသိတော့ဘူးဆိုပြီး မင်းကိုလုပ်ကြံဖို့လေ.."

"အဲ့ဒါတွေကိုကြီးမေးလို့ ပြောပြတာလားဟင်.."

"ဟုတ်တယ်..ဒါပေမဲ့ လိမ်သေးတယ်၊ သူကလာတည်းက ကိုယ်ရိုပ် မိခဲ့ရင်ဆိုတဲ့ ဒုတိယနည်းလမ်းပါလာခဲ့တာ.."

ဖြစ်ရလေ..

"အဲ့ဒါဘာလဲဆိုတော့ သူတအားကြောက်ပြပြီး အမှန်ပြောသလိုလိမ်လိုက်တာ..တကယ်တော်တယ်ကွ၊ ကိုယ်တောင်ယုံသွားသေးတာ.."

သူတို့စီစဉ်ပေးလိုက်သလို ပထမပြောပြလိုက်တဲ့နေရာကိုသာ သူရောက်သွားခဲ့ရင် ဒီလူတွေကိုလည်း တစ်စုတစ်ဝေးတည်း တွေ့ရမှာမဟုတ်ပေ။ ထို့ပြင် နောက်ထပ်ထောက်ချောက်ထဲရောက်သွားဖို့လည်း ရှိနိုင်သေးသည်။ ဒါတွေ သုကိုသေချာပြောပြမနေတော့ပါ.. ၊

"မိဝေကို မလိမ်ပိုးမလိမ္မာကောင်မလေးလို့ မင်းထင်နေမှာစိုးလို့ပြောပြတာ..နောက်ဆို ဘယ်သူ့ကိုမှမယုံနဲ့.."

"သီတာကိုတော့ ယုံခွင့်ပေးပါကိုကြီးရယ်..သူလေ သုဘေးမှာပဲရှိနေခဲ့တာ.."

ဒါကို သူမြင်ပါသည်။ သုတစ်ယောက်တည်းမထားခဲ့ဘဲ သတိလစ်အောင်ကြောက်တဲ့အထိ အတူဖက်တွယ်နေခဲ့တာက မိတ်ဆွေကောင်းကျေးကောင်းကျွန်ကောင်းတို့ရဲ့ သစ္စာတရား.. ၊

"သုလေ သူ့ကိုသားလေးရဲ့နာနီလုပ်ခိုင်းမှာ.."

"မင်းစိတ်ကြိုက်အားလုံးဖြစ်စေရမယ်.."

သုပျော်သွားသည်။ သူမရဲ့အနာဂတ်ကို ဒီလိုချမ်းမြေ့စွာ ရှေ့ဆက်ခွင့်ရမည်လို့မထင်တော့တာ အမှန်ပါ.. ၊

"သားကိုတော့ ကိုကြီးပဲနာမည်ပေးပေးနော်.."

"ကိုယ်တို့အတူတူရွေးမှာပေါ့ကွ.."

ဒါဆို သားလေးနာမည်ဘာဖြစ်မလဲ..

♥♥♥♥♥

အခန်း(၆၁)

"သုမြတ်ရာဇဝင်နော်..မွေးနေ့ဆိုတော့ ရွှေရောင်စာလုံးပဲကောင်းတယ်.."

"အေး...အဲ့ဒါသူ့အမေနဲ့အဖေ ရွေးလိမ့်မယ်ကွာ၊ စာလုံးဖောင့်ပဲထား ထားလိုက်..ပြီးရင် ငါဖုန်းဆက်လိုက်မယ်.."

ကလေးမွေးနေ့အတွက် မွေးနေ့စင်မြင့်မှာ စာလုံးရေးဖို့ကအစ အားလုံးတခမ်းတနားဖြစ်အောင် စီစဉ်နေရသည်။ တကယ်ဆို ဒါတွေသူလုပ်ဖို့ မဟုတ်ခဲ့ဘဲ..

"အပြောကတော့ ရွှေမန်းတင်မောင်ပဲဟေ့..ပင်ပန်းတော့ငါပဲ.."

ထိုစဉ် အားကစားဝတ်စုံလေးနှင့် သုမြတ်ပြေးဝင်လာကာ.. ।

"ဘိုးဘိုး သားသားနဲ့ခရစ်ကက်ရိုက်ရအောင်.."

လှည့်ကြည့်လိုက်တော့ ရွှေးသံရွှဲရွှဲနှင့်သုမြတ်သည် အသက်ကလေးနှစ်ပေမယ့် အရပ်ကခုနှစ်နှစ်သားလောက်ဖြစ်နေလျက်.. ।

"ဘိုးဘိုးမင်ြင်းနဲ့နော်..ကြိုပြောထားတာ.."

"ငြင်းရမှာပေါ့ကွ..ဘိုးဘိုးမှမကစားတတ်တာ၊ သွား..မင်းအဖေကို

သွားခေါ်၊ အချိန်တိုင်းလက်ပ်တော့ပ်နဲ့မျက်နှာအပ်နေတာ မင်းမှဆွဲမထုတ်ရင် ထမယ့်ပုံမမြင်ဘူး..'

သုမြတ်ကလည်း ချာခနဲပြေးဝင်သွား၏။ မင်းမြတ်စည်က ဆိုဖာပေါ်မှာလက်ပ်တော့ပ်တစ်လုံးနှင့် အလုပ်လုပ်နေတာဖြစ်ကာ သုကဇည့်ခန်းစားပွဲဘေးမှာ ကျုံ့ကျုံ့လေးထိုင်ကာ နာမည်တွေရေးနေတာဖြစ်၏။

"ဖေဖေ့.."

"ဟာကွာ.ဖြည်းဖြည်းအော်ပါ.."

လှည့်မကြည့်ဘဲပြောပြီးမှ သုမြတ်ဘက်ကိုလည်ပင်းလိမ်ကြည့်၏။

"ပြော.."

"သားသားနဲ့ခရစ်ကက်ကစားရအောင်.."

"ဖေဖေအလုပ်လုပ်နေတယ်လေကွာ.."

မျက်နှာလေးညိုကာ သုမြတ်ခဏတိတ်သွားသည်။ ပြီးတော့ မအေဖြစ်သူကို လှမ်းကြည့်လိုက်သေးသည်။ ပြီးမှ ပြန်လှည့်၍.. ।

"ဒါဆို ဘိုးလင်းသွားကစားရအောင်.."

"သားရာ..ဖေဖေအလုပ်လုပ်နေရင် မနှောင့်ယှက်ရဘူး.."

"မင်းမှာ အားချိန်မှမရှိတာ ကလေးနဲ့ဘယ်အချိန်ဆော့မှာလဲကွ..အားအားမအားအား ထဆော့လိုက်ပေါ့၊ ဒါကျန်းမာရေးပဲဥစ္စာ.."

ဦးကျော်က နောက်ထဲဝင်လာတာကို ခရီးသွားဟန်လွဲ ပို့သွားသေးသည်။ ထိုစဉ် သီတာထွက်လာပြီး.. ।

"လာလာ သီသီကြီးနဲ့သွားဆော့မယ်..သီသီကြီးအလုပ်ပြီးပြီ.."

"ဆော့ချင်ပါဘူး...သီသီကြီးက သားသားဆော့ချင်တာတွေလည်း မဆော့တတ်ဘဲနဲ့.."

စူပွနေသည့်နှုတ်ခမ်းလုံးလုံးလေးကို ဒီတိုင်းထားကာ သူ့ကိုလှည့်ကြည့်သည်။ သုကကြားနေပေမယ့် ဖိတ်စာတွေရေးနေတုန်းမို့ ပြုံးသာပြုံးနေမိပြီး မော့မကြည့်နိုင်။ အဖေကလည်း မအားဘူးပြောသည်။ အမေကိုကြည့်တော့လည်းခေါင်းမမော့။ သုမြတ်နှာခေါင်းလေးတွန့်ရှုံ့သွားကာ..।

"မေမေ့.."

"ရှင်.."

"သားသားတို့သွားဆော့ရအောင်.."

"အင်း...မေမေ ဒါလေးပြီးရင်.."

"မေမေ့ကိုမခေါ်နဲ့လေ..လဲကွဲခိုက်မိကုန်ရင် မေမေနာသွားမှာပေါ့.."

သုထိတ်ခနဲဖြစ်သွားသည်။ သားဖြစ်သူက သိပ်စကားမတတ်ရှာဘူးမို့လား.. ।

"ဖေဖေက သားသားကိုတော့ တစ်ခါမှမစိုးရိမ်ဘူး..လဲရင်ပြန်ထကိုယ်ဖြစ်ကိုယ်ခံတဲ့.."

စာရိုက်နေသည့်မင်းမြတ်စည်လက်တွေ ရပ်တန့်သွားသည်။

"မေမေ့ကျတော့ ထိခိုက်မိလိမ့်မယ်တဲ့..လက်ကုန်ပဲ.."

ဦးကျော်ရော သီတာတို့ပါ လူမမြင်အောင် ပြုံးမိကြလေသည်။

"ဖေဖေ့.."

မင်းမြတ်စည်က ရယ်မြူးရိပ်သမ်းနေသည့် မျက်နှာကိုပြင်ဆင်ကာ ခပ်တည်တည်ပုံစံနှင့် လှည့်ကြည့်၏။ တော်ရုံဆိုဖြိုသွားမလားလို့။ သို့သော် သုမြတ်ရာဇဝင်သည် မင်းမြတ်စည်ရဲ့သားပီသစွာ.. ।

"သားနဲ့ဖေဖေနဲ့ မေမေ့ကိုဘယ်သူပိုချစ်လဲ ပြောင်မလား.."

ဟေ..

ဦးကျော် နောက်ပြန်လှည့်ကြည့်၏။ မင်းမြတ်စည် မျက်ခုံးနှစ်ဖက်မြင့်တက်သွားကာ.. ।

"အေးကွ..အဲ့ဒါမဆိုးဘူး.."

ပြောပြီး ပေါင်ပေါ်တင်ထားသည့်လက်ပ်တော့ပ်ကို ချက်ချင်းဘေးမှာချလိုက်၏။ သုမြတ်နှာခေါင်းလေး ရှုံ့ပွပွနှင့်.. ।

"ဖေဖေတော့ လက်ကုန်ပဲ.."

"ဟား ဟား ဟား.."

မင်းမြတ်စည်ဆံပင်တွေ သပ်လိုက်ရင်းရယ်ကာ.. ।

"ဘာလဲကွာ..ကိုယ်စိတ်ဝင်စားတာကို ကစားချင်တာ ဘာမတရားတာရှိလဲ.."

"ဖေဖေက မေမေ့ပဲစိတ်ဝင်စားတာ.."

စိတ်ဆိုးတာမဟုတ်ဘဲ နှုတ်ခမ်းလေးမဲ့ပြောကာ သု.ကိုကြည့်၍.. ।

"မေမေ့ သားသားနဲ့ကစားမှာမို့လား..ဖေဖေမပါဘဲနဲ့.."

"အင်း...ကစားမှာပေါ့သားရဲ့.."

သူမ အထနောက်ကျနေလျှင် ကိုကြီးစကားတွေထပ်ကျွံမှာစိုးကာ သုဘော်လ်ပင်နိ်ချ၍ ကမန်းကတန်းထရသည်။ ပါးပြင်လေးတွေပါ နီးမြန်းနေကာ.. ।

"မေမေ အကျီခဏာဝင်လဲလိုက်မယ်..သားသားသွားနှင့်.."

"ဟေ.."

သုမြတ် စွေ့ခနဲခုန်ကာ မင်းမြတ်စည်ဘက်ကိုလှည့်ပြီး လျှာထုတ်ပြ၏။ ပြီးတော့.. ।

"ဖေဖေဆင်းမလာနဲ့နော်..လုံးဝမပါရဘူး၊ မေမေပါတိုင်း ဖေဖေပါလာတာ ဒီတစ်ခါမရတော့ဘူး.."

"ဟာ..သား အဲ့လိုမလုပ်ရဘူးလေ.."

"ဟေ့အေး.."

လက်နှစ်ဖက်ခါပြပြီး သုမြတ်ခြံထဲပြေးဆင်းသွားသည်။ သုအဝတ်လဲနေတုန်း မင်းမြတ်စည်ဝင်လိုက်လာကာ.. ।

"မင့်သားက ကိုယ်မပါရဘူးတဲ့.."

"ဟာ ကိုကြီး...ဘာလို့ဝင်လာတာလဲ၊ ဒီမှာအဝတ်လဲနေတာကို.."

"အဲ့ဒီတော့ ဘာဖြစ်သွားနိုင်လဲ.."

သုက အကျီကမန်းကတန်းစွပ်ချသည်။ မင်းမြတ်စည်က လက်လေးဆွဲချပေးလိုက် ခါးလေးဆွဲချပေးလိုက်နှင့်။ ပြီးတော့ ခါးလေးကနေသိမ်းဖက်ထားလိုက်ကာ.. ।

"ကိုယ့်ကိုချစ်သေးရဲ့လား.."

"အဲ့ဒါက ခုလိုကပ်မေးရင်ရတာကို သားသားရှေ့မှာကိုကြီးရယ်.."

"ဘာလဲ..သားရှေ့မှာ မင်းကိုဘယ်လောက်ချစ်ပါတယ် ပြောမိလို့လား.."

"ဩော်..ကဲ သားကတော့ ကိုကြီးကိုအခုလောင်သွားပြီလေ.."

မင်းမြတ်စည်ကရယ်ကာ သုရဲ့တစ်ပတ်လျှိုဆံထုံးကို အသာလေးကိုင်ပြီး ဖြည်ချလိုက်ကာ.. ।

"လောင်တော့ဘာဖြစ်လဲ..သားကလည်း သူ့အဖေကသူ့အမေကိုချစ်နေတာ ကျေနပ်လို့ ခဏခဏမေးတာပေါ့၊ မင်းမကြားဘူးလား..ကစားတာတောင် ကိုယ်တို့အချစ်ကိုအနိုင်လုပြီး.."

"သွားပါ.."

"မရဘူးကွာ..မင်းကစားရင် ကိုယ်ပါရမှာပဲ..မင့်သားကိုရအောင်ပြောပေး.."

ကလေးဆိုးကြီးလိုပါလား..။ ကိုကြီးကိုပြန်ဖက်ထားလိုက်ပြီး သုရယ်နေမိသည်။

"ဘာရယ်တာလဲ..မင့်သားက ဂျစ်တီဂျစ်ကန်ရယ်၊ ကိုယ်တကယ်ဝင်ကစားလို့ရမှာမဟုတ်ဘူး.."

"ဒါဆိုလည်း နောက်ကိုအပြောအဆိုဆင်ခြင်လေ.."

သုက သူ့မေးဖျားကို ခြေဖျားလေးထောက်နမ်းလိုက်ပြီး လှည့်ထွက်လိုက်လျှင် မင်းမြတ်စည်က နောက်ကနေသိမ်းဖက်ထားလိုက်ကာ.. ၊

"အဲ့လိုရန်စမသွားနဲ့..နမ်းမယ်ဆို နေရာတွေအများကြီးကျန်သေးတယ်.."

"အာ..ကိုကြီးနော်.."

"မရဘူး..လှည့်ကွာ ဒီဘက်ကို.."

ရယ်သံတွေကျယ်သွားလားလည်းမသိ။ ပြီးတော့ ဘယ်လောက်တောင်တိတ်ကျသွားသည်မသိ။ သားနောက်တစ်ခေါက်ပြန်တက်ခေါ်တော့မှ..

"မေမေ့..သားသား ဒီနေ့ကစားမှာနော်၊ ဟား..လက်ကုန်ပဲ.."

♥♥♥♥♥

ပရိတ်သတ်အတွက်
ထာဝရ